
www.burmeseclassic.com

စိတ်ကူးသစ်စာပေ

# မြွေဟောက်ပါးပြူး

# မျောက်မင်းသားဖိုးစည်နှင့်အသည်းကွဲကျောက်ခဲ

မောင်ချို မှိုင်း[သန့်လျှင်]



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၂၈၀၀၆၀၂
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၅၁၇၀၆၀၅

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၆၊ အောက်တိုဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ နိုးအောင်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ

ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၉၀၀ကျပ်

## သံမဏိအဓိဋ္ဌာန်

တို့မြေ လက်တစ်သစ်
ဝါးဆစ် တစ်တို
သံမှို တစ်ချောင်း
ကျောက်ကောင်းတစ်လုံး
အဆုံးမခံ
လက်တုံ့ပြန်မည်
ဒါသည်. . . ငါတို့ မြန်မာ့အဓိဋ္ဌာန်။

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၁)

## ၁၈၂၄ခုနှစ်၊ ဥပက္ကာနိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

## ကတ္တရာစေးရောင်လူမည်းကြီးနှင့်ကြိမ်ဆွဲခြင်းတစ်လုံး

အချိန်က နံနက်(၆)နာရီခန့်ရှိပြီ . . . မြူများက တောအုပ်ဝန်းကျင်နှင့် ကောင်းကင်အနှံ့မှာ ဖွဲ့ဆိုင်းလျက်။

သည်အချိန်မှာ အနီရောင်အော်စတင်ကားလေးတစ်စီးသည် သုံးခွမြို့သွားသည့်လမ်းမှ ကွေ့ချိုးပြီး . . ကျောက်တန်းမြို့သွားသည့် လမ်းမကြီးအတိုင်း ရှေ့ရှုမောင်းနှင်နေသည်။

ကားပေါ်မှာ အသက်(၄၀)နီးပါးခန့်ရှိသော ကတ္တရာစေးရောင်နှင့် မခြား၊ အသားအလွန်မည်းသည့် လူကြီးတစ်ဦးသည်၊ စိတ်ဇောကြီးစွာဖြင့် ကားကို မောင်းနေသည်။ သူသည် ကားမောင်းနေရင်း ကားနောက်ခန်းမှ ကြိမ်ဇလားသဏ္ဌာန်ဆွဲခြင်းကို မကြာခဏ လှည့်ကြည့်လှည့်ကြည့် လုပ်နေမိသည်။





ကားသည် ဘုရားကုန်းကျေးရွာ၊ နတ်စင်တစ်ရာ၊ စစ်စီးတော စသည့်ကျေးရွာများကို ကျော်လွန်လာပြီးနောက်၊ ကျိုက်အင်းကျေးရွာ စေတီအနီးရှိ တောစပ်သို့ ရောက်လာသောအခါ၊ လူမည်းဒရိုင်ဘာကြီးက ကားကို ချက်ချင်းစက်ရပ်လိုက်သည်။

သူသည် . . . ကားပေါ်မှနေ၍ ပတ်ဝန်းကျင်တစ်ခွင်လုံးကို စေ့စပ်စွာ အကဲခတ်လိုက်ကြည့်နေ၏။ ကျိုက်အင်းစေတီတောစပ်ဝန်းကျင်သည် တိတ်ဆိတ်နေ၏။ လူသံလည်း မကြားရ။ တိရိစ္ဆာန်သံလည်း မကြားရ၊ အချိန်ကလည်း နံနက်စောစော မြူနှင်းများ အုံ့ဖွဲ့ကျနေချိန်မို့ လူသွားလူလာလည်း မရှိသေးချေ။

သက်တမ်းအိုမင်းရင့်ညောင်းလှသည့် ကျိုက်အင်းသမိုင်းဝင် ရှေးဟောင်းစေတီသည်ပင် ခေါင်းလောင်းဆွဲလွဲလှုပ်ခတ်သံ မကြားရပဲ ငြိမ်သက်နေ၏။

လူမည်းကြီးသည် နံဘေးနံဘီကို အတန်ကြာစူးစိုက် အကဲခတ်ကြည့်ပြီးနောက် စိတ်ချရလောက်သည်ဟု ယူဆရသောအခါ၊ ကားတံခါးကို ဖွင့်ဆင်းလိုက်ပြီး အထဲမှ ကြိမ်ဆွဲခြင်း(ဇလား)ကို ကောက်ယူလျက် ဘုရားလမ်းအနောက်ဘက်ရှိ တောလမ်းထဲသို့ ခပ်သုတ်သုတ်ဝင်လာခဲ့လိုက်သည်။

သည့်နောက် လမ်းနံဘေး ဘိစပ်ခြုံအောက်ခြေရှင်းရှင်း မြေပြောင်ပြောင်မှာ ကြိမ်ခြင်းကို အသာချလိုက်သည်။ ဒါနှင့်အတူ ဆွဲခြင်းအတွင်းသို့လည်း တစ်ချက်လှမ်းကြည့်လိုက်သည်။ ကြည့်ရင်း သူ့ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရသည်။ သူ့မျက်လုံးအိမ်ထဲမှ မျက်ရည်များဝဲလာပြီး ရင်ခုန်သံမြန်စပြုလာသည်။

သူ့အချိန်ကုန်ခံ၍ မဖြစ်၊ သံယောဇဉ်ကို ဖြတ်ရမည်။ ချက်ခြင်းပဲ . . . ခြင်းကြီးကို ဥပေက္ခာပြုလိုက်ပြီး သုတ်သီးသုတ်ပြာခြေလှမ်းများဖြင့် ကားရှိရာသို့ ပြန်ပြေးလာခဲ့ကာ၊ ကားအတွင်း ဝင်ထိုင်လိုက်ပြီး ကားစက်ကို အမြန်နှိုး၍ နောက်ပြန်ကွေ့လိုက်သည်။ သည့်နောက် သုံးခွမြို့



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ရာလမ်းကြောင်းသို့ ကားကို ဒလကြမ်းမောင်းချလာလိုက်သည်။

သို့ကလို ကားကို မောင်းနေရင်း ရင်ထဲမှလည်းကောင်း၊ နှုတ်မှလည်းကောင်း၊ ဆုတောင်းစကားများ ရွတ်ဆိုနေမိသည်။

"ကံကောင်းပါစေ. . . အန္တရာယ်ခပ်သိမ်းမှ ကင်းငြိမ်းပါစေ၊ ပိုးမွှားတိရိစ္ဆာန် ရန်သူမျိုးငါးပါးရန်မှ ကင်းဝေးပါစေ. . . လူသူတော်ကောင်းများနှင့် ကြုံတွေ့ပါစေ. . ."

♛ ♛ ♛

မြေပါးပျဉ်းအောက်က ကလေးငိုသံ

ကျိုက်အင်း ကျေးရွာကြီးသည် မြူနှင်းများအောက်မှာ စတင်သက်ဝင်လှုပ်ရှားစပြုလာ၏။ ဟိုးအရှေ့မှ နေသည် ခေါင်းမွေးထောင်စပြုလာ၏။ မြူကို အက်ကြောင်းထစပြုစေ၏။ ရွာထဲမှ မုန့်သည်၊ ပဲပြုတ်သည်၊ ကျပန်းအလုပ်သမားများ . . ဈေးဝယ်များ . . လုပ်ငန်းခွင်ဝင်ရန် စတင်လှုပ်ရှားကြပြီ. . .

ကိုတောကျော်က ဂဝံကျောက်တူးရန်အတွက် သံတူရွင်းအချွန်ကြီး ထမ်း၍ရှေ့မှသွားနေ၏။ သူ့မိန်းမ မလွန်းအိမ်က ပဲပြုတ်တောင်းရွက်





၍ ကျိုက်အင်းကျေးရွာ၊ ပဉ္စတောင်ကျောင်းကျေးရွာနှင့် စစ်စီးတောရွာများမှာ လှည့်လည်ရောင်းချဖို့ ခပ်စောစောပဲ ခင်ပွန်းသည်နှင့် ထွက်လာခဲ့လိုက်သည်။

နံနက်ဦးသည် အချမ်းဓာတ်နှင့် လွှမ်းခြုံနေဆဲဖြစ်၏။ သို့သော်သူတို့ ဆောင်းရာသီရဲ့ အချမ်းကို ဂရုမပြုအား၊ ဆင်းရဲသားဘဝ လင်ကုန်မယား နှစ်ယောက်ထဲပေမင့် ဝမ်းရေးအတွက် ရုန်းကန်နေရသေးသည်။ ကိုတောကျော်က သည်အရပ်မှာ ဂဝံကျောက်တူးသည်။

အင်္ဂလိပ်အစိုးရ ကန်ထရိုက်တာများက ဂဝံကျောက်များကို အလိုရှိနေကြသည်။ ဘယ်ကရရ၊ ရသမျှ ဂဝံကျောက်များကို လမ်းခင်းရန်အတွက် ကုလားသူဌေးများကို ကန်ထရိုက်ပေးထား၏။ ဤအရပ်က ဂဝံကျောက်အလွန်ပေါသည့် အရပ်ဖြစ်သည်။ ဟို. . . ထမလုံချောက်ထဲမှာ ရှေးဟောင်းဂဝံရုပ်ပွားတော် အကျိုးများရှိနေ၏။

ငင်းဂဝံကျောက် ရုပ်ပွားတော်များသည် လွန်ခဲ့သည့်နှစ်ပေါင်း (၂၀၀၀)ကျော်က ရှေးဟောင်းလက်ရာများ ဖြစ်သည်ဟု သိရသည်။

အချို့သော ရုပ်ထုရုပ်ပွားတော်ကြီးများသည် နှစ်ပေါင်းနှစ်ထောင်ကျော်အတွင်း အုပ်စိုးခဲ့ကြသည့် ပါဒမင်း(၃၄)ဆက်နှင့် သန်လျင်မင်း(၆)ဆက်ပေါင်းမင်းဆက် (၄၀)တို့ရဲ့ ဘဝနှင့် လောကဓံကြုံတွေ့မှုအကြား ပျက်စီးယိုယွင်းကာ အချို့မြေကြီးထဲ နစ်မြုပ်လျက်၊ အချို့ကျိုးပဲ့အက်ကွဲလျက်၊ အချို့ ခြုံနွယ်များ ဖုံးအုပ်ပျောက်ဆုံးလျက်။

အထူးသဖြင့်. . . ပထမကမ္ဘာစစ်ကာလအတွင်း အပျက်အစီးအများဆုံးဖြစ်ခဲ့ကာ. . . အတော်များများ အုတ်ခဲပုံဘဝသို့ ရောက်ခဲ့ရ၏။ ထမလုံကျေးရွာ တောင်ဘက်အပေါ် ဘုရားကျိုးကုန်းပေါ်မှာလည်း မြောက်များလှစွာသော ဂဝံရုပ်ပွားတော်များသည် အကျိုးအပျက်ဘဝနှင့် စံမြန်းနေရ၏။

အင်္ဂလိပ်အစိုးရသည် ဤအရပ်ဒေသမှ သက်ရင့်ဂဝံကျောက်များကို ကုန်းလမ်းမှ ကားများ၊ ရေလမ်းမှ စီပီတွဲကြီးများဖြင့် သယ်၍ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်ကမ်းသန်လျက်စွန်း မြစ်ကမ်းနားတစ်လျှောက် ချောင်းမပြိုမကောရန် ရေထိန်းတမံများ ဖို့ကြသည်။

သည်ဂဝံကျောက်တူးသည့် လုပ်ငန်းများကို ဒေသခံတောကျော်တို့လို ကျောက်တူးသမားများက ''ကျောက်ကျင်းစား''တူးရသည်။ ပြောရလျှင် ဂဝံကျောက်တူးရသည့်အလုပ်သည် လွန်စွာ အသက်နှင့် ရင်းရသည့်အလုပ်ဖြစ်သည်။

ဦးစွာ သက်ရင့်ကျောက်ကြောများကို အလျင်ရှာရသည်။ ကျောက်ကြောတွေ့သည်နှင့် မြေကြီးမြေသားများကို လိုက်၍ တူးဖယ်ဖော်ပစ်ရသည်။ အချို့သော ကျောက်များက ကျောက်ပျဉ်လို ဖြစ်နေသကဲ့သို့၊ အချို့သော ကျောက်များကား ကျောက်တုံးကျောက်တောင်ကဲ့သို့ ရှိချေ၏။

ဂဝံကျောက်ဝန်းကျင်မှ မြေကြီးမြေသားများကို ဖယ်ရှားလိုက်မှ ဂဝံသားချည်း သက်သက်ပေါ်လာသည်။ ၎င်းကျောက်တုံးကျောက်ပျဉ်ကြီးများကိုမှ လက်ဖျံလုံးခန့် တုတ်သည့် သံစို့ရှည်များစိုက်၍ တူကြီးများဖြင့် ရိုက်ပြီး အက်ကြောင်းပေးရသည်။ သံစို့ရှည် လေးငါးဆယ်ချောင်းခန့်နှင့် နှက်လိုက်မှ ဂဝံကျောက်တောင်၊ ကျောက်ပျဉ်များ အက်ကွဲ၍ အောက်သို့ ဝုန်းခနဲ ပြိုကျကွဲကုန်သွားတော့သည်။

ဖော်ပြပါ ကျောက်ကွဲများကိုမှ လူတစ်နိုင်ထပ်စိပ်ခွဲပြီး နေ့စားမိန်းမယောက်ျား အလုပ်ကြမ်းသမားများက ကားပေါ်၊ လှည်းပေါ်သို့ ကျင်းစားလူအားနှင့် ထမ်းမတင်ရသည်။ ကားကြီးတစ်စီးတိုက်အပြည့်မှ တစ်ကျပ်ပဲရသည်။ အဲဒါကို လူငါးယောက်လုပ်လျှင် ငါးယောက်ခွဲယူကြ။ တစ်နေ့သုံးလေးစီးရလျှင် ကိုယ့်အတွက်စားဖို့ သုံးဖို့ရသည်။

တစ်ခါတစ်ခါမှာတော့ အသက်နှင့်စွန့်စွန့်စားစား ရင်းရတာလည်း ရှိသည်။ ဂဝံသည် အောက်မှ လိုက်ရ၏။ အောက်ခြေလိုဏ်ဖြစ်နေမှ အပေါ်က စို့နှင့် အက်ကြောင်းပေးလျှင် အလုံးလိုက် ကပြားလိုက် မြန်မြန်နှင့် များများရသည်။ ဒီလို မလုပ်ပဲ နည်းနည်းချင်း ဖဲ့တူးနေလျှင် . . . သံတူရှင်းတုံးပြီး၊ လက်ပေါက်သွေးစို့ အချိန်ကုန် လူပန်းရုံသာရှိသည်။





ထိုသို့ . . . အောက်ခြေမြေကြီးများကို ဖော်၍လိုဏ်ရသောအခါ အန္တရာယ်က အလွန်ကြီးလှသည်။ အချို့မြေကြီးကိုဖော်ပြီး လိုဏ်နေဆဲမှာပင် ဂဝံကျောက်ပြိုကျပွဲကျ၍ ကျောက်တုံးပိပြီး အသက်ပါဆုံးကြရသည်။

တစ်ခါ. . . နာမည်ကျော် ကျောက်တူးသမားကြီး ဦးညိုသည် ဂဝံကျောက်လိုဏ်ရင်း ကျောက်တုံးပြိုကျခံရကာ နံရိုးလေးချောင်းကျိုးသွားခဲ့ရသည်။ အသက်မသေသော်လည်း. . . ၎င်းဒဏ်ရာများအတွက် နှစ်နှင့်ချီ၍ ဆေးကုအနားယူခဲ့ရသည်။ သူ့ဘဝတစ်လျှောက်. . . အလေးအပင်နှင့် စပ်လျဉ်းသည့်အလုပ်ကို လုပ်စားနိုင်ခွင့်မရတော့။ နောင်အခါ ဦးညိုသည် ဆံပင်ညှပ်သမားအလုပ်နှင့် ဘဝကို အရိုးထုတ်သွားခဲ့ရလေသည်။

ဒီအလုပ်က နေပူလာလျှင် မခံနိုင်၊ အားသွန်ခွန်စိုက်လုပ်ရသည့် အလုပ်ကြမ်းဖြစ်၍ ချွေးဒီးဒီးကျ လှုတ်ပင်ပန်းသည်။ သို့ဖြစ်၍ ကိုတောကျော်တို့ ကျောက်တူးသမားများ နံနက်စောစောထပြီး အလုပ်ခွင်ဝင်ကြရသည်။

ခုလည်း သူ သံတူးတူရှင်းကြီးထမ်း၍ လာခဲ့သည်။ ကျောက်စခန်းမှာ မောင်ဝင်းတို့ မြသာဒွန်းတို့ သိန်းတန်တို့ လှထွန်းရှည်တို့ စောင့်နေကြသည်။ သူ့မိန်းမ မလွန်းအိမ်က နံနက်ပိုင်းပဲပြုတ်ရောင်းပြီးလျှင် အိမ်ပြန်ချက်ပြုတ်၊ ဘုန်းကြီးဆွမ်းစား တုံးခေါက်ချိန်ရောက်လျှင်. . . ထမင်းလာပို့သည်။

တစ်နေ့ ကားသုံးလေးစီးတိုက်ရဖို့ မိုးလင်းမှ မိုးချုပ်. . . နေပူထဲ လွှတ်၍ကြိုးစားရသည်။ ကျောက်တုံးကျောက်ပျဉ်ဖြိုလို့ရသည့်နေ့မျိုးဆိုလျှင် တွက်သားကိုက်သည်။ နေ့စားအထမ်းသမားများလည်း အလုပ်မပြတ်ရသည်။ အဲ. . . ကျောက်ဖော်ရသည့်နေ့မျိုးဆိုလျှင်တော့ အိပ်စိုက်ပဲ၊ မြေကြီးသယ်ရင်း အချိန်ကုန်သည်မို့ အဲဒီလိုနေ့မျိုးကျလျှင်. . . အရင်းထဲက ပဲ့သွားတော့သည်။

သူတို့လင်မယားနှင်းထုကို ဖြတ်၍ တောလမ်းအတိုင်း လျှောက်လာခဲ့ကြ၏။ သူတို့နေသည့် ရာမဏီအင်းနှင့် ဈေးရောင်းသွားရမည့်ရွာများသည် နားရိုက်ခန့်လျှောက်ရ၏။ သွားနေကြများမို့ ဝေးမှန်းမသိကြ၊ လမ်းများ



www.burmeseclassic.com

www.burmeseclassic.com



စရာလည်း မရှိ၊ အားလုံး ဒီလမ်းအတိုင်း လာနေကြ၊ တစ်ခုပဲ စိုးရိမ်ရသည်။ မိုးမလင်းတလင်းမို့ မြွေပါးကင်းပါးတော့ ကြောက်ရသည်။ သည်အရပ်က မြွေဟောက်ကြီးများ ငန်းမြွေကြီးများ စပါးကြီး စပါးအုံးမြွေကြီးများ ပေါများသည့် အရပ်ဖြစ်၏။

တောနက်သည့် နေရာမှာ မျောက်များ၊ ချေနှင့် ဖွတ်များလည်း ရှိသည်။ ဟိုတုန်းကတော့ ကျားပင်ရှိသည်။ ခုတော့ ကျားမတွေ့ရတော့။

နှစ်ဦးသား စကားမပြောပဲ ကိုယ့်အတွေးနှင့်ကိုယ် အချမ်းဒဏ်ကို မှေရင်း လျှောက်လာခဲ့ကြသည်။ သို့နှင့် လမ်းမကြီးပေါ်သို့ ရောက်ကာနီးမှာ မမျှော်လင့်ပဲ သူတို့အသံတစ်သံကို ကြားလိုက်ရ၍ နှစ်ဦးစလုံး ခြေလှမ်းများကို တုံ့ခနဲ ရပ်လိုက်ကြသည်။

''အုင်. . . အုင်. . . အုင်. . . ငဲ. . . ငဲ. . . အုင် . . . ငဲ. . . ငဲ ငဲ. . .''

''ဟ. . . ဘာသံလဲဟ. . . မလွန်းအိမ်ရ''

''အေးတော့၊ အသံကတော့. . . ကလေးပေါက်စကလေး ငိုသံမျိုးတော့. . . ကိုတောကျော်ရဲ၊ နားထောင်စမ်း. . .''

''အုင်. . . အုင်. . . ငဲ. . . ငဲ. . . ငဲ၊ အုင်. . . အုင်. . . အုင် ငဲ. . . ငဲ. . . ငဲ. . . ငဲ''

''အေးဟ. . . ဒါကလေးပေါက်စလေး ငိုသံဟ၊ အလျှင်မကြားဖူးပါဘူး။ ဒီနေ့ မနက်ကျပဲ. . .''

''မဟုတ်မှလွဲရော သရဲခြောက်တာလား၊ ကျတ်အော်တာလား မသိဘူး၊ ကျုပ်. . . ကျုပ်. . . ကြောက်လိုက်တာ ကိုတောကျော်ရယ်၊ ဘုရား. . . ဘုရား. . . ဖွဟဲ့. . . ဖွ. . . ဖွ''

မလွန်းအိမ်က ပြောရင်းတန်းလန်းမှ သူ့မယောကျ်ားရဲ့ လက်ကို လှမ်းကိုင်ရင်း သံဗုဒ္ဓေဂါထာကို အယောင်အမှားမှားနှင့် ရွတ်တော့သည်။ ကိုတောကျော်ကလည်း ယောကျ်ားဖြစ်သော်လည်း သရဲတစ္ဆေကြောက်သည်။ သို့နှင့် တောပိုင်များကို တောင်းပန်ရင်း အသံကြားရာသို့ နားစွင့်





ကာ လှမ်းမျှော်ကြည့်လိုက်သည်။

''အုင်. . . အုင်. . . အုင်. . . အုဝဲ. . . ငဲ. . . ငဲ. . . ငဲ. . . ငဲ''

ကလေးငိုသံက ပို၍ကျယ်လောင်လာသည်။ အာခေါင်ကိုခြစ်၍ ငိုနေသည့် အသံမျိုး။

''သရဲတော့ မ. . . မ. . . ဖြစ်နိုင်ဘူးဟ၊ အသံက လူကလေး ငိုသံပဲ. . .''

''ကျတ်တွေကလည်း. . . အဲဒီလို အသံပေးတတ်တယ်တော့ သိပ်အတင့်မရဲနဲ့နော် ကိုတောကျော်. . . အရင်တစ်ခါလည်း. . . ဒီနေရာမှာ မထုံးရီကို သရဲက ကိုယ်ထင်ပြလို့တဲ့တော့. . .''

''တိတ်တိတ်နေစမ်းပါဟာ. . . အရေးထဲ. . . လာသာလာခဲ့ လာ. . .''

သူတို့နှစ်ဦး ငိုသံကြားရာအရပ်သို့ မှန်းဆ၍လာခဲ့လိုက်ကြသည်။ မကြာခင် တောလမ်းနံဘေး ဘိစပ်ခြုံအောက်မှ ငိုသံမှန်းသိလိုက်ရတော့သည်။ သို့နှင့် ငိုသံကြားရာသို့ ခပ်သုတ်သုတ်လှမ်းလာပြီး ခြေလှမ်းလေး ငါးဆယ်လှမ်း အကွာအဝေးမှ လှမ်းကြည့်လိုက်သောအခါ. . .

''ဒုဲ. . . အုင်. . . အုင်. . .''

''ဟာ. . .''

''အောင်မလေး. . . မြတ်စွာဘုရား. . . ကယ်တော်မူပါဘုရား''

''နောက်ဆုတ်. . . နောက်ကိုဆုတ်. . . လွန်းအိမ်. . . ဘုရား ဘုရား. . .''

သူတို့လင်မယား မြင်တွေ့လိုက်ရသည်ကား ကလေးမှကလေး အစစ်၊ လူကလေး ငိုသံအစစ်၊ ကြည့်စမ်း ကြိမ်ခြင်းထဲမှ လှုပ်လှုပ်နှင့် ကလေးငိုနေသည့် အသံကို အတိုင်းသား ကြားနေရသည်။ ပို၍ အံ့သြစရာကောင်းသည်ကား. . . လှုပ်နေသော ခြင်းပေါ်မှ ရောမမြွေကြီးတစ်ကောင်သည် ပါးပျဉ်းကြီးမိုးကာ ကလေးကို စိုက်ကြည့်နေခြင်းပဲ ဖြစ်သည်။

''အမယ်လေး. . .''



www.burmeseclassic.com

www.burmeseclassic.com



''မြွေကြီးဟ. . . မြွေကြီး . . နည်းတဲ့ကောင်ကြီး မဟုတ်ပါလား . . ဒုက္ခပဲ''

''ရှီ . . ရှီ . .''

''ရှီ . . ရှီ . .''

မြွေကြီးကား နည်းနည်းနောနောကောင်ကြီး မဟုတ်၊ လူသန်လူကြီး လက်ဖျံလုံးလောက် ရှိလိမ့်မည်။ မည်းမည်းလိုလို. . . စိမ်းစိမ်းလိုလိုကြီး . . ပါးပျဉ်းကြီးက ထမင်းစားပုဂံပြားဝိုင်းခန့်ရှိမည်။ မြွေဟောက်ကြီးသည် လူရိပ်လူနံ့ရလိုက် မြင်လိုက်သောကြောင့်လားမသိ။ ပါးပျဉ်းကြီးကို ပိုကားလိုက်ပြီး သူတို့ရှိရာသို့ နီရဲတွတ်နေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်ပြီး တွန့်သံပေးလိုက်သည်။

သူတို့လင်မယားနှစ်ယောက် ကြောက်လန့်ပြီး သတိလစ်ချင်သလိုဖြစ်သွားခဲ့ကြသည်။ သို့ဖြစ်နေစဉ် မြွေကြီးသည် ပါးစပ်မှ အသံများ တရှဲရှဲပေးပြီး သူတို့နှစ်ဦးကို ခေါင်းညိတ်၍ ခေါ်သယောင်ပြုနေ၏။ လေးငါးကြိမ်ခန့်ခေါင်းညိတ်သလို ခေါ်သလိုပြုပြီးနောက်. . . မြွေကြီးသည် ပါးစပ်မှ ပစ္စည်းတစ်ခုကို ကလေးရှိရာသို့ ငုံ့ပြီး အန်ချလိုက်ကာ အနောက်ဘက်တောထဲသို့ ရုတ်ချည်းလှည့်ပြန် ပြေးထွက်သွားတော့သည်။

မြွေကြီးပျောက်သွားတော့ ခြင်းထဲမှ ကလေးငိုသံက ပို၍စူးနစ်ကျယ်လောင်လာခဲ့ပြန်သည်။ ရင်ကွဲအောင်ကို ညှစ်၍တက်မတတ်ငိုနေသည်။ သူတို့နှစ်ဦး ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ၊ မြွေကြီးက ပြန်သွားတာလား၊ တစ်နေရာက စောင့်ကြည့်နေတာလား။

''ဘယ်. . . ဘယ်. . . လို. . . လုပ်ကြမလဲ. . . ကို. . . တောကျော်. . .''

''အဲဒီကို သွားကြည့်မယ်ဟာ. . .''

''ဖြစ်. . . ဖြစ်ပါ့မလား . . တော်၊ တော်ကြာ ဟိုမြွေဟောက်ကြီးက လာရန်. . . ပြု. . . မှ. . . ဖြင့်''

''ပြုလည်း ဒီသံတူရွင်းနဲ့ ပြန်နှက်မယ်ဟာ. . . ကလေး





သနားပါတယ်၊ မဟုတ်မှလွဲရော. . . ဒါ. . . ဒါ. . . ဟိုဒင်း၊ ဟို. . . ဟာ''

ကိုတောကျော် ကလေးငိုသံကို ခံစားရလွန်းလှ၍ အရဲစွန့်လိုက်ပြီး အနားသို့ တိုးကပ်လိုက်သည်။ ဒါနှင့်အတူ မြွေဟောက်ကြီးဝင်သွားသည့် နေရာကိုလည်း အာရုံက စွင့်လိုက်ရသေးသည်။

အတန်ကြာသည့်တိုင် မြွေဟောက်ကြီး၏ အရိပ်အယောင်ကိုလုံးဝမတွေ့ရသောအခါ ကိုတောကျော် ကလေးရှိရာ ဆွဲခြင်းအနီးသို့ ခပ်ရဲရဲကပ်၍ ငုံ့ကြည့်လိုက်သည်။

အထဲမှာ ရက်သားခန့်မျှသာ ရှိဦးမည့် ကလေးငယ်တစ်ဦး၊ အနီးပိတ်ကို ခြေနှင့်ကန်၍ လက်သီးနှစ်ဖက်ဆုပ်ပြီး မျက်စေ့မှိတ် အသံကုန်ခြစ်လို့ ငိုနေသည်။ ကလေးရဲ့ ရင်ပတ်ပေါ်မှာ စောစောက မြွေဟောက်ကြီးပါးစပ်မှ အန်ချခဲ့သည့် ဖန်ဂေါ်လီလုံးသေးသေးအရွယ်ခန့် ကျောက်ဖြူလုံးလေးတစ်လုံးလည်း ရှိနေသည်။

ကိုတောကျော် ဖြစ်ချင်ရာဖြစ် လက်ထဲမှ သံတူရွင်းကို ပစ်ချလိုက်ပြီး အထဲမှ ကလေးငယ်ကို ဝမ်းသာအားရ ကောက်ပွေ့ချီမလိုက်သည်။ ကလေးငယ်သည် ကောက်ပွေ့ချီလိုက်မှ ကျူကျူပါအောင် ဝမ်းနည်းတကြီး ငိုပြန်တော့သည်။

ကိုတောကျော်က အားရဝမ်းသာ ရယ်လိုက်ပြီး ကလေးရဲ့ ကျောနှင့် တင်ပါးလေးကို ဖွဖွလေး ပုတ်ပေးလိုက်သောအခါ ခမျာဆာရှာလွန်းလို့ထင့်၊ သူ့ညာလက်သီးကလေးကို ပါးစပ်ထဲ ထိုးထည့်ပြီး တပြွတ်ပြွတ်စုပ်လေတော့သည်။

ထိုအခါကျမှ မလွန်းအိမ်လည်း ဝမ်းသားအားရဖြစ်သွားပြီး ခေါင်းပေါ်မှ ပဲပြုတ်တောင်းကို မြေကြီးပေါ်ချလိုက်ကာ ကလေးရှိရာ ပြေးလာလိုက်ပြီး မျက်နှာကို အနီးကပ်ငုံ့၍ ကြည့်လိုက်သည်။ ကလေးက ချစ်စရာဖြူဖြူတုတ်တုတ် ဝဝကစ်ကစ်ကလေး . . ။ ပါးလေးနှစ်ဖက်က ငိုရလွန်း၍ နီရဲပြီး ဖောင်းနေသည်။ မျက်လုံးနက်နက်လေးနှင့် လက်သီးကို အငမ်းမရ မလွှတ်တမ်းကို စုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မလွန်းအိမ်ရဲ့ ရင်ထဲမှာ မေတ္တာစိတ်များ ဝေါခနဲ တောင်ပြိုသလို ကျလာခဲ့ကာ. . . သူ့ယောက်ျားလက်ထဲမှ ကလေးကို သွက်လက်စွာ လှမ်းယူလိုက်ပြီး ရင်ခွင်ထဲမှာ. . . ပွေ့ပိုက်၍ ထားလိုက်သည်။ ကလေး ငယ်သည် နူးညံ့ပူနွေးသည့် ရင်ငွေ့ကို ခံစားလိုက်ရလို့လားမသိ၊ အသာလှုပ် ပေးလိုက်တော့. . . မျက်လုံးကလေး ဖွင့်၍ကြည့်သည်။ မလွန်းအိမ် ကပိုကရိုဖြစ်နေသော အနှီးကို လှန်ကြည့်လိုက်တော့. . . ရွှေပန်းငေါက် တောက်ကလေးကို မြင်လိုက်ရသည်။

''ကိုတောကျော်. . .''

''ဘာတုံးဟ. . . မလွန်းအိမ်''

''ယောက်ျားလေးတော်. . . ယောက်ျားလေးတော့. . . အဟီး ကော်တာပဲ''

''ငါတို့ ကံကောင်းတာပဲဟ. . . ကလေးမရှိတာနဲ့၊ အတော်ပဲ၊ တို့ပဲ မွေးစားကြစို့. . . လွန်းအိမ်ရေ''

''ဒါပေါ့တော့်. . . ကျုပ်တို့ပဲ မွေးစားရမှာပေါ့၊ ကျုပ်ကလည်း ကလေးလိုချင်နေတာနဲ့ အတော်ပဲတော့၊ သားလေး. . . သားလေး . . လူကလေး. . . ငါ့သားကလေး . . အို. . . အို. . . အမေ့သားလေးရဲ့''

''အုငဲ. . . အုငဲ. . . အုငဲ. . .''

''အို. . . ကျွတ်ကျွတ်ကျွတ်. . . မငိုပါနဲ့ သားလေးရယ်၊ မငိုပါနဲ့၊ အမေတို့ အမေတို့ အနားမှာရှိပါတယ်၊ သားလေးရယ်၊ အိုအို အိုအို. . .''

''ဟာ. . . လွန်းအိမ်ရေ. . . ကလေးလည်ပင်းမှာ လက်ဖွဲ့ကြိုးနဲ့ ဆွဲပြားနဲ့ပါလားဟ. . . ကြည့်စမ်း''

ခုမှ သူတို့ကလေးကို သေသေချာချာ ဂရုစိုက်၍ ကြည့်မိကြ သည်။ ဒါကို ဝမ်းသာလုံးဆို့နေ၍ စောစောက မမြင်ခဲ့ကြ။ ဟုတ်ပ၊ လည် ပင်းပေါ်မှ ကြိုးနီလက်ဖွဲ့ကြိုးနှင့် ရွှေဆွဲပြားလေးတစ်ခု၊ ကြည့်လိုက်တော့ အင်္ဂလိပ်ဂဏန်းအချို့ ရေးထားသည်ကို တွေ့ရသည်။ ဘာမှန်းတော့မသိ။ သို့နှင့် ဆွဲခြင်းထဲသို့ လှန်လှောကြည့်လိုက်သောအခါ မြွေအန်ကျောက်ခဲ





တစ်လုံး၊ အင်္ဂလိပ်ငွေစက္ကူအချို့၊ နို့ဗူးတစ်ဗူး၊ အနှီးပိတ်စများ၊ အကျႌ ပေါက်စလေးများနှင့် စာတစ်စောင်ကိုပါ တွေ့လိုက်ရသည်။

မလွန်းအိမ်က အသင့်တွေ့ရသည့် နို့ဗူးကို ကောက်ယူ၍ ကလေးရဲ့ ပါးစပ်ထဲသို့ နို့ဗူးခေါင်းကို ထည့်ပေးလိုက်သည်။ ကလေးက နို့ဗူးကို အငမ်းမရ တပြွတ်ပြွတ်မြည်အောင် စုပ်သည်။ စို့သည်။ နို့ဗူးသည် မျက် စေ့အောက်မှာတင် သုံးပုံတစ်ပုံနီးပါး ကုန်သွားခဲ့၏။ နို့တစ်ဝက်ကုန်အောင် စို့ပြီးသောအခါ ကလေးငယ်က မလွန်းအိမ်ရင်ခွင်ထဲမှာ မျက်တောင်လေး စင်း၍ အိပ်ပျော်သွားခဲ့သည်။

သည်မှာ ကိုတောကျော်က အသင့်တွေ့ရသည့် စာရွက်ခေါက် လေးကို ပြူထွက်စ နေရောင်မှာ ဖြန့်၍ ဖတ်လိုက်သည်။

**ကျေးဇူးရှင်များ ရှင်. . .**

**ဟောဒီ သားကလေးကို လူလားမြောက်သည်အထိ ပြုစုစောင့် ရှောက်ပေးကြပါရန် အနူးအညွတ်တောင်းပန် မေတ္တာရပ်ခံပါတယ်ရှင် ဘဝက် အကြောင်းကြောင်းကြောင့် မိခင်တစ်ဦးရဲ့တာဝန် မကျေပြွန် ခဲ့ရသည်ကို နားလည်ခွင့်လွှတ်ပေးကြပါ၊ ကံဆုံလျှင် တစ်နေ့ပြန်ကြုံ ချင်ဖါသည်. . . တဲ့. . .**

''ဟောဒီစာအရ . . ငါတို့ ဒီကလေးကို ဟရားဝင် မွေးစား လို့ရပြီဟ. . . လွန်းအိမ်ရ''

''ကျုပ်တော့. . . အရမ်းကို ဝမ်းသာတာပဲ. . . ကိုတောကျော်ရယ် အဟီး. . . ဟီး . . . ဟီး . . . ဟောဒီ သားလေးကို ကောက်ရလိုက်တာ၊ ဘုရားသိကြားနဲ့ သမ္မာဒေဝနတ်ကောင်း နတ်မြတ်များက မတာနေမှာပဲ တော့သိလား၊ သားလေး . . သားလေးရယ်၊ ကံဆိုးပြီး ပြန်ကံကောင်းတဲ့ သားလေး ဖြစ်ပါပြီကွယ်. . . သားရယ်''

မလွန်းအိမ်က အိပ်ပျော်နေသည့် ကလေးရဲ့ပါးကို ပွေ့မြှောက်၍ နမ်းလိုက်သည်။ ကလေးက ပါးစပ်လေးတွန့်၍ လွန့်လိုက်သည်။ မလွန်း အိမ်က အနှီးနှင့် ကျစ်ကျစ်ပါ ပွေ့ထုပ်ပြီး ရင်ခွင်မှာ ကပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က သူလည်း ပဲပြုတ်မရောင်းဖြစ်၊ ကိုတောကျော်လည်း ကျောက်မတူးဖြစ် . . .

သူ ဆွဲခြင်းကို ကောက်ယူလိုက်သည်။ မလွန်းအိမ်ရဲ့ ပဲပြုတ်တောင်းကိုလည်း ပိုက်လိုက်သည်။ ဒီနေ့ ပဲပြုတ်များအားလုံးကို မင်္ဂလာအထိမ်းအမှတ်အဖြစ် သံဃာများ၊ ကိုရင်များအားလုံးကို လောင်းလှူမည်၊ အိမ်နီးနားချင်းများကို ဝေပစ်မည်။

မကြာခင် နံနက်ခင်းဆည်းဆာရဲ့ ရာမဏီအင်းရွာထဲမှာ ကျောက်တူးသမား ကိုတောကျော်နှင့် ပဲပြုတ်သည် မလွန်းအိမ်တို့ ကလေးတစ်ယောက် ကောက်ရ မွေးစားလိုက်သည့်သတင်းသည် ဗျိုးဟစ်စရာမလိုပဲ ဟိုးလေးတကြော်ကြော် ပြန့်နှံ့၍ သွားလေသည်။

# အပိုင်း(၂)

## ၁၉၅၂ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

## လောကမံ မှန်တိုင်းထဲက ဇာတ်ကောင်များ . .

သူ့ကို လူများက ဓမ္မပါလ ဘုန်းကြီးကျောင်းသား ကျောက်ခဲဟု ခေါ်ကြ၏။ ကျောက်ခဲသည် ဘကြီးဘုန်းကြီး ဦးစန္ဒိမာကျောင်းမှာပဲ အခြားဘုန်းကြီးကျောင်းသားများနှင့် ကျောင်းအိပ်ကျောင်းစားနေခဲ့သည်။ သူသည် ကျောင်းသားအများစုထဲမှာ စာလိုက်နိုင်သည့် ဉာဏ်ရည်ကောင်းသော ကျောင်းသားတစ်ဦးအဖြစ် အများက နားလည်ယုံမှတ်ကြသည်။

ကျောက်ခဲကား ဘုန်းကြီးကျောင်းသားပင် ဖြစ်ပေသော်လည်း တောလည်ရာမှာတော့ ဝါသနာပြင်းပြသည်။ ထူးခြားသည်ကား. . . အရွယ်ရောက်ကတည်းက မြွေမှန်လျှင် ဘာမြွေမှ မကြောက်ခြင်းပဲ ဖြစ်သည်။





မြွေပွေး. . . မြွေဟောက်. . . ငန်းတော်ကြား၊ ငန်းခေါင်း၊ ငန်းပုတ်၊ ကြိုက်သည့် မြွေလာ. . . ဘာမြွေကိုမှ ဂရုမစိုက်၊ မြွေမကြောက်သည့်အပြင်ကို မြွေအကိုက်ခံရသူကိုပါ. . . သူက ဆေးကုပေးနိုင်သေး၏။

သူ့ဆရာထဲတွင် ဘုန်းကြီးကျောင်းမှ အဂ္ဂိရတ်ပိဋကဦးသူတော်ကြီးလည်း ပါလိုက်သေး၏။ ဦးသူတော်ကြီးကလည်း အမေးအမြန်းထူသော အရာရာကို စူးစမ်းလိုသော သူ့ကို အစကနဦးမှာ စိတ်မရှည်သော်လည်း ကျောက်ခဲအကြောင်း ကြာရှည်ပေါင်းရင်း ထိတွေ့ပါများလာသောအခါ တက်လမ်းရှိသည့် လူငယ်မှန်းသိ၍ သူမေးသမျှ သိချင်သမျှကို စိတ်ရှည်လက်ရှည် ဖြေသည်၊ ပြသည်၊ သင်ပေးခဲ့သည်။

ကျောက်ခဲရဲ့ဘဝကလည်း ဆန်းပြားသည်။

အဖေနှင့်အမေက သူ့ကို ရှာဝင်တောစပ် ဘိစပ်ခြုံအောက်မှ ကောက်ရ၍ မွေးစားသည်ကို အရွယ်ရောက်လာတော့ ဟိုလူပြောဒီလူပြောနှင့် တစ်စွန်းတစ်စ သိလာခဲ့ရသည်။ သည်ကိစ္စ အမှန်ဟုတ်မဟုတ် ဘကြီးဘုန်းကြီးကို မေးလျှောက်ကြည့်တော့ ဘကြီးဘုန်းကြီးက ဘာမှ ပြန်မပြောခဲ့။

သူ့အဖေ ဦးတောကျော်နှင့် အမေ မလွန်းအိမ်တို့ရှိစဉ်ကလည်း သူဟာ မွေးစားသားပါဟု တစ်ခွန်းမျှ ပြောမသွားခဲ့။ ယနေ့တိုင်လည်း ကွယ်လွန်သွားခဲ့ပြီဖြစ်သော ဦးတောကျော်နှင့် ဒေါ်လွန်းအိမ်ကို အဖေရင်း အမေရင်းအဖြစ် လုံးဝနားလည် ယုံကြည်ထားမြဲဖြစ်သည်။

အဖေနှင့်အမေသည် သူ့ကိုရင်နှင့်အမျှချစ်၏။ မျက်စိအောက်က အပျောက်မခံစတမ်းကို ချစ်၏။ သူ အမေနှင့်ပဲပြုတ်ရောင်းရင်းလိုက်ခဲ့ဖူး၏။ အဖေနှင့်လည်း ကျောက်တူးသည့် ကျောက်ကျင်းများရှိရာသို့ လိုက်ပါခဲ့ဖူး၏။ အမေနှင့်ဈေးရောင်းရင်း အဖော်လိုက်ခဲ့ရဖူး၍ ရွာတော်တော်များများ၏လမ်းကြောင်းများကို မှတ်မိ၏။

ရောက်လေရာ ရွာတိုင်းကလည်းဖြူဖွေးတုတ်ပြီး၊ ချစ်စရာကောင်းသည့် သူ့ကိုကြည့်၍ ချစ်ခင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့်ဘကြီးဘုန်းကြီးကျောင်းမှာ စာသင်ရင်းပရိတ်ကြီး(၁၁)သုတ်ကုန်သည့်နှစ်မှာ ကုသိုလ်ကံက ဆိုးဝါးလာခဲ့သည်။ အဖေ. . .ဂဝံကျောက်တုံးပိ၍ ရုတ်ချည်းသေဆုံးသွားခဲ့ရသလို၊ မိခင်လုပ်သူ ဒေါ်လွန်းအိမ်လည်း အဖေ့စိတ်နှင့် အိပ်ရာထဲလဲကာ များမကြာခင် မရဏာရှင်သေမင်းခေါ်ရာနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့ရသည်။ ခုတော့ သူ့ဘဝသည် အထီးကျန်တစ်ယောက်တည်း. . .

အမေက သူ လူ့လောကမှာ မနေရတော့မှန်းကြိုသိနေသည် သည့်အတွက် သူ့အကိုဝမ်းကွဲ ဘုန်းကြီးထံ သားလုပ်သူကိုအပ်နှံခဲ့သည်။ အဲဒီတုန်းက သူက(၁၃)နှစ်သား ကာလသားပေါက်ကလေး။ ခုတော့. . . သူ လူပျိုဖားဖားဖြစ်ခဲ့ပြီ။

အဖေက သူ့ကို သူ့လိုကျောက်တူးသမား မဖြစ်စေချင်။ သို့ပြစ်၍ အဖေတို့ဘယ်လို ခက်ခဲကြမ်းတမ်း ပင်ပန်းကြီးစွာ လုပ်ကိုင်နေရ. . . သိစေလို၍ မကြာခဏ ကျောက်ကွင်းသို့ ခေါ်သွားခဲ့သည်။ အဲဒီပာ အဖေ ဘယ်လောက် ပင်ပန်းသည်ကို သူတွေ့ခဲ့ရပြီး အဖေ့ကို လွန်စွာသနား ခဲ့ရသည်။ သူ အရွယ်ရောက်ချင်နေသည်။

အဖေ့ကိုယ်စား သူက ကျရာတာဝန်ကို ထမ်းချင်သည်။ ခုတော့ သူ့ဘဝက ကျေးဇူးရှင်မိဘနှစ်ပါးကို လုပ်ကျွေးခွင့်မရခဲ့။

သည်မှာ သူအဖေ့အမွေအဖြစ် မြွေကိုက်ရောဂါကု ဆေးကျောက်တစ်မျိုးပဲ နောက်ဆုံးရခဲ့လိုက်သည်။ အဖေသည် သူ လူမှန်းသိသည့် အရွယ်မှစ၍ ပိုးမွှားအကိုက်ခံရသူများ၏ရောဂါကို အခမဲ့ကုသပေးခဲ့၏။ ရောဂါကုသပုံကလည်း ဆန်းကြယ်လွန်းလှသည်။

မှတ်မိနေသေးသည်. . .

တစ်နေ့. . .၊ ကျောက်ခဲတို့ ခေါင်းရင်းတစ်အိမ်ကျော်မှ အမျိုးသမီးတစ်ဦး တောထဲထင်းခွေသွားရင်း မြွေကိုက်ခံရသည်။ မြွေက မြွေဟောက်ဟု မြင်သူများက ဆိုကြသည်။ အကိုက်ခံရတာက လက်ခွကြား၊ ဒဏ်ရာက အစွယ်ရာနှင့် ပေါက်ပြဲကြေမွသွားသည်။ အကိုက်ခံရသည့်နေရာတွင် အ





သက်ရှုကျပ်သလိုဖြစ်ပြီး ခွေကောက်တွန့်လိမ် ပစ်လဲကျသွားသဖြင့် ထမ်းခေါ်လာခဲ့ကြသည်။

ရွာထဲက ဆရာဆိုသူများကလည်း တစ်ယောက်ပြီးတစ်ယောက် ရေမန်းတိုက်လိုက်၊ ခြေမန်းကွင်းစွပ်လိုက်၊ သစ်ရွက်သစ်ခက်များနှင့်ရိုက်ချလိုက် ဟိုဆေးရွက်၊ ဒီဆေးရွက်ကြိတ်တိုက်လိုက် အုံလိုက်နှင့်။ လူနာကား နာခေါင်းနှင့်အသက်မရှူနိုင်တော့၊ ပါးစပ်ဟစေ့ဟစေ့နှင့် အာရုံကြောများ ထိနိုက်နေပြီဖြစ်၏။

ကြာတော့ ရွာထဲကဆရာဆိုသူများ လက်မြှောက်ကုန်ကြတော့သည်။ အချို့ ပြန်ကုန်သည်။ မြွေကိုက်ခံရသူအမျိုးသမီးကား နောက်ဆုံးထွက်သက်အတွက် အကြောများ ဆတ်ခနဲ ဆတ်ခနဲ ခွဆောင့်၍ ရုန်းကန်နေသည်။ ဒါကို အဖေ(ကိုတောကျော်)က မြင်ရသောအခါ မနေနိုင်တော့။

သူ့မှာ သူ့သားကိုစတွေ့ရစဉ်က ထူဆန်းစွာ မြွေဟောက်ကြီးတစ်ကောင် အုန်ချပေးခဲ့သည့် ကျောက်အမြုတေတစ်ခု ရှိနေသည်၊ သည်မြွေအန်ကျောက်ခဲလုံးကို သူကမြွေအန်အမြုတေကျောက်ဟု ယုံကြည်နေသည်။ အတွေ့အကြုံကြွယ်ဝသော သက်ကြီးဝါကြီးအချို့က မြွေအန်ကျောက်၊ မြွေအမြုတေကျောက်ဟု ဆိုကြ၏။

ကင်းမလက်မဲကြီး ထိုးတုန်းက တစ်ခါ၊ ဖောက်ဖတ်တုတ်ခံရတုန်းက တစ်ခါ၊ သည်ကျောက်ကို ရေနှင့်သွေး၍လူးဖူးသည်။ သောက်ဖူးသည်။ မကြာခင် ချက်ချင်းအဆိပ်များ ပြေပျောက်သွားသည်ကို အံ့ဖွယ်ကြုံရဖူးသည်။

ဒါက ကိုယ်တွေ့. . .

အခု သူတို့မျက်စိရှေ့မှောက်မှာ အရွယ်ကောင်းမိန်းမပျိုတစ်ဦး မြွေဆိုးအကိုက်ခံရ၍ ဝေဒနာကို အပြင်းအထန်ခံစားနေရသည်။ သူအိမ်သို့ ပြန်လာလိုက်ပြီး မြွေအန်ကျောက်ကို ယူလာခဲ့လိုက်သည်။

"အားလုံးခဏလေး ဖယ်ကြစမ်းဗျာ. . . ကျုပ်စမ်းကြည့်မယ်"

"ဘာလုပ်ဦးမလို့လဲ. . . တောကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးတို့လက်လျှော့နေပြီမို့လား . . . ကျုပ် . . . ဆေးနဲ့လုပ်ကြည့်မလို့ပါ . . ."

သူက သို့ကလို ပြောလိုက်သောအခါ ခေါင်းရင်းမှာထိုင်ပြီး လူနာ အသက်ထွက်မည့်အချိန်ကို ကွမ်းဝါးရင်းစောင့်နေကြသည့် သက်ကြီးဆေး ဆရာကြီးနှစ်ဦးက . . . သူ့ကို မျက်စောင်းခဲ၍ ကြည့်လိုက်ပြီး . . .

"မင်းက ဆရာလား . . ၊ ငါတို့တောင် မတတ်နိုင်လို့ လက်လျှော့ ထားရတာ ဉစ္စာ၊ မြွေဆိပ်က တစ်ကိုယ်လုံးကို ပျံ့စပြုနေပြီကွ၊ အသက် ထွက်ဖို့ပဲ ကျန်တော့တယ်၊ ဘယ်လိုမှကုလို့ မရနိုင်တော့ဘူး။ လုပ်ပေးရမှာက လူနာနောက်ဆုံး လားရာဂတိကောင်းဖို့ ကြေးစည်ရိုက်သံပေး၊ ဘုရားဂုဏ် တော်များ ရွတ်ဖတ်ပေး ဒါပဲလုပ်လို့ရတော့မယ်ဉစ္စာ၊ မင်းလုပ်မှ အသက် ထွက်မြန်နေအုံးမယ် . . ."

မြွေကုဆရာကြီး ဦးသိုင်းက ကွမ်းဝါးရင်းမှ နှုတ်ခမ်းမွေးကို ညာလက်နှင့်သပ်ရင်း အသံမြှင့်၍ ကိုတောကျော်(အဖေ့)ကို လှမ်းရိလိုက် သည်။ လူနာရှင်မိသားစုကား ဘယ်သူ့အားကိုးရမှန်း မသိတော့။ တွေ့ရာ လူကို အားကိုးတကြီးလိုက်ကြည့်နေသည်။ လူနာသမီးလုပ်သူရဲ့ ရှန်းကန် မို့မောက်နေသည့် ဖြစ်အင်ကိုကြည့်၍မေးလိုက်၊ ကိုင်လိုက်လုပ်ရင်း ငိုနေ ကြတော့သည်။

"အဘတို့ . . . ဆရာကြီးတို့ အခုလက်လျှော့လိုက်ပြီ မဟုတ် လား . . . မရတော့ဘူးလို့လည်း သတ်မှတ် ဆုံးဖြတ်လိုက်ပြီမဟုတ်လား။ ကျွန်တော် ဆေးဆရာမဟုတ်ပါဘူး . . ၊ ဒါပေမယ့် ကိုယ့်တူမလေးလို မိန်းမငယ်လေး မျက်စိရှေ့မှောက် ဝေဒနာခံစားနေရတာ မကြည့်ရက်ဘူး။ ရလိုရငြား ဆေးနည်းတိုလေးနဲ့ ကုကြည့်ချင်လို့ပါ၊ ပျောက်တော့လည်း ကံ၊ မပျောက်တော့လို့ အသက်ဆုံးရှုံးတော့လည်း ဆရာကြီးတို့ ကောက် ချက်ချသလိုပဲပေါ့ . . ."

"ကိုတောကျော် . . . နားလည်ရင် . . . လုပ် . . . လုပ်ပါကွယ်"

လူနာရဲ့ဖခင်က ရေနစ်သူလို နီးရာမြက်တစ်ပင်ကို အားကိုးလိုက်





သည်။ သူ့သမီးရဲ့ လက်ကိုဆုပ်ရင်းမှ ကိုတောကျော်ကို အားကိုးတကြီး ကြည့်ရင်း ပြောလိုက်သည်။

မြွေကုဆရာဦးသိုင်းနှင့် ပယောဂဆရာကြီးဦးမှိုင်းတို့က နှုတ်ခမ်း ကို မဲ့ရွဲ့ရင်းမှ . . .

"ဆရာလက်သစ်ကိုးကွ . . . ကုကြည့်ပေါ့ကွာ၊ ဒါ တိုက်မြွေကိုက် တာကွ . . . ကုလို့ရရင်ကုကြည့်ပေ့ါ . . . အဟင်း . . . ဟင်း . . ဟင်း . . ."

အဖေက သောက်ရေအိုးထဲမှ ရေတစ်ခွက်တောင်းလိုက်သည်။ ၎င်းနောက် မြွေအန်ကျောက်ခဲကို သောက်ရေခွက်ထဲမှာစိမ်၍ ဘုရားစင်ရှေ့ မှောက်မှာ သစ္စာပြုအဓိဋ္ဌာန်လိုက်သည်။

"ဘုရားတပည့်တော်သည် ဓားသမား မဟုတ်ပါဘုရား၊ သို့ သော် ကံငါးပါးကို လုံခြုံစွာ ထိမ်းသိမ်းစောင့်ရှောက်လျက်ရှိပါ၏ ဘုရား၊ ဤမှန်သောသစ္စာစကားကြောင့် ဤရေခွက်ထဲ၌ရှိသော မြွေအန်ကျောက် သည် အဆိပ်ဝေဒနာခံစားနေရသည့် ဤဝေဒနာရှင်အား ကုသနိုင်သော ဆေးသြသဓ ဖြစ်ပါစေသတည်း၊ ကျေးဇူးရှင် . . . မြွေသူတော်ကောင်းကြီး ခင်ဗျာ . . . မြွေကိုက်ခံရသည့် ဤလူနာအမျိုးသမီး၏ ကိုယ်ခန္ဓာအတွင်း မှ အဆိပ်များကို ဖယ်ရှားနိုင်ဖို့ မှိုင်းမကူညီပါခင်ဗျာ . . . ဆိုင်ရာပုဂ္ဂိုလ်များ ကလည်း စောင့်ရှောက်တော်မူကြပါခင်ဗျာ . . .

သစ္စာအဓိဋ္ဌာန်ပြုပြီးနောက် ကျောက်ပျဉ်ပေါ်မှာ ၎င်းရေနှင့်မြွေအန် ကျောက်ကို ခပ်ပြစ်ပြစ် သွေးလိုက်သည်။ ရလာသည့်အနှစ်များကို မေးစေ့ နေသည့် လူနာပါးစပ်အား မရအရဖြဲ၍ ပါးစပ်ထဲ၊ လျှာရင်းထဲရောက် လောက်အောင် လက်ညှိုးနှင့်ကော်သွင်း လူးပေးလိုက်သည်။ ပါးစပ်ကလည်း အဆိပ်ကိုကျစေ ပြေစေသော ဆေးသြသဓဖြစ်စေဟု ရွတ်ဆိုသည်။ ခန္ဓ သုတ်ကိုလည်း ရွတ်ပေးလိုက်သည်။ လူနာ၏ပါးစပ်ထဲသို့ သွေးလို့ရသည့် ကျောက်သွေးကို မဝင်ဝင်အောင် တိုက်သည်။ လူနာက အန်သံပြုလာသည်။

"ဟွန်း မြွေကိုက်ခံရတဲ့ လူနာကို ရေတိုက်သတဲ့ဗျာ၊ ကောင်းတာ ပေါ့၊ မြန်မြန် အသက်ထွက်တာပေါ့ ဟေ . . .ဟေ . . .အဟတ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးသိုင်းက အနီးရှိ လူနာကြည့်များကြားအောင် သရော်လိုက်သည်။

''မြန်မြန် ကိစ္စချောတော့လည်း ဆရာလက်သစ် နာမည်ကျော်တာပေါ့. . . ဆရာသိုင်းရာ မဟုတ်လားဗျ. . . ဟား. . . ဟား. . . ဟား. . .''

ပယောဂဆရာကြီး ဦးမှိုင်းကလည်း အများကြားအောင် ထပ်ထော့လိုက်သည်။ ဒါကို ဝိုင်းကြည့် စိုးရိမ်နေကြသူများကလည်း ကြားကြပါသည်။ ဒီလူနာသေရတော့မည်ကိုလည်း ခန့်မှန်းမိကြပါသည်။ သို့သော် နောက်ဆုံးအချိန်လေးမှာ ရလိုရငြား ဝိုင်းကာသည်ကို အပြစ်လို့ မမြင်ကြပါ။ သူတို့က ဆရာကြီးနှစ်ဦးရဲ့လေသံကို ရွံ့ချင်ချင် ဖြစ်လာခဲ့ကြသည်။

သည့်နောက် အဖေ(ကိုတောကျော်)က မြွေအန်ကျောက်ဆေးရည်များကို အစွယ်ရာအထက် လက်မောင်းရင်းမှသည်စ၍ လူးလိမ်းပြီး အောက်သို့သက်အောင် လိမ်းဆွဲသပ်ချပေးလိုက်သည်။ ပါးစပ်ကလည်း ခန္ဓာသုတ်ကို ရွတ်သည်။ သုံးကြိမ်သုံးခါလိမ်း၍ သပ်ချပေးလိုက်သောအခါ အံ့ဩစရာအဖြစ်ကို ဝိုင်းကြည့်နေသူအားလုံး မျက်ဝါးထင်ထင် မြင်လိုက်ကြရလေသည်။

ကျောက်သွေးရည်လိမ်း၍ သပ်ချလိုက်သည့် အာနိသင်ကြောင့် ဦးစွာ အစွယ်ဒဏ်ရာအဝမှ ညိုညို့ညစ်ညစ် သွေးများ စီးထွက်အန်ကျလာတော့သည်။

''ဟယ်''

''ဟ. . . ဟ. . . အရည်တွေကျလာသဟ. . .''

''သွေးညစ်တွေ အန်ကျလာပြီဟေ့. . . ဆန်းသဟ. . .''

''အဲဒါ. . . အဆိပ်ရဲ့ ရွေ့ပြေးနေမှာပဲဟေ့. . .''

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် အဖေ အရမ်းကို ဝမ်းသာသွားသည်။ ထပ်၍ ပါးစပ်ထဲသို့ ဆေးပျစ်ပျစ်အရည်များကို ခွံ့တိုက်လိုက်သည်။ လူးသပ်၍ ဆွဲချလိုက်ပြန်သည်။ မကြာခင် သွေးညစ်များနောက်မှ ကြည်လဲ့လဲ့ဖြူရောင်ရောင် မြွေဆိပ်ရည်များ ဒဏ်ရာဝမှ စီးကျလာပြီး လူနာလည်း လူးလွန့်စ အသံထွက်စ ပြုလာသည်။

စိတ်ကူးသစ်စာပေ



ဆရာကြီးနှစ်ဦးကား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မေးငေါ့ခေါင်းရမ်းလုပ်ကာ ''ကြည့်နေကြပါဦး''ဟု ဆိုလိုက်ကြ၏။

လူနာသည် ကျောက်သွေးရည်ကို အားယူ၍ ဖြိုချနေသည်။ မကြာမီ ရင်ဘတ်ကြီး ဖားဖိုလိုဖြစ်နေသည့် လူနာ၊ အမောဖောက်၊ အကြောဆွဲနေသည့် လူနာသည် လက်ခြေများ ပုံမှန်လိုဖြစ်လာတော့သည်။ ခြေကောက်လက်ကောက် မဖြစ်တော့. . .။

''ဟေ့. . . လက်တွေခြေတွေ ကောင်းသွားပြီဟ. . .''

''ဟုတ်တယ်. . . လက်ကိုမြှောက်မလို့ လုပ်နေပြီဟေ့. . .''

''အင်း. . . အင်း. . . အင်း. . . ရေ. . . ရေ. . .''

''ဟ. . . ရေတဲ့ဟ. . . တောကျော်ရ စကားပြောလာနိုင်ပြီကွ၊ လုပ်ပါအုံး ဆရာလေးရ. . .''

''ရေမတိုက်နဲ့အုံးဗျ. . . ရေတိုက်လို့ မသင့်သေးဘူး နေအုံးနေအုံး. . .''

ကိုတောကျော်က မြွေအမြုတေ မြွေအန်ကျောက်ကို မပျစ်မကျဲသွေးလိုက်ပြီး လူနာ၏ပါးစပ်ကို ဖြဲ၍ လျှာနာနှိုက်လိုက်သည်။ ပါးချောင်များကို ပွတ်လိုက်သည်။ တစ်ကိုယ်လုံးကို လူးသပ်ချသည်။ မကြာခင်မျက်စေ့အောက်မှ လူနာ လူးလွန့်လှုပ်ရှားလာသည်။ ပါးစပ်မှလည်း အစာဟောင်းများနှင့် အညစ်အကြေးများကို အန်ချသည်။ ပြီးနောက် မျက်စေ့ကို တဖြည်းဖြည်းခြင်း ဖွင့်ကြည့်သည်။

''ငါ. . . သ. . . မီး. . . မ. . . မ. . . သေတော့ဘူးကွ. . .''

''သမီး. . . သ. . . မီး. . . မြသီ. . .''

''မြသီ. . . သတိရပြီလား. . .''

''အင်း. . . အင်း. . .''

''အို. . . ဝမ်းသာလိုက်တာ တောကျော်၊ မင်းဆေးကျောက်က အရမ်းကိုစွမ်းပါလား တောကျော်ရာ ဟင်. . . ဟီး ဟီး. . . ငါ့သမီး. . . ပြန်ရှင်လာပြီဟေ့. . .''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြသီရဲ့ အမေနှင့်အဖေက ဝမ်းသာလွန်း၍ ထခုန်၏။ အိမ်နီးနားချင်းများကလည်း ဝမ်းသာအံ့သြလွန်း၍ အော်ပြီးချီးကျူးကြသည်။ ၁၅မိနစ်ခန့်ကြာတော့ အဆိပ်နှင့် အညစ်အကြေးသွေးရည်များ အကျရပ်သွားခဲ့ပြီး လူနာက အဖေ၊ အမေဟု စကားပြောလာနိုင်ခဲ့သည်။ မိဘနှစ်ပါး ဆွေမျိုးသားချင်းများပါ ကံကောင်း၍ သေကံလွဲခဲ့ရသည့် သူမကို ဖက်၍ငိုကြ၊ မေးကြ၊ ငေးပ်ကြ၊ ထူမကြ။

သည်မှာ မြွေဆရာကြီး ဦးသိုင်းနှင့် ပယောဂဆရာကြီး ဦးမှိုင်းတို့သည် ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ မျက်စေ့ပျက် မျက်နှာပျက်နှင့် အိမ်ပေါ်မှ မယောင်မလည် ဆင်းသွားကြတော့သည်။ သူတို့ကိုလည်း ပြန်တော့မလားဟု ဘယ်သူကမှ အရေးလုပ်၍ မေးမနေကြ။

လူနာသည် အံ့သြစရာကောင်းအောင် သတိရ၍ လူပ်ရှားလာနိုင်ခဲ့သည်။ လူနာကောင်းစွာ သတိရလာတော့မှ ကိုတောကျော်(အဖေ)က ဆေးကျောက်စိမ်ထားသည့် ရေကို အာစွတ်ရုံမျှ တိုက်လိုက်သည်။

ထိုအချိန်အခါမှစ၍ မြွေကိုက်ခံရသည့် ရောဂါကို ကုနိုင်သောဆေးသည် မြွေဟောက်ကြီး အန်ချခဲ့သည့် ကျောက်ခဲ (မြွေအန်ကျောက်) (မြွေအမြုတေ)ဖြစ်မှန်း သဘောပေါက်သွားခဲ့ကြ၏။

နောင်အခါ အရပ်ရပ်ဝန်းကျင်မှ မြွေကိုက်ခံရသောလူနာ၊ အဆိပ်ရှိသော ပိုးမွှားအကိုက်ခံရသည့် လူနာမှန်သမျှကို အဖေကိုတောကျော်သည် ဤမြွေအန်ကျောက်နှင့် ကုသ အသက်ကယ်ခဲ့သည်ချည်းဖြစ်၏။

မြွေဟောက်ကြီး အန်ချခဲ့သည့် ကျောက်ခဲလုံးလေးကို အစွဲပြု၍ သူ့အမည်ကိုလည်း 'မောင်ကျောက်ခဲ'ဟု အမည်ပေးခဲ့ကြောင်း အဖေနှင့်အမေက တစ်စွန်းတစ်စ ပြောပြခဲ့ဖူးသည်။ သူ့မှာ အဖေနှင့်အမေပေးခဲ့သည့် အမွေဆို၍ အိမ်ခြံတစ်ကွက်နှင့် 'မြွေအန်ကျောက်'တစ်လုံးပဲ အမှတ်တရ ကျန်ရစ်ခဲ့လေသည်။

အဖေနှင့်အမေမရှိတော့သည့် အချိန်မှစ၍ ကျောက်ခဲကလည်း တောဘက်ကောေ၊ ရွာဘက်ရွာလည်ကာ မြွေကိုက်ခံရသူများ အဆိပ်ရှိ





သော ပိုးမွှားထိသူများကို တွေ့တိုင်း ဤဆုံးဆန်းသော မြွေအန်ကျောက်ခေါ် မြွေအမြုတေကျောက်နှင့် စေတနာအလျောက် ကုသပေးခဲ့သည်ချည်းဖြစ်ခဲ့လေသည်။

ဒါကြောင့် ယခု အသက်(၁၅)နှစ်ကျော် ကာလသားကြီးဖြစ်လာသည့်တိုင် မြွေဆိုလျှင် ရေမြွေတောင်မသတ်။ ဒါပြင် မြွေအမြုတေကျောက်ခေါ် မြွေအန်ကျောက်ကိုလည်း ကိုယ်နှင့်မကွာ ဆောင်ထားလေ့ရှိသည်။ အဲဒီလို ဆောင်ထားလို့လားမသိ။ မြွေမျိုးစုံကို နေ့နေ့ညည သူကြုံတွေ့ရသည့်တိုင် မြွေများက သူ့ကို ရန်သတ္တုရလုံးဝမပြုကြ။ အချို့သော မြွေများသည် သူ့ကိုမြင်လျှင် တရှီရှီအော်မြည်ပြီး ပါးပျဉ်းထောင်၍ နှုတ်ဆက်ပြီး ခေါင်းညိတ် ခေါင်းညိတ်ပင် လုပ်ပြကြကာ အဝေးသို့ ရှောင်သွားကြ၏။ သူကလည်း မြွေမြင်တိုင်း မေတ္တာပို့၍ ဘေးကင်းရန် ဆုတောင်းပေးလေ့ရှိရာ မြွေနှင့်သူသည် မေတ္တာဓာတ်များ လွှမ်းခြုံ မိတ်ဖက်ကျနေကြတော့သည်။

အမေနှင့် အဖေတို့ မကွယ်လွန်ခင်က ပြောခဲ့တာရှိသည်။

"လူကလေးက ငယ်စဉ်ကတည်းက မြွေပါးပျဉ်းမိုးပြီး စောင့်ရှောက်ခံရတဲ့ ကလေးကွယ့် လူကလေးရဲ့" ဟုဆိုခဲ့၏။

ဒီလိုနှင့် တစ်နေ့သောအခါ အထီးကျန် သူ့ဘဝထဲသို့ သေတပန်သက်ထက်ဆုံး ပေါင်းသင်းပြီး ဘဝကို တူယှဉ်မခွဲ တိုက်ပွဲဝင် ရန်းကန်ခဲ့ကြသော မိတ်ဆွေကောင်းနှစ်ဦးကို သူ ထူးဆန်းသော ဘဝပါရမီနှင့် ကြုံတွေ့ရရှိခဲ့လေသည်။

အဖြစ်က သည်လို. . .။

တစ်နေ့သောအခါ သူ ရာမဏီ အင်းနံဘေးရှိ တောထဲသို့ ငှက်ပစ်သမား ဦးဗလကြီးနှင့် တောပြည်လိုက်လာခဲ့သည်။ တောလည်လိုက်ရခြင်းကလည်း အကုသိုလ်အလုပ်များကို လုပ်ချင်လွန်း၍မဟုတ်။ တောတွင်း အတွေ့အကြုံနှင့် တော၏သဘာဝကို မြင်တွေ့သိရှိလို၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာလဲ သူ မုဆိုးကြီးဦးစဥ်နှင့် မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရ၏။ အဲဒီနေ့က မုဆိုးကြီးဦးစဥ်သည် မျောက်သေကြီးတစ်ကောင်ကို သွေးစက်လက်ကျနှင့် ပခုံးမှာတွဲလွဲထမ်း၍ ပြန်လာသည်။ ဒါ့အပြင် သူ့လက်ထဲမှာ မျောက်ပေါက်စလေးတစ်ကောင် ကွိကွိကွကွအော်ရင်း ပါလာသည်ကို မြင်လိုက်ရသည်။

"ဟား . . ကိုစဥ် . . ဒီနေ့ မျောက်ရလာတာလားဗျ . ."

ကိုဗလကြီးက သွေးသံရဲရဲ ပေကျံနေသည်။ မျောက်သေထမ်းလာသူ မုဆိုးဦးစဥ်ကို တွေ့ရသောအခါ လှမ်းနှုတ်ဆက်လိုက်သည်။ ဦးစဥ်သည် ငှက်ပစ်သမား ကိုဗလကြီးနှင့် ကျောက်ခဲတို့ကို တွေ့သောအခါ ပခုံးပေါ်မှ မျောက်သေကြီးကို ပစ်ချလိုက်ပြီး သစ်ပင်ကြီးတစ်ပင်အောက်မှာ သက်ပြင်းမှုတ်၍ နားရန် ထိုင်လိုက်သည်။

"အေးလေကွာ ရှီး . . မောလိုက်သမှ ဝီကိုခေါ်လို့လကွာ . . မှို ဒါနဲ့ ရေများမပါဘူးလားကွာ . ."

"ပါတယ်ဗျ . . ရော့ . . ရော့"

ကိုဗကြီးက ဗူးခါးခြောက်ရေဗူးကို လှမ်းကမ်းလိုက်သဖြင့် မုဆိုးဦးစဥ်က ရေကို အငမ်းမရသောက်လိုက်သည်။ ကျောက်ခဲကား မုဆိုးဦးစဥ်လက်ထဲမှ မျောက်ပေါက်စ နီတာရဲလေးကို ကြည့်ပြီး သဘောကျနေမိ၏။

"ဦးလေးကိုစဥ် ဒီမျောက်လေးက ဘယ်လိုရလာတာလဲဗျ"

"ဒီလိုကွ ကျောက်ခဲရ၊ ဖြစ်ပုံနယ် မပြောချင်ပါဘူးကွာ၊ ဒီကောင်လည်း ကံဆိုးရှာပါတယ်၊ ငါလည်း ညောင်ပင်ပေါ် ကျောပေးထိုင်ပြီး ညောင်သီးစားနေတဲ့ မျောက်ကြီးတွေ့တာနဲ့ ဒူးလေးနဲ့ပစ်လိုက်တာ ပြုတ်ကျလာတော့ နို့တိုက်နေတဲ့မျောက်မကြီး ဖြစ်နေပါလေရော၊ ပစ်ပြီး သေပြီးမှတော့ ငါလည်း မတတ်နိုင်ဘူးလကွာ . .၊ ဒါနဲ့ မျောက်မ အသေ ကြီးရော သူ့ကလေး မျောက်ပေါက်စနလေးရော ရလာခဲ့တာပဲ"

"ဦးလေး ကိုစဥ်"

စိတ်ကူးသစ်စာပေ



"ဘာတုန်းဟ မောင်ကျော်ရဲ . ."

"ကျုပ်ကို အဲဒီမျောက်ပေါက်စလေး ပေးပါလားဗျာ . ."

"ဟေ မင်းကို ငါက ဒီမျောက်ပေါက်စလေးပေးတော့ မင်းက ငါ့ကို ဘာပြန်ပေးမှာတုန်းဟ မောင်ကျောက်ခဲရဲ . ."

"ကျုပ် ကျောင်းမှာ ကြက်တွေမွေးထားတာ ရှိတယ်ဗျ၊ ကြက်ဖနဲ့ ကြက်မနှစ်ကောင် ပြန်ပေးမယ်ဗျာ ဘယ်နှယ့် . ."

"လုပ်လိုက်လေ မောင်ရာ . .၊ ငါက ဒီမျောက်ပေါက်စလေး ဘာလုပ်ရမှာတုန်း၊ လိုချင်သူရှိရင် ရောင်းရုံပဲဥစ္စာ၊ မင်းက ကြက်နှစ်ကောင်နဲ့ လဲမယ်ဆိုရင် ကြာသလားလို့ မောင်ရာ . .၊ အခု တစ်ခါတည်း ယူသွားမလား . ."

"ယူမှာပေါ့ဗျ . ."

"ရော့ဗျာ . . . ရော့ . . ရော့ . . ငါမလည်း ဝန်ပေါ့သွားသပေါ့ မောင်ရာ. . .၊ မင်း ကြက်နှစ်ကောင်တော့ မမေ့ပါနဲ့နော် ကျောက်ခဲ . ."

"စိတ်ချပါဗျာ ညကျရင် ကျုပ်ဖမ်းပြီး လာပို့ပါ့မယ် . . . ."

ဒီလိုနှင့် မျက်စေ့သူငယ် နားသူငယ်ဖြစ်ပြီး မိခင်မျောက်သေ ကို ကုတ်တွယ်ဖက်ထားသည့် မျောက်ကလေးကို လှမ်းခေါ်ဆွဲယူလိုက်သည်။ မျောက်ကလေးသည် မိခင်အသက်ရှိသည်မှတ်၍ ဖက်တွယ်ထားသောကြောင့် မနည်းကို ဆွဲခွာယူရသည်။

တစာစာ အော်ဟစ်ငိုယိုနေ၍ ဦးစဥ်က မျောက်သေမကြီးကို ကပျာကယာ ထမ်းပြီး အမြန်ပြန်သွားခဲ့ရသည်။ သူဝမ်းသာအားရနှင့် မျောက်ကလေးကို ပွေ့ပိုက်ထားပြီး ရေတိုက်လိုက်သည်။ ပြီးနောက် လွယ်အိတ်ထဲမှ ငှက်ပျောသီးတစ်လုံးကို အခွံနွှာပြီး ဖဲ့၍ မျောက်ကလေးပါးစပ်ထဲသို့ ကျွေးလိုက်သောအခါ မျောက်ကလေးက ဆာလွန်းလို့ထင့် အားရပါးရစားရှာသည်။

မျောက်ကလေး အငမ်းမရစားနေသည်ကို ကြည့်ပြီး သူရော ကိုဗလကြီးပါ သဘောတွေ ကျနေကြတော့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အမိမဲ့ အဖမဲ့ ကျောက်ခဲနှင့် ဖမဲ့မိမဲ့ မျောက်ကလေးတို့ ပေါင်းမိကြလေပြီ။ များမကြာခင် သူ့ဘဝထဲသို့ ထူးဆန်းသော ဖြစ်ရပ်များ နှင့်အတူ အံ့ဖွယ်သတ္တဝါတစ်ကောင်လည်း ထပ်မံ၍ ရောက်ရှိလာခဲ့ပြန်လေ သည်။

♛ ♛ ♛

## သိုင်းဆရာကြီး ဦးကျော်ဇေယျနှင့် မဆည်းဆာ

``ဟယ်....အကိုကျောက်ခဲ၊ မျောက်ကလေးပါလာတယ်တော့ အမေရေ....ဟောဒီမှာ....မျောက်ပေါက်စလေး....။ ချစ်စရာကလေး....''

``ဘာလဲဟေ့....ကျောက်ခဲ၊ ဆရာကြီးရဲ့ သင်တန်းမှာ နောက်ထ အသစ်တစ်ယောက်တိုးမလို့လားကွ.... ဟေ....''

စိန်ကြီးက ရှမ်းဘောင်းဘီကို ပြင်ဝတ်ရင်းမှ လှမ်းနောက် လိုက်သည်။ကျောက်ခဲက ပခုံးပေါ်မှ မျောက်ကလေးကို ရင်ခွင်ထဲမှ ယုယစွာပိုက်ထားလိုက်သည်။ ဆရာကြီးသမီး မဆည်းဆာက အနားသို့ တိုးကပ်လာပြီး မျောက်ကလေးဦးခေါင်းပေါ်မှ ဦးခေါင်းမွေး နီနီရဲရဲလေးများကို လက်ညှိုးနှင့် ပွတ်သပ်ပေးလိုက်ရာ မျောက်ကလေးကငြိမ်ခံနေရာမှသည်





မဆည်းဆာရဲ့ လက်ကို လျှာနှင့်မော့၍လျက်လိုက်သည်။

``အမလေး.... လျှာနဲ့လျက်တယ်တော့....''

``မကြောက်ပါနဲ့ဟ.. ဆည်းဆာရ၊ ဒီကောင်က ယဉ်နေပါပြီဟ..''

``ချစ်စရာလေးဟယ်... အကို ဘယ်လိုရလာတာလဲဟင်....''

သို့နှင့် ကျောက်ခဲက မျောက်ကလေးရလာပုံအကြောင်းကို ပြော ပြလိုက်သည်။ သူငယ်ချင်း သိုင်းကစားဘက်များကလည်း ချစ်စရာကောင်း သည့် မျောက်ကလေးအနီးသို့ ရောက်လာကြ၏။ ဒါနှင့်အတူ သိုင်းဆရာ ကြီး ဦးကျော်ဇေယျလည်း ရှမ်းဘောင်းဘီရှည် အကျႌဗလာကိုယ်နှင့် အနီးသို့ရောက်လာ ကြည့်ရှုသည်။

စိန်ကြီး၊ အောင်လင်း၊ ဖိုးကျား၊ ကုလားကြီးနှင့်မျှဂ္ဂတို့က.... ချစ်စရာကောင်းလှသည့် မျောက်ကလေးကို ဝိုင်း၍ တို့ထိစကြရာ မျောက် ကလေး လန့်ပြီး ကျောက်ခဲရဲ့လည်ပင်းကို တအားဖက်ပြီး . . ခေါင်းကို ကျောနောက်မှာ ဖွက်ထားတော့၏။

``အကို....သူ့နာမည်ဘယ်လိုခေါ်လဲ ဟင်....''

``မိုးစည်တဲ့ ဆည်းဆာ....''

``ဖိုးစည်....အလဲ့....လှလိုက်တဲ့နာမည်လေးဟယ်....ဖိုးစည်ရေ ဖိုးစည်....ပြွတ်..ပြွတ်...ကျွတ်...ကျွတ်....ဖိုးစည်ရေ....''

ဖိုးစည်ဟု ခေါ်လိုက်သောအခါ မျောက်ကလေးသည် ဆည်းဆာ ဘက်သို့လှည့်၍ကြည့်ပြီး မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်ပြရာ.... အားလုံးက သဘောကျပြီးရယ်လိုက်ကြသည်။

``ဖိုးစည်လို့ မခေါ်နဲ့ဟ....သူ့နာမည်အရင်းရှိသေးတယ်..သိလား''

``ဟင်..ဟုတ်လား..။ ဘယ်လိုခေါ်တုန်း ကိုကုလားကြီးရဲ့....ပြော ပါအုံး....''

``မှတ်ထား....သားကျောက်ခဲ....တဲ့....ဟား..ဟား..ဟား''

``ဟာ..ကိုကုလားကြီးကလည်း..မဟုတ်က ဟုတ်က သွား....''

``နင်မယုံဘူး..ဒီမှာကြည့်....သားကျောက်ခဲရေ.. သားကျောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



လေး''

''ကွိ....ကွိ....''

''ဝါး..ဟား..ဟား..ဟား.. ဟုတ်တယ်ကွ၊ ကြည့်စမ်း သူ့နာမည် အရင်းကိုခေါ်မှ ဒီကောင်က ထူးတယ်ဟေ့....၊မျောက်လည်လေးကွ ဟား ဟား . . ဟား . .''

''ဖအေကျောက်ခဲ.... သားကျောက်ခဲပေါ့....''

''ဟား . . ဟား . . ဟား . . သိပ်ဟုတ်. . . သိပ်ဟုတ်..''

သူတို့အားလုံး မျောက်ဖိုးစည်နှင့် ကျောက်ခဲကိုပဲ ဝိုင်းနောက် ပြောင်နေကြတော့သည်။

''ကိုင်းဟေ့. . . သင်တန်းစကြစို့. . . နေရင့်လာမယ်. . .''

သိုင်းဆရာကြီး ဦးကျော်ဇေယျရဲ့အသံကြောင့် သူတို့အားလုံး ရှမ်းဘောင်းဘီကိုယ်စီနှင့် သစ်ဖင်ရိပ်လေ့ကျင့်ကွင်းမှာ အသင့်နေရာယူလိုက်ကြသည်။ ကျောက်ခဲက မျောက်ကလေးဖိုးစည်ကို သစ်တုံးတစ်တုံးပေါ်မှာ စားစရာငှက်ပျောသီးတစ်လုံးနှင့် နေရာချပေးလိုက်ရာ ဖိုးစည်က ငှက်ပျောသီးကို အခွံနွှာစားရင်း သူတို့လှုပ်ရှားမှုများကို လိုက်ကြည့်မှတ်သားနေလိုက်၏။

သူတို့လူငယ်အားလုံးသည် သိုင်းဆရာကြီး ဦးကျော်ဇေယျရဲ့ လက်ရင်းတပည့်များဖြစ်ကြသည်။ ဆရာကြီးက ယောက်ျားမှန်ရင် ထိုးကွင်းရှိရမည်။ ဒါ့အပြင် အနည်းဆုံး မြန်မာ့ရိုးရာသိုင်း ဗန်တို၊ ဗန်ရှည်၊ ဓားသိုင်း၊ တုတ်သိုင်း၊ လှံသိုင်းတော့ အခြေခံနားလည်တတ်ကျွမ်းထားရမည်ဟု ဆိုခဲ့သည်။

ဆိုရလျှင် ဆရာကြီးသည် မျိုးချစ်စိတ်ကြီးသူဖြစ်၏။ မြန်မာပိုင်မြေပေါ်မှာ အင်္ဂလိပ်ကိုလိုနီအစိုးရ ၁၂၄၇ ခုနှစ်မတိုင်ခင်ကစပြီး ဝင်ရောက်ကျူးကျော်အုပ်စိုးနေသည့် အချိန်မှစ၍ ကျေနပ်မှုလုံးဝမရှိခဲ့။

ငါတို့ပိုင်မြေကို သင်းတို့မတရား စစ်သုံးကြိမ်တိုက်ပြီး အဓမ္မလုယူ အုပ်စိုး ဂုတ်သွေးစုပ် အမြတ်ထုတ်နေကြတာဟု မကြာခဏ ဆိုခဲ့၏။





မြန်မာ့ရေမြေနှင့် အချုပ်အခြာအာဏာကို တစ်နေ့မြန်မာများပိုင်စိုး အုပ်ချုပ်ခွင့်ရကို ရမည်ဟု ယုံကြည်သူဖြစ်သည်။

ဆရာကြီးတို့အမျိုးကလည်း မြန်မာရှင်ဘုရင် သီပေါမင်းလက်ထက်ကတည်းက မင်းလုလ်တပ်တိုက်ပွဲဝင် သူရဲကောင်းမျိုးရိုးဖြစ်၏။ ဆရာကြီးရဲ့ အဘိုးနှင့်ဖခင်သည် မြန်မာသိုင်းပညာရှင်ကြီးများဖြစ်ခဲ့၏။ အင်္ဂလိပ်နယ်ချဲ့ကို ပါတော်မူပြီးနောက်ပိုင်း သေသည့်တိုင် ဓားလှံကိုင်စွဲပြီး တော်လှန်တိုက်ခိုက် ခဲ့သူများဖြစ်ကြသည်။

ခေတ်ကာလမကောင်း၍ အခြေအနေအရ သူ့ကျွန်ဘဝရောက်နေသော်လည်း ရင်ထဲကဇာတိသွေးဇာတိမာန်နှင့် မျိုးချစ်စိတ်က ပုံးဖိချိုးနှိမ်၍မရ။ အထက်မြန်မာပြည်မှ အောက်မြန်မာပြည်သို့ ပြောင်းလာဇာတ်မြုပ်ပြီး သူတတ်ကျွမ်းသည့် မြန်မာ့ရိုးရာ ကိုယ်ခံအတတ်ပညာများကို သင်ကြားဖြန့်ဖြူးနေခြင်းပဲ ဖြစ်သည်။

ဆရာကြီးဦးကျော်ဇေယျသည် ဓားရေးအလွန်ကောင်း၏။ လှံရှည်ကစားရာမှာလည်း လှံပျောက်အောင်ကစားနိုင်သူဖြစ်၏ ။ အထူးသဖြင့် ဓားနှစ်လက်သိုင်းမှာ ပျံနေအောင် တိုက်ကွက်ကောင်းလှသည်။ ခန်းဝင်၊ ခန်းထွက်ခေါ် တံခါးအပြင်ဘက်မှ ခြောင်းညှပ်၍ အလစ်တိုက်ခိုက်သည့် ခုခံရေးတိုက်ကွက်များဆိုလျှင် လွှားခနဲ ခုန်၍တစ်မျိုး၊ ရှေ့ထွမ်းထိုး၍တစ်ဖုံ ထွက်နိုင်သည်။ ခြစ်ရာ၊ ပွန်းရာ စိုးစဉ်းမျှမရှိစေရ၊ အဲဒီလောက်ကို တော်သူဖြစ်သည်။ သည့်နောက် သူတို့ဓားရေး (၃၇)ရေးအနက်မှ ပန်းကုံးဖြတ်ဓားရေးနှင့် အင်တွဲခတ်ဓားပြ၊ ဒေါင်းကြီးက ဓားရေး သုံးရေးကို တက်ပေးခဲ့သည်။ ဓားရေးတက်ပေးရင်းမှလည်း ဓားရေးလင်္ကာများကို နှုတ်တိုက်ရွတ်ဆို ပြလိုက်သေးသည်။

''....တို့မြန်မာ့သိုင်းပညာမှာ ဓားရေး (၃၇)ချင်း၊ လှံရေး(၃၇)ချင်း၊ မြင်းစီးမြင်းရေး (၃၇)ချင်း ရှိတယ်ကွဲ့၊ မုံရွေးဆရာတော်က ဘယ်သို့ ဓားရေးများကို ရေးပွဲ့မှတ်တမ်းတင်ခဲ့သလဲ ဆိုတော့၊ ဓားစွဲဓားရင်း၊ ဓားခင်းပြီးမြောက်၊ ရွှေမျောက်တိုကပ်၊ ပါးအကပ်တွင်၊ မျောက်ကပ်တစ်ဘက်ထိုး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘက်ထိုးရှေ့လှည့်၊ နောက်လှည့်တစ်ဘက်နုတ်၊ နှစ်ဘက်နုတ်က၊ စွန်သုတ်ပန်းကုံးပြတ်၊ လက်ကောက်ဝတ်နှင့်၊ အင်တွဲခတ်တားပြ၊ ဒေါင်းမြီးကတည်၊ ပိုးတိုင်ပြမားလျှိုး၊ ရွှေပိုးချည်လှသား၊ လွင့်သည့်ဓားနှင့်၊ ကျား မြီးဆွဲခါးဝှက်၊ ရှေ့ဘက်လည်ရောက်၊ ရေသောက်သက်တင်၊ ဇင်ယော် သုတ်ချက်၊ ဆက်ရက်ခုန်ဟန်၊ သည်းလှန်ရင်ခွဲ၊ ယာခဲအလှ၊ ဓားလှမျက်နှာ ကာ၊ ကြာခံမား ခုတ်…၊ ရှေ့ခုတ်လှည့်ရောက်၊ လှည့်နောက်ဓားသွဲ့၊ ဤသို့ ဆွဲသည့် သုံးဆယ့် ခုနှစ်ကန့်–ဓားရေးပုန်ရဲ့၊ အားသွန်ပြီးမီးကြစေကုန်… လို့ ရေးသားခဲ့တယ်၊ ဒါကြောင့် ဓားရေး၊ လှံရေး အဲ မောင်းရေးများကို ရနိုင်သည့်အခြေအနေမှာ ရအောင်ယူထားကြ တပည့်တို့…၊ အထူးပြော ချင်တာက၊ ဒီမြန်မာ့မျိုးရာ သိုင်းပညာများသည် အနိုင်အထက်ပြုဖို့ချည်း သက်သက်အတွက်၊ မင်းတို့ကို ဆရာသင်ပေးနေတာ မဟုတ်ဘူး၊ အမျိုး ဘာသာ–သာသနာကို စော်ကားသူများအား ခုခံ တိုက်ခိုက်ဖို့ သင်ပေးနေတာ၊ ကိုယ်ရေးကြုံခဲ့ရင်တောင် မျက်ရည့်ပေါက်ကြီးငယ် သုံးကြိမ်မကျမချင်း ဘယ်လိုလူမျိုးကိုမှ ဒီပညာနှင့် အနိုင်မယူ သင့်ဘူး၊ အထူးသဖြင့် ကံငါးပါး ကို လုံခြုံအောင် ထိန်းသိမ်းရမယ်…၊ ပါတော်မူပြီးနောက်ပိုင်း နယ်ချဲ့ ဆန့်ကျင်ရေးသမိုင်းမှာ တော်လှန်ရေး သမားတွေဟာ… နယ်ချဲ့အစိုးရတပ် ကို ဒီဓားလှံနဲ့ ခုခံတော်လှန်တာပဲ၊ အဲ့တုခဲ့တာပဲ၊ ဒါအမျိုးသားရေးဖာတိမာန် ပဲ၊ တပည့်တို့ကြိုးစားသင်ယူကြ၊ ဖြန့်ဖြူးကြ၊ ကာကွယ်စောင့်ရှောက်ကြ၊ အမျိုးသားရေးအတွက် အစဉ်သတိ ရှိကြ၊ ကိုင်း ပန်းကုံးလည်ပြတ်ဓားရေး အပါအဝင် ဓားရေးများ လေ့ကျင့် ကြမို့ရဲ့''

သည့်နောက် ဆရာကြီးဦးကျော်ဇေယျာက ပန်းကုံးလည်ပြတ်ဓား ရေးကို ပြသည်။ စလွယ်ဓားရေးကိုပြသည်။ တဘက်လည်ရောက် ဓားရေး ကိုပြသည်။ ပြီးနောက် ငှက်ပျောတုံးပေါ်မှာ ရေအိုးတင်၍ ကိုယ်တိုင်ဓား ခုတ်ချက်ကို ပြသည်။

ရေအပြည့်တင်ထားသည့် အိုးသည် လူတစ်ရပ်ခန့်ရှိသော ငှက်





ပျောပင် ငုတ်တိုပေါ်မှာ တင်နေသည်။ ဆရာကြီးက စွန်သုတ်ဓားချက်နှင့် လှစ်ခနဲ ခုတ်ချလိုက်သည်။ ဗိုးခနဲ အသံကြားလိုက်ရပြီး လှစ်ခနဲ ဓားလက် သွားသည်ကို အားလုံးမြင်လိုက်ရသည်။ ရေအိုးတင်ထားသည့် ငှက်ပျော ပင်က ဒီအတိုင်းပဲ ကျန်ရှိနေသည်။

အားလုံး ကြောင်ကြည့်နေစဉ် ဆရာကြီးက…

''သမီး လက်နဲ့တွန်းကြည့်လိုက်စမ်း…''

''ဝုန်း…''

''ခွမ်း…''

''ဟာ… ကောင်းလိုက်သည့် ဓားချက်ကွာ…''

''အံ့ရော… ဆရာကြီးခင်ဗျာ…''

''ဖြောင်း… ဖြောင်း… ပြောင်း… ပြောင်း…''

မသည်းဆာက ရေအိုးဖင် အဖျားပိုင်းကို လက်နှင့်တွန်းလိုက်ရာ ရေအိုးရော ငှက်ပျောပင်အပေါ်ပိုင်းပါ မြေကြီးပေါ်သို့ ဝုန်းခနဲ ကျကွဲသွားခဲ့ သည်ကို အားလုံး မျက်ဝါးထင်ထင် မြင်လိုက်ရပြီး အားရဝမ်းသာ လက်ခုပ် များတီး၍ သြဘာပေးလိုက်ကြသည်။

ဆရာကြီးက ရှေ့မှဓားချက် နမူနာပြပြီးနောက် ကျောက်ခဲတို့ အုပ်စုက ဓားရေးအသစ် ခုတ်ချက်များကို တစ်လှည့်စီ လေ့ကျင့်ကြသည်။

ပြီးနောက် ဓားရေးအစမှသည် ဒီနေ့ရောက်နေသည့် ဒေါင်းမြီး က ဓားရေးများအထိ ချွေးဒီးဒီးကျအောင် ပြန်လည် လေ့ကျင့်ကြရသည်။ ဒီလို လေ့ကျင့်နေချိန်မှာ မျောက်ကလေးဖိုးစည်က မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေသည်။ သည့်နောက် သူကလည်း သိုင်းကစားသည့်အလား ခြေမြှောက်လက်မြှောက် လုပ်လာတော့သည်။

သူတို့ လေ့ကျင့်နေကြသည့် ဓားရေးဓားချက် ဓားကွက်များကို ဆရာကြီးဦးကျော်ဇေယျက သစ်ပင်တုံးပြတ် တစ်ခုပေါ်မှထိုင်၍ ကြည့်ရှု စစ်ဆေးနေသည်။ မလုံသော ဓားကွက်များကို နှုတ်မှပြော၍ ဝေဖန်ပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့ ချွေးဒိးဒိးကျနေကြသည်။

သို့သော်. . . အာလုံးရဲ့ရင်ထဲမှာ မြန်မာ့ကိုယ်ခံပညာရပ် နလုံးသားဖြင့် နိုးကြားတက်ကြွနေကြသည်။ နေမွန်းတည့်ခါနီးကျတော့ လေ့ကျင့်ပွဲကို စခန်းသိမ်းလိုက်ကြသည်။

အားလုံးရဲ့ ဘောင်းဘီများ ချွေးရွှဲရွှဲစိုနေသည့် ကိုယ်ခန္ဓာပေါ်မှာလည်း ချွေးကြောင်းများ စီးကျလို့။ သူတို့ နီးရာသစ်ပင်ကို မှီပြီး ပြင်ပလေကို အားရပါးရ ရှူရှိုက်ကာ စီးကျလာသည့်ချွေးများကို သုတ်လိုက်ကြသည်။

ဒီမှာ မဆည်းဆာက ဖခင်လုပ်သူအား ရေနွေးကြမ်းတစ်ခွက် သွားပေးလိုက်သလို၊ ရေအေးအေးတစ်ခွက်ကိုလည်း ကျောက်ခဲထံ ကမ်းပေးခဲ့သည်။

''သိပ်မောသွားပြီလား အကို...''

''အဟင်း... သိပ်မမောပါဘူး ညီမရယ်...''

''ဘာလို့...''

''အဟင်း... ဟဲ... ဟဲ... ဟဲ... အဲ... အဲ...''

''ဘာ အဟင်းလဲ... ဟွန်း... ပြောလေ...''

''ညီမရော ခုလို အကိုတို့ ယောက်ျားလေးတွေနဲ့ တန်းတူလေ့ကျင့်ရတာ မမောဘူးလား... ကဲ...''

''မမောပေါင်...''

''ဘာကြောင့်...''

''အဟီး...''

''ဘာ အဟီးလဲ... ပြော... အဟီးက... ဘာလဲ''

ကျောက်ခဲက သူ့ကို သူမ မေးသည့်အတိုင်း ပြန်မေးလိုက်သည်။ သူမက ရှက်စနိုးဟန်နှင့် မျောက်ကလေး ဖိုးစည်ဦးခေါင်းကိုပွတ်သပ်ရာမှ-

''ပြောလေ...''

''ဟို... ဟို... လေ... ဟို...''

''လုပ်ပြန်ပြီ... အဟီး... ကနေ... ဟို... တဲ့၊ ဘာဟိုလဲ...''





''အကိုနဲ့သာ အခုလို အတူလေ့ကျင့်နေရရင် ဆည်းဆာ မောလို့မောမှန်း မသိပါဘူး အကိုရယ်...''

''ဟင်...''

သူမက သို့ကလိုပြောရင်း သောက်ရေခွက်ကိုယူ၍ အပြေးလေး ထွက်သွားလိုက်တော့သည်။ မျောက်ကလေးဖိုးစည်က အပြေးထွက်သွားသည့် မဆည်းဆာကို ကွီ... ကွီနှင့် လှမ်းခေါ်လိုက်သဖြင့် ဆည်းဆာ ပြေးနေရာမှ နောက်ပြန်လှည့်ကြည့်လိုက်ကာ ပြုံးစစဟန်နှင့် လက်ပြလိုက်သည်။ သူ့ကိုပဲလား...၊ ဖိုးစည်ကိုပဲလား...၊ မပြောတတ်။

သို့သော် အလည်အနပ်ပြစ်နေသော ဖိုးစည်က သူ့ညာလက်ကို မြှောက်၍ ပြလိုက်သောအခါ ကုလားကြီးတို့ ဗျူဂ္ဂတို့အုပ်စုက 'ဒီကောင်မလေး ဖိုးစည်နောက်ပါအုံးမှာ ကျိန်းသေတယ်ဟု ဝိုင်းပြောစနောက် ရယ်ပွဲဖွဲ့လိုက်ကြလေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်ပျက်ကြီး ဦးချစ်ဖူးနှင့် မျောက်မင်းသားဖိုးစည်

ရက်ပေါင်း လပေါင်း ရင့်ညောင်းလာသောအခါ၊ အစားကောင်း ကောင်းစားရ၍ အရွယ်ရောက်လာသော သူ့အချစ်တော် မျောက်ကလေး ဖိုးစည်သည် သူကဲ့သို့ပင် ထားသိုင်းလက်သိုင်း ကစားတတ်လာခဲ့၏။ တိရစ္ဆာန် ဖြစ်သည်နှင့်အမျှ အခုန်အပျံ၊ အရှောင်အတိမ်းမှာ လူထက်တောင် သာ နေသေး၏။ သူ့ကို ခဲနှင့်ပေါက်၊ တုတ်နှင့်ပေါက်လျှင် ကျွမ်းကျင်စွာ ရှောင် နိုင်၏။ ဖမ်းနိုင်၏။

ကျောက်ခဲကလည်း သူတစ်ဦးတည်း လေ့ကျင့်ရင်းမှ သူ့မိတ်ဆွေ ညီဘွားလေး ဖိုးစည်ကို အချိန်ရတိုင်း ထားသိုင်းကကွက်လေးများမှာ စ၍ သင်ကြားပေးခဲ့သည်။

အထူးသဖြင့် အသိဉာဏ် မြင့်မားလှသည့်ဖိုးစည်သည် သူ့သဘာဝ နှင့် နှယ်၍ မြင်လွယ်တတ်လွယ်လွန်းလှ၏။ ရက်ပေါင်းများစွာ လေ့ကျင့်ပြီး သောအခါ ဖိုးစည်သည် သူ့အတွက် သီးသန့်အလှလုပ်ပေးထားသည့် သစ်သားဓားနှစ်လက်နှင့် ဓားရေးပြတတ်လာသည်။ ဒါကိုကြည့်၍ ဘုန်း ကြီးကျောင်းသားကြီးငယ်များ၊ အရပ်ထဲမှ လူများက အံ့သြခဲ့ကြရသည်။

ဒါ့အပြင် ဖိုးစည်သည် နောက်ထပ် ပညာရပ်တစ်ခုလည်း ထပ်၍ တတ်လာခဲ့၏။ ဖိုးစည် ဉာဏ်ရည်ထက်မြက်မှန်းသိသောအခါ ဘုန်းကြီး ကျောင်းမှ ကပ္ပိယလုပ်နေသည့် ဇာတ်ပျက်မင်းသားကြီး ဦးချစ်ဖူးက အလ ကားနေ အလကားဆိုကာ ဖိုးစည်ကို 'အက'တွေ သင်ပေးခဲ့ပြန်သည်။

အခုလည်းကြည့်၊ ဖိုးစည်ရဲ့ကိုယ်ပေါ်မှာ မင်းသားဝတ်အင်္ကျီနှင့် ခါးအောက်ပိုင်းမှာလည်း တစ်တောင်ခန့်ရှည်သည့် တောင်ရှည်ပုဆိုးသေး သေးလေးနှင့်၊ ခေါင်းပေါင်းနှင့်၊ မျောက်နှင့်မတူ၊ လူမင်းသား သဏ္ဍာန်ပို ဖြစ်နေသည်။

ဖိုးစည်ရဲ့ဘဝမှာ အချစ်ဆုံး သခင်ကား ဇာတ်ပျက်မင်းသားကြီး ဦးချစ်ဖူးနှင့် ကျောက်ခဲပဲဖြစ်သည်။ သူတို့နှစ်ဦးကို ဖိုးစည်က ဖခင်လို၊





အကိုလိုချစ်သည်။ သံယောဇဉ်ဖြစ်သည်။ ဘယ်သွားသွား မခွဲဘဲလိုက် သည်။ စားအတူ အိပ်အတူရှိသည်။ အကင်းပါးပြီး သင်လွယ်တတ်လွယ် ၍ ဦးချစ်ဖူးနှင့် ကျောက်ခဲကလည်း သူ့ကိုချစ်ကြသည်။

ဖိုးစည်က ဇာတ်ပျက်မင်းသားကြီး ကပ္ပိယဦးချစ်ဖူးကိုလည်း ချစ် သည်။ ဦးချစ်ဖူးကား တစ်ချိန်က ဇာတ်မင်းသားကြီးတစ်ဦးဖြစ်၏။ မြို့စဉ် နယ်စဉ်လှည့်ကပြီး ငှက်ဖျားရောဂါစွဲကပ်ခဲ့၍ ဇာတ်လောကမှ အနားယူပြီး အသက်ကြီးပြီဖြစ်သောကြောင့် ဘုရားကုန်းအရပ်ထဲမှာပဲ နေတော့သည်။ အပြောအဟောရ၍ ဓမ္မပါလ ဘုန်းကြီးကျောင်းမှာ ကပ္ပိယဘဝနှင့် ကျောင်း ဝေယျာဝစ္စများကို ဝိုင်းကူလုပ်ပေးနေ၏။

ယခုအခါ ဘုန်းတော်ကြီး ဦးစန္ဒိမာ ဖော်စပ်ပေးသည့် တိုင်းရင်း ဆေးဝါးဖြင့် သူ့ငှက်ဖျားရောဂါသည် ပျောက်ကင်းသလောက်ရှိနေ၏။ သူ သည် ကျောက်ခဲမအားလပ်သည့်အခါ ဖိုးစည်ရဲ့ စားရေးသောက်ရေး ကိစ္စ အဝဝကို လုပ်ပေးရ၏။ သို့နှင့် မျောက်ကလေးဖိုးစည်ရဲ့ ဉာဏ်ရည်ထက် မြက်မှုကို မြင်ပြီး သူ့ အကပညာအချို့ကို သင်ပေးခဲ့လိုက်သည်။

လူမင်းသားတစ်ယောက်ကဲ့သို့ ခြေချိုးလက်ချိုး မရသော်လည်း အရပ်ပျက် မင်းသားလောက်တော့ ဖိုးစည်က ခြေချိုး၊ လက်ချိုး၊ မေးထိုး၊ ခြေထိုးမှသည် တောင်ရှည်အနားခတ်အထိ ရနေပြီ။ ဖိုးစည် ကသည့် မြင် ကွင်းကို မြင်ဖူးကြသည့် ကလေးလူကြီး ကိုရင်ကြီးငယ်များကပင် ဖိုးစည်ကို 'မျောက်မင်းသား ဖိုးစည်'ဟု အမည်ပေးလာခဲ့ကြရပြီ။ ခုတော့ သာမန် ဖိုးစည်မှ မျောက်မင်းသား ဖိုးစည်ဖြစ်ကာ ရွာပွဲလမ်းသဘင်အချို့နှင့် ဘုရား လှည့်မှာ အိုးစည် ဒိုးပတ်ဝိုင်းနှင့် လိုက် ကပြနေချေပြီကော။

ဖိုးစည် ကကြိုးကကွက် အတော်များများ ရလာသောအခါ ဦးချစ် ဖူးက တဆင့်တက်၍ အစဉ်သုံးနိုင်ဖို့ 'လျှပ်ပန်းလေးခွေနဲ့' သီချင်းနှင့် 'ရွှေ မန်ကျီးခုနစ်စဉ်' သီချင်းနှစ်ပုဒ်ကို ပုံသေရအောင် ကြိုးစားသင်ကြားပို့ချပေး ခဲ့သည်။ ဒါနှင့်အတူ ကျောက်ခဲကိုလည်း သူက စကားအဆန်းတစ်ခု ပြောခဲ့လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဖိုးစည်ဟာ...၊ တစ်နေ့ကျရင် မင်းကို ကောင်းကောင်း အကျိုးကျေးဇူးပြုလိမ့်မယ် ကျောက်ခဲ၊ ဖိုးစည်ကို ငါ ဒီလို အကပညာသင်ပေးရတာ အကြောင်းရှိတယ်၊ လူ့ဘဝဆိုတာ ရှေ့လျှောက် ဘာတွေဘယ်လိုဖြစ်လာကြမယ်လို့ မသိနိုင်ဘူး၊ ပြောလို့လည်း မရဘူး။ ခေတ်အခါကြီးကလည်း ကောင်းတာမဟုတ်ဘူး။ ဘဝမှာ အခက်အခဲနဲ့ကြုံလာခဲ့ရရင်၊ လောကဓံအတိုက်နဲ့ ကြုံလာရင်ဆိုင်ခဲ့ရရင်၊ တတ်သမျှပညာ၊ ကြုံရာလူ၊ ကြုံရာအရပ်မှာ ကြုံရာတိရစ္ဆာန်နဲ့ပဲဖြစ်ဖြစ် ရုန်းကန်လှုပ်ရှားသွားကြရမှာပဲ၊ ဒါကို နားလည်သဘောပေါက်ထား၊ မင်းတို့ ငါတို့က ပညာတတ်တွေမဟုတ်ဘူး၊ မြို့ပိုင်၊ နယ်ပိုင် စာရေးစာချီကြီး လုပ်စားလို့မရဘူး၊ ပျံကျပဲလုပ်စားလို့ရမယ်၊ လယ်ယာလုပ်ငန်း အလုပ်ကြမ်းနဲ့ပဲ နစ်ပါးသွားရကိန်းရှိမယ်၊ အနုပညာတတ်ထားရင်တော့ အနုပညာအလုပ်နဲ့ ဆက်စပ်တာရှိနိုင်တယ်၊ ဘာပဲပြောပြောလေ ဖိုးစည်ဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းကို အကူအညီကောင်းတစ်ခုနဲ့ အကျိုးကျေးဇူးပြုလိမ့်မယ်လို့ ငါ့မျက်စေ့ထဲမှာ ကြိုမြင်နေတယ်...."

သို့ကလို အဘဦးချစ်ဖူးက နိမိတ်စကားအချို့ ကြိုပြောခဲ့သည်။

ဘဝက ဘယ်လိုများပြောင်းလာမလဲ။ ဒါ သူတို့အားလုံးမသိ။ ရှေ့လျှောက် ဘာလုပ်စားကြမလဲ။ ဘုန်းကြီးကျောင်းသား ထာဝရလုပ်လို့မဖြစ်၊ ရည်မှန်းချက် အဓိကတော့ မရှိသေး။ ခုချိန်ထိတော့ ဘုန်းကြီးကျောင်းမှာနေ၍ နံနက်ည ထမင်းစားနေရသေးသည်။ နောင် အနာဂတ်အရေးက မသေချာမရေရာသေး။ ခေတ်ကာလကလည်း မကောင်း။

ခုတော့ မြို့ထဲ၊ ရပ်ထဲ၊ ရွာထဲမှာ သိုးသိုးသန့်သန့် လှုပ်လှုပ်တွေကြားနေရသည်။ အင်္ဂလိပ်ကို တော်လှန်မောင်းထုတ်ရမည်တဲ့။ အချို့မြေအောက်တော်လှန်ရေးအဖွဲ့များဖွဲ့၍ စည်းရုံးလှုပ်ရှားနေသည်ဟု တိုးတိုးစကားကြားနေရသည်။

"ကိုင်း....ဖိုးစည်ရေ....ချစ်သားလေး....ဖေကြီးတို့ လေ့ကျင့်ခန်းလေး ပြန်စစို့ရဲ့၊ ကြိုးစားလိုက်ပါအုံး . . သားလေးရယ် . .၊ ဒီမှာ ကြည့်





ကျောက်ခဲ၊ မင်းကောင်ဖိုးစည် ဘယ့်ကလောက် အကတတ်နေသလဲ ဆိုရင် ငါက သီပေါမင်းတရားကြီးကိုယ်တိုင် နေမျိုးဗလကျော်သူဘွဲ့ချီမြှင့် ခဲ့တဲ့ ရွာစားကြီး ဆိုင်းဆရာ စိန်ဗေဒါ ဆိုင်းထွက်ရာမှာ သီဆိုလေ့ရှိတဲ့ သီချင်းနဲ့ အကသင်ပေးထားတယ် ကြည့်နေ ကိုင်းသားလေး မင်းသားလေး ဖိုးစည်ရေ.."

"ကွိ . . . ကွိ . . . ကွိ . . ."

"ဟား . . ဟား . . ဟား . . ဟား . ."

"ဟေး . . ဇာတ်မင်းသားကြီး သရုပ်ပြတွေ လျှော့ပါအုံးဗျ"

အနီးရှိကလေးကြီးများနှင့် ဘုန်းကြီးကျောင်းသားများက သူ့နာမည်ကို ဝိသေသနတပ်၍ ခေါ်လိုက်တော့ ကွိ . . ကွိ . . ကွိ (ခင်ဗျာ)ဟု ထူး၍ ခါးထောက်ခေါင်းမော့ပြီး ဇာတ်ဆရာဦးချစ်ဖူးကို မော့ကြည့် ငံ့လင့်နေလိုက်၏။

"ကိုင်း . . ကိုင်း . . . သားရေ . . ရွှေမင်းသားလေး ဖိုးစည်ရေ အဖေကြီးတို့ ဟောဒီက ရွှေပွဲလာ ဂုဏ်သရေရှိ ပရိသတ်အပေါင်းကို အပန်းတော်ဖြေကြစေဖို့ စိန်စိတဲ့ ကကြိုး၊ တေးပုဆိုးအမ မေးထိုးအလှနဲ့ ကန်တော့ပန်းဆင်ကြစို့ သားရေ . ."

ဇာတ်ဆရာဦးချစ်ဖူးက ပါးစပ်ကလည်း ဆိုင်းဆင့်လိုလို မင်းသားဆင့်လိုလို စာကိုရွတ်ပြီးနောက်၊ ပတ်စာကပ်ထားသည့် စည်တို (ဗုံတို)ကို လက်နှင့်တီးလိုက်ပြီး သီချင်းစဝင်လိုက်သည်နှင့် ဖိုးစည်သည် ခါးမှာ ကြိုးနှင့်ချည်ပတ်ပေးထားသည့် တောင်ရှည်ပုဆိုးအောက်စကို ညာလက်နှင့်ဆွဲ၍ ဟန်ရေးများပြတော့လေသည်။

(ရွှေမန်ကျိုးရယ် ခုနစ်စဥ် ယဉ်ပါလေစ ရပ်ကယ်က)၊

(ကိုကြီးနတ်တဲ့ ဆီးကြိုလာ . . ကျားညီနောင် ကြောင်နှစ်ကွင်းက မယ်မငြိုင်းသာ)၊

(မယ်မငြိုင်းသာ လာပြန်တော့တာ)၊

ထမိဖာလိုပါသေးရဲ့ . . . တဘက်ဖာလိုပါသေးရဲ့ . . . ဘီးနဲ့မှန်လို



www.burmeseclassic.com

www.burmeseclassic.com



ပါသေးရဲ့. . .

၁ကြိမ် ၂ကြိမ် . . . ဦးနိမ့်ချလို့
၃ကြိမ် ၄ကြိမ် . . . ဦးနိမ့်ချလို့
၅ကြိမ် ၆ကြိမ် . . . ဦးနိမ့်ချလို့
၇ကြိမ် ၈ကြိမ် . . . ဦးနိမ့်ချလို့
၉ကြိမ် ၁၀ကြိမ် . . . ဦးနိမ့်ချလို့
၁၁ကြိမ် ၁၂ကြိမ် . . . ဦးနိမ့်ချလို့
၁၃ကြိမ် ၁၄ကြိမ် . . . ဦးနိမ့်ချလို့
လိုက်ပါရစေ. . . လိုက်ပါရစေ (စိန်ပေဒါရဲ့. . . လိုက်ပါရစေ)၂
အို. . . စိန်ပေဒါရေ . . လိုက်ပါရစေ. . . . . . . .

ဦးချစ်ဖူးက အသံကိုမြှင့်၍ ဆိုလိုက်ပြီး လက်ထဲမှပုံတိုကို ဖော့ကာဖိကာ ပိတ်ကာဆို့ကာ တီးပေးလိုက်သောအခါ၊ မျောက်ကလေးဖိုးစည်က လက်နှစ်ဘက်မြှောက်ကွေးလိုက်၊ ရင်မှကပ်လိုက်၊ ပုဆိုးစဆွဲ၍ ဘယ်ညာလှည့်လိုက် ပြေးခုန်လိုက်၊ ခြေထိုးလိုက်နှင့် ကနေပုံကား ပီဘိ. . .လူမင်းသားလေးအတိုင်း ဖြစ်နေရာ. . . သူ့သခင်ကျောက်ခဲသည် အံ့သြ၍ မဆုံးနိုင်ခဲ့။

ဖိုးစည် အဲဒီလောက် ဉာဏ်ရည်ကောင်းမှန်း၊ အတတ်ပညာတွေ တတ်နေမှန်း သူ ခုမှသိရသည်။ ကလေးများက လက်ခုပ်တီးကြသည်။ ကာလသားကြီးများက ရှံသွင်း၍ပြုံးလျှင် ကော်ရောကွဟု.... ချီးကျူးကြသည်။

``ဘယ်နှဲ့လဲကွဲ. . .ရွှေဖိုးစည်တဲ့လား . .ဝါးလားလားလား . .''

``မျောက်မင်းသားလေး. . .ဖိုးစည်တဲ့နော်. . .''

``ဂျွမ်းကလေးပါလေး. . .လက်ဆောင်ပေးလိုက်ပါအုံးသားရဲ့'' သီချင်းဆုံးခါနီးကျတော့. . .နောက်ဂျွမ်းကော့၍ ပစ်လိုက်ပြီးထိုင်ချလိုက်သည်။

``ဝိုး. . .''

``ဟယ်. . .''





``ဝါး ဟား ဟား ဟား . .''

``ဖြောင်း.. ဖြောင်း.. ဖြောင်း.. ဖြောင်း.. ရွှေမင်းသားကွ. . .''

``ဖိုးစည်ကွ. . . ရှီး. . . ရှီး. . . ဝါးဆစ်. . . ဝါးဆစ်. . .''

ထိုင်အကျမှာ အဆစ်အနေနှင့် ကရင်းတန်းလန်း ရှေ့ဂျွမ်းပစ်လိုက်သည်။ လေထဲမှာ လှည့်၍ပစ်လိုက်တာရယ်။ အဲဒီလို ဂျွမ်းပစ်လိုက်မှ ခါးဝတ်တောင်ရှည် ပြောင်းပြန်လန်၍ ရွှေဥနှစ်လုံးပေါ်သွားသဖြင့် ကလေးများက လက်ညှိုးထိုး၍ ဝိုင်းရယ်လှောင်ကြသောအခါ ဖိုးစည်က ချက်ချင်း သဘောပေါက်သွားသည်။

ပြန်ရပ်အကျမှာ ရွှေဥကိုလုံအောင် ပုဆိုးနှင့် ကပျာကယာဖိလိုက်ပြီး ရှက်သည့်ဟန်နှင့် မျက်နှာကို လက်ဝါးနှင့် ကာနေလိုက်သောအခါ ``အောင်မယ် သူကများ ရှက်နေသေး. . .''ဟု ဝိုင်းဆိုစလိုက်ကြတော့သည်။

ကြည့်စမ်း သူ့ရောင်းရင်း ဖိုးစည်သည် ဓားရေးသိုင်းအကာမျှသာ မက ခုတော့ မြန်မာ့အနုသဘင် မင်းသားဟောင်းကြီးနှင့်ပေါင်း၍ အကတွေ၊ အခုန်အပျံတွေ၊ ရှေ့ဂျွမ်း၊ နောက်ဂျွမ်း အမူအရာတွေနှင့် တင့်တယ်မြိုင်ဆိုင်လို့ပါလား . . .၊ အင်း ဖိုးစည်. . . ဖိုးစည်. . . မင်းဟာ. . . မျောက်တော့မျောက်. . . တိရိစ္ဆာန်မတော့ တိရိစ္ဆာန်ပဲ၊ ဒါပေမယ့် လူဝင်စားမျောက်ကလေးလား. . . ဒါမှမဟုတ် ဘဝက' ပါရမီထူးခြားဆန်းကြယ်သည့် သတ္တဝါပေလား. . . သူငယ်ချင်း. . . မောင်ဖိုးစည်ရယ်. . . ဟင်''

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောသူတော်စင်ကြီးနှင့် မြွေဟောက်ကြီးပါး်ဖြူ

လူ့လောကကြီးက အလွန်ကို အံ့သြဖို့ကောင်းသည်။ သဘာဝတရားကလည်း ဆန်းကြယ်လွန်းလှ၏။ လောကဓံတရားများကလည်း ထွေပြားလွန်းလှချေ၏။ ဘဝမှာ မျှော်လင့်မထားခဲ့သော အချင်းအရာများသည် မဖိတ်ခေါ်ဘဲ ရောက်လာကြုံရသည်မှာ အံ့ဖွယ်ဂမ္ဘီရဖြစ်စဉ်များဖြစ်ကြ၏။

တစ်ည. . . . .

ကျောက်ခဲ ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့ရသည်။

အိပ်မက်ထဲမှာ မုတ်ဆိတ်ဖြူတစ်တောင်ခန့်ရှည်လျားစွာ ရင်ဘတ်ပေါ်ကျနေသည့် သျှောင်တစောင်းနှင့် ဆာဒူးကြီးလိုလို၊ မြန်မာလူမျိုးလိုလို သူတော်စင်ကြီးတစ်ဦးနှင့် ဆုံခဲ့ရသည်။ သူတော်စင်အဘိုးအိုက သျှောင်တစောင်းမှာ ပုဝါဖြူပေါင်းလို့၊ ယောဂီရောင်ပုဆိုး အင်္ကျီ၊ လွယ်အိတ်ကြီးနှင့်။ လည်ပင်းပေါ်မှာလည်း လောက်စာလုံးခန့်ကြီးသော ပုတီးကြီးကို လွယ်ထားလျက်။ သူ့လက်ထဲမှာ မြွေရုပ်ခေါင်းထောင်နေသည့် ဟန်သဏ္ဌာန်ရှိသော သစ်နက်သား တောင်ဝှေးကြီးထောက်လို့။

သူသည် မြွေရုပ်သစ်နက်သား တောင်ဝှေးကြီးကို ထောက်ပြီး ကျောက်ခဲရှေ့မှာ ရပ်၍ထူးဆန်းသော စကားများကို ပြောဆိုနေ၏ ။

''ဟေ့. . . လူကလေး . .''

''ခင်. . . ခင်ဗျား. . .''

''လူကလေးက တနင်္လာသား၊ အသက်(၁၈)နှစ်ရှိပြီ မဟုတ်လား''

''ခင်. . . ခင်ဗျား. . . ဟုတ်. . . ဟုတ်ကဲ့. . . ခင်ဗျား''

''လူကလေးကို အဘိုးလိုက်ရှာနေတာ ကြာပြီပဲ....''

''ခင်ဗျား. . ၊ အဘိုးက..ကျွန်တော့်ကို လိုက်ရှာနေတယ်၊ ဟုတ်လား၊ အဘိုး ဘယ်သူလဲ. . ၊ ဘယ်ကလဲဟင်. . . ဟင်''

''အိမ်း. . . လူကလေးကို သူတို့က ပစ်ထားခဲ့ကြသကိုး၊ အားလေ





ဒါကလည်း ဟိုအတိတ်ဘဝ ဝဋ်ကြွေးကြောင့်ပါ လူကလေးရယ်၊ ဒါကြောင့် လူကလေး ဒုက္ခသိပ်ရောက်ခဲ့ရတာပေါ့။ ကိစ္စမရှိဘူး။ ဆန်းလည်းမဆန်းဘူး။ ဒါ အကင်း အစပဲရှိသေးတာကွဲ့၊ နောက်အခါမှာ လူကလေး အဲဒီလိုအားပြိုင်ရင်ဆိုင်မှုတွေ ဘဝမှာကြုံရဦးမှာကွဲ့ လူကလေးရဲ၊ ဒါပေမယ့် နောက်ဆုံးဇာတ်သိမ်းမှာ လူကလေး ပျော်ရွှင်ချမ်းသာစွာနဲ့ ဇာတ်သိမ်းလှမှာပါ. . .''

''အဘိုး. . . အဘိုး. . . ကျွန်တော့်အကြောင်းကို ဘယ်လိုလုပ်သိနေလဲဟင်. . . ဟင်''

''ဟား. . . ဟား. . . ဟား. . . ဟား. . . ဟား. . . အဘိုးရဲ့အာရုံထဲမှာ လူကလေးရဲ့ အတိတ်ပစ္စုပ္ပန် အနာဂတ်မြင်တဲ့ တတိယမျက်လုံးရှိနေလို့ပေါ့။ အဲဒါကို စိတ်ကျင့်စဉ်လို့ ဂမ္ဘီရသမားတွေက ခေါ်ကြသကွဲ့၊ ဒီမှာလူကလေး'. . လူကလေး လပြည့်နေ့ကျရင် တာဝတောထဲက မြေအောက်လိုဏ်ဂူဝန်းကျင်ကို လာဖြစ်အောင်လာခဲ့ပါ. . .''

''တာဝတောထဲက မြေအောက်လိုဏ်ဂူဝန်းကျင်ကို ဘာလာလုပ်ရမှာလဲ. . . အဘိုးခင်ဗျာ. . .''

''လူကလေးကို အဘိုးအံ့သြစရာကောင်းတဲ့ လက်ဆောင်ပစ္စည်းတစ်ခုကို ပေးစရာရှိနေလို့ပဲ၊ အဲဒါကလဲ လူကလေး မသိမမြင်ရသေးတဲ့ လူကလေးရဲ့ ရှေ့အနာဂတ်ဘဝနဲ့သက်ဆိုင်နေလို့ပဲ၊ လာဖြစ်အောင်လာခဲ့နော် လူကလေး. . . အဘိုးပြန်မယ်. . .''

''အဘိုး. . . ဟို. . . ဟို. . . ကျောင်းပေါ်ကို ကြွ. . . ကြွပါဦးလားခင်ဗျား''

''အချိန်မရဘူး လူကလေး၊ ဆရာတော်ကို. . . အဘိုး ဦးတင်ခဲ့ပါတယ်လို့ပြောလိုက်. . . ကိုင်း. . . သွားမယ်. . . လူကလေး ဆက်ဆက်လာခဲ့နော်. . .''

''ဟုတ်. . . ဟုတ်ကဲ့. . . ခင်. . . ခင်ဗျ. . .''

သူ အိပ်မက်ထဲမှာ ကြောက်လန့်သလိုလို၊ ဝမ်းသာသလိုလို၊ အံ့သြသလိုလိုနှင့် နှုတ်ကတိပေးမိလိုက်တော့သည်။ သို့ကလို ရှိစဉ်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ပုံပန်းသဏ္ဍာန်ရှိသည့် အဘိုးအိုသည် သစ်နက်တောင်ဝှေးကြီးထောက်ကာ ပါးစပ်မှ ဂါထာမန္တန်ကဲ့သို့သော စာပိုဒ်အချို့ကို ရွတ်ဆိုပြီး ထွက်သွား လေသည်။

ဆာဒူးလိုလို၊ ယောဂီလိုလို မုတ်ဆိတ်ဖားလျားနှင့် သူတော်စင်အဘိုးအိုသည် ဘုန်းကြီးကျောင်းရှေ့မှသည် လက်ျာဘက်လမ်းအတိုင်း ပါးစပ်မှ ဂါထာများ တတွတ်တွတ်ရွတ်ဆိုရင်း သွားနေ၏။ သူကလည်း သစ်ပင်များကိုကွယ်၍ သိချင်စိတ်ပြင်းပြနေသောကြောင့် ခြေဖော့ကာ နောက်မှ လိုက်ချောင်းကြည့်နေမိ၏။

သည့်နောက် သူတော်စင်အဘိုးအိုသည် ရှေးဟောင်းဘုရားပျက်များရှိရာသို့ တစ်လှမ်းချင်းသွားနေပြန်၏။ အဘိုးအိုကြီးသည် လက်အုပ်ချီ၍ ရှေးဟောင်းစေတီပျက် ဘုရားပျက်၊ ဘုရားကျိုးများကို ရှိခိုးပူဇော်ပြီး ဂါထာများကို ရွတ်ဖတ်နေ၏။

သို့ရှိစဉ် ကျောက်ခဲ မျက်လုံးထဲမှာ ထူးဆန်းသော အဖြစ်အပျက်များကို အံ့သြခမန်း တွေ့လိုက်ရလေသည်။

သူ့မျက်စေ့မှာ ယောဂီမုတ်ဆိတ်ရှည် သူတော်စင်ကြီးသည် တစ်ယောက်တည်းမဟုတ်တော့ဘဲ၊ နောက်ထပ် ကိုယ်ပွားယောဂီ သူတော်စင်မုတ်ဆိတ်ရှည်တစ်ဦးသဏ္ဍာန် ထပ်ပွားလာကာ ဘယ်သို့တစ်ယောက် ညာသို့တစ်ယောက် ဖြန့်၍ ထွက်သွားကြသည်ကို သူ ထူးဆန်းစွာ တွေ့လိုက်ရခြင်းပဲဖြစ်သည်။

အဲဒီလူနှစ်ဦးအနက် ဘယ်သူသည် သူတော်စင်အစစ် ဘယ်သူသည် အတုကိုယ်ပွား သူ မခွဲခြားနိုင်တော့။ နှစ်ဦးလည်း အရပ်အနိမ့်အမြင့်၊ မျက်နှာအသွင်အပြင်အဆင်၊ အဝတ်အစား၊ မုတ်ဆိတ်မွေး၊ ရောင်ထုံးမှအစ ခွဲမရအောင် တူနေသည်။ တောင်ဝှေးပင် တစ်ပုံစံတည်း။ သို့ဖြစ်၍ အံ့အားသင့်ပြီး ရပ်ကြည့်နေမိသည်။

သူ ဘယ်သူ့နောက်ကို ခြေရာခံလိုက်ရမှန်းမသိ။

သို့ရှိနေစဉ် . . ။ လျင်မြန်သော ခြေလှမ်းမျိုးဖြင့် သူတော်စင်





မုတ်ဆိတ်ရှည် အဘိုးနှစ်ဦးသည် မျက်စိရှေ့မှောက်မှ ပျောက်ကွယ်သွားသောအခါမှ သူငေးကြည့်နေရာမှလည်းကောင်း၊ အိပ်မက်မှလည်းကောင်း လန့်နိုးလာခဲ့တော့သည်။

သူ့ရင်သည် အိပ်မက်မှ လန့်နိုးလာသောအခါ တလှပ်လှပ်ဖြစ်နေ၏။

ယောဂီဝတ်၊ မုတ်ဆိတ်ရှည်ရှည်၊ မြွေခေါင်းရုပ်ပါ သစ်နက်တောင်ဝှေးနှင့် သူတော်စင်လို အဘိုးအိုနှစ်ဦး အဲဒီမှာ တစ်ဦးသော အဘိုးအိုက သူ့ဘဝကို သိနေသည်။

သူ့ရဲ့ ရှေ့အနာဂတ်ကို ကြိုတင်နိမိတ်ဖတ်သွားခဲ့သည်။

မိမိကို ဒီအဘိုးအိုက လိုက်ရှာနေတာတဲ့။

ထူးဆန်းလိုက်တာ။ ဒီလို အိပ်မက်မျိုး သူတစ်ခါမျှ မမက်ဖူးခဲ့။ ဒီအိပ်မက်မျိုးလည်း တစ်ခါမှ မစွဲလန်းဘူး။ စွဲလန်းလောက်အောင် ပတ်သက်ခဲ့မှုလည်း ဘဝမှာမရှိခဲ့။ တောင်ဝှေးရဲ့ထိပ်မှာ မြွေခေါင်းကြီး။ လူပုံက အသားညိုညိုကြီး။ ကုလားဆာဒူးလည်းမကျ။ ပြောပုံက မြန်မာသံ ပီပီသသ။ မြန်မာဖြစ်ဖို့များသည်။

အဘိုးအိုရဲ့နှုတ်မှ ဩ (သျှရီ)ဟူသော ဂါထာမန္တန်လိုဟာမျိုး ရွတ်သည်ကို သူ ယခုတိုင် ကြားသိနားစွဲနေဆဲ။

အိပ်မက်ပါကလား။

တကယ်ရော ဖြစ်နိုင်ပါသည်လား။

သို့သော် . . . သူ့ကို နေရာအတိအကျ အချိန်နေ့ရက်အတိအကျ ချိန်းသည်။

သူ ဘယ်လိုလုပ်ရင် ကောင်းမည်လဲ . . ။

စဉ်းစားရင်း မေးခနဲ ပြန်၍ အိပ်ပျော်သွားခဲ့လေသည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



သမုဒ္ဒယပတ်ပျိုး

''ညိုရေ . . ''

ကျောက်ခဲ ခြံဝမှရပ်၍ ချစ်သူရဲ့အမည်ကို အော်ခေါ်လိုက်သည်။

''ညို . . ''

''ခြေဘ် . . . ကိုယ်တော်ချောက ပေါ်တော်မူလာသေးသကိုး။ သွား . . သွား . . ခါတိုင်းသွားနေကျ နေရာပဲသွားတော့ . . . မလာနဲ့''

သူ ထင်သည့်အတိုင်းပါပဲ။ ချစ်သူ ခင်အေးညိုတစ်ယောက် ရွှေစိတ်တော်ကောက်ပြီ။ ခင်အေးညိုသည် ဝိုင်းဝိုင်းလည်နေသည့် နှီး၊ စကော၊ ဇကာ . . ခြင်းများအကြားမှ သူ့ကို တစ်ချက်သာ လှည့်ကြည့်လိုက်ပြီး မျက်စောင်းထိုး နှုတ်ခမ်းစူလိုက်ကာ အနားကွပ်လက်စ ဇန်းကို မကွပ်တော့ဘဲ စိတ်ဆိုးဆိုးနှင့် လွှင့်ပစ်လိုက်သည်။

''ခင်အေးညို . . ''

အသားတော် ညိုညိုစိမ့်စိမ့်လေးနှင့် ချစ်စရာကောင်းသည့် မိန်းကလေး၊ သူမတို့ မိသားစုက ဘုရားကုန်းကျေးရွာမှာ ဝါးနှီးနှင့်ယက်လုပ်သည့် တောင်း၊ ပလုံး၊ စကော၊ ဇကာ၊ ဆွဲခြင်း၊ ပလိုင်း၊ ဈေးဇန်းစသည်တို့ ယက်လုပ်သည့်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ ဘုရားကုန်း၊ ကျိုက်အင်း၊ လက်ယက်စမ်း၊ နတ်စင်တစ်ရာ စသည့် အရပ်ဒေသများသည် ဝါးပေါသည့် အရပ်ဒေသဖြစ်၍ ဝါးနှင့်နွယ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးသည်။

သူမရဲ့အဖေ ဦးဘိုးစိန်နှင့် မိခင် ဒေါ်လှမေတို့ကလည်း ဘိုးစဉ်ဘွားဆက်မှစ၍ နှီးဝါးလုပ်ငန်းနှင့်ပဲ အသက်မွေးခဲ့ကြသည်။

ယက်လုပ်ပြီးက ပစ္စည်းများကို အချိန်တန်လျှင် မြို့ပေါ်ဘောလုံးကွင်းဈေး (ယခုအခေါ်မြို့မဈေးကြီး)မှ ဖောက်သည် တရုတ်၊ ကုလား၊ မြန်မာများက လာယူကြသည်။ လုပ်နိုင်လျှင် လုပ်နိုင်သလောက် အကျိုးရှိ၏။ အရင်းအနှီးကား ဝါးနှင့်ဓား လုပ်အားပဲဖြစ်သည်။ ဝါးကလည်း အရှေ့တောင်ဘက်က ရာမညတောထဲမှာ ခုတ်၍ မကုန်နိုင်အောင်ပေါ၏။





လှလိုက်သည့် ခင်အေးညို။

နေရိပ်ထဲမှာ အလပ်လုပ်ရလို့လားမသိ။ ညိုဖြူလေးတောင် ဖြစ်နေသည်။ သွယ်လျလျ မျက်နှာပေါ်မှာ ပါးချိုင့်ခွက်ကလေး တစ်ခုပါလိုက်သေး၍ ရယ်လိုက်လျှင် အရမ်းကို ချစ်စရာကောင်းလှသည်။ ဒါ့အပြင် ညာဘက်မှာ သွားစွယ်လေးတစ်ချောင်းက အဆစ်ပါလိုက်သေးတော့ မြင်မြင်သမျှသော ယောကျ်ားသား လူပျိုတို့သည် ခင်အေးညိုကို မစွဲလန်းဘဲ မနေနိုင်ကြ။

ခင်အေးညိုသည် ဆရာကြီးဦးဖိုးညို မူလတန်းကျောင်းမှာ စတုတ္ထတန်းထိ ပညာသင်ဖူးခဲ့၏။ သို့ဖြစ်၍ ခေတ်ရဲ့ဘဝဓလေ့ကို သိ၏။ စာဖတ်နိုင်၏။ ခေတ်စာကို သိ၏။ သွက်သွက်လက်လက် ချက်ချက်ချာချာနှင့် ညိုစိမ့်စိမ့် အချောလေးမို့ သူ့အချစ်ကို ရယူလိုသူများသည် သည်ဝန်းကျင်မှာ အမြောက်အများရှိနေကြ၏။

သို့သော် . .

ကံကောင်းချင်တော့ ဘုန်းကြီးကျောင်းသား သူနှင့်သူမတို့ ချစ်ကျွမ်းဝင်ခဲ့ရသည်။ သူတို့နှစ်ဦးရဲ့ အတန်ငယ်ခြားနားလှသည့် ဘဝနှစ်ခုနီးစပ်ခဲ့ရပုံကလည်း ကံလိုက်၍ဟုဆိုရမည်လေလား။

တစ်နေ့ ခင်အေးညိုနှင့် သူ့အဖေ ဦးဘိုးစိန်တို့ တောထဲဝင်ပြီး နီးဝါးလိုက်ခုတ်ကြစဉ် အဲဒီမှာ ခင်အေးညိုခြေထောက်ကို ကင်းမလက်မည်း အထိုးခံလိုက်ရသည်။ လက်ဝါးခန့်ကားနေသည့် ကင်းမလက်မည်း ကင်းမြီးကောက်သည် ပထမ လက်မကြီးနှစ်ခုနှင့် ခြေဖမိုးကို ညှပ်လိုက်ပြီး အမြီးကိုကော့လန်ကာ အသားထဲသို့ အစွယ်ထိုးချလိုက်သည်။

ခင်အေးညို နာကျင်သည်ကတစ်ပိုင်း၊ လန့်သွား၍က တစ်ပိုင်းနှင့် ရူးရူးဝါးဝါး အော်ဟစ်ရင်း သတိလစ်မေ့လဲကျသွားသည်။ အဖေလုပ်သူနှင့် ဝါးခုတ်ဖက်အဖော်များ ပြေးလာပြီး ခြေဖမိုးပေါ်မှာ ကိုက်ထိုးနေသည့် ကင်းမြီးကောက်လက်မည်းကြီးကို ဓားနှင့်ခတ်ထုတ် သတ်ပစ်လိုက်ကြသည်။ လူသံကြား၍ အခြားနေရာများမှ ကင်းမြီးကောက်များ ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေဖမိုးသည် ချက်ချင်း အဆိပ်တက်၍ ညိုမည်းပြီး ယောင်ကိုင်းလာခဲ့သည်။ အရေးပေါ်အဖြစ် ကိုသောင်းညွန့်ဦးက ပါလာသည့် ကြက်သွန်ဥအနီကို ထက်ခြမ်းခြမ်းပြီး အကိုက်ခံရသည့် ဒဏ်ရာပေါ်မှာ ဖိကပ်ပွတ်ပေးလိုက်ပြီး လူနာကို အိမ်သို့သယ်ခဲ့ကြသည်။ အိမ်ရောက်တော့ ခင်အေးညို ရဲ့ခြေထောက်က အဆိပ်ကြောင့် အဆမတန် ယောင်ကိုင်းကာ မလှုပ်နိုင်ဘဲ အကြိတ်များ ဖုလာပြီး အော်နေရသည်။

အချို့က မန့်ကျီးစေ့အခြမ်းကို အပူပေး၍ အနာမှာကပ်ပေးကြသည်။ သို့သော် ကိုက်ညှပ်ရာရော အမြီးနှင့် ထိုးသွင်းရာကပါ ပြင်းသဖြင့် အဆိပ်မကျနိုင်ဘဲ အော်ဟစ်ငိုယိုကာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ စိုးရိမ်နေရတော့သည်။ ကင်းမြီးကောက် အဆိပ်သည် အချိန်မီမကုနိုင်လျှင် အသက်အန္တရာယ်ရှိနိုင်၏။

အဆိပ်ဒဏ်ကြောင့် ပေါင်းရင်းအကြိတ်များ ထွက်၍ အဖျားတက်သလိုဖြစ်လာကာ အာလေးလျှာလေးကြီးနှင့် ကယောင်ကတန်းများ ပြောတော့သည်။

''ကျွန်... မ... ကို... မ... မ... လုပ်... ပါနဲ့...''

''အား... ကြောက်ပါပြီ... မလုပ်ပါနဲ့... ကြောက်ပါပြီ... အမလေး''

''အပယ်ပါမှီနေပြီနဲ့တူတယ်... ကိုဘိုးစိန်...''

''ခရမန်းရှိရင် တိုက်ကြပါဟ... မြန်မြန်... မြန်မြန်...''

သည်အချိန်မှာပဲ ကျောက်ခဲက ကိုရင်များဖြင့် ဆွမ်းခံလိုက်လာရင်း ခင်အေးညိုတို့ အိမ်ရှေ့သို့ ရောက်သည့်အချိန်–

အိမ်နီးနားချင်းများကလည်း ရေမန်းများ ကောင်းနိုးရာရာ ဆေးနည်းတိုများဖြင့် လိမ်းကျံကုသပေးနေသော်လည်း ခင်အေးညိုကား ပါးစပ်မှ ပြောချင်ရာပြောကာ အပမှီသလို လူးလိမ့်အော်ဟစ်နေသည်။

''ဘာဖြစ်နေကြတာလဲဗျ...''

''ခင်အေးညို ကင်းမြီးကောက် အကိုက်ခံရလို့...''





''ဟင်... ဒါဆိုနေအုံး၊ ခဏလေးစောင့်နေ ဦးလေးတို့...''

ကျောက်ခဲ ဟင်းဗန်းဗျတ်ကို နီးရာတစ်ယောက်သို့ အပ်ခဲ့လိုက်ပြီး ဘုန်းကြီးကျောင်းသို့ ပြေးလာခဲ့လိုက်သည်။ သည့်နောက် အဖေတို့ရှိစဉ်က အဆိပ်ချရာမှာသုံးသည့် မြွေအန်ကျောက်ခဲ မြွေအမြုတေကိုယူပြီး ခင်အေးညိုတို့ အိမ်ရှိရာသို့ အပြန်ပြေးလာခဲ့လိုက်သည်။

ရောက်သည်နှင့် ကျောက်ပျဉ်ပေါ်မှာ ရေသန့်သန့်နှင့် အနှစ်ကျအောင် သွေးလိုက်ပြီး ကျောက်သွေးရည်ကို ပေါင်ရင်းမှစ၍ အောက်သို့တိုင် လူးချစေသည်။ အနာဝကိုလည်း ၎င်းကျောက်သွေးနှင့်အုံ၍ ဝိုင်းပေးနိုင်းလိုက်သည်။

ဒေါ်လှမေက ယောကျ်ားသားများကို အပြင်သို့ ခဏထွက်စေပြီး သမီးလုပ်သူရဲ့ ထမီကို ပေါင်ရင်းအထိလှန်ကာ မြွေအန်ကျောက်သွေးရည်များကို လိမ်းချပေးပြီး အနာဝကို အုံ ၍ ဝိုင်းပေးလိုက်သည်။

ပြီးနောက် ကျောက်ခဲက ကျောက်သွေးရည် စိမ်ထားသည့်ရေအား ခန္ဓသုတ်ရွတ်၍ မန်းပြီး တိုက်လိုက်သည်။

အံ့ဩစရာ ကောင်းလိုက်ပါဘိ။

ငါးမိနစ်ခန့်ကြာသောအခါ ခင်အေးညို အန်တော့သည်။ အစာနှင့်အတူ စိမ်းစိမ်းညိုညိုအရည်များ ပြန်ထွက်လာသည်။ ဒါနှင့်တစ်ပြိုင်နက်ညည်း ကင်းမြီးကောက် အကိုက်၊ အထိုးခံရစဉ် အနာဒဏ်ရာအဝမှ အဆိပ်ရည်များ ပြန်စီးကျလာခဲ့သည်ကို အားလုံးတွေ့လိုက်ကြရသည်။ ကျောက်ခဲက အဆိပ်များကို အဝတ်စနှင့် သုတ်ပေးလိုက်သည်။

''ဒေါ်လေး.. ဆေးရေမန်း ထပ်တိုက်လိုက်ပါဗျ''

''အေး.. အေး.. လူလေး...''

ဒေါ်လှမေက ဖန်ခွက်ထဲမှ ဆေးစိမ်ရေမန်းကို တိုက်သည်။ ခံပင်နှင့်ကိုယ်ပေါ်သို့လည်း တောက်ချ၊ သပ်ချပေးလိုက်သည်။ ပြီးနောက် ရေမန်းကို ဒုတိယအကြိမ် တိုက်လိုက်သည်။ ခင်ဖအေးညိုက အာခေါင်များခြောက်နေ၍ တဂွပ်ဂွပ်နှင့် သောက်ချလိုက်သည်။ ခဏနေတော့ အရောင်အယမ်း



www.burmeseclassic.com

www.burmeseclassic.com



များ လျှော့ကျလာပြီး ခြေထောက်လှုပ်၍ မြှောက်၍ရလာခဲ့တော့သည်။ သူမ မျက်လုံးဖွင့်ပြီး နဖူးမှ ချွေးများကို သူမလက်နှင့် သူမ သုတ်ပစ်လိုက်သည်။

''သမီး နေသာထိုင်သာရှိရဲ့လား''

''ဟုတ်. . . ဟုတ်. . . ကဲ့. . . အမေ. . .''

''ကိုက်သေး. . နာသေးလား ခင်အေးညို''

ကျောက်ခဲက သူမအနီးမှာထိုင်၍ ငုံ့ပြီးမေးလိုက်သည်။

''ဟင့်အင်း. . . လုံးဝမနာ မကိုက်တော့ဘူး. . .''

''ခြေထောက်လှုပ်ကြည့်စမ်း''

ခင်အေးညိုက ခြေထောက်ကို လှုပ်ပြသည်။ မြှောက်ပြသည်။ ကွေးပြသည်။ ကျောက်ခဲသာမက ဦးဘိုးစိန်၊ ဒေါ်လှမေတို့သာမက ကြည့်နေသူအားလုံး အံ့သြဝမ်းသာကုန်ကြသည်။ ခဏနေတော့ ခင်အေးညို ထ၍ ထိုင်သည်။ စကားတွေပြောသည်။ မိခင်လုပ်သူက ဖားလျှားကျဆံပင်များကို ဘီးနှင့်ဖီးသင်ပေးသည်။

ခုမှပဲ ခင်အေးညိုရဲ့ သူငယ်ချင်းများလည်း သူငယ်ချင်းမအတွက် စိတ်အေးသွားကာ ကျောက်ခဲကို ကျေးဇူးတင်ကြောင်း တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြလေသည်။

''တော်သေးတာပေါ့ ကျောက်ခဲရယ်၊ နင့် မြွေအန်ကျောက်ရှိပေလို့''

''အေးဟဲ့. . . နို့မို့ဆို ခင်အေးညို ခံလိုက်ရမယ့်ဖြစ်ချင်း နှယ်''

သည်မှာ လူကြီးတစ်ဦးက. . .

''ကင်းမလက်မည်းတို့ ကင်းမြီးကောက်တို့ဆိုတာ အဆိပ်ပြင်းဟာချည်းပဲ၊ ဖြစ်ရင် ရက်အကြာကြီး ခံစားရရော. . . အချို့များ သုံးရက်လေးရက် ယောင်အမ်းပြီး အိပ်ယာက မထနိုင်ဘဲ သတိလစ်နေတာမျိုး ငါတို့ တွေ့ဖူးတယ်. . .''

''မင်း အမြုတေက တယ်စွမ်းပါလားကွဲ့ဟင်. . .''

---

စိတ်ကူးသစ်စာပေ



''ဟုတ်တယ်. . . ဦးလေးဘိုးစိန်၊ ဒါ ဦးလေးတို့ သိတဲ့အတိုင်းပဲ ဟို အမေတို့ အဖေတို့ ရှိကတည်းက အသုံးပြုခဲ့တဲ့ မြွေအန်ကျောက်ပဲခင်ဗျ၊ အချို့က မြွေအမြုတေလို့ ဆိုကြတယ်၊ အဖေကိုယ်နှိုက်ကလည်း ဒီကျောက်နဲ့ မြွေကိုက်ခံရသူ ကင်းကိုက်၊ တောက်တဲ့ကိုက်၊ ခွေးကိုက်၊ ကြောင်ကိုက်၊ ကြွက်ကိုက်ခံရသူတွေကု ကုပေးခဲ့တာပဲဗျ၊ လူပေါင်းကို မနည်းဘူး၊ အဆိပ်တော့ အတော်များများကိုနိုင်တာ လက်တွေ့ပဲ၊ ခင်အေးညို အခု လုံးဝ ဘာမှမဖြစ်တော့ဘူးမို့လား. . .''

''အေးဟာ. . . ဘာမှမဖြစ်တော့ဘူး''

''ထ ရပ်ကြည့်ပါလား. . .''

ဦးဘိုးစိန်က သူ့သမီးကို တွဲရန် ဟန်ပြင်လိုက်သည်။ ခင်အေးညိုက မတွဲနှင့်ဟု လက်ကာပြီး သူမဖာသာ ရပ်ပြလိုက်သည်။ လျှောက်ပြလိုက်သည်။ ကင်းကိုက်ခံရသော ညိုမည်းနီရဲဒဏ်ရာတို့သည် အမာရွတ်များသာ ကျန်ခဲ့တော့သည်။

ခင်အေးညို လမ်းလျှောက်နေရင်းမှ ကျောက်ခဲရဲ့မျက်နှာကို ကျေးဇူးတင်ဝမ်းသာသော မျက်လုံးအစုံနှင့် ကြည့်နေမိသည်။ ကျောက်ခဲကလည်း အလွန်ချောမောလှပသည့် မိန်းကလေးရဲ့ ဝေဒနာရောဂါကို မိဘအမွေအနှစ်ဆေးကျောက်နှင့် ကုသပေးခဲ့နိုင်၍ ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာကြည်နူးနေမိသည်။

''ကိုင်း. . . နင် ဒဏ်ရာပျောက်ပြီ. . . ငါသွားတော့မယ်. . .''

''ဟဲ့. . . လူကလေး. . . မောင်ကျောက်ခဲ မပြန်နဲ့အုံး၊ ထမင်းစားပြီးမှသွား''

''နေပေ့စေဒေါ်လေး. . . ကျောင်းမှာ လုပ်စရာရှိသေးလို့ပါ. . .''

''ကျောက်ခဲ. . .''

ခင်အေးညိုက ရပ်နေရာမှ အသံတုန်လေးနဲ့ လှမ်းခေါ်လိုက်သည်။ ကျောက်ခဲ သူမရဲ့ခေါ်သံကြောင့် အိမ်ပေါ်မှ ဆင်းမလိုပြုရာမှ လှည့်ကြည့်လိုက်၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . ခင်အေးညို. . ."

"စားပြီးမှ ပြန်ပါလားဟယ်. . . ဟင်. . ."

"ရပါတယ်ဟာ နောင်ကြုံမှပေါ့. . နှင့် ကင်းဆိပ်ဒဏ်က ချက်ချင်းပျောက်သွားတာ ငါ ပိုဝမ်းသာပါတယ်၊ နောင်မှပေါ့နော်. . . ကိုင်း အားလုံးပဲ ပြန်ဦးမယ်နော်. . . နောင်ကို အဆိပ်ရှိတဲ့ သတ္တဝါကိုက်တာမျိုးကြုံရင်ကျွန်တော့်ဆီကို လူလွှတ်အခေါ်ခိုင်းလိုက်ပါခင်ဗျ၊ အဖေနဲ့အမေက မသေခင် ပြောသွားတာရှိတယ်၊ လူလေး. . . မြွေအန်ကျောက်နဲ့ ကုသိုလ်ဖြစ် အသက်ကယ်တဲ့. . . သွားမယ်ဗျို့. . ."

ပြောပြီးနောက် ကျောက်ခဲ အိမ်ပေါ်မှ ဆင်းလာခဲ့လိုက်သည်။ ပြီးနောက် ဘုန်းကြီးကျောင်းရှိရာသို့ လာခဲ့လိုက်သည်။ သူ့မျက်လုံးထဲမှာ ဒေဝနာကြောင့် မျက်ရည်ပေါက်ကြီးများ ကျပြီး အော်ဟစ်လူးလွန့်နေသည့် ခင်အေးညိုရဲ့မျက်နှာ၊ ပြီးနောက် အဆိပ်များပြေကျသွားပြီး မျက်ရည်မဲ့သောအပြုံးနှင့် သူ့အား ကျေးဇူးတင်စွာ စိုက်ကြည့်နေသော မျက်နှာတို့ကို စွဲနေအောင် မြင်ယောင်နေမိသည်။

ကျောက်ခဲ ပြန်သွားပြီးနောက် ကျန်လူများက ကျောက်ခဲရဲ့ လိမ်မာရေးချားရှိပုံ၊ လူမှုရေးနားလည်ပုံ၊ သူ့အဖေရဲ့ မြွေအန်ကျောက်စွမ်းပုံ၊ ဒါ့အပြင် သူမွေးစားထားသည့် မျောက်ကလေးဖိုးစည် သိုင်းကစားတတ်ပုံ၊ အကတော်ပုံအကြောင်းများနှင့်အတူ ကျောက်ခဲ မြွေမကြောက်ပုံအကြောင်းအရာတို့အား ချဲ့၍၊ ကား၍၊ မွန်း၍ပြောဆို ချီးမွမ်းကြလေသည်။

"ဘာပဲပြောပြော ဒီကလေး လက်ထဲက မြွေအန်ကျောက်ကခင်ဗျားတို့ ပြောသလို မြွေအမြုတေပဲလား မသိဘူးဗျာနော်၊ ဒီကျောက်မြွေဆိပ်၊ ကင်းဆိပ်နိုင်တာတော့ လက်တွေ့ပဲဗျို့၊ ဒီကျောက်နဲ့သာ ဆေးကုစားရင် လူချမ်းသာနိုင်တယ်သိလား. . ."

ဆိုရလျှင် အဲဒီအချိန်ကစ၍ ခင်အေးညိုတစ်ယောက် ဘုန်းကြီးကျောင်းသားကျောက်ခဲကို ကျေးဇူးရှင်အဖြစ် လေးစားခဲ့ရသည်။ လေးစားရာမှ ခင်မင်ခဲ့ရသည်။ ခင်မင်ရင်းနှီး ဝင်ထွက်လာရာမှသည် သံယောဇဉ်များ





အမြစ်တွယ်လာကာ နောက်ဆုံး နှစ်ကိုယ့်တစ်စိတ် စွယ်တော်ရွက်ဘဝသို့ရောက်ခဲ့ကြလေသည်။

ခုတော့ ဝါသနာအရင်းခံဖြစ်နေသော သိုင်း၊ ဝန်တိုကိစ္စအလုပ်များနေ၍ ချစ်သူခင်အေးညိုအိမ်သို့ မရောက်တာ သုံးလေးရက်ရှိသွားခဲ့သည်။

ခါတိုင်း ညနေဘက်တိုင်း တစ်နေ့တစ်ခေါက်တော့ ချစ်သူမျက်နှာကို အဖူးရောက်ခဲ့သည်။ မနက်ဘက်ကျတော့ ဆွမ်းခံလိုက်ရင်း ခဏလေးမျှသာ တွေ့ရသည်ကိုး။ ညနေဘက်ကျတော့ အေးအေးဆေးဆေးတွေ့လို့ကရသည်။ အလုပ်ဝိုင်းကူရင်း ရင်ထဲက ချစ်စကားများကို အနီးကပ်တွတ်ထိုး၍ရသည်။

"ညို. . ."

သူမက နှုတ်ခမ်းစူ၍ နှီးကိုပဲ အာရုံစိုက်သင်နေသည်။

"ညို. . ."

ဒုတိယမ့်ခေါ်လိုက်ပြန်သည်။ လှည့်၍တောင်မကြည့်။ ဖြာပြီးသားနှီးများကို ဓားချွန်နှင့် အချောသပ်ပြီး စိတ်ကောက်ကြီးစွာ တစ်ဘက်သို့လှည့်လိုက်သည်။

"ညိုကလည်းကွာ. . ."

ဘယ်သူမှ မမြင်ရ၍ သူမအနီးတိုးကပ်လိုက်ပြီး ပခုံးလေးကို အသာဖက်လိုက်သောအခါ သူမက ပခုံးကို ဆောင့်၍ခါချလိုက်သည်။

"ဪ. . . ညိုက တို့ကို စိတ်ဆိုးနေတာလား၊ တို့ အလုပ်တွေ သိပ်များနေလို့ပါ ညိုရာ. . .၊ ညို့ကို အချိန်တိုင်း သတိရနေတာပါ၊ ဖြစ်နိုင်ရင် ညို့ကို တာနေခ္ယက္ခဘီလူးလို ရွှေကြုပ်ထဲထည့်ပြီး သွားလေရာ ယူသွားခေါ်ချင်တာပါ ညိုရာ"

"သိပ်အရေးကြီးနေတယ်ပေါ့ ဟုတ်လား. . ."

ခင်အေးညိုက မကျေမနပ်နှင့် လှည့်အော်လိုက်သည်။

"ညို. . . မသိပါဘူး. . ."

"ဟုတ်တာပေါ့ ဒီက ငနုံအေ အိမ်တွင်းပုန်းကိုး ဘယ်သိမှာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ သိုင်းဆရာကြီးသမီး ဘယ်သူတဲ့ အဲ. . . ဆည်း . . ဆာ. . . အဲ ဆည်းဆာဆိုတဲ့ မိန်းမနဲ့ ရေလေးသောက်လိုက်၊ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့လုပ်နေလို့ အချိန်မရတာပေါ့ ဟုတ်လား . .၊ ဟုတ်တယ်မဟုတ်လား ပြော''

ဩော် လက်စသပ်တော့ ဒီလိုကိုး။ ကျောက်ခဲတို့ ဗန်တိုဗန်ရှည်စခန်းမှာ အမျိုးသမီးဆို၍ မဆည်းဆာနှင့် မသုန်နှစ်ယောက်ပဲပါသည်။ မသုန်က အသားမည်းမည်း အရပ်ရှည်ရှည်မို့ထားတော့။ မဆည်းဆာက သိုင်းဆရာကြီး ဦးကျော်ဇေယျရဲ့ တစ်ဦးတည်းသော သမီး။ အချောအလှလေး။ အင်း ဒီမိန်းကလေးကလည်း သူ့ကို သံယောဇဉ်ကြီးရှာသည်။

သို့သော် သူက ကျေးရူးရှင်ဆရာသခင်ရဲ့သမီး။ သိုင်းဗန်တိုကစားဖက်မို့ နှမလေးလို သဘောထား ခင်တွယ်ခဲ့သည်။ မဆည်းဆာကတော့ ကစားဖော်များ ရှေ့မှာပင် အစ်ကိုအစ်ကိုနှင့် အမူအယာတွေပိုမှန်းရိပ် မိသည်။ ဒါတွေကို ခင်အေးညိုက မမြင်ရသော်လည်း တဆင့်စကားနှင့် ကြားကောင်းကြားနေရလိမ့်မည်။ ဒါကြောင့် သူ့အပေါ် စိတ်ဆိုးစိတ်ကောက်ဖြစ်နေပုံရ၏။

''ဟား . . ဟား . . ဟား . . ဟား . . ဒါကြောင့်ကိုး၊ မဟုတ်ရပါဘူး ညိုရာ. . .၊ ဒီကလေးမလေးက တို့များ သိုင်းကစားဖော် နှမလေးပါဟ၊ ကလေးရှိပါသေးတယ်၊ ဒီမှာကြည့်စမ်း ညို၊ တို့ရင်ထဲမှာ ဟောဒီ ညိုကလွဲရင် ခြေမနဲ့လက်မပဲ 'မ'ရှိတယ်။ ကျန်တဲ့ 'မ'ဆိုရင် ကျောက်တုံးကျောက်ခဲလို လေးမှာစိုးလို့ မ'မ'နိုင်ဘူးစိတ်ချ''

''သွားပါ. . . ခုမှ ပလီစိချောက်ချက် လာပိုမနေနဲ့၊ ဟွန်း မုန်းတယ်. . .''

ကျောက်ခဲက ချစ်သူရဲ့ပခုံးလေးကို အဘိုးကြီး အဘွားကြီးများမရှိခင် လှမ်းဖက်လိုက်သည်။ ခင်အေးညိုက အလိုက်သင့် ယိမ်းပါလာရာမှ အသာရုန်းလိုက်ပြီး . .

''အိနြေ္ဒရရနေစမ်းပါ. . . တော်ကြာ ဟိုလူဒီလူမြင်သွားမှဖြင့်''

''မြင်တော့လည်း နားဖောက်ပြီးသား ဖြစ်သွားတာပေါ့၊ အားနာ





စရာလုပ်လို့''

''ဟုတ်တာပေါ့. . . ရှင်က အလုပ်ကြီးအကိုင်ကြီးနဲ့ မိန်းမယူပြီးရင် ဝအောင်ကျွေးနိုင်နေပြီကိုး . . ဟွန်း . . ''

''အမလေး . . မယူပါနဲ့ ညိုရာ၊ တို့က အဖေ့လိုပဲ ကျောက်လည်းတူးနိုင်ပါတယ်၊ တောတက် ဝါးခုတ်ဝါးသယ်လည်း လုပ်နိုင်ပါတယ်၊ ဒီတောများ ကျွမ်းလွန်းလို့ မိန်းမတစ်ယောက်တင်မဟုတ်ဖါဘူး နှစ်ယောက်ကိုတောင် ဘယ်ညာထား အား . . အ. . . အ. . . အား . .''

''ကဲ. . . ကဲ. . . နှစ်ယောက်အုံး . . ကဲ. . .''

''အားလားလား . . နာတယ်ဟ မိညိုရ . . အမလေးဗျာ. . . အား . .''

ခင်အေးညိုက ကျောက်ခဲရဲ့ပေါင်တွင်းကြောကို တအားဆွဲလိမ်ဖြစ်လိုက်၍ ကျောက်ခဲ ချစ်သူရဲ့လက်ကို ဆုပ်ကိုင်ပြီး အော်နေရသည်။

''မှတ်ပြီလား . . ပြောအုံးမလား မယားနှစ်ယောက်ဆိုတဲ့စကား၊ ပြောစမ်း . . နောက်တစ်ယောက်က. . . ဘယ်ကမိန်းမလဲ. . . ပြော. . . ကဲ. . . ကဲ''

''အား . . အဲ. . . အဲ. . . ဟို. . . ဟို. . . ခင်. . . ခင်အေးညိုနှစ်ကိုယ်ခွဲကို ပြောတာပါဟ၊ လွှတ်ပါညိုရာ အသားပြုတ်တော့မယ်ကွ၊ အမလေး . . ကျွတ်. . . ကျွတ်. . . ကျွတ်. . . အား''

ကျောက်ခဲ နာလွန်း၍ ပေါင်ကိုပွတ်လိုက်ပြီး စုပ်သပ်နေရသည်။ သည်အခိုက် ခင်အေးညို၏အမေ ဒေါ်လှမေသည် ဝက်သားတွဲတစ်တွဲကိုင်ပြီး ဝင်လာတော့သည်။

''ဟဲ့. . . လူကလေး ကျောက်ခဲပါလား၊ ဘာဖြစ်လို့လဲဟဲ့. . . တကျွတ်ကျွတ်နဲ့''

''ခွေး . . ခွေး . . ဆွဲလိုက်လို့ ကြီးဒေါ်''

''ဟင်. . . ခွေးဆွဲလိုက်လို့. . . ဘုရားရေ . . ဘယ်ကခွေးလည်းဟဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကြိုအိမ်ကြား ချေးခြောက်ကောက်စားနေတဲ့ ခွေးညိုမကြီး ဒေါ်. . . လူကို အစာမှတ်ပြီး ငတ်ငတ်နဲ့ လှမ်းဟပ်လိုက်တာ. . ."

"ဖြစ်မှဖြစ်ရလေ လူလေးရယ်. . . ခွေးရူးများဖြစ်နေရင် ဒုက္ခပဲ တော်ကြာ အဆိပ်ပိုး ပျံ့နေအုံးမယ်. . . လူကလေးရဲ့ မြွေအန်ကျောက် အမြန်သွေးလိမ်း သောက်လိုက်လေ. . . မြန်မြန်လုပ်"

"ကိစ္စမရှိပါဘူး ကြီးဒေါ်၊ ကျွန်တော် ဒီခွေးစုတ်မကို ဒဏ်ပြန်ခတ်မယ်"

ဒေါ်လှမေ စိုးရိမ်ပူပန်ဟန်နှင့် အနီးမှရပ်၍ ရင်ဘတ်ဖိ ကြည့်နေရှာသည်။

"ပြစမ်း ဒဏ်ရာများသလား"

"မများပါဘူး ခင်ဗျ. . . ခြစ်မိရုံပါ၊ ခွေးက အစွယ်တုံး အိုနာကြီးပါ. . ."

ခင်အေးညို အမေရှိနေ၍ အံကြိတ်ပြီး အသာ သည်းညည်းခံနေလိုက်သည်။ သူမကို သူ ခွေးညိုမ၊ ခွေးအိုမနှင့်နှိုင်း၍ စောင်းမြောင်းတွယ်နေမှန်း သူမသိသည်။ သင်းကို နောက်ထပ် သည့်ထက်နာအောင် လိမ်ပြစ်လိုက်ချင်နေသည်မှာ အသည်းကို ကျလိကျလိ ဖြစ်နေသည်။ အရေးထဲမှ သူ့သမက်လောင်းကို တကယ်မှတ်၍ အစိုးရိမ်ပိုနေလိုက်သေး၏။ သည်းသည်းလှုပ် ဖြစ်နေလိုက်သေး၏။ ဟွန်း–

"ဟဲ့. . . ခင်အေးညို ရေနွေးလေးနဲ့ ဖန်ရေဆေးပေးဖို့ လုပ်မပေးဘူးလား"

"သေ သေ. . . အမေ"

"ဟေ. . . ညီးက ဘာလို့ သေသေခိုင်းနေရတာတုန်း"

"အိမ်ကြိုအိမ်ကြား၊ လမ်းကြိုလမ်းကြား၊ မြောင်းကြိုမြောင်းကြား အလေလိုက် လျှောက်သွားမှတော့ ကိုက်တာတောင်နည်းသေး"

"ဟယ်. . . အကျိုးနည်းကုန်မှဖြင့် ခင်အေးညိုရယ်"





"အိန္ဒြေမရဖြစ်နေတာကိုး အမေရဲ့"

"ကိုင်း . . . ကိုင်း . . . လူကလေး၊ ကိုယ့်ဆေးနဲ့ကိုယ်သာ ကုပေတော့၊ အညှော်မခံနဲ့နော်၊ အသုဘအိမ်မသွားနဲ့၊ အချဉ်မစားနဲ့၊ အနာမယုင်းအောင် ဂရုစိုက်ကွယ့်. . . ကြီးဒေါ်. . . ဟင်းကိုင်လိုက်အုံးမယ် အင်း ဒုက္ခ ဒုက္ခ၊ ခွေးလေခွေးလွင့်များကလည်း သောင်းကျန်းလွန်းပါဘိတော် အားတိုင်း ယားတိုင်း ခွေးတွေမွေး မွေးလို့ပေါက်လို့ မကျွေးနိုင်တော့ ခွေးလေခွေးလွင့်ဖြစ် အိမ်ဘကကာ၊ ခြံတကာ၊ ကျောင်းတကာ လိုက်ရှာစား ကြက်ကိုက်၊ လူကိုကိုက်လုပ်၊ အရပ်ထဲ ပြောမယ့်လူမရှိဖြစ်နေကြတာကိုးကွယ့်"

ဒေါ်လှမေက တကယ်မှတ်ပြီး ဗျစ်တောက်ဗျစ်တောက်ပြောရင်း ဝက်သားတွဲနှင့် အိမ်နောက်ဖေးသို့ ဝင်သွားတော့၏။ အမေ အိမ်နောက်ဖေး ဝင်သွားတော့မှ ခင်အေးညို လက်ထဲမှ နှီးသပ်နေသည့် ခါးကို ချလိုက်ပြီး ကျောက်ခဲရဲ့ ဗိုက်တွင်းသားကို အားရပါးရ ဆွဲလိမ်လိုက်သည်။

"အား . . . အဲ. . . အဲ. . . အ. . . အ"

"ကိုင်း . . . မှတ်ထား . . . ခွေးလေခွေးလွင့်လေ မှတ်ပလား၊ မှတ်ပလား"

"အား . . . အ. . . အ. . ."

"ရှူး . . . ရှူး . . ."

ခင်အေးညို 'ရှူး' ဟုပြောရင်း ဗိုက်သားကို ကြိတ်၍လိမ်သည်။ ကျောက်ခဲက အာဘွားကြီးကြီးမှာစိုး၍ အသံထွက်မအော်ရဲ၊ ပါးစပ်ကို လက်ဝါးဖြင့်အုပ်၍ ဝဋ်ရှိသမျှ ကြိတ်ခံနေရသည်။ ချစ်သူရဲ့ ဒဏ်ပေးချက် ကျေနပ်လောက်မှ. . . ချစ်သူလက်ကို အုပ်ကိုင်လိုက်ကာ ကိုင်းကျလာသည့် ညာဘက်ပါးလေးကို ရွတ်ခနဲ နမ်းပစ်လိုက်သည်။

"ဟင်"

ဒီတော့မှ ခင်အေးညို ကြောင်၍ လက်ကိုလွှတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ သူ့ပါးသူကိုင်ပွတ်ရင်း ကြောင်ကြည့်နေစဉ် အလစ်မှာ ကျန်ပါးတစ်ဖက်ကိုပါ နမ်းလိုက်ပြီး ထိုင်ရာမှ လစ်ပြေးလာလိုက်သည်။ ခပ်လှမ်းလှမ်းရောက်မှ နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ချစ်သူခင်အေးညိုသည် သူမရဲ့ ပါးနှစ်ဖက်ကို သက်ဝါးနဲ့ပွတ်ပြီး သူ့ကို ပြုံးပြုံးကြီး စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၍ သူ့ရင်ခုန်သံများ ငြိမ်ကျသွားခဲ့သည်။

``ကျေးဇူးပဲနော် ညို...၊ နောက်နေ့လည်း ဒီလိုပဲ နှုတ်ဆက်မယ် သိလား``

``ဟိုး``

``အမလေး``

ပြောနေတုန်းရှိသေးသည် ချစ်သူခင်အေးညိုထံမှ ဝါးဆစ်ခွက်တစ်ခုသည် လေထဲမှ ခုန်ပျံဝေ့ဝဲ၍ သူ့ထံသို့ စိုက်စိုက်မတ်မတ် လာနေရာ သူ ပုဆိုးမပြီး တစ်ချိုးတည်း လစ်ပြေးခဲ့ရတော့သည်။

ကျောက်ခဲ မျက်စေ့အောက်က ပျောက်သွားတော့မှ ခင်အေးညို နွေးပြီးကျန်ရစ်ခဲ့သည့် ပါးအစုံကို လက်နှင့် ဖွဖွလေးပွတ်ရင်း ရင်တွေတလှပ်လှပ်ဖြစ်နေမိ၏။

ခုတော့ သူမရဲ့ ပါးကျောက်ပဥ္စမှာ ချစ်သူရဲ့ အနမ်းသနပ်ခါး တောက်စင်ခဲ့ပြီ။ သူမ ကြည်နူးနှစ်လိုစွာ ပြုံးလိုက်သည်။ သည်အပြုံးသည် ကမ္ဘာနိုင်ကျည်အောင် တည်မည့်အပြုံး။

♛ ♛ ♛





## သပိတ်ရောင်လူမည်းကြီး ဦးကျိုးနက်

တစ်နေ့သောနေ့လည်ခင်း၌ ဘုရားကုန်း ဓမ္မပါလဘုန်းကြီးကျောင်းသို့ သပိတ်အနက်အရောင်အလား လွန်စွာ အသားနက်ကြုတ်လှသည့် အရပ်မြင့်မြင့် နှုတ်ခမ်းမွေးကားကားနှင့်လူကြီးတစ်ဦး ရောက်ရှိလာခဲ့သည်။ လုံ့တစ်ကိုယ်လုံး မွေးဟာဆိုလို့ သွားပဲရှိ၏။ သူ့လက်ထဲမှာလည်း စားစရာ လှူဖွယ်ပစ္စည်းများ ပါလာသည်။

သူသည် ဘုန်းကြီးကျောင်းသားတစ်ဦးကို တစ်စုံတစ်ခု လှမ်းမေးပြီး ဘုန်းကြီးကျောင်းသား လမ်းညွှန်လိုက်သည့်အတိုင်း ကျောင်းပေါ်သို့ တက်လာလိုက်သည်။ သည့်နောက် တရားစာအုပ်ဖတ်နေသည့် ဆရာတော်ကြီး ဦးစန္ဒိမာကို ရိုသေစွာ လက်အုပ်ချီ၍ သုံးကြိမ်ဦးချလိုက်သည်။

ဘုန်းတော်ကြီးသည် လွန်စွာ အသားမည်းနက်ကြုတ်လှသည့် လူမည်းကြီးကို ထူးဆန်းစွာစိုက်ကြည့်ရင်း–

``ဒကာကြီးက ဘယ်ကတုန်း၊ တစ်ခါမှ မမြင်ဖူးပါလား``

``မှန်ပါ့... သုံးခွမြို့ဘက်ကပါ ဘုရား၊ ဒီမြို့ကို အလည်ရောက်နေတာ မကြာသေးပါဘူး ဘုရား``

``နာမည်ရော ဘယ်လိုခေါ်သတုန်း``

``ဦးကျိုးနက်လို့ခေါ်ပါတယ် ဘုရား``

``အိမ်း... အိမ်း... နာမည်နဲ့ အသားနဲ့လိုက်ဖက်ပါပေ့ဗျာ``

သို့ကလို မိန့်လိုက်၍ ဦးကျိုးနက်ဆိုသူ လူမည်းကြီးက ဖြူဖွေးသောသွားများ အားလုံးပေါ်လာအောင် ရယ်လိုက်သည်။ သူရယ်တော့ ဘုန်းတော်ကြီးက ရော၍ရယ်လိုက်၏။

``ဒီမြို့ကို ရောက်ခိုက်မှာ ကျိုက်ခေါက်စေတီလည်း ဖူးချင်၊ အရှင်ဘုရားကိုလည်း ဝတ္ထုပစ္စည်းများ လှူချင်၊ သိချင်တာလေးများလည်း ရှိတာနဲ့ ရောက်ခဲ့တာပါ ဘုရား၊ ဒါ အရှင်ဘုရားအတွက် လှူတာပါဘုရား``

ဦးကျိုးနက်က ပါးစပ်ကပြောရင်း နို့ဆီ၊ သကြား၊ ငါးသေတ္တာ၊



www.burmeseclassic.com

www.burmeseclassic.com



ထန်းလျက် စသည့်ပစ္စည်းများကို ဘုန်းတော်ကြီး ဦးစန္ဒိမာအား ကပ်သည်။ ဤပစ္စည်းများက လူ့အထက်တန်းစားများသာ တတ်နိုင်သည့် ပစ္စည်းများဖြစ်၏။

ဘုန်းတော်ကြီးက ပစ္စည်းများကို တို့ထိပြီး ဆုမွန်ကောင်းများ ချီးမြှင့်သည်။ လူမည်းကြီး ဦးကျီးနက်ကလည်း ပျပ်ဝပ်စွာ ရိုကျိုးရင်း ဆုပေးသံကို နာခံလျက်ရှိသည်။

"ဒါနဲ့ . . . ဒကာကြီးက သိချင်တာလည်း ရှိတယ်လို့ဆိုတယ်။ ကဲ. . . ကဲ. . . ဘာများသိချင်တာတုန်းဗျာ"

"မှန်လှပါ. . . ဒီလိုပါဘုရား. . . တပည့်တော်တို့ရဲ့ မူလဇာတိက မြစ်ဝကျွန်းပေါ်ကပါဘုရား။ အဲ့ဒီကမှ လုပ်ငန်းကိစ္စနဲ့ သုံးခွမြို့ကို ရောက်ခဲ့တာပါဘုရား။ ဒီမြို့မှာလည်း အသိမိတ်ဆွေရှိလို့ ခဏတည်းနေတာပါ။ ဒီမြို့ရောက်တော့ ကျိုက်ခေါက်ဆံတော်ရှင်ရဲ့ အံ့ဖွယ် သမိုင်းနောက်ခံကို ကြားသိရသလို၊ ဒီဘုရားစေတီဝန်းကျင်မှာ ရှေးခေတ်စာဆိုတော်ကြီး ရတုဘုရင် နတ်သျှင်နောင်နှင့် စာဆိုဝန်ကြီး ပဒေသရာဇာတို့ရဲ့ အုတ်ဂူနှစ်ခုရှိကြောင်း ကြားရပါတယ်ဘုရား။ အဲဒါ. . . အမှန်ပါပဲလားဘုရား"

"အင်း. . . သမိုင်းအဆိုအရ အမှန်ပါပဲ ဒကာကြီး။ ဒကာကြီး တစ်ခါမှ မမြင်ဘူး မရောက်ဖူးဘူးလား. . ."

"မှန်ပါ. . . မမြင်ဘူး မရောက်ဖူးပါဘုရား. . ."

"ကိုင်း. . . ဒါဆို ကျုပ် အခုပဲ လိုက်ပြမယ်ဗျာ. . .လာ"

ဘုန်းတော်ကြီး ဦးစန္ဒိမာက ကုလားထိုင်မှ ကြွလိုက်ပြီး ရှေ့ဆောင်ကာ ဓမ္မပါလကျောင်းခေါင်းရင်းမှသည် တစ်ခေါ်ခန့်ဝေးသည့် ကျိုက်ခေါက်စေတီမြောက်ဘက်စောင်းတန်းသို့ ထွက်လာခဲ့လိုက်ကြသည်။

ခပ်လှမ်းလှမ်းမှ အုတ်ဂူကြီးတစ်လုံးကို ချုံနွယ်ပိတ်ပေါင်းများ အုပ်လျက် တွေ့မြင်နေရသည်။ ဆရာတော်ကြီးက ဒီအုတ်ဂူက စာဆိုဝန်ကြီး ပဒေသရာဇာရဲ့ အုတ်ဂူပဲဟု မိန့်ရင်း ကျိုက်ခေါက်ဘုရား မြောက်ဘက်စောင်းတန်းအနီးရှိ ရေညှိများတက်နေသော အုတ်ဂူတိုက်တစ်ခုရှိရာသို့ ဦးကျီးနက်





ကို ခေါ်သွားခဲ့သည်။

"အဲဒါ ဒကာကြီးတွေ့ချင်တဲ့ စာဆိုရှင် ရတုဘုရင် နတ်သျှင်နောင်ရဲ့ အရိုးအိုးတိုက်စေတီပဲဗျ"

"ဩော်. . . ဒါ ရတုဘုရင် နတ်သျှင်နောင်ရဲ့ အရိုးအိုးတိုက်စေတီကိုး"

အရိုးအိုးတိုက်စေတီကား ကုန်းတစ်ခုပေါ်မှာရှိ၏။ ၎င်းကုန်းပေါ်၌ မှန်ပေါက်များပါသော အတွင်းလှေကားနှင့် တိုက်စေတီကို မြင်ရသည်။ အပေါ်ပစ္စယံ ထီးတော်ဖောင်းရစ် ငှက်ပျောဖူးများကား ပြိုကျမြေခဲ့၍ တုံးတိကြီးဖြစ်နေ၏။ ကြီးမားရှည်လျားလှသည့် ရှေးခေတ်အုတ်ချပ်များလည်း ပြုကွဲအန်ထွက်နေကြ၏။ နဂိုမူလအတိုင်းသာရှိလျှင် အတောင်သုံးလေးဆယ်ခန့် မြင့်လေမလားမသိ။

အနီးပတ်ဝန်းကျင်မှာလည်း ဂဝံကျောက်လှေကား အဆင့်ဆင့်ရှိနေဆဲဖြစ်သည်။ ၎င်းအနီးမှာ ရေကန်တစ်ခုကိုလည်း တွေ့ရသည်။ မင်းနန္ဒာရေကန်ဟုဆို၏။

"ဒကာကြီး ဒီနတ်သျှင်နောင်ရဲ့ အရိုးအိုးစေတီ နောက်ခံသမိုင်းရော. . .၊ သိရဲ့လား. . ."

"သိပ် စုံစုံစေ့စေ့တော့ မသိပါဘူးဘုရား။ အရှင်ဘုရားသိရင် အမိန့်ရှိတော်မူပါဘုရား"

"အိမ်း. . . မြန်မာလူမျိုးများအနေဖြင့် ယခုအချိန်မှာ ကိုယ့်ရာဇဝင်သမိုင်းကို သိနေဖို့လိုတယ် ဒကာကြီးရဲ့၊ ဒီလိုဗျ ဒကာကြီးတို့ အနောက်ဘက်လွှမ်းမင်းလို့ ခေါ်ခေါ်နေတဲ့ အင်းဝမင်း မဟာဓမ္မရာဇာဟာ မြန်မာနိုင်ငံတစ်ဝန်းကို ကျူးကျော်နယ်ချဲ့ဖို့ စိုင်းပြင်းနေတဲ့ သန်လျင်မြို့စား ပေါ်တူဂီဗိုလ်မှူး ဖွန်ကာကူခေါ် ဖိလစ် ဒီဗရစ်တိုရဲ့ အရေးကို ချေမှုန်းဖို့ မြန်မာပြည်အဝှမ်းကို သိမ်းသွင်းစည်းရုံးနေ ချိန်ပေါ့. . .၊ မြန်မာသက္ကရာဇ် (၉၇၄)ဝန်းကျင်မှာ အင်းဝမင်း မဟာဓမ္မရာဇာ (အနောက်ဘက်လွှမ်းမင်း)ဟာ ပြည်မြို့ကိုသိမ်းတယ်. . .၊ နောက် တောင်ငူ ရွှေနန်းကို စည်းရုံးခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



တောင်ငူဘုရင် နတ်သျှင်နောင်က လက်မခံ မပူးပေါင်းနိုင်သည့်အတွက် အင်းဝမင်း ဓမ္မရာဇာက တောင်ငူကို တိုက်ခိုက် သိမ်းပိုက်ပြီး တောင်ငူဘုရင် နတ်သျှင်နောင်ကို မြို့စားပြန်ခန့်ခဲ့တယ်၊

အဲဒီ သက္ကရာဇ် (၉၇၄)ခုနှစ်မှာပဲ သန်လျင်စား ဒိဗရစ်ကိုနဲ့ မုတ္တမစား ဗညားဒလတို့က ရေကြောင်း၊ ကြည်းကြောင်းနဲ့ တောင်ငူကို ချီလာခဲ့ကြတယ်၊ အကြောင်းက အင်းဝမင်း မဟာဓမ္မရာဇာရဲ့ သြဇာခံ၊ လက်အောက်ခံဘဝကို တောင်ငူမင်း နတ်သျှင်နောင်က မနေလိုလို့ 'ကြက်ရိုးပင်စား' ကို စာနဲ့စေပြီး ပေါ်တူဂီတပ်များကို လာကူလှည့်ပါလို့ အကူအညီတောင်းတာနဲ့ လာတိုက်ကြတာလို့ နောက်ပိုင်းစစ်မေးရင်း သိရတယ်၊

ပြောရရင်တော့ နယ်ချဲ့နဲ့ နယ်ချဲ့အားကိုးသူများ ပူးပေါင်းလုပ်ကြံမှုကြောင့် တောင်ငူမြို့ပျက်ပြီး နတ်သျှင်နောင်နဲ့ အခွေအရံ ဥစ္စာပစ္စည်းများကို ဇေင်ကာက သန်လျင်သို့ ယူဆောင်သွားခဲ့တယ်. . .၊ ဒီအကြောင်း အင်းဝမင်း မဟာဓမ္မရာဇာကြားတော့ ရေကြောင်း၊ ကြည်းကြောင်းနဲ့ ချီလာပြီး သန်လျင်ကို ရက်ကြာရှည်စွာ တိုက်ခိုက်ဝိုင်းရံ လုပ်ကြံတော့မှ သန်လျင်မြို့နှင့်တကွ ဇေင်ကာနဲ့ နတ်သျှင်နောင်အရေးကို အောင်မြင်ခဲ့ကြတယ်၊

ဒီမှာ ကျုပ်တို့မြန်မာရှင်ဘုရင်မင်း အင်းဝမင်းက ဘုယ်လောက်များ ညှာတာစိတ် ရှိသလဲဆိုရင် ဒီဗရစ်တိုခေါ် ဇေင်ကာကို အသနားခံ၍ အမှားကို ဝန်ခံတောင်းပန်လျှင် အသက်မှ ချမ်းသာပေးမည်လို့ ဆိုသည့်တိုင် ပေါ်တူဂီ ဇေင်ကာက အရှင်မင်းကြီး လက်သို့ရောက်ပြီး ပြုလိုရာပြုပါ တောင်ငူမင်းနှင့် သစ္စာရှိသဖြင့် သေလည်းအတူ၊ ရှင်လည်းအတူ ဖြစ်လိုသည်လို့. . . လျှောက်သည့်အတွက် သူ့ကို မိစ္ဆာဒိဋ္ဌိ လုပ်ရပ်များဖြစ်သော ဘုရားပုထိုးများ ဖျက်ဆီးသူဖြစ်သည့် အားလျော်စွာ သန်လျင်မြို့လည်ခေါင်မှာ တံကျင်လျှိုပြီး ကွပ်မျက်စီရင်ခဲ့ရတယ်၊

တောင်ငူဘုရင် နတ်သျှင်နောင်ကိုလည်း စစ်ဆေးမေးမြန်းပြီးနောက် ကုလားကျွန်ခံသည်လို့ အထင်တော်များ အမျက်တော်ရှုပြီးဖြစ်သည့်အတွက် အပြစ်အလျောက် ကွပ်မျက်တော်မူခဲ့တယ်၊ သည့်နောက်. . . တောင်ငူမြို့





စား နတ်သျှင်နောင်ရဲ့အလောင်းကို မင်းရဲကျော်ထင်ရဲ့ မေတ္တာရပ်ခံချက်အရ ကောင်းမွန်စွာ သဂြိုလ်ပြီး အရိုးပြာကို အိုးနဲ့ထည့်လို့ မင်းကြီးရဲ့ခွင့်ပြုချက်အရ ကျိုက်ခေါက်စေတီတော် အောက်ငုံပြင် မြောက်ဘက်မုခ်စောင်းတန်း ဒီနေရာမှာ တိုက်စေတီတည်ပေးခဲ့တယ်၊ ဆွေတော်မျိုးတော်များကလည်း ဘုရားဓာတ်တော် ဆင်းတုတော်များကို အထက်တိုက် ဌာပနာခန်းမှာ ဝိုင်းဝန်းထည့်ကြပြီး အရိုးအိုးစေတီ တည်ခဲ့တယ်လို့ မှန်နန်းရာဇဝင်၊ သန်လျင်ရာဇဝင်နဲ့ မြန်မာ့ရာဇဝင်တို့မှာ ဖော်ပြထားပါတယ် ဒကာကြီး''

(ကျမ်းကိုး။ ။ သမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးသမိုင်း။ စာမျက်နှာ (၂၂)၊ အခန်း(၁၁)၊ ဦးဘသန်း (ဘီအေ) ကျောင်းသုံး မြန်မာရာဇဝင်၊ စာမျက်နှာ ၂၃၉၊ ၂၄၀၊ ၄၂၁၊ ၂၄၂ နှင့် မှန်နန်းရာဇဝင်)

''မှန်ပါ့ဘုရား. . . သမိုင်းရာဇဝင်မှာ အစဉ်အဆက်အတွက် သင်ခန်းစာယူစရာများပါပဲ ဘုရား. . .''

''ဒါပေါ့ ဒကာကြီးရယ်၊ ကိုယ့်လူမျိုးကို မလေးစားဘဲ၊ အားမကိုးဘဲ၊ အရိအသေမပေးချင်ဘဲ နိုင်ငံခြားသား လူမျိုးခြားကိုမှ အထင်ကြီး အားကိုးကြရင် တစ်နေ့ ဒီလိုပဲ ဖြစ်ကြရမှာပဲ၊ ဒါ သမိုင်းရာဇဝင်က ပေးခဲ့တဲ့ သင်ခန်းစာပါပဲ. . .၊ နောင်းလူများ အစဉ်သတိပြုကြဖို့ အမှတ်တရ သင်္ကေတပဲပေါ့. . . လာ. . . ဒကာကြီး. . .၊ ဟိုးရှေ့ကဟာက စာဆိုဝန်ကြီးပဒေသရာဇာရဲ့ အရိုးအိုး အုတ်ဂူပဲ သွားကြစို့. . .''

သို့နှင့် ဦးကျိုးနက်သည် ဘုန်းတော်ကြီး ဦးဝန္နိမာ၏ဦးဆောင်မှုနောက်မှ လိုက်လာခဲ့လိုက်သည်။ ရှေ့ဘက်မြေပြင်တောခြုံစပ်မှာ ခြုံနွယ်များ ရစ်သိုင်းနေသည့် အုတ်ဂူတစ်ခုကို တွေ့မြင်ရသည်။ အထဲသို့ဝင်လိုက်သောအခါ အတွင်းမှာ ပြိုကျနေသည့် အုတ်လိုဏ်ဂူကို မြင်လိုက်ရသည်။ အတွင်းအပြင် နံရံများ ပြိုကျကျိုကျနေ၏။

''ဒါက ဝန်ကြီးပဒေသရာဇာရဲ့ အရိုးအိုးအုတ်ဂူပဲ ဒကာကြီးရဲ့၊ သမိုင်းကြောင်းအရ ပြောရရင် သက္ကရာဇ် (၁၁၀၉)ခုနှစ်မှာ အင်းဝမင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆင်ဝန်ဟောင်း ဗညားဒလသည် ဟံသာဝတီမှာ အကြီးအကဲဖြစ်ခဲ့တယ်တဲ့၊ သက္ကရာဇ် (၁၁၁၃)ခုနှစ် နှောင်းတန်ခူးလဆန်း (၈)ရက်နေ့ ဗုဒ္ဓဟူးနေ့မှာ အင်းဝနေပြည်တော်ကို ဝိုင်းဝန်းလုပ်ကြံကြလို့ အင်းဝရွှေနန်းရှင် မဟာဓမ္မရာဇာဓိပတိ ဟံသာဝတီကို ရောက်ခဲ့ရတယ်၊ နှောင် သမိုင်းမှာ ဟံသာဝတီရောက် မင်းလို့ အမည်တွင်ခဲ့ရသပေါ့၊ သူ့နောက်ပါများလည်း အဖျားထင်းဖြစ်ပြီး ပါကြတာပေါ့''

အဲဒီမှာ မင်း အမှုထမ်းကောင်းဖြစ်တဲ့ 'တောင်ငူမင်းရာဇာ''က ဟံသာဝတီသားတို့ ဆောင်ယူရာက ထွက်ပြေးလွတ်မြောက်ခဲ့တယ်ဗျ၊ သူဟာ မိမိအရှင်သခင်ကို ပြန်တိုက်ရယူဖို့ ကြိုးစားနေဆဲမှာ မကျန်းမာဖြစ်ပြီး ကွယ်လွန်ခဲ့ရတယ်၊ အရှင်သခင် ကျေးဇူးသစ္စာစောင့်သိပုံကို ကြားဖြတ်ပြောရတာပါ။

ရွှေနန်းရှင်နှင့်တကွ၊ မိဖုရား သားသမီး၊ ဆွေမျိုး မှူးမတ်၊ သူဌေးသူကြွယ် လူတစ်ရာကျော် သန်လျင်မှာ သုံ့ပန်းအဖြစ်နားနေစဉ် ရွှေနန်းရှင်ရဲ့ ဝန်ကြီးလည်းဖြစ်၊ စာဆိုတော်ကြီးလည်းဖြစ်တဲ့ ဝန်ကြီးပဒေသရာဇာဟာ ဒူလာသွေးဝမ်းရောဂါဖြစ်လို့ သန်လျင်အကောက်ဝန်က တာဝန်ယူပြီး ဆေးကုသပေးခဲ့ရတယ်။ အဲဒါ ကျိုက်ခေါက်ဆရာတော်ကျောင်းမှာ တည်းခိုပြီး ကုသရတာတဲ့။ သက္ကရာဇ် (၁၁၁၄)ခုနှစ်မှာ ကဆုန်လပြည့်ကျော် (၈)ရက်နေ့ကစလို့ ရောဂါသက်သာစပြုလာနေသော်လည်း သက်တော်ကကြီးရင့်လာပြီဖြစ်သည့်အတွက် သက္ကရာဇ် (၁၁၁၆)ခုနှစ် ကဆုန်လပြည့်ကျော် (၃)ရက်နေ့မှာတော့ ကျိုက်ခေါက်ဆံတော်ရှင်ကို သည်းထန်သောရောဂါဝေဒနာနဲ့ ဦးခိုက်ကန်တော့လို့ စာဆိုဝန်ကြီးပဒေသရာဇာ ခမျာကွယ်လွန် အနိစ္စရောက်သွားခဲ့ရတယ်၊ အဲဒီနောက် သူ့ရဲ့အရိုးအိုးကို အခုနေရာမှာ တိုက်စေတီလုပ်ပြီး တည်ထားခဲ့တာပါပဲ. . . ဒကာကြီး . .''

''မှန်ပါဘုရား. . . တပည့်တော်ကတော့ ဝန်ကြီးပဒေသရာဇာကို သိတာက၊ ဆင်းရဲသားဘဝ လယ်သမား၊ ရေတံငါ၊ ထန်းသမားဖွဲ့တျာချင်းများနဲ့ လေးစားခဲ့ပါတယ် ဘုရား . .''





''ဟုတ်တာပေါ့ဗျာ တျာချင်းစာဆို ဆင်းရဲသားဘဝ သရုပ်ဖော်ကဗျာစာဆို စစ်စစ်ကြီးပါပဲ၊ တကယ် နှလုံးသားလှသူကြီးပါ၊ ဒီမြို့မှာ ဂန္ထဝင်စာဆိုရှင်နှစ်ဦးရဲ့ အရိုးအိုးအုတ်ဂူနှစ်ခု အထင်အရှား ရှိနေတယ်၊ သို့သော် သူတို့ရဲ့ နောက်ခံသမိုင်းကတော့ ထူးခြားစွာ ကွဲပြားခြားနားကြတယ်၊ နောင်လာ နောင်သားများအတွက် သမိုင်းသုတေသန လုပ်စရာ၊ လေ့လာစရာ၊ ဝေဖန်သုံးသပ်စရာချည်းပဲပေါ့ ဒကာကြီးရယ်''

(ကျမ်းကိုး။ ။ ဆံတော်ရှင် ကျိုက်ခေါက်ဘုရားသမိုင်း စာမျက်နှာ (၄၂)၊ ဦးဘသန်း (ဘီအေ) ကျောင်းသုံး မြန်မာရာဇဝင် စာမျက်နှာ (၂၂၆))

''မှန်လှပါဘုရား အရှင်ဘုရားရှင်းပြမှ ပိုပြီးလေးနက်တဲ့ သမိုင်းရာဇဝင်ဖြစ်စဉ်ရဲ့ ဘဝအရသာစုံကို ခံစားနားလည်ရပါပြီဘုရား . .''

''သန်လျင်မြို့ဆိုတာကလည်း ရှေးမင်းဆက် (၆)ဆက်နဲ့ တည်ခဲ့တဲ့ ဂန္ထဝင်မြို့ ဂမ္ဘီရမြို့ကြီးပဲ ဒကာကြီး၊ သထုံမင်း စူဠသီရိမာသောကနဲ့ ခေါလကရသေ့တို့ အစအဦးပြုတည်ခဲ့သော ကျိုက်ခေါက်စေတီပဲ၊ တစ်ခါ သထုံရာဇဝင်အရ မွန်မင်း (၁၈)ပါးတို့ ကျိုက်ခေါက်စေတီတော်ကို ဆက်လက်လက်ဆင့်ကမ်း ပြုပြင်ခဲ့ကြဖူးတယ်''

အဲဒီနောက် သန်လျင်မင်း (မောင်သန်လျင်)မှ အစပြုပြီး အနော်ရထာမင်း၊ ပုဂံမင်းအထိ မြန်မာမင်းဆက်ပေါင်းများစွာတို့က မွန်းမံပြုပြင်ခဲ့လိုက်ကာ အခု ဖူးမြင်ရတဲ့ အတိုင်းပါပဲ ကိုင်း. . . ဒကာကြီး. . . ဘာများသိချင်ပါသေးသလဲ. . .''

သူတို့နှစ်ဦး ပဒေသရာဇာ အုတ်ဂူမှပြန်လာပြီး မြောက်ဘက်စောင်းတန်းမှာ ခဏထိုင်နားကြသည်။

''မှန်ပါ အရှင်ဘုရားနဲ့ ကြုံတွေ့ရင်းနှီးရတာ များစွာ ဗဟုသုတများ ရရှိပါတယ်ဘုရား၊ ဒါနဲ့ တပည့်တော် ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်ပြီး အထူးသိချင်နေတာလေး တစ်ချက်ရှိနေပါသေးတယ် ဘုရား . .''

''ဘာများပါလိမ့်ဒကာ. . .''



www.burmeseclassic.com

www.burmeseclassic.com



``အရှင်ဘုရားကျောင်းမှာ မောင်ကျောက်ခဲဆိုတဲ့ ဘုန်းကြီးကျောင်းသားလေးတစ်ယောက် ရှိကယ်မဟုတ်လား ဘုရား . .''

``အိမ်း ရှိပါ့ . . ဘာဖြစ်လို့ . . .''

``အဲဒီကလေးနဲ့ ဘုန်းဘုရားနဲ့ ဘယ်လိုများ တော်စပ်ပါသလဲ ဘုရား''

``ဘုန်ကြီးနဲ့ဆို တူသားတော်စပ်ပါတယ်၊ အကြောင်းရှိလို့လား ဒကာကြီး''

``မှန်ပါဘုရား ဖြစ်နိုင်ရင် ဒီကလေးရဲ့ဘဝနောက်ကြောင်းကို ပြောပြနိုင်ပါသလားဘုရား . .''

``အရေးကြီးလို့လား . .၊ ဘာအကြောင်းကိစ္စများ ကြောင့်ပါလိမ့်ဗျာ''

``မှန်ပါ . . တစ်နေ့ သူ့အတွက် တန်ဘိုးမဖြတ်နိုင်တဲ့ အရေးကြီးစရာအကြောင်း ရှိလာနိုင်လို့ပါဘုရား . .''

``ရာဇဝတ်ဘေးများရှိလား ဒကာရယ် . .''

``မဟုတ်ပါဘူးဘုရား၊ ဒါ လုံးဝမရှိပါဘူး၊ သူ့ရဲ့နောင်ရေး အကျိုးအတွက်ပါဘုရား၊ သူ့ဘဝ နောင်ကောင်းစားရေးအတွက်ပါ၊ တပည့်တော် စုံစမ်းကြားသိရသမျှ ပြောရရင် သည်ကလေး မောင်ကျောက်ခဲသည် လွန်ခဲ့သည့် (၁၈)နှစ်ခန့်လောက်က ကျိုက်အင်းဘုရားစေတီအနီး ရွာအဝင်လမ်းဦးမှာ တစ်စုံတစ်ယောက်က အကြောင်းကြောင်းကြောင့် စွန့်ပစ်ခံခဲ့ရတယ်၊ အဲဒီမှာ ဂဝံကျောက်တူးသမား လင်မယားနှစ်ဦးက ကောက်ယူတွေ့ရှိပြီး မွေးစားခဲ့တယ်လို့ သိရှိရပါတယ်၊ အဲဒါ အမှန်ပါပဲလား ဘုရား . .''

ဘုန်းတော်ကြီးသည် ထူးဆန်းသော အသားနက် လူမည်းကြီးဦးကျီးနက်၏ မေးမြန်းသိရှိနေမှုများကို အံ့သြ၍သွားခဲ့သည်။ အသားနက်ကြီး ပြောသည့်စကားများက အားလုံးမှန်ကန်နေသည်။ ဘုန်းကြီး၏တူတော်မောင် မောင်ကျောက်ခဲသည် ရက်သားကလေး အရွယ်ကတည်းက အမည်မသိသူများက စွန့်ပစ်သွားခဲ့သည်။





ဒါကို ဘုန်းကြီး၏ညီ တစ်ဝမ်းကွဲတော်စပ်သူ မောင်တောကျော်တို့ လင်မယားက ကောက်ယူမွေးစားခဲ့သည်။ သူတို့လင်မယား ကွယ်လွန်ကာနီး အကိုတော်သူ သူ့ထံ အပ်နှံခဲ့သောကြောင့် ဘုန်းကြီးက ယနေ့တိုင် ကြည့်ရှုစောင့်ရှောက်ခဲ့ရသည်။

သူ့ထံ မလွှန်းအိမ်က သေကာနီးအပ်ခဲ့သော စာတစ်စောင်နှင့် လည်ဆွဲဒေါ်လာပြားလေးတစ်ခုကိုလည်း မလွှန်းအိမ်က ပေးအပ်ခဲ့သည်။

အခု အဲဒီစာရော ဒေါ်လာပြားလေးရော ဘုန်းကြီးထံမှာရှိနေသည်။ အကြောင်းအရာများက လျှို့ဝှက်သလို ရှိနေမှန်း ဘုန်းကြီးသိ၏။ သူ ဒီကိစ္စ ရဟန်းသံဃာဖြစ်နေ၍ မှုသားမပြောချင်။ မလွှန်းအိမ်က ``အစ်ကိုဘုန်းဘုရား သားလေးအရွယ်ရောက်သည့်အခါ အခြေအနေပေးလာခဲ့ပါလျှင် ဒီစာနှင့် ဒေါ်လာပြားကို သားကိုဖြစ်စေ၊ သားနှင့် စပ်လျဉ်းသူများကိုဖြစ်စေ လိုအပ်သလို အသိပေး ပြသပါ''ဟု မှာသွားခဲ့သည်။

ယခု အကြောင်းတွေက ဆိုင်လာခဲ့ပြီ။

``အင်း . . ဒကာကြီး အခုပြောတာ အားလုံး အမှန်ချည်းပါပဲ''

``ဒါ . . ဒါ . . ဖြင့် အဲဒီတုန်းက ဘာပစ္စည်းများ သဲလွန်စ ကျန်ရစ်ခဲ့ပါသလဲ ဘုရား . .''

ဦးကျီးနက်ဆိုသူက ဝမ်းသာအားရ လေသံနှင့် မေးလျှောက်လိုက်၏။

``လွန်ခဲ့သည့် (၁၈)နှစ်ကျော်က လျှို့ဝှက်လွန်းလှတဲ့ ကြေကွဲစရာ ဘဝအဖြစ်အပျက်ကို အခုမှ ဒကာကြီး ဘာလို့ အစပြန်ဖော်ရတာလဲ၊ ဒါကို အမှန်အတိုင်း ဘုန်းကြီးကို ပြောမပြနိုင်ဘူးလား . .''

``စောစောက ပြောခဲ့သလိုပါပဲဘုရား၊ ဒီကလေးရဲ့ အနာဂတ် အကျိုးအတွက်ပါ၊ အချိန်ကစောသေးလို့ အကြောင်းအရာများက အချိန်ကာလတစ်ခုအထိ စောင့်ရန်ဖြစ်နေသေးသည်မို့ အကြောင်းစုံကို ဖွင့်မပြောနိုင်သေးပါဘုရား၊ တပည့်တော် သိရှိရသလောက် အဲဒီတုန်းက ဒီကလေးရဲ့ လည်ပင်းမှာ မွေးနေ့ရက်စွဲ ရွှေဒင်္ဂါးလည်ဆွဲလေးတစ်ခုလည်း ပိုးကြိုးအပ်



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ ဆွဲလျက် ပါခဲ့ပါတယ်ဘုရား . . ."

"မှန်ပါတယ် ဒကာကြီး . ."

"အဲဒါ အရှင်ဘုရားထံမှာ ယခုရှိပါသေးလား ကိုယ်တော်"

"ရှိတယ် စာတစ်စောင်ပါရှိတယ်. . ."

"အို . . . တပည့်တော် ဝမ်းသာလိုက်တာ ဘုရား၊ ဖြစ်နိုင်ရင် အဲဒီစာနဲ့ ဒင်္ဂါးပြားလေးကို ခဏလေးကြည့်ပါရစေလား ဘုရား . ."

"ဒကာကြီး . . . အဖြစ်မှန်ကို မပြောနိုင်သေးသမျှတော့ ယူသွားလို့မရဘူး၊ ခဏတော့ ကြည့်လို့ရပါတယ်. . ."

"မှန်လှပါ . . . ကြည့်ရုံပဲ ကြည့်ပါမယ်ဘုရား . . ."

"ဒါဆို . . . ကျုပ်ကျောင်းကို လိုက်ခဲ့ပါ . . ."

ဒီလိုနှင့် အသားနက်လူမည်းကြီး ဦးကျိုးနက် ကျောင်းထိုင်ရဟန်းကြီး၏ သစ်သားကျောင်းအိုကြီးရှိရာသို့ ရောက်သွားခဲ့သည်။ ဘုန်းတော်ကြီးက ရောက်သည်နှင့် ဘုရားစင်အောက်မှ ကျွန်းသေတ္တာကြီးကိုဖွင့်ပြီး အထဲမှ ယွန်းအစ်ပူးတစ်ခုကို ယူလိုက်သည်။

ယွန်းပူးကို ဖွင့်လိုက်သောအခါ အထဲမှ ဝါကျင့်ကျင့် စာရွက်ခေါက်တစ်ခုနှင့် မှုးစေ့ခန့်ရှိသော ရွှေဒင်္ဂါးပြားငယ် လည်ဆွဲတစ်ခုကို တွေ့ကြသည်။

ဦးကျိုးနက်က ဘုန်းတော်ကြီး လှမ်းပေးသည့် စာရွက်ခေါက်လေးကို တုန်ရီသောလက်အစုံနှင့် ဖြန့်၍ ဖတ်လိုက်သည်။

ကျေးဇူးရှင်များရှင့် . . .

ဟောဒီ သားလေးကို အရွယ်ရောက် လူလားမြောက်သည်အထိ ပြုစု စောင့်ရှောက်ပေးကြပါရန် အနူးအညွတ် မေတ္တာရပ်ခံပါသည်။ ဘဝကံအကြောင်းကြောင်းကြောင့် မိခင်တစ်ဦးရဲ့ တာဝန်မကျေပွန်ခဲ့ရသည်ကို နားလည်ခွင့်လွှတ်ပေးကြပါ၊ ကံဆုံလျှင် ပြန်ကြုံချင်ပါသည်။

. . . . . . .





ဦးကျိုးနက် စာရွက်ပေါ်မှ စာသားကိုဖတ်ရင်း လက်ရေးကို ကြည့်ရင်း လက်တွေတုန်နေသည်။ ဒါနှင့်အတူ ရင်ထဲမှာလည်း ဝမ်းသာမှု လှိုင်းဂယက်များ ထသွားခဲ့သည်။ သည့်နောက် ရွှေမှုးစေ့ ဒေါ်လာပြားလည်ဆွဲလေးကို ကောက်၍ အလင်းရောင်နှင့် ကြည့်လိုက်သည်။

အပေါ်မှာ အင်္ဂလိပ်လို စာတန်းတစ်ခုရှိနေသည်။

8.10.1927

သူ ဝမ်းသာလွန်း၍ ရွှေဆွဲပြားလေးကို လက်ထဲမှ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာခဲ့သည်။

"ဒကာကြီး ဘာဖြစ်လို့လဲ . . ."

"အို . . . ဟို . . . ဟို . . . ဟို . . . ဘာမှ . . . ဘာမှ မဖြစ်ပါဘူး ဘုရား . .၊ အရှင်ဘုရားထံ ဒီပစ္စည်းများကို ပြန်အပ်ပါတယ်ဘုရား၊ ဒါပြင် ဟောဒီမှာ ရွှေဒင်္ဂါးသီးသန့်ပါဘုရား . .၊ ဒီရွှေဒင်္ဂါးပြားများက မောင်ကျောက်ခဲအတွက် လိုအပ်ရာ သုံးချင်သုံးဖို့ ပေးခဲ့တာပါဘုရား . ."

ဦးကျိုးနက်က လွယ်အိတ်ထဲမှ ရွှေဒင်္ဂါးငါးပြားကို ထုတ်၍ ဘုန်းတော်ကြီးထံ ပေးအပ်လိုက်သည်။ ဘုန်းတော်ကြီးက ဦးခေါင်းကို ယမ်းခါလိုက်ပြီး . .

"အို . . . ဒကာကြီး ဘုန်းကြီးတို့ ဒီကလေးရဲ့နောက်ကြောင်း ဘဝအမှန်ကို မသိရသေးလျှင် ဒကာကြီးတို့ ပေးကမ်းသည့်ငွေကို လုံးဝ လက်မခံနိုင်သေးပါဘူး၊ ပြန်ယူသွားပါ အရေးကြီးတာက ကျုပ်တူသားလေးဟာ မောင်တို့ကြောင့် ထပ်ဆင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ အဖြစ်မျိုးနဲ့ ဒုက္ခမရောက်နိုင်ဘူးဆိုရင် ကျုပ်တို့ ကျေနပ်ပါပြီ၊ ဒီ . . . ရွှေဒင်္ဂါးတွေ မလိုအပ်ပါဘူး ဒကာကြီး ပြန်ယူသွားလိုက်ပါ . . ."

ဦးကျိုးနက်က ကျောက်ခဲလေးအတွက်ဆိုပြီး ပေးအပ်နေသည့် ရွှေဒင်္ဂါးများကို ဘုန်းတော်ကြီး ဦးစန္ဒိမာက ငြင်းပယ်လိုက်သည်။ နောက်ဆုံး လူမည်းကြီး ဦးကျိုးနက်က ဂတိတစ်ခုပေးခဲ့သည်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ မောင်ကျောက်ခဲအတွက် ပျော်ရွှင်ချမ်းမြေ့စရာ ဘဝသစ်တစ်ခု ဖြ



www.burmeseclassic.com

www.burmeseclassic.com



လာပါလိမ့်မည်။ သို့သော် ဘယ်နေ့ဘယ်အချိန်ဟုတော့ အတိအကျ မပြောနိုင်သေးပါဘုရား၊ ဒီအကြောင်းများကိုလည်း မောင်ကျောက်ခဲကို ပြောမပြသေးဘဲ ခဏလျှို့ဝှက်ထားပါဦးဟု ပြောပြီး ဦးချကာ ကျောင်းပေါ်မှ ပြန်ဆင်းသွားခဲ့လေသည်။

♛ ♛ ♛

## ဒဿဂီရိလေးတင်ခန်း

စိန်ကုလား. . .။

လူက အသားညိုညို၊ အရပ်မြင့်မြင့်၊ ခပ်ဖိုင့်ဖိုင့်၊ မိုက်တွင်းကဲ **အစ်စီ**ရောက်အောင် နက်လွန်းလှသည့် လူရမ်းကားတစ်ဦးဖြစ်သည်။ အရက်သောက်၊ ဖဲရိုက်၊ နွားခိုး၊ လစ်ရင်လု၊ ပိုက်ဆံရလျှင် လူကို ကြေးစားရိုက်ပေးသည်။ အခုအချိန်အထိ ထောင်နှစ်ကြိမ်ကျပြီးပြီ။ သူ့အမေကလည်း သူ့ဒုက္ခကို အလူးအလဲဝေမျှခံစားပြီး စိတ်ဆင်းရဲစွာနှင့် ကွယ်လွန်သွားခဲ့သည်။

အခုလည်း ထောင်ကလွတ်လာတာ လပိုင်းပဲရှိသေးသည်။ သူက





လည်း ညိုချောလေး ခင်အေးညိုကို မျက်စေ့ကျနေ၏။

ခုလည်း ရွာထိပ်ထန်းရည်ဆိုင်မှာ ရှိုးအပြည့်နှင့် ငွေယားလေးရှိ၍ အားလုံးကို သူက ဒကာခံနေသည်။ ထန်းရည်သောက်ရင်း ခင်အေးညိုအကြောင်းကို ဝိဇာရချဲ့နေကြသည်။ စိန်ကုလားသည် ဒီနေ့ကျမှ ထူးထူးခြားခြား မျက်နှာမှာ ပေါင်ဒါများလူး၍ ဘိုကေကို ဆီရွှဲရွဲထည့်ပြီး ကောလိပ်ကျောင်းသားများကဲ့သို့ နောက်ပြန်လှန်၍ ဖီးတင်ပြီး ပျော်ရွှင်နေ၏။

``ခင်အေးညိုကိုရရင် မင်း တကယ်ယူမှာလား စိန်ကုလား''

နသိုးဆိုသည့် ထန်းရည်သမားအဖော်က ထန်းရည်ကိုတကျိုက်ကျိုက်ရင်းမှ. လှမ်းမေးလိုက်သည်။ နသိုးသည် နာမည်နှင့်လိုက်အောင် နောက်ပိုးကျ၏။ မိန်းမလိုက်စားရာမှာလည်း ကမ်းကုန်၏။ ရန်ဖြစ်ရာမှာလည်း လက်သံကပြောင်လှ၏။ လူက တုတ်တုတ်ခိုင်ခိုင်၊ ပုပု။ သူကလည်း အချုပ်နှင့်ထောင်ကို အိမ်ဦးနှင့်ကြမ်းပြင်လို ကူးနေသူဖြစ်သည်။

မြဒင်နှင့် ကြိုင်ကား အင်္ဂလိပ်ခေတ်မှာ တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ်ခေါ် အခြေမဲ့ အလုပ်မဲ့ ကျော်စောပုဒ်မနှင့် မကြာခဏ စောင့်ကြည့်စစ်ဆေးမေးမြန်းခံနေရသူများ ဖြစ်၏။

``ပြောလေကွာ. . .''

``အသေရရ. . . အရှင်ရရပေါ့ကွာ. . . အဟီး. . .''

စိန်ကုလား အပြောကြောင့် မြင်ဒင်က ထန်းရည်ဖြည့်ရင်းတန်းလန်းမှ. . .

``အရှင်ရရင်တော့ ထားပါတော့ကွာ စိန်ကုလားရာ၊ အသေရရင် ဘာလုပ်လို့ရမှာတုန်းဟ မင်းဟာက. . .''

``ဟာ. . . ညံ့ပါကွာ. . . မြဒင်ရာ. . .၊ အသေရခဲ့ရင် ခုနစ်ရက်ခုနစ်လီ မသာဖဲဝိုင်းခံပြီး အကောက်ကောက်ရင် တစ်လစာမက ဖူလုံပြီပေါ့ကွာ. . . ဟား. . . ဟား. . . ဟား. . . ဟား. . .''

``ဟား. . . ဟား. . . ဟား. . . ဟား. . . အကြံကြီးပါပေ့ စိန်ကုလားရာ၊ ဒါပေမယ့် ဟိုဒင်းကိစ္စကျတော့. . .''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါအတွက် နောက်တစ်ယောက်ပေါ့ အဟတ်. . . အဟတ်"

"ဟား. . . ဟား. . . ဟား. . . အဟီး. . . နောက်တစ်ယောက်တဲ့၊ ဘယ်သူ့များ ကိုရင်က မျှော်မှန်းထားပါလိမ့်. . ."

ကြိုင်က အ.ထစ်အ.ထစ်နှင့် ဝင်၍မေးလိုက်သည်။

"သူ့ ညီမဝမ်းကွဲ ခင်ထွေးညိုလေကွာ အဟတ်. . . အဟတ် အဟတ်. . ."

"လုပ်ချလိုက်ပြန်ပြီ. . . ကိုင်လိုက်ရင် မှန်းလိုက်ရင် အထည်ကြီးအလုပေးတွေချည်းပဲ. . . တန်ရာတန်ရာ လုပ်ပါ စိန်ကုလားရာ၊ သူကြီးဦးရွှန်းရဲ့ ထိတ်တုံးကလည်း ခုတစ်လော လူလိုလို့ အသံမြည်နေသတဲ့ဟ"

"ဝေါ့. . . ဟား. . . ဟား. . . ဟား. . . အံကိုက်ပြီပေါ့ကွာ အဟော့. . . အဟတ်. . ."

"မယုံရင်ကြည့်နေပါကွာ. . .၊ စိန်ကုလားပါကွ. . . ကြေးကုလား မဟုတ်ပါဘူး"

"မ. . . မသိလို့ မေး. . . ပါရစေ ကျေးဇူးရှင်ကြီးရာ. . .၊ အကယ်လို့ ခင်. . . အေး. . . ညိုနဲ့ မင်းနဲ့ အဆင်ပြေကာကောင်းပြီး ညားကြပါပြီတဲ့။ ဘယ်လို အသက်မွေးဝမ်းကြောင်းနဲ့များ ရာဖွေလုပ်ကိုင်ဦးဆောင်သွားဖို့ ရည်မှန်းချက် ရှိ. . . ရှိပါသလဲ. . . ခင်ဗျာ. . ."

"အဟဲ. . . ဟဲ. . . ဟဲ. . . ဒါလား. . . အင်း. . . အဟဲ. . . ဟဲ ဟဲ. . ."

မြဒင်က မေးခွန်းထုတ်တော့ အလွန်ကောင်းသည်။ လူကဲခတ်လည်း နပ်သည်။ သူက ကျိုက်အင်းတစ်ဝိုက်မှာ ဩဇာလည်းရှိသည်။ ဆွေမျိုးညီကို မောင်နှမများ၍ တော်ရုံလူက မြဒင်ကို ရှိန်ကြသည်။ မြဒင်က စိန်ကုလားကို သံယောဇဉ်ရှိသည်။ စိန်ကုလားကလည်း အကြံဉာဏ်ကောင်း အကြံအဖန်ကောင်းဖြစ်သည့်အပြင် မိုက်မိုက်ကန်းကန်းလုပ်တတ်၍ အသုံးချလို့ကောင်းသည်ကိုး။

"အင်း. . . အလုပ်အကိုင်ကတော့ မိရိုးဖလာ နွားခိုးကြက်တိုက်





လူရိုက်၊ ဖဲဝိုင်းလု၊ ထဘီခိုး၊ အလစ်သုတ်၊ ဓားပြလက်ထောက်ချ အလုပ်ပဲပေါ့ကွာ. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . . ပိုင်တယ်ဟေ့၊ ဒီအလုပ်များက ဘယ်ရုံးမှာမှ လျှောက်လွှာတင်စရာ မလိုတဲ့ အလုပ်ကိုးကွ၊ အဟတ် ခုနစ်ရက်သားသမီးများ မင်းအိမ်ထောင်ကျရင် လုပ်လိုက်မယ့်မျက်နှုန်းနယ် သူငယ်ချင်းရာ. . .၊ ဟော. . . ပြောရင်းဆိုရင်း ဟိုမှာ. . . ဟိုမှာ မင်းရဲ့ ခင်အေးညိုလေး ပြန်လာနေပြီဟ. . . လှလိုက်တာကွ. . . မြန်မြန်. . . မြန်မြန်. . ."

"ဘယ်မှာလဲဟ ငါ မမြင်ပါလား"

" အရေးထဲ ကြက်မျက်ကန်းသင့်နေသေးလကွာ၊ နိုးချင်တာလဲ ပျာလို့၊ လက်နှေးတာလဲ ချာလို့ ဆိုသလိုပဲ ဟိုမှာလေကွာ. . . ဆွဲခြင်းလေးနဲ့ ပဲပြုတ်သည်မိန်းမကြီးနောက်က ကားကားစွင့်စွင့်ကြီးဟာ"

"ဟေ. . . ဟုတ်တယ်ဟ. . . မျှော်တုန်းမျှော်ဆဲ အချစ်လည်းရောက်လာတာပဲ၊ ငါသွားမယ်နော် ချစ်သူငယ်ချင်းတို့ အဟီး. . .၊ အဆင်ပြေခဲ့ရင် နောက်တစ်ဝိုင်း ဒကာခံဦးမှာပါ အဟဲ. . . ဟဲ. . . ချစ်သူတိုင်းညားဖို့ မင်္ဂလာဆုတောင်းသီချင်းလေးနဲ့ ပို့ပေးကြပါနော်. . . အဟီး. . ."

"အေးပါ. . . ဘုန်းကြီးသုံးပါးကြိုပင့်ထား အဲလေ. . . ယောင်လို့ မေတ္တာများလည်း ပို့သပ့်မယ်. . . ဒါနဲ့ ဟောကောင် စိန်ကုလား၊ ဟိုကောင်လည်း သတိထားဦး. . ."

"ဘယ်ကောင်လဲ"

"ကျောက်တုံး အဲ. . . အဲ ယောင်လို့ ကျောက်ခဲ. . . ကျောက်ခဲ"

"ဗွီ. . . အရေးလုပ်လို့ စာမပွဲ့လောက်တဲ့ ငွေးငွေး ရေနွေးခြောက်များ စာရင်းသွင်းလို့ကွာ. . . စိန်ကုလားပါကွ၊ ပါချိပါချက် မဟုတ်ပါဘူး သွားမယ်. . ."

စိန်ကုလားပါးစပ်မှ ပြောဆိုရေရွတ်ရင်း ပုဆိုးကို သပ်သပ်ရပ်ရပ်ပြင်ဝတ် ဆွဲဆန့်လိုက်သည်။ အင်္ကျီကြယ်သီးများကို စမတ်ကျအောင်ပြု



www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်သည်။ အကျီလက်ကို နှစ်ဆင့်ပင်ခေါက်လိုက်သည်။ သည့်နောက် လက်ဝါးနှစ်ဘက်ကို ပွတ်ပြီး ဘိုကေကို နောက်ပြန်သ၍ သပ်လိုက်ပြီး ဂိုက်ပေးလိုက်သည်။ ပါးစပ်ကလည်း (၃၇)မင်းသော နတ်မင်းများကို လက်အုပ်ချီ၍ တိုင်တည်ဟန်ပြုပြီး ထန်းရည်ဆိုင်ထဲမှ ယိုင်တိုင်ယိုင်တိုင်နှင့် ထွက်လာလိုက်သည်။

ခင်အေးညို အချိန်လင့်နေ၍ ခပ်သုတ်သုတ် လှမ်းလာလိုက်သည်။ ခပ်သုတ်သုတ် လှမ်းလိုက်သဖြင့် ဖွံ့ကားနေသည့် နောက်ပိုင်းက ဘယ်ညာလှုပ်ရှားကာ ယိမ်းကနေသည်။ ဒါကို နောက်ကနေလိုက်လာသည့် စိန်ကုလားက ကြည့်ပြီး အသည်းတွေယားကာ ရင်တွေခုန်နေ၏။

သူကလည်း ခြေလှမ်းကျဲကျဲနှင့် ခင်အေးညိုကို အမှီလိုက်လိုက်သည်။

နောက်မှ စုပ်သပ်သံကြား၍ ခင်အေးညို လှည့်ကြည့်လိုက်သော အခါ ထောင်ထွက်စိန်ကုလားရဲ့ စပ်ဖြဲဖြဲ မျက်နှာကြီးကို တန်းခနဲ မြင်လိုက်ရပြီး ရင်ထဲမှာ ဖိုခနဲဖြစ်သွား၏။

''ခင်. . . အေး. . . ညို. . .''

''ခင်. . . အေး. . . ညို. . . ဖြည်း. . . ဖြည်း လျှောက်ပါဟ အဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ. . .''

နှစ်ကြိမ်သုံးကြိမ် ခေါ်သည့်တိုင် ခင်အေးညိုက လုံးဝလှည့်မကြည့်ဘဲ သူ လိုက်နှောင့်ယှက်တော့မည်မှန်းသိ၍ ခြေလှမ်းကို ပိုမြန်လိုက်သည်။ သည်မှာ စိန်ကုလားက ရှေ့မှ ကျော်တက်လိုက်ပြီး ပိတ်ကာ ရပ်လိုက်သည်။

''နှင်. . . နှင်. . . ဒါဘာလုပ်တာလဲ. . . စိန်ကုလား. . .''

''အဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ. . . ဟို. . . ဟို. . . ပြောစရာရှိလို့. . .''

''နှင်နဲ့ငါ ဘာမှပြောစရာ အကြောင်းမရှိဘူး. . . ခုဖယ်. . .''

''နေပါအုံးဟာ. . . နှင်ကလည်း စိမ်းကားလိုက်တာရယ်. . . အဟဲ. . . နှင့်မှာ မရှိပေမဲ့ ငါ့မှာ အများကြီးရှိ. . . ရှိ. . . နေလို့ပါ. . .၊ ဒီလို





ဟာ ငါ နှင့်ကိုချစ်တယ်. . . ခင်အေးညို''

''ဘာ. . . ဘာ. . . ပြောတယ်. . .''

''နှင့်ကို ငါချစ်တယ်လို့ ပြောတာပါ၊ နှင် အရမ်းကိုလှတယ်၊ နှင့်ရဲ့အလှက ငါ့ဘဝကို စိုးမိုး. . . မိုး. . . မိုး. . .''

''တော် လူ့တိရစ္ဆာန်ကောင်၊ နှင် လူစကားမပြောဘူး ခွေးစကားပြော. . .''

''ဟ. . . ဒါ လူစကား စစ်စစ်ပါဟ ခင်အေးညိုရ၊ လူကို လူက လှလို့၊ သဘောကျလို့၊ နှလုံးသားကို စုံမက်လို့၊ ပြီးတော့ လူကို လူက ချစ်လို့ကြိုက်လို့ အသည်းထဲကကို မြတ်မြတ်နိုးနိုး တွယ်တွယ်တာတာ ခုံခုံမင်မင်၊ ယုယု. . .''

''ထွီ. . . မတန်မရာတော် မသာနဲ့ နားဈေးပင်းနဲ့တစ်ခြားစီဥစ္စာ နှင်ဘာကောင်လည်းဆိုတာ နှင့်ကိုနှင် ပြန်မေးစမ်း။ နှင့်လိုလူကို ကြိုက်ဖို့နေနေသာသာ စကားအဖက်လုပ်ပြီးတောင် မပြောချင်ဘူး။ ဖယ်နော် ဖယ်ရင် ငါ အော်လိုက်မယ်. . .''

''ဒီနေ့ ငါလုံးဝမဖယ်နိုင်ဘူး ခင်အေးညို. . . နှင့်ကို ငါတကယ်ချစ်တာ''

''မဖယ်ဘူးလား. . .''

''ဘာလဲ. . . ငါက နှင့်နဲ့ မတူမတန်လို့လား. . .''

''ဟုတ်တယ် လုံးဝမတန်ဘူး နှင်ဟာ မိန်းမကောင်းမှန်ရင် ဘယ်မိန်းမနဲ့မှ မထိုက်တန်ဘူး။ နှင်က လူဆိုးလူမိုက် နှင့်ကို ငါသူကြီးနဲ့တိုင်မယ်''

''သူကြီးနဲ့တိုင်မယ် ကဲ. . . တိုင်ချင်တိုင်ဟာ. . . ကဲ. . . ကဲ''

စိန်ကုလားက ပြောရင်း ခင်အေးညိုလက်ကို ဆတ်ခနဲ ရဲတင်းစွာ လှမ်းကိုင်လိုက်သည်။ စိတ်ဆတ်သော ခင်အေးညိုက အရှက်ကြီးဒေါသ ထွက်ကာ တစ်ချက်ဆောင့်ရုန်းပြီး စိန်ကုလားပါးကို အလစ်မှာ ညာလက်ဝါးနှင့် ရိုက်ချလိုက်သည်။

''ဖြန်း. . .''



www.burmeseclassic.com

www.burmeseclassic.com



''ဟင်. . . နှင်. . . နှင်က. . . ငါ. . . ငါပါးကို ရိုက်. . .တယ်''

''အေး ရိုက်တယ်၊ နှင်စော်ကားလို့ပဲ နှင်. . . နှင်. . . မကြာခင် ငါ. . . အကြောင်းသိရစေမယ်. . . ခွေးတိရစ္ဆာန်ကောင်. . .''

''ဩော်. . . ဩော်. . . နှင်က ငါ့အချစ်ကိုတော့ လုံးဝလက်မခံနိုင်ဘူး. . . ဟိုကောင်. . . မျောက်မင်းသား မြွေအလမ္ပာယ်ကောင်ကိုတော့ သဘောကျတယ်ပေါ့. . .''

''ဘာပြောတယ် ဖယ်နော်. . .''

''နှင်က ကျောက်ခဲလို ဘုန်းကြီးကျောင်း ကပ်ရပ်စားနေတဲ့ ဖွတ်ကြားလိုကောင်စားမျိုးကျတော့ သဘောကျနေတယ်ပေါ့ ဟုတ်လား ဟား. ဟား. . . ဟား. . . ဟ. . . ဟ''

စိန်ကုလားက နာကျည်းရှက်လှစွာ တစ်ချက်ရယ်လိုက်ပြီး ပါးကို ပွတ်၍ ရယ်လိုက်သည်။

''အေး. . . ဟုတ်တယ် နှင့်လို လူစားထက်တော့ တန်ဘိုးရှိတယ် ထွီ. . .''

ခင်အေးညိုက ထွီခနဲ တံတွေးတစ်ချက် ထွေးလိုက်ပြီး လျင်မြန်သော ခြေလှမ်းများဖြင့် ထွက်သွားလိုက်သည်။ စိန်ကုလား တုန်ခါလှုပ်ရှားနေသည့် ခင်အေးညိုရဲ့နောက်ပိုင်းကို အားမလိုအားမရကြည့်ရင်း ကြိတ်မနိုင်ခဲမရ ဒေါသများ ထွက်နေသည်။ နေနှင့်အုံးပေါ့ ဟုလည်း ပါးစပ်မှ အော်၍ ကြိမ်းဝါးလိုက်သည်။

ဒါကို မြင်လိုက်ကြသည့် မြဒင်၊ ကြောင်နှင့် နသိုးတို့က စိုးရိမ်သွားကြ၏။ လမ်းသွားလမ်းလာ ကာလသားအချို့က ခပ်လှမ်းလှမ်းနေ၍ ကြည့်ပြီး ပြုံးကြ၏။

''နှင်က ကျောက်ခဲလို ဘုန်းကြီးကျောင်း ကပ်ရပ်စားနေတဲ့ ဖွတ်ကြားလိုကောင်စားမျိုးကျတော့ သဘောကျနေတယ်ပေါ့'' ဟုပြောလိုက်ရတာတော့ ခံတွင်းမြိန်လှသည်။

ဒီကောင် ကျောက်ခဲက မြွေရှာသမားဖြစ်သည်။ မြွေကုသမား





ဖြစ်သည်။ ပြောစရာဆို၍ မြွေကိုင်မြွေဖမ်း ကျွမ်းကျင်တာပဲရှိသည်။ ဘာလုပ်လို့ ဒီကောင် မြွေနိုင်နေသလဲ မသိ။ မျောက်တစ်ကောင် ပခုံးပေါ်ထမ်းပြီး ပေါက်ကရ သီချင်းများဆို၍ အရူးလိုလို အပေါလိုလို ကောင်မျိုးများ ခင်အေးညိုက အထင်ကြီးလို့။ မိမိက ရွှေဆိုရွှေ ငွေဆိုငွေ မရှား။

ကျောက်ခဲလိုကောင်က မြွေကုနိုင်တာကလွဲလို့ ဘာဝင်ငွေမှမရှိ။

အင်း သင်းက ကိုယ့်ထက်သာတာက ရုပ်ကလေးသန့်ပြီး အပြောလေးကောင်းနေတာရယ်ပဲဖြစ်သည်။ ဒါပဲ ခင်အေးညိုက မျက်စေ့ကျနေသလားမသိ။

ခြုံရှုလျှင်. . .။

အဲဒီနေ့ညနေက မယ်သီတာကို ကြိုက်မိသည့် ဒဿဂီရိစိန်ကုလားကို ဆယ်အိမ်ခေါင်းကိုမြကြီးနှင့် ကိုလှသောင်တို့ လာခေါ်သွား၍ သူကြီးဦးရွှန်း အိမ်သို့ရောက်သွားခဲ့ရသည်။ သည့်နောက် ခင်အေးညို (မိန်းမပျို) လေးအား လူရှေ့သူရှေ့မှာ ကာအိနြွေပျက်အောင် ပြုလုပ်ပြောဆိုမှုကြောင့် သုံးရက်သုံးည ထိတ်တုံးခတ် ဒဏ်ပေးခံလိုက်ရပြီး ခြင်စာ အကျွေးခံလိုက်ရသည်။

''နေနှင့်အုံးပေါ့ ခင်အေးညိုရာ တစ်နေ့တော့ စိန်ကုလားခေတ် စိန်ကုလားအလှည့်ကို ရောက်အုံးမှာပါ၊ အဲဒီကျမှ စိန်ကုလားနဲ့ နှင်နဲ့ညား၊ ဟိုကောင်က သေရွာသွား၊ သူကြီးဦးရွှန်းက မြေကြီးနဲ့ နှစ်ပါးသွားရစေမယ်ဟေ့. . .''

ခုနေတော့ နှင်တို့အားလုံးရဲ့ မာနမိုးထိမြင့်နေကြ။

တစ်နေ့ ငါ အဲဒီမာနတောင်ကို ပြိုအောင် ဖြိုမယ်ဟေ့. . .။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောလူသူတော်စင်ကြီးနှင့် မြွေဟောက်ကြီးပါးဖြူ

ကျောက်ခဲတစ်ယောက် ထိုထူးဆန်းသော အိပ်မက်ကို သုံးရက်ဆက်တိုက် မြင်မက်ပြီးသောအခါ ယေးလေးနက်နက် စဉ်းစားလာရတော့သည်။

အိပ်မက်ထဲက အသက် (၆၀)ကျော် (၇၀)ခန့် ဆာဒူးလိုလို မြန်မာ ယောဂီလိုလို သူတော်စင်ကြီး၏ မုတ်ဆိတ်ဖြူများက ရင်ဘတ်ပေါ်ထိ ရှည်လျားတွဲဖွာကျလို့။ နှုတ်ခမ်းမွေးများကလည်း ဖွေးဖွေးဖြူ၍ ပါးစပ်ထိ ကုပ်ဝင်နေသည်။ သျှောင်တစောင်း ပေါင်းဖြူနှင့် ယောဂီရောင်ဝတ်စုံနှင့် မြွေဦးခေါင်းသဏ္ဍာန်တောင်ဝှေးနက်ကြီးထောက်ပြီး သုံးညတိုင်တိုင် သူ့ကို လာခေါ်နေသည်။

"လူကလေး တာဝတောထဲက မြေအောက်လိုဏ်ဂူ ဝန်းကျင်ကိုလာခဲ့ပါ. . ."

ဘသူတော်စင်ကြီးက သုံးညတိုင်တိုင် သူ့ကို ဒီစကားပြော၍ လာခေါ်သည်။ သို့ဖြစ်၍ သူ ဆရာကြီးဦးကျော်ဖေငြအား သိလိုသည်များကို မေးကြည့်လိုက်သည်။

"ဆရာကြီး. . ."

"ဘာလဲ. . . မောင်ကျောက်ခဲ. . ."

"တာဝတောထဲမှာ မြေအောက်လိုဏ်ဂူဆိုတာ ရှိသလား ဆရာကြီး"

"ရှိတယ်ကွဲ. . . ဘာဖြစ်လို့လဲ. . ."

"သိချင်လို့ပါ. . . ဆရာကြီး. . ."

သူ ဆရာကြီးကို သူ့အိပ်မက်ကြောင်း မပြောပြသေး။ သူသိချင်တာကိုသာ အရင်ဆုံး စုံစမ်းမေးမြန်းလိုက်သည်။

"အဲဒီ လိုဏ်ဂူက ဘယ်တုန်းက ဘယ်လိုရှိခဲ့တာလဲဟင်. . . ဆရာကြီး. . ."



www.burmeseclassic.com



"ဟိုး. . . နှစ်ပေါင်းများစွာကတည်းကပဲကွဲ. . . မောင်ကျောက်ခဲရဲ့ ဒီမြို့မှာ ထူးဆန်းအံ့သြဖို့ကောင်းတဲ့ မြေအောက်ဥမင်လိုဏ်ဂူကြီး သုံးခုရှိခဲ့တယ်၊ တစ်ခုကတော့ တာဝတောထဲက မြေအောက်လိုဏ်ဂူပဲ၊ နောက်တစ်ခုက ဆေးရုံကြီးနားက အင်္ဂလိပ်ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ၊ နောက်ဆုံးတစ်ခုက ရှင်မွေ့နွန်းကုန်း ကမ်းပါးစပ်က နေရာမှာ"

"အဲဒီ မြေအောက် ဥမင်လိုဏ်တွေအကြောင်း ပြောပြပါလား ဆရာကြီးရယ်. . ."

"အေး. . . ဆရာကြီး သိသလောက်ဆိုရင် ဘယ်အချိန်က စရှိခဲ့တယ်တော့ မပြောနိုင်ဘူး၊ အချို့သက်ကြီးဝါကြီးများ အဆိုအရ အနောက်ဘက်လွန်မင်းတရားကြီးက သန်လျင်မြို့စားဖေင်ကာခေါ်တဲ့ ပေါ်တူဂီနယ်ချဲ့ကို တိုက်သည့်အချိန်က မြေအောက်ဥမင်တူးပြီး ရန်သူကိုတိုက်ခဲ့တာလို့ အဆိုရှိတာလည်း ကြားရဖူးတယ်၊ နောက်တစ်မျိုး ကြားရတာက တာဝမြေအောက်ဥမင်လိုဏ်ဂူဆိုရင် ဝက်ပါကြီးပဲတဲ့၊ ဘယ်လောက်ရှည်သလဲဆိုရင် ကျိုက်ခေါက်ဘုရားစေတီအထိ ရောက်တယ်လို့ ပြောသံကြားဖူးတယ်ကွဲ. . . အချို့ကတော့ အဲဒီလောက် မရှည်ဘူး၊ အထဲမှာ အကွေ့အကောက်တွေနဲ့ ဥမင်အများကြီးပဲတဲ့"

"ဆရာကြီးရော ရောက်ဖူးသလားဟင်. . ."

"ခပ်ငယ်ငယ်ကာလသားဘဝတုန်းက တောလည်သွားရင်း မုဆိုးကြီးတွေနဲ့ တာဝမြေအောက် ဥမင်ထဲကို ဝင်ဖူးတယ်။ ဝက်ပါတွေများလွန်းလို့ ငါတို့အားလုံး ကြောက်ပြီး ပြန်ထွက်ခဲ့ရတယ်၊ အထဲမှာ အေးစိမ့်နေတယ်၊ တာဝက ဟိန္ဒူကုလားအဖိုးကြီးများ ပြောပုံအရဆိုရင် အထဲမှာ တစ်နှစ်တစ်ကြိမ် ရေအပြည့်တက်တာ ကျတာရှိတယ်ဆိုပဲ။ အချို့နေရာများမှာ. . .ရှေးဟောင်းဟိန္ဒူသူတော်စင်အချို့နဲ့. . .မြန်မာယောဂီသူတော်စင်ကြီးတွေ တရားထိုင်နေတာကို အချို့ကိုယ်တွေ့ မြင်ခဲ့ကြဖူးတယ်၊ အထဲမှာ ဘုရားရုပ်ပွားတော် အချို့လည်း ရှိတယ်. . .မောင်ကျောက်ခဲက ဘာလုပ်ဖို့လဲ. . .



www.burmeseclassic.com

www.burmeseclassic.com



"သွားကြည့်ချင်လို့. . ."

"အမယ်လေး . .လူကလေး၊ မသွားနဲ့. . .မဝင်နဲ့၊ အဲဒီနေရာက ထူးဆန်းအံ့ဩစရာတွေနဲ့၊ ဂမ္ဘီရနယ်မြေကြမ်းကြီး မြွေဆိုးကြီးများကလည်း ပေါမှပေါပဲ၊ ဒါ့အပြင် ဥစ္စာစောင့်တွေလိုလို ကျတ်တွေလိုလိုနဲ့ လူယောင်ဖန်ဆင်းပြီး ခြောက်လှန့်လွှန်းလို့ တော်ရုံဟင်းသီးဟင်းရွက် ရှာသူတောင် တောစပ်ပဲဝင်ရဲတယ်။ မှဆိုးကြီးတွေတောင် အထဲရောက်အောင် သိပ်မသွားရဲကြဘူး၊ မြေကြမ်းတောကြမ်းကြီး၊ ကိုင်း . .မင်း နှမနဲ့ စကားပြောနှင့်အုံး၊ ဆရာကြီး သွားစရာလေးရှိလို့. . ."

ပြောရင်း ဆရာကြီး ဦးကျော်ဇေယျက သိုင်းတုတ်တစ်ချောင်းထမ်းကာ ခြံဝိုင်းထဲမှ ထွက်သွားခဲ့သည်။ သူ ဆရာကြီးသမီး မဆည်းဆာနှင့် စကားပြောရင်း ကျန်ရစ်ခဲ့၏။ မဆည်းဆာက သူ့အတွက် ငါးရံ့ခြောက်ဆီစိမ်နှင့် ရေနွေးကြမ်းအိုး ချပေးသည်။ များမကြာခင် သိုင်းကစားဘက်များ အသီးသီးရောက်လာကြသည်။ သည့်နောက် သူတို့ သိုင်းဗန်တိုဗန်ရှည်များကို အစီအစဉ်အတိုင်း လေ့ကျင့်ကြသည်။

ရှမ်းဘောင်းဘီတစ်ထည်လုံး ချွေးရွှဲရွှဲနစ်မှ ရပ်နားလိုက်ကြသည်။ ပြီးနောက် ခြံဝိုင်းအရှေ့ဘက် စမ်းချောင်းရှိရာသို့ ထွက်လာကြပြီး စမ်းချောင်းရေအေးအေးကို ချိုးကာ မိမိတို့ အိမ်အသီးသီးသို့ ပြန်ခဲ့ကြတော့သည်။

သည်နေ့ကတော့ သူ နိုင်လုံသော သတင်းအချို့ကို အမြတ်ရခဲ့သည်။ တာဝတောထဲမှာ ထူးခြားသော မြေအောက်ဥမင် လိုဏ်ဂူကြီးရှိသည်။ အထဲမှာ ဆာဒူးသူတော်စင်များ မြန်မာယောဂီသူတော်စင်များ တရားကျင့်တာမျိုး ရှိသည်တဲ့။

နောက်နေ့ရောက်သောအခါ သံဃာတော်များ ဆွမ်းဘုဉ်းအပြီး သူတို့ ဘုန်းကြီးကျောင်းသားများလည်း ထမင်းစားရှုပြီးသောအခါ ကျောက်ခဲမည်သူ့ကိုမှ အသိမပေးဘဲ၊ မျောက်ဖိုးစည်ကို ပခုံးပေါ်မှာ ထမ်း၍ ခါးကြားမှ ဓားမြှောင်တစ်ချောင်း ဝှက်ယူခဲ့ပြီး ဘုရားကုန်းဝမှပါလမှသည် ဟို





အရှေ့စူးစူး 'တာဝ'တောတန်းရှိရာသို့ ထွက်လာခဲ့လိုက်သည်။

တာဝလမ်းမှ အရှေ့တည့်တည့်စူးစူး မိုင်(၂၀)ခန့်သို့ ဆက်သွားလျှင် . .သုံးခွမြို့နှင့် ခရမ်းမြို့များသို့ရောက်သည်။ အဲဒီကနေ ပဲခူးသို့လည်းကောင်း ပင်လယ်မုတ္တမသို့လည်းကောင်း ခရီးပေါက်သည်ဟု သိရသည်။

တာဝတောတန်းသည် သစ်ကြီးဝါးကြီးများဖြင့် ညို့နေသည်၊ ဟိုးအနီးအနားမှာ လယ်တဲအချို့ကို တွေ့ရသည်။ လယ်ရိုင်းများသည် တပြန့်တပြူး၊ ဤဝန်းကျင်မှာ မုဆိုးအချို့ အမဲလိုက်သည်လည်း ရှိခဲ့ဖူး၏။ ဝန်းကျင်မှာ ရှေးဟောင်းစေတီပျက်များ . .ဂူပုထိုးပျက်များလည်း ရှိနေ၏။ အချို့သော ချုံရိုင်းများ ဖုံး၍ ချုံပုတ်များဖြစ်နေ၏။

သူ လူတစ်ကိုယ်စာသာသာ တောလမ်းလေးအတိုင်း အထဲသို့ဝင်လိုက်သည်။

ထိုစဉ် . .မွှေးကြိုင်လှသော ရနံ့တစ်ခု သူ့နှာခေါင်းထဲသို့ စူးခနဲ ဝင်လာသည်။ အနံ့က ပန်းပေါင်းစုံ ရနံ့မျိုး၊ ၎င်း ပန်းပေါင်းရနံ့ကို ရှူရှိုက်လိုက်သောအခါ ရင်ထဲမှာ အေးမြလန်းဆန်းပြီး အမောတွေ ချက်ချင်း ပြေသွားခဲ့သည်။ သူ ပန်းပေါင်းစုံရနံ့ လာရာအရပ်ကို လိုက်လံကြည့်ရှုလိုက်သည်။ အနီးအနားမှာ ပန်းချုံပန်းရုံ ပန်းပွင့်တစ်ပွင့်မှ မရှိ။

"ခစ် . . . ခစ် . . . ခစ် . . . ခစ် . . ."

သည်အခိုက် ရယ်သံအချို့ကို ကြားလိုက်ရပြန်သည်။ ရယ်သံများက မိန်းမပျို နှစ်ဦးသုံးဦးရဲ့ စုပေါင်းရယ်သံမျိုး၊ ကြည်လင်ချိုအေးသည့် ခပ်ပျော်ပျော်ရယ်သံ။

"ခစ် . .ခစ် . .ခစ် . .အဟတ် . .ဟား . .ဟား . .ဟား . .ဟား"

"ဟီး . .ဟီး . .ဟီး . .အဟတ် . .အဟတ်"

သူရယ်သံများ ကြားရ၍ ချက်ချင်း အားတက်သွားခဲ့သည်။ လူ့ရယ်သံများ ကြားရခြင်းအားဖြင့် ဒီအနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ လူရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ လူရှိလျှင် ကြောက်စရာမလို၊ သို့သော်. . .ရယ်သံက ဟိုဘက်ချုံတွေနားကမို့. . .ဘယ်သူများလဲ သိရအောင်. . .သွားကြည့်လိုက်သောအခါ လူလည်းတစ်ယောက်မှ မတွေ့ရ . .

ထိုအခါ ရယ်သံများသည် ယခုရောက်နေသည့် နေရာမှ ဆန့်ကျင်၍ စောစောက သူရပ်နေသည့်နေရာဆီမှ ဖြစ်နေပြန်သည်။ အဲဒါက ကြခတ်ရုံအနားက။ သို့နှင့် သူကြခတ် ဝါးရုံရှိရာသို့ အသာချဉ်းကပ်လာလိုက်သည်။ ဟော. . .ရယ်သံများ ပျောက်သွားပြီ။

''ဟော့. . .''

''ဟော့. . .ဟော့. . .ဟော့. . .ဟော့''

ဟော. . .ခေါ်သံ အသံပြုသံကို ကြားရပြန်ပြီ၊ သူ့ကို ခေါ်နေတာလား၊ ဒါမှမဟုတ် တောထဲရောက်သည့်အခါ နာမည်မခေါ်ကြပဲ၊ အချင်းချင်း အထာနှင့် ရောက်ရာအရပ်ကို အသံပြုကြသည့် အချက်ပေးခေါ်သံလေလား။

''ဟော့''ခေါ်သံက တောရိပ်နှင့် ပဲ့တင်၍နေသည်။ သူ လျင်မြန်စွာ ခေါ်သံလာရာနောက်သို့ လှည့်ကြည့်လိုက်သည်။ လူရိပ်လူယောင်လုံးဝ မမြင်ရ . .။

''ကွိ. . .ကွိ. . .ကွိ. . .ကွိ''

''ခွီး. . .ခွီး. . .ကွိ. . .ကွိ''

''မင်းရော. . .တွေ့ရလား ဖိုးစည်. . .''

ဖိုးစည်က လူစကားနားလည်နေပြီမို့ မေးလိုက်ရာ သူက ဦးခေါင်းကို ယမ်းခါပြပြီး အရပ်လေးပါးကို မျက်လုံးပြူး၍ လိုက်ကြည့်နေ၏။ ဘုရား ဘုရား ဥစ္စာစောင့်တွေများလား. . .ဒါမှမဟုတ်၊ ဆရာကြီးပြောသည့် ကျတ်တွေများပဲလား. . .''

''ဟော့. . .ဟော့. . .ဒီ. . .မှာ''

သူ့ကို ခေါ်နေတာလား၊ သူတို့ အချင်းချင်း ခေါ်နေတာလားမသိ၊ လူမမြင်ရပဲ အသံတွေချည်း ကြားနေရသောအခါ၊ ကျောက်ခဲ ကျော





ထဲမှာ စိမ့်၍ လာခဲ့သည်။ ပခုံးပေါ်မှ မျောက်ကလေး ဖိုးစည်လည်း အရပ်လေးပါးကို လိုက်ကြည့်ပြီး ဂဏှာမငြိမ် ဖြစ်လာနေပြီ။

မဟုတ်မှလွဲရော. . . တောခြောက်တာများ ဖြစ်လေမလား။

အဲဒီလို တောခြောက် တောလှန့်ရအောင် သူတို့ ဘာအမှားမှ မလုပ်ခဲ့၊ အပေါ့လည်းမသွား။ အလေးလည်း မစွန့်။ ခါးတောင်းကျိုက်လည်းမဝတ်။ လေလည်းမချွန်ခဲ့။ စားဦးစားဖျားလည်း လုံးဝမစားရသေး။ အချို့တောများက ဖော်ပြပါ အပြုအမူများကို မကြိုက်။ တောစောင့်များက သူတို့မကြိုက် မနှစ်သက်ရာကို လုပ်လျှင် တောလှန့်တာမျိုးရှိသည်။

သူ့စိတ်ထဲမှာ မသင်္ကာချင်သလို ဖြစ်လာသည်။ ကျောထဲမှာလည်း ကြက်သီးများ တဖြန်းဖြန်းထပြီး ခေါင်းနပန်းများ ကြီးနေပြီ။ အရဲစွန့်လာခဲ့တာ မှားများနေပြီလား။ သို့နှင့် သတိရစွာဖြင့် ပရိတ်ကြီး (၁၁) သုတ်ထဲမှ ပုဗ္ဗဏှသုတ် ပထမအပိုဒ်ကို အသံထွက်၍ ရွတ်ပစ်လိုက်သည်။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ
ပါ ပဂ္ဂဟော ဒုဿုပိနံ အကန္တံ
ဗုဒ္ဓါ နုဘာဝေန ဝိနာသမေန္တု။

''. . . မကောင်းသော နိမိတ်များ၊ ငှက်ဆိုးတို့၏ မြည်သံတွန်သံများ၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းများ၊ မကောင်းသော အိပ်မက်များသည် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ပျောက်ပျက်ပါစေသတည်း''

ငင်းနောက် ဓမ္မာနုဘာဝေန ဝိနာသမေန္တု၊ သံဃာနုဘာဝေန ဝိနာသမေန္တု. . . တရားတန်ခိုးတော်ကြောင့်လည်းကောင်း၊ သံဃာတော်အရှင်သူမြတ်တို့ တန်ခိုးတော်ကြောင့်လည်းကောင်း ဘေးရန် အနှောင့်အယှက်များ ပျောက်ပျက်ကြပါစေသတည်းဟု ရွတ်ဆိုလိုက်တော့သည်။

ပါးစပ်မှ အော်၍ ရွတ်ဆိုပြီး နှစ်ဦးသား ငင်းနေရာသို့ စွန့်ခွာကျော်နိုင်းလိုက်သည်။ စောစောက အသံများသည် အံ့သြဖွယ်ပျောက်၍ တောသည် တိတ်ဆိတ်သွားခဲ့လေသည်။ မကြာခင် လှည်းတစ်စီးစာ သွား



www.burmeseclassic.com

www.burmeseclassic.com



လာနိုင်သည့် မြေတောလမ်းလေးကို တွေ့ရသဖြင့် ၎င်းလမ်းဦးတည်ရာ အတိုင်း လျှောက်ခဲ့လိုက်သည်။

နာရီဝက်ခန့်ကြာသောအခါ ရှေးဟောင်းစေတီပျက်ကြီးတစ်ခုကို ဘွားခနဲ တွေ့လိုက်ရသည်။ စေတီပျက်ကြီးကို ညောင်ပင်ကြီး အမြစ်အနွယ်များက မြို၍ကွဲအက်နေ၏။

''ဟယ်. . .''

အဲဒီမှာ သူ ထူးဆန်းသော မြင်းကွင်းတစ်ခုကို မြင်လိုက်ရပြီး ကြက်သေသေကာ ခြေလှမ်းများ တုန့်ခနဲ ရပ်သွားခဲ့ရတော့သည်။

သူ တွေ့လိုက်ရသည်ကား ညောင်ပျဉ်းများ ညောင်မှတ်ဆိတ်များ တွဲရရွဲကျနေသည့် ညောင်ပင်ကြီးအောက်ရှိ ကျောက်ဖျာကြီးပေါ်မှာ ကျောက်ရုပ်အလား ငြိမ်သက်စွာ ထိုင်နေသည့် မြန်မာလိုလို၊ ကုလားလိုလို သူတော်စင်တစ်ဦး . .။

ယောဂီညိုရောင် အင်္ကျီနှင့် ပုဆိုးကိုဝတ်လျက် ခေါင်းပေါင်းအဖြူကို သျှောင်တစောင်းမှာ ပေါင်းထားပြီး တရားထိုင်သလို ကျောက်ဖျာကြီး ပေါ်မှာ တင်ပျဉ်ခွေထိုင်ကာ မျက်စေ့ကို မှိတ်ပြီး လက်နှစ်ဘက်ကို ဒူးပေါ်မှာ တင်ထားသည်။

ပို၍ အံ့ဩစရာကောင်းသည်ကား ရှည်လျားဖြူဖွေးနေသော မုတ်ဆိတ်ဖားလျားများသည် မေးစေ့မှသည် ရင်ညွန့်ဆီသို့ ရှည်လျားစွာ ကျနေ၏။ သူနှင့် နှစ်တောင်ခန့်အကွာမှာလည်း ရောမမြွေကြီးတစ်ကောင်သည် အိပ်ပျော်နေဘိအလား။ အထပ်ထပ် ရစ်ခွေ၍နေ၏။ အရောင်က အနက်လိုလို၊ စိမ်းပြာလိုလို၊ မြွေဟောက်ကြီး။ မြွေဟောက်ကြီးသည် ကိုယ်လုံးအခွေ ပေါ်မှာ ခေါင်းတင်၍ မှိန်းနေ၏။

မြွေကြီးသည် သူနှင့် ဖိုးစည်တို့ထံမှ အာမေဋိတ်သံ အော်သံကို ကြားလိုက်ရသောအခါ အခွေကို လူးလွန့်လိုက်ပြီး ချက်ချင်း လည်ပျဉ်းကို ထောင်လိုက်တော့သည်။ မကြာခင် ပန်းကန်ပြားခန့်ရှိသော ပါးပျဉ်းကြီးကို ခွက်၍ နီရဲသော မျက်လုံးအစုံနှင့် သူတို့နှစ်ဦးကို ခေါင်းထောင် စိုက်ကြည့်





လိုက်သည်။

ကျောက်ခဲသည် မြွေကို မကြောက်ပါ။ သို့သော် အကောင်ကြီးမားလွန်းလှ၍ လန့်ချင်သလို ရှိသွားသည်။ သည်မှာ ထူးခြားလိုက်ပုံကား မြွေဟောက်ကြီး၏ပါးဟုခေါ်အပ်သော ပါးစောင်နှစ်ဘက်၌ ထူးဆန်းစွာ အဖြူတန်းနှစ်ခု ဖြစ်ပေါ်နေခြင်းပဲဖြစ်သည်။

ပါးဖြူနေသော မြွေဟောက်ကြီးသည် လက်မောင်းလုံးခန့် တုတ်ခိုင်ကြီးမား၏။ အကြေးခွံများသည် နက်ပြောင်ပြောင် ဝါနုသန်းဖြစ်နေ၏။ မြွေဟောက်ကြီးသည် ပါးပျဉ်းခွက်ကြီးကို ကားသထက်ကားလိုက်ပြီး လျှာနှစ်ခွထုတ်လိုက် သွင်းလိုက်လုပ်ကာ ပါးစပ်မှ တရှူးရှူး အော်မြည်တွန်သံပေး နေသည်။

''ရှူး . . ရှူး . .''

''ကွိ . . . ကွိ . . .''

''ရှူး . . . ရှူး . . . ရှူး . . . ရှူး . . .''

''ဒိုး . . . ဒိုး . . . ဒိုး . . .''

မြွေဟောက်ကြီးက တွန်လေ၊ မျောက်ကလေးဖိုးစည်ကလည်း သူ့လည်ပင်းကို တအားဖက်၍ အော်လေဖြစ်သည်။ သို့သော် ဖိုးစည်ပုံ သဏ္ဌာန်က ကြောက်လန့်၍ အော်သည့်ဟန်ပန်မဟုတ်၍ သူ အံ့ဩနေမိသည်။ သူ့ပုံစံက ဘဝဟောင်းက မိတ်ဟောင်း၊ ဆွေဟောင်းမျိုးဟောင်းများကို ပြန်တွေ့၍ ဝမ်းသာအားရဖြစ်ပြီး အော်မြည်နေသည့်သဏ္ဌာန်မျိုး။

ကြည့်နေဆဲမှာပင် မြွေဟောက်ကြီးက အခွေကိုဖြည်လိုက်ပြီး အရပ်ကိုဆန့်မြှင့်လိုက်ကာ ခေါင်းတညိတ်ညိတ်လုပ်ပြီး ပါးပျဉ်းကြီးကို ဘယ်ညာယိမ်းနွဲ့၍ ယိမ်းကသလို လှုပ်ရှားပြနေရာ ကျောက်ခဲ ဆက်လက်မကြည့်ဝံ့တော့ပဲ မျောက်ဖိုးစည်ကို ဘယ်လက်နှင့် ပွေ့ချီလိုက်ပြီး ညာလက်နှင့် ခါးကြားမှ ဓားမြှောင်ကို အသင့်ဆုပ်ကိုင်လို့ အသာနောက်နှစ်လှမ်း ဆုတ်လှည့်ပြေးလိုက်သည်။

''လူကလေး . .''



www.burmeseclassic.com

www.burmeseclassic.com



''ဟယ်. . .''

''လူကလေး. . .''

သူ ခေါ်သံကြားလိုက်ရ၍ ပြန်လှည့်လိုက်သောအခါ စောစောက ကျောက်ဖျာကြီးပေါ်မှာ ကျောက်ရုပ်တစ်ရုပ်အား ငြိမ်သက်စွာ တရားထိုင်နေသည့် မုတ်ဆိတ်ဖြူ သျှောင်တစောင်း သူတော်စင်လို အဘိုးအိုကြီးသည် မျက်စေ့အာရုံမှုင်ကာ မြန်မာအသံထွက်၍ သူ့ကို လှမ်းခေါ်နေသည်ကို မြင်ရသည်။

သူ့ကိုခေါ်တာမှ ဟုတ်ရဲ့လား။ သူ သံသယစိတ်နှင့် ကြည့်နေဆဲမှာပင်၊ မုတ်ဆိတ်ဖြူ သူတော်စင် အဘိုးအိုကြီးက ညာလက်ကိုမြှောက်၍ သူ့ကိုလှမ်းခေါ်နေ၏။

''လူကလေး . . လာလှည့်. . .''

ကျောက်ခဲ သူ့ကိုခေါ်နေမှန်း အတတ်သိလိုက်သဖြင့် စောစောက လောက် ကြောက်ရွံ့စိတ်မရှိတော့ဘဲ ခြေစုံရပ်ကာ အရိပ်အခြေကို အကဲခတ်နေလိုက်သည်။

''ဒီကိုလာခဲ့ပါ လူကလေးရဲ့. . .''

''ဟို. . . ဟို. . . မြွေ. . . မြွေဟောက်ကြီး. . . မြွေဟောက်ကြီး''

''ကိစ္စမရှိပါဘူး. . . ပါးဖြူက လူကလေးကို ရန်မပြုပါဘူး၊ သူက လိမ္မာတယ်. . . လာသာလာခဲ့. . . အခုချက်ချင်းလာခဲ့. . .''

ကျောက်ခဲက စိတ်ညို့အမိန့်ပေးခံရသူပမာ အဘိုးအိုရဲ့ခေါ်သံဆုံးသည်နှင့် ဖိုးစည်ကို ပွေ့ဖက်၍ သူတော်စင်အဘိုးအိုရှိရာ ကျောက်ဖျာသို့ ရဲရဲလှမ်းလျှောက်သွားနေမိတော့သည်။ သူနှင့် သူတော်စင်အဘိုးအိုကြီးတို့သည် လေးငါးလမ်းကွာမျှသာ ခြားထားတော့သည်။ သူ အခုမှ အဘိုးအိုကို သေသေချာချာ စေ့စေ့စပ်စပ် ကြည့်လိုက်သည်။

''ဘုရားရေ. . .''

အဘိုးအိုကား . . သူ့အိပ်မက်ထဲမှာ သုံးညလုံးလုံး အိပ်မက်ပေးလာခေါ်လေ့ရှိသည့် ဆာဒူးကြီးလိုလို၊ မြန်မာသူတော်စင် အဘိုးအိုလို မုတ်





ဆိတ်မွေးဖြူဖွေးဖားလျား သျှောင်တစောင်း ခေါင်းပေါင်းနှင့် အဘိုးအိုဖြစ်နေသည်။ အံ့ဖွယ်ပါကလား။ နှုတ်ခမ်းမွေးဖြူဖြူကလည်း ပါးစပ်ထဲသို့ ကုပ်ဝင်မတတ်ရှိနေ၏။ လည်ပင်းပေါ်မှာတော့. . . လောက်စလုံးနည်းပါးခန့်ရှိသောပြောင်နေသည့် ပုတီးတစ်ကုံးသည် တွဲလျက်ဆွဲထားလျက်. . . မြန်မာဖြစ်ဖို့များသည်။

သူ့အနီးမှာ သစ်နက်သား တောင်ဝှေးကြီးကြီးတစ်ချောင်းက လဲလျက် ဂရုစိုက်၍ကြည့်လိုက်သောအခါ အိပ်မက်ထဲမှာ သူကြုံခဲ့ရသည့်အတိုင်း ပါးပျဉ်းထောင် မြွေခေါင်းနှင့်ဖြစ်နေသည်ကို ထူးဆန်းတိုက်ဆိုင်စွာ တွေ့မြင်ခဲ့ရ၍ သူပါးစပ်ဟသွားခဲ့ရသည်။

မြွေဟောက်ကြီးသည် သူ အဘိုးအိုအနီးသို့ ရောက်လာသည့်တိုင် ငြိမ်၍ကြည့်နေသည်။ ပီဘိ သစ်မြစ်မြွေရုပ်ထုအလား လှုပ်ရှားကင်းမဲ့စွာရပ်နေသည်။

''လူကလေးကို. . . အဘိုးစောင့်နေတာကြာပြီ''

''ခင်. . . ခင်. . . ဗျာ. . .''

''လူကလေး . . အဘိုးကိုမှတ်မိပါရဲ့လား . .''

''ဟုတ်. . . ဟုတ်ကဲ့. . . ခင်ဗျာ. . . ဟို. . . ဟို. . .''

အဘိုးအိုက ပြုံးပြီး လက်ကာပြလိုက်သည်။

''မှတ်မိရင်ပြီးတာပါပဲ၊ အဘိုး လူကလေးတို့ရောက်လာနိုင်ဖို့ ဒီအရပ် ဒီနေရာက စောင့်နေတာ နှစ်အတော်ကြာပြီလူကလေး. . .''

''ခင်. . . ဗျာ. . . နှစ်. . . အတော်ကြာပြီ. . .''

''ဟင်း. . . ဟင်း. . . ဟင်း . . ဟင်း . . ဟုတ်ပ၊ အချိန်ကြာသွားခဲ့ပါပြီ၊ လူကလေး အံ့သြနေတယ်မဟုတ်လား၊ လူကလေးနာမည်က မောင်ငကျောက်ခဲ၊ တနင်္လာသား၊ အဘိုးနာမည်လည်း မှတ်ထား ဦးနန္ဒတဲ့''

''အဘိုး . . ဦးနန္ဒက ကျွန်တော့် . . နာမည်ကို သိနေတယ်၊ ဟုတ်လား . .''

အိပ်မက်ထဲမှာ တွေ့ခဲ့ဖူးရသည့် ထူးဆန်းသော အဘိုးအိုကြီး...



www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်နှင့် သူ့မွေးနေ့ကို သိနေ၍ သူ အံ့သြချင်သလို ရှိနေ၏။

''ဒါ. . . ဘာခက်လို့လဲ လူကလေးရယ်၊ အဘိုးတို့ရဲ့ကျင့်စဉ်မှာ လူတစ်ယောက်ရဲ့ အတွင်းစိတ်ကို ထွင်းဖောက်မြင်နိုင်တဲ့ မနောအာရုံရှိနေတာဥစ္စာ၊ လူကလေးနဲ့ အဘိုးတို့မှာ ရှေးဘဝပဋ္ဌာန်းဆက်ကြောင့် အခု ပြန်ဆုံကြရပြီ. . .၊ လူကလေး ရှေးဘဝ နောက်ဘဝကိုယုံသလား. . .''

''ကျွန်. . . ကျွန်တော်. . . အဲဒီလောက် နားမလည်သေးပါဘူး အဘိုးခင်ဗျ''

''အင်း. . . ဟုတ်တာပေါ့၊ လူကလေးက နုငယ်သေးတာပဲ၊ လူမှာ ဘဝဟောင်းနဲ့ ဘဝသစ်ဆိုတာရှိတယ်၊ အတိတ်ဘဝ ကုသိုလ်ကံ အလျောက် ဘဝသစ်မှာ လူပြန်ဖြစ်တာရှိသလို အတိတ်ဘဝ အကုသိုလ် စေတသိတ်ကြောင့် ပစ္စုပ္ပာန်မှာ တိရစ္ဆာန်ဖြစ်လိုက်၊ အသူရကာယ်၊ ပြိတ္တာ၊ တစ္ဆေဖြစ်လိုက်နဲ့ ဘဝသစ်နဲ့ဝင်စားတာ ပြန်ဖြစ်တာရှိတယ်၊ ဟောဒီက မြွေကြီးရဲ့နာမည်ကိုမှတ်ထား. . . မြွေဟောက်ကြီးပါးဖြူတဲ့''

''ပါးဖြူ. . .''

''ဟုတ်တယ်. . . ဒီမြွေဟောက်ကြီးပါးဖြူဟာ လူကလေးနဲ့ လွန်ခဲ့တဲ့ဘဝဟောင်းက အချစ်ဆုံးသူငယ်ချင်းများပေပဲ၊ ဒီလိုပဲ. . . မင်း ပခုံးပေါ်က မျောက်ကလေးကလည်း ဟို. . . အတိတ်ဘဝက မင်းနဲ့အချစ်ဆုံး၊ အခင်ဆုံး သူငယ်ချင်းများပါပဲ အချစ်ကြီးကြသော်လည်း ဘဝပေး ကုသိုလ်၊ အကုသိုလ် အကျိုးပေးကြောင့် စုတေခါနီး အစွဲအလန်းကြောင့် အခုဘဝသစ်မှာ မင်းတို့ အမျိုးမတူဘဲ ပြန်ဆုံကြရတာပဲ. . .၊ ဒါကြောင့် ဘုရားရှင်က ဟောထားသားပဲ. . . လူသတ္တဝါများသည် တစ်ခါတစ်ဘဝ က အဆွေအမျိုး တော်စပ်ခဲ့ကြဖူး၏တဲ့၊ အဆွေအမျိုး မတော်စပ်ခဲ့ဖူးသူ မရှိတဲ့. . . ထိုင်ပါလူကလေး. . .''

သူကြားရသည့်စကားများကြောင့် မယုံရဲယုံရဲရှိကာဖြင့် သူတော်စင်အဘိုးအို ဘနန္ဒရှေ့က မြေပြင်မှာ ထိုင်ချလိုက်သည်။

''လူကလေး. . . လူကလေး. . .''





''ခင်ဗျာ. . . အဘိုး. . .''

''မကြောက်နဲ့နော်. . . ဒီမှာကြည့်. . . ဟဲ့. . . ပါးဖြူ မင်းတို့ သူငယ်ချင်းတွေ ရောက်နေပြီလေ. . . သွားနှုတ်ဆက်လိုက်. . .''

''ရှီ. . . ရှီ. . . ရှီ. . . ရှီ. . .''

''ဘုရား. . . ဘုရား''

''ခွီး. . . ခွီး. . . ခွီး. . . ခစ်''

''မကြောက်ပါနဲ့ လူကလေး. . . လူကလေးဟာ ဒီဘဝမှာ မြွေကြောင့် ဘယ်တော့မှ အသက်ဆုံးရှုံးခွင့်မရှိဘူး''

သို့ကလို. . . အဘိုးအို သူတော်စင်ကြီးက သူ့လျှို့ဝှက်ချက်များကို အတတ်သိသည့်အတိုင်း ပြောပြီးနောက် မြွေဟောက်ကြီးကို လှမ်း အမိန့်ပေးလိုက်သည်နှင့် မြွေဟောက်ကြီး ပါးဖြူသည် အဘိုးအိုသူတော်စင် ကြီးမျက်နှာကို သူ့ပါးစပ်နှာခေါင်းနှင့် နမ်းသလို နှုတ်ဆက်လိုက်ပြီး ကျောက်ဖျာပေါ်မှ လျောခနဲ ဆင်းချလာလိုက်သည်။

ကျောက်ခဲ ကြောက်လန့်လွန်း၍ အသားများ တဆတ်ဆတ် တုန်နေသည်။ ဖိုးစည်ကား ပျော်လွန်း၍ အော်ဟစ်ပြီး လှုပ်ရှားနေသည်။ သူ ခန္ဓာကိုယ်ကို စိတ်ထဲမှ ရွတ်နေလိုက်သည်။ မြွေဟောက်ကြီးသည် တလူးလူးတလွင့်လွင့်နှင့် ဆင်းလာခဲ့ပြီး သူ့မျက်နှာရှေ့မှာ ပါးပျဉ်းကြီးထောင် လိုက်ကာ သူ့လက်နှစ်ဖက်ကို နှာခေါင်းနှင့် တို့ထိနမ်းလိုက်သည်။

သည့်နောက် သုံးကြိမ်တိတိ သူ့ကို လှည့်ပတ်ရစ်ဝိုင်း၍ တရှီရှီ သံများပြုကာ မူလကျောက်ဖျာပေါ်သို့ ပြန်တက်သွားခဲ့တော့မှ သူ ရင်ခုန် သံများငြိမ်၍ အသက်ရဲရဲရှူရဲတော့သည်။

သူတစ်ကိုယ်လုံး ချွေးစေးများ ရွှဲနစ်နေ၏။ မြွေကြီး သူ့အနီးမှ ထွက်သွားတော့မှ ချွေးများကို သုတ်ပစ်လိုက်သည်။ သည်တော့မှ မြွေဟောက်ကြီး ပါးဖြူဆိုသူသည် သူ့ကို လုံးဝအန္တရာယ်မပြုသော မိတ်ဆွေ မှန်း သူ ထူးဆန်းအံ့သြစွာ နားလည်သိရှိခဲ့ရလေသည်။

''လူကလေးကို အဘိုးခေါ်ရတာ အိပ်မက်ပေးရတာ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ် လူကလေး. . . ဒီအကြောင်းကို လူကလေးသိမှာမဟုတ်ဘူး. . . အဘိုးပြောပြမယ်. . . လူကလေးနဲ့ အဘိုးတို့ဟာ ဟိုး. . . ဘဝဟောင်းတုံးက အဆွေအမျိုးများ တော်စပ်ခဲ့ကြပါတယ်. . . လူကလေးရဲ့ဘဝဟာလည်း အလွန်ကို ထူးဆန်းပါတယ်. . .၊ လူကလေးလည်း သိသင့်သလောက်သိမှာပါ။ သို့သော် ရှေ့အနာဂတ်မှာပိုပြီး အံ့သြစရာများနှင့် ကြုံရပါလေဦးမယ်၊ လူကလေးမှာ မြွေအန်ကျောက်တစ်လုံးရှိတယ် မဟုတ်လား. . .''

''ဗျာ. . . ရှိ. . . ရှိပါတယ်. . . အဘိုးခင်ဗျ''

''အိမ်း. . . ဒီမြွေအန်ကျောက်ဟာ အလွန်ထူးဆန်းတဲ့ ပစ္စည်းတွေပဲ။ အဆိပ်ပြင်းတဲ့ မြွေဆိုး အကောင်တစ်သောင်းရဲ့ရင်ကို ခွဲရှာသည့်တိုင် ဒီလိုကျောက်မျိုးတစ်လုံး မရနိုင်ပါဘူး၊ ဒါ ဘဝဟောင်းက အမွေပဲ၊ ဒီကျောက်မျိုးကို 'မြွေအမြုတေ' လို့လည်း ခေါ်နိုင်ကြပါတယ်၊ အချို့က ဝမ်းဗိုက်ထဲမှာရှိတယ်၊ အချို့က ဦးခေါင်းထဲမှာရှိတယ်၊ ချိုးအမြုတေ၊ အုန်းအမြုတေ၊ ငါးအမြုတေ၊ ရှောက်သီးအမြုတေ၊ ကျောက်အမြုတေ၊ မြွေအမြုတေ၊ ဝါးအမြုတေ၊ သစ်အမြုတေ၊ ပြောင်အမြုတေစသည့် အမြုတေမျိုးစုံရှိတယ်၊ အမြုတေမှန်သမျှ သူ့နည်းသူ့ဟန်နဲ့ အဘိုးတန် အသုံးဝင်တာချည်းပဲ၊ အချို့က ဆေးဖက်၊ အချို့က ပယောဂဘက်၊ အချို့က စီးပွားရေး လူမှုရေးဘက်မှာ အသီးသီးသော အကျိုးပေးကြတာရှိတယ် လူကလေး လက်ထဲမှာ ကိုယ်နှင့်မကွာ. . . ဒီမြွေအန်ကျောက်ရှိနေသမျှ. . . ဘယ်မြွေမှ လူကလေးကို အန္တရာယ်ပြုလို့မရဘူး၊ ဘယ်မြွေဆိုးမျိုးကိုမှ ကြောက်စရာလည်းမလိုဘူး။ လူကလေး ဒီကျောက်အစွမ်းကြောင့် မြွေဆိပ်၊ ကင်းဆိပ်၊ သက်ရှိသတ္တဝါအဆိပ်မှန်သမျှကို ကုစားနိုင်လိမ့်မယ်၊ အဲဒီကျောက်နဲ့ လူ သတ္တဝါများအသက်ကို ကယ်တင်ပါ၊ လူကလေးသည် တစ်နေ့သောအခါမှာ နာမည်ကျော်မြွေအလမ္ပာယ်ဆရာကြီးအဖြစ်နဲ့ ကျော်ကြားရလိမ့်မယ်၊ ဒါနဲ့အတူ ဘဝတိုက်ပွဲများစွာကိုလည်း ခက်ခဲပင်ပန်း ဆင်ရဲသည့်တိုင် ကျော် ဖြတ်ရလိမ့်မယ်၊ အချိန်သိပ်မရဘူး။ အဘိုးအလုပ်စခန်း ဝင်စရာတွေရှိနေတယ်၊ လူကလေးကို ကျုပ်ခေါ်ရတဲ့အကြောင်းက သည်အကြောင်းတွေကို





ပဋ္ဌာန်းဆက်အရှိန်ကြောင့် ပြောပြချင်လို့နဲ့ အမွေပေးစရာတစ်ခုလည်း ရှိနေလို့ပဲ''

''အမွေ. . . ဘာအမွေလဲ. . . အဘိုးခင်ဗျာ. . .''

''အဲဒီကောင်. . . မြွေဟောက်ပါးဖြူကို အမွေပေးချင်လို့ပဲ''

''ဒီ. . . ဒီ. . . မြွေကြီးကို. . .''

''ဟုတ်တယ် သိပ်လိမ္မာတဲ့မြွေကြီးကွဲ၊ မင်းရဲ့သူငယ်ချင်း စစ်စစ်ပါ၊ သူဟာ ရက်အတော်ကြာ အစာမစားဘဲ နေနိုင်တယ်၊ အစာကို သူ့ဖာသာ ရှာစားနိုင်တယ်၊ သူဟာ. . . မင်းကို သူ့အသက်နဲ့အမျှ စောင့်ရှောက်လိမ့်မယ်၊ သူ့ကို မင်းရဲ့သားလို ညီလို၊ သွေးသားရင်းလို၊ စောင့်ရှောက်ပါ၊ အခုတော့ လူကလေးက သူ့ကို စောင့်ရှောက်ရမယ့်အလှည့်ပဲ၊ မင်းရဲ့ဘဝတိုက်ပွဲမှာ သူဟာ တစ်နေ့ အလွန်အရေးပါ အရာရောက်တဲ့ အခန်းက ပါဝင်တပြလိမ့်မယ်. . . ကိုင်း ပါးဖြူ မင်းလိုက်သွား၊ မင်းရဲ့ သူငယ်ချင်း မိတ်ဆွေကို ဟိုးဘဝဟောင်းကအတိုင်း အနီးကပ်စောင့်ရှောက်ပါ၊ လူကောင်းများကို အန္တရာယ်မပြုပါနဲ့၊ သွား လိုက်သွား. . .''

''ရှီး. . . ရှီး. . .''

''ရှီး. . . ရှီး. . .''

မြွေကြီးကို အဘိုးသူတော်စင်ကြီးက အမိန့်ထပ်ပေးလိုက်သောအခါ မြွေကြီးသည် ပျော်ရွှင်လွန်းသည့်အလား ပါးပျဉ်းကို ဘယ်ညာခွဲ၍ ယိမ်းလိုက်ပြီးနောက်. . . ကျောက်ဖျာပေါ်မှ ပြန်ဆင်းလာကာ သူ့အနီးသို့လာ၍ ခွေနေသည်ကို အံ့ဖွယ်မြင်လိုက်ရလေသည်။

သည်မှာ. . . သူ့ပခုံးပေါ်မှ မျောက်ကလေးဖိုးစည်က လွှားခနဲ ခုန်ဆင်းလိုက်သည်။ မြွေဟောက်ကြီးဦးခေါင်းကို မကြောက်မရွံ့ လက်နှင့် ပုတ်လိုက်၍ မြွေဟောက်ကြီးပါးဖြူက မျက်လုံးလေးမှေးစင်းပြီး ငြိမ်၍နေသည်မှာ အလွန်ချစ်ခင်ကြသော မိတ်ဆွေများ ကျီစယ်ကစားနေသည့်အလား ထူးဆန်းစွာ မြင်ကြရလေသည်။

ကျောက်ခဲ မကြုံစဖူး ဖြစ်ရပ်ဆန်းကြယ်ရှိလှသည့် မြင်ကွင်းများ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြုံရမြင်ရပြီးနောက် လုံးဝကြောက်စိတ်လည်း မရှိတော့။ အဖြစ်အပျက်များက အံ့သြစရာကြီးဖြစ်နေသည်။ အိပ်မက်တော့မဟုတ်။ သို့သော် အိပ်မက်က အစပျိုးလိုက်သည့် အဆန်းတကြယ်ဖြစ်ရပ်များ. . .

``ကိုင်ပါ. . . လူကလေး သူ့ကိုရဲရဲကိုင်ပါ၊ တစ်နေ့ကျရင်. . . လူကလေး မြွေအကြောင်း နားလည်ကျွမ်းကျင်စွာ အသုံးချကာကွယ်နိုင်ဖို့ အဘိုး မြွေအလမ္ပာယ် ဂမ္ဘီရပညာရှင်တစ်ဦးနဲ့ အပ်နှံပေးမယ်``

``သို့နှင့် သူ မျောက်ကလေးဖိုးစည်လုပ်သည့်အတိုင်း မြွေဟောက်ကြီးပါးဖြူရဲ့ ကိုယ်လုံးနဲ့ ဦးခေါင်းကို ယုယစွာ ပွတ်သပ်လိုက်သည်။ ချော့လိုက်သည်။ မြွေကြီးက လွန်၍ လက်ခံမှုကိုပြသောအခါ သူကိုင်လို့ကောင်းလှသည့် ချောမွတ်နေသော မြွေကိုယ်လုံးကို ရသာခံ၍ ပွတ်ပေးနေမိတော့သည်။''

``ကျွန်. . . ကျွန်. . . တော်. . . သူ့ကို ဘယ်လိုယူသွားရမလဲ အဘိုး``

``ပြမယ်. . . လာလိုက်ခဲ့. . .''

သူ မျောက်ကလေးဖိုးစည်နှင့် မြွေဟောက်ကြီးပါးဖြူတို့ကို အတူထားခဲ့ပြီး ဘိုးသူတော်စင်ကြီး ခေါ်ရာနောက်သို့ လိုက်ခဲ့လိုက်သည်။ အဘိုးက ထူထပ်သော သစ်ပင်အုပ်ကို ဖြတ်၍သွားနေသည်။ မကြာခင် မြေဥမင်ပေါက်တစ်ခု၏ အဝင်ဝကို သူတွေ့လိုက်ရသည်။

``အဘိုးက ရှေ့မှဦးဆောင်၍ ဥမင်အဆင်း ကျောက်လှေခါးထစ်များအတိုင်း ဆင်းသွားသည်၊ သူကလည်း နောက်မှ ဆိတ်ငြိမ်စွာ လိုက်သွားခဲ့သည်။

အထဲမှာ ကြည်ဆိမ်းရောင်နှင့် လင်းနေသည့် မီးတိုင်တစ်ခုရှိ၏။ အတော်လှမ်းလှမ်း ဝင်သွားလိုက်သောအခါ ဥမင်ဂူနံရံကျောက်သားနှင့် ကပ်နေသည့် ကျောက်ပလ္လင်ပေါ်၌ လွန်စွာတည်ငြိမ် သပ္ပာယ်ဖွယ်ကောင်းလှသည့် အနောက်အိန္ဒိယလက်ရာ ဟန်ပန်ကျောက်သား ဗုဒ္ဓဆင်းတုတော်တစ်ဆူကို `ဖူးတွေ့လိုက်ရ၍ ဦးတော်တင်လိုက်သည်။





သူတော်စင်အဘိုးအိုက ဥမင်ထောင့်ဟာစ်နေရာမှ မှိုတက်နေသည့် မြွေပခြုပ်အဟောင်းတစ်ခုကို လက်ညှိုးထိုးပြလိုက်သည်။

``အဲဒီ ပခြုပ်ကို ယူသွားတော့၊ သူ့ကို ငါ စောင့်ရှောက်ထားရတာကြာလှပြီ၊ အခု လူကလေး တာဝန်ပဲရှိတော့တယ်၊ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပါလူကလေး၊ အဲဒီပခြုပ်နဲ့ လုံခြုံစွာ ထည့်ယူသွားပေတော့၊ ဒီမြွေကြီးကို ကျုပ်ဆီက ရတယ်လို့ ဘယ်သူ့မှ မပြောပါနဲ့ လူကလေး တောထဲက ရလာတယ်လို့ပြောပါ၊ ဒီနေရာမှာ ကျုပ်ရှိကြောင်းလည်း လျှောက်မပြောပါနဲ့ ကိုင်း. . . သွားတော့. . .``

``အဘိုးကို အကြောင်းရှိလို့ တွေ့ချင်ရင် လာခဲ့လို့ရမလားဟင်``

``အိမ်း. . . သိပ်အရေးကြီးလို့ တွေ့ချင်ရင်၊ လပြည့်နေ့မနက်နဲ့ လကွယ်နေ့ညနေ နှစ်ချိန်တွေ့နိုင်တယ်၊ အထဲကိုတော့ ဝင်မရှာနဲ့နော်''

``ဘာလို့ပါလဲ အဘိုး. . . အန္တရာယ်ရှိနိုင်လို့လား. . .``

``အထဲမှာ လမ်းကြောင်းတွေ အများကြီးရှိနေတယ် လူကလေး၊ မျက်စေ့လည်လမ်းမှားရင် ပြန်ထွက်လို့ မရတော့ဘူး ဒါကြောင့်ပါ``

``အထဲမှာ အဘိုးတစ်ယောက်ထဲလား ဟင်. . .''

``ဒီကိစ္စ လူကလေး အခု မသိချင်နဲ့ဦး၊ လူကလေး အဘိုးကို တွေ့ချင်ရင် ဟောဒီ ကျောက်ပလ္လင်ပေါ်မှာ ကျောက်ခဲသုံးလုံး တစ်ရက်ကျိုတင်ထားလိုက်၊ ဒါဆို လူကလေးနဲ့ အဘိုး နောက်နေ့နံနက်မှာ တွေ့လို့ရနိုင်ပြီ သွားတော့. . .''

ကျောက်ခဲ အဘိုးသူတော်စင်ကြီးကို လေးစားရှိုကျိုးစွာ ဦးညွှတ်ကန်တော့လိုက်သည်။ ထိုအခါ အဘိုးသူတော်စင်ကြီးက ဗုဒ္ဓသရဏံဂစ္ဆာမိကို အသံထွက်တစ်မျိုးနှင့် ရွတ်ဆို၍ ဂါထာမန်းသကဲ့သို့ လည်းကောင်း၊ ဘဂဝါ မေ့ဂီတသံကဲ့သို့လည်းကောင်း အသံထွက်ရွတ်ဆိုလိုက်သည်။

ပြီးနောက် သူ့ဦးခေါင်းကို ညာလက်နှင့် သုံးကြိမ်သပ်လိုက်ပြီး ထူးဆန်းစွာ ဩ(သျှရိ) အဖွင့်ပါ ဂါထာမန္တာန်ကို သူနားမလည်သည့် ပါဠိဘာသာစကားနှင့် ရွတ်ဆိုပြီး သူ့ကို အပေါက်ဝသို့ လိုက်ပို့သည်။ အဘိုးက



www.burmeseclassic.com

www.burmeseclassic.com



ဂူအတွင်းဝမှာ ကျန်ရစ်ခဲ့လေသည်။

ကျောက်ခဲ အပြင်သို့ရောက်သည်နှင့် မြွေပခြုပ်ကို ဖွင့်လိုက်ပြီး မြွေကြီးကို မရှုထည့်ရန် ပြင်လိုက်သည်။ အလွန်လိမ်မာလှသော မြွေကြီးသည် ကိုင်မပေးစရာ မလိုဘဲ၊ သူ့အလိုအလျှောက် လုမ်းဝင်ပြီး ခွေနေလိုက်သည်ကို ထူးဆန်းစွာ ကြုံတွေ့လိုက်ရပြန်လေသည်။

ဇင်းနောက် မြွေပခြုပ်ကိုထမ်း၍ ဖိုးစည်ကို လက်ဆွဲလိုက်ပြီး . . . သူတော်စင်အဘိုးကို နှုတ်ဆက်ရန် လှည့်ကြည့်လိုက်သောအခါ သူ့ . . . အဘိုးကို လုံးဝမတွေ့မြင်ရတော့။

♛ ♛ ♛

ဒဿဂီရိ ဆိုင်းဆင့်

"ဟော့ကောင် . . ."

"ဟော့ . . . ဟော့ . . ."

နောက်ဘက်မှ ခေါ်လိုက်သံကြောင့် ကျောက်ခဲ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ တွေ့ရသူများက . . . စိန်ကုလား၊ မြဒင်နှင့်၊ နသိုးတို့ သုံးဦးဖြစ်သည်။ သူတို့သုံးဦး ပုံစံက . . . ခပ်ထွေထွေသဏ္ဍာန်မျိုး၊ 'ဟော့ကောင်' ဆိုသည့်အတွက် မိမိကို ခေါ်သည်မထင်၍ ဖိုးစည်ကိုလက်ဆွဲပြီး . . . ကိုယ့်လမ်းကိုယ် ဆက်လျှောက်သွားလိုက်သည်။





"ဟော့ကောင် . . . ကျောက်တုံး . . . အဲ . . . ဟဲ . . . ဟဲ ကျောက်ခဲ . . ."

အလို။ သူ့နာမည်ကို တိုက်ရိုက်ခေါ်နေတာပါလား။ သို့နှင့် ကျောက်ခဲက မရပ်ချင်ရပ်ချင်နှင့် ရပ်လိုက်သည်။ လူရမ်းကားသုံးယောက်က ဖြုန်းဆို သူ့ကို ဝိုင်းလောက်ဆိုင်ဝိုင်းလိုက်ကြ၏။ သူတို့သုံးယောက်၏မျက်နှာပေါ်မှာ မထိတရိနှင့် ရက်စက်ကြမ်းကြုတ်ဟန်များက အထင်းသား၊ နေရာက ကျိုက်ခေါက်စေတီအရှေ့ဘက်က ဝါးကျောင်းသွားရာတောလမ်းထဲမှာ။ နေရာက လူအတန်ပြတ်နေသည်။

"ဘာကိစ္စရှိလို့လဲ . . . စိန်ကုလား . . ."

စိန်ကုလားက မချိုမချဉ်မျက်နှာနှင့် သူ့အနီးသို့တိုးကပ်လာလိုက်သည်။ နည်းတူ ကျန်နှစ်ယောက်ကလည်း တွဲ့ဝိုင်း၍ကပ်လာကြသည်။ အရက်နံ့များက သူတို့ပါးစပ်မှ ထောင်းထောင်းထနေသည်။

"မင်းကို . . . ငါ . . .သတိပေးစရာရှိတယ်..ကျောက်ခဲ . . ."

"ဟင် . . . ငါ့ကို မင်းက သတိပေးစရာရှိလို့ဘာဖြစ်လို့များပါလိမ့်"

ကျောက်ခဲက သတိပေးစရာဆို၍ ငံ့လင့်လိုက်သည်။ တိုင်းပြည်အခြေအနေက မကောင်းလှ၊ ဟိုနားသဲ့သဲ့၊ ဒီနားလှုပ်လှုပ် ကြားနေရသည်။ မြေအောက်တော်လှန်ရေးအတွက် တို့ဗမာအစည်းအရုံးမှ လှို့ဝှက်လှုပ်ရှားနေကြောင်း သတင်းများကြားနေရသည်။ အင်္ဂလိပ်စုံထောက်များ မြန်မာစုံထောက်များ နေရာတကာ ခြေချင်းလိမ်နေကြသည်။ သည်ကိစ္စအတွက် စိန်ကုလားက ကြိုတင်အသိပေးချင်လို့များလား။

"ပြောလေကွာ . . . စိန်ကုလားရ . . ."

"ခွီး . . . ခွီး . . ."

"အား . . . မ . . . လေး . . . ဗျ . . ."

ဒီအချိန်မှာ မြဒင်က ဖိုးစည်ခေါင်းကို လက်နှင့် တအားပုတ်လိုက်၍ ဖိုးစည်က မြဒင်ရဲ့လက်ကို ဒေါသတကြီးကုတ်လိုက်ရာ မြဒင် အားခနဲအော်ပြီး နောက်ဆုတ်၍ သွေးချင်းချင်းရဲသွားသည်။ သူ့လက်ကိုအုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖိုးစည်ကို တိုင်းထွာဆဲရေးလိုက်သည်။

''ဒီလိုကွာ. . . မင်း ဒီနေ့ကစပြီး ခင်အေးညိုတို့အိမ်ကို သွားစရာ မလိုဘူး''

''ဟင်. . . ဘာ. . . ဘာဖြစ်လို့. . .''

''ခင်အေးညိုကို ငါကြိုက်တယ်၊ ချစ်တယ်. . .၊ သူ့ကို. . . ငါ ရတဲ့နည်းနဲ့ ယူတော့မယ်၊ ဒါကြောင့် မင်းမျက်နှာကို ခင်အေးညိုတို့အိမ် ဝိုင်းထဲမှာ လုံးဝ. . . ငါ. . . မမြင်ချင်ဘူး. . . ကျောက်ခဲ. . .''

ကျောက်ခဲရင်ထဲမှာ ထောင်းခနဲ ဖြစ်သွားခဲ့သည်။ သူ ဖိုးစည်ရဲ့ လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ရင်း စိန်ကုလားရဲ့ ဆံပင်ဘုတ်သိုက်မျက်နှာ ကို ရွံရှာသလိုကြည့်လိုက်သည်။

''ဘာဆိုင်လဲ. . . စိန်ကုလား၊ မင်းနဲ့ခင်အေးညို အခုရော မေတ္တာရှိနေကြလို့လား. . . ကဲ. . . ပြောပါအုံး. . .''

''အခုမရှိသေးပေမဲ့၊ တော်ကြာ ရှိတော့မှာကွ၊ ဟား ဟား ဟား ငါနဲ့သူနဲ့ အဆင်ပြေချင်သလိုလို ရှိနေကြပြီ၊ အိုကွာ. . . အဲဒီကိစ္စအတွက် ငါ့အချစ်ရေးလမ်းကြောင်းမှာ မင်းကို ဆူးညှောင့်ခလုတ် ကန်သင်းအဖြစ် ငါမမြင်ချင်ဘူး၊ ဒါပဲ. . . မင်း နားလည်တယ်နော်. . .''

''ငါနဲ့. . . ခင်အေးညိုက. . .''

''အေး ပြောပါအုံး၊ မင်နဲ့ခင်အေညိုဘာဖြစ်လဲ၊ ဘာတော်လဲ''

''သူနဲ့ငါဟာ အခင်မင်ဆုံးသူငယ်ချင်း၊ ပြီးတော့. . . အဲ. . .အဲ''

''ဝါး. . . ဟား ဟား. . . ဟား. . . ဟား၊ ဝါး. . . ဟား. . . ဟား ဟီ. . . ဟီ. . .''

''ဆက်ပြောပါအုံး ကျောက်တုံး. . . အဲ ကျောက်ခဲရ. . . အဟတ် အဟတ်. . .''

သုံးယောက်သားဝိုင်းဟားရင်းမှ သူ့ရင်ဘတ်ကို စိန်ကုလားက တွန်းလိုက်ရာ ကျောက်ခဲယိုင်လဲသွားခဲ့၏ လူငယ်ပီပီ ရင်ထဲမှာ ဒေါသ ထောင်းခနဲ ဖြစ်သွားသည်။ ဒါ သက်သက်မဲ့ အသားလွတ် စော်ကားရန်စ





နေတာပါလား....။ သူနှင့်ခင်အေးညိုတို့ မေတ္တာမျှနေသည်ကို ဒီဝန်းကျင် က အံကုန်သိကြသည်။

''ကဲ. . . ငါက. . . ဆက်သွားနေဦးမယ် ဆိုရင်ကောကွာ. . .''

''အဲဒီကျရင်. . . ဟောဒီလို. . .''

''ဖေါင်း. . .'' စိန်ကုလားက ပြောရင်းအလစ်အငိုက်မှာ လက်ဝါး နှင့် နားရင်းကို ပိတ်ရိုက်လိုက်သည်။ အလစ်အငိုက်မိသွား၍ မျက်လုံးထဲ မှာ မီးပွင့်သွားခဲ့သည်။

''ဖေါင်း....''

''အင့်....''

''ခွပ်....''

''အား..အား...အ....''

သည်မှာ နောက်ကနေ၍ မြဒင်ကတာအား ဆောင့်ကန်လိုက်ရာ သူ့ရှေ့သို့စိုက်ကျသွားစဉ် နသိုးက နံစောင်းကို လက်သီးဆုပ်နှင့်ထိုးလိုက် သည်။ သူ နာကျင်စွာ အော်ဟစ်ရင်း မျက်ရည်များ စို့တက်လာခဲ့သည်။ ဖိုးစည်လည်း အကန်ခံလိုက်ရပြီး အဝေးသို့လွင့်စင်သွားသည်။ ကျောက်ခဲ အမြန်ဆုံးအားတင်း၍ လိုမ့်ရှောင်ရင်း အံကြိတ်ကာ ပြန်ကြည့်လိုက်သည်။

ဆရာကြီးဦးကျော်ဇေယျရဲ့ စကားသံအချို့သူနားထဲသို့ လျှပ်စီး လက်သလို ဝင်လာလိုက်သည်။ 'သိုင်းဗန်တိုပညာများ ဘတ်ထားရင် သူ တစ်ပါးကို အကျိုးမဲ့ နိုင်လိုထက်စီး မစော်ကားနဲ့ အနိုင်မကျင့်နဲ့ မျက်ရည် ပေါက်ကြီးငယ်ကျအောင် အစော်ကားခံရမှ၊ မလွှဲမရှောင်သာ ပြန်ခုခံရမယ်.... မှတ်ထား..'

''ဘာလဲ..မင်းကလူမိုက်လား၊သိုင်းသမားဆိုပြီး ကျယ်ချင်လို့လား''

''ဖောင်း....''

''အား....''

''ဖျန်း....''

''အား....''



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း . . .လာကွာ. . ."

"အု. . ."

"ယိ. . .ကဲကွာ. . ."

သုံးယောက်သား သူ့ကို ဖေယ်တောဘလို ဝိုင်းတေကြသည်။ သူ့ဝမ်းဗိုက်ထဲမှ အောင့်၍နာကျင်လာခဲ့သည်။ ပါးစပ်မှလည်းသွေးများစီးကျလာခဲ့သည်။ မျက်နှာတစ်ပြင်လုံး ပူးယောင်ပြီးမျက်လုံးအိမ်မှ မျက်ရည်များစီးလိမ့်၍ကျလာခဲ့သည်။ သည့်နောက် အံကိုတင်းတင်းကြိတ်လိုက်သည်။

"ကျား. . ."

"ဖောင်း. . ."

"အမလေးဗျ. . . အင့်. . ."

သူ့ရှေ့တည့်တည့်မှာရှိနေသည့် စိန်ကုလားမျက်နှာကို 'ကျား'တစ်ချက်အော် မာန်သွင်းလိုက်ပြီး ခြေဖျားနှင့်ပတ်ရိုက်လိုက်သည်။ စိန်ကုလားမေးဖျားမှ ဖောင်းခနဲ အသံမြည်သွားပြီး မြောက်ဘက်သို့ လွင့်စဉ်သွားတော့သည်။

သည်မှာ နသိုးကနောက်မှ လှမ်းဖက်၍ ရုန်းမရအောင်ဖြစ်နေစဉ် မြဒင်က သူ့ဝမ်းဗိုက်ကို ဖြောင့်လက်သီးနှင့်လှမ်းအထိုး သူ ချုပ်ထားသည့်ကြားမှ ညာခြေကို မြောက်ဖြောင့်၍ဝင်လာသည့် လက်သီးရော လူရောကို ဆောင့်ကန်လိုက်သည်။

"ကျား . . ."

"ဖြောင်း . . ."

"အားမလေး. . . သေပါပြီးဗျ. . . အား. . . အ. . .အ"

ဖြောင်းခနဲ အသံနှင့်အတူ ဖြောင့်လက်သီးသမား မြဒင် အဆစ်ကျိုး၍သွားကာ ကောက်သွားသည်။ လက်ကိုဆုပ်ကိုင်ရင်း အသံကုန်အော်ဟစ်နေတော့သည်။ ပြီးနောက် နောက်မှဖက်ထားသည့် နသိုးရဲ့ခွကြားကိုလက်နှင့် နောက်ပြန်လှမ်းကုတ်ပြီး ဆွဲလိန်လိုက်ရာ နသိုးခြေနှစ်ဘက်မြောက်ပြီး တအားအားအော်၍ မျက်ဖြူလန်လျှက် လက်လျှော့ကျသွား





သည်။

သည့်အခြေအနေမှာ ကျောက်ခဲက နသိုးမျက်နှာကို လက်ဝါးနှင့် အုပ်ရိုက်လိုက်ရာ နှာခေါင်းမှသွေးများ ဖြာခနဲထွက်လာပြီး နောက်သို့ပြန်လဲကျသွားသည်။

"ကျား . . ."

ဒီမှာ. . . စိန်ကုလားက အုတ်ပိုင်းကျိုးကောက်၍ ပစ်ရန်ပြင်လိုက်သည်။

"ဟိတ်. . ."

"ဟယ်. . ."

"ဖေါင်း. . ."

"အား . . ."

"ဆည်းဆာ. . ."

ကျောက်ခဲ ရှောင်ရန်ခေါင်းကို ငဲ့လိုက်စဉ် သူတို့နှစ်ဦးအကြားသို့ မဆည်းဆာသည် ကျားသစ်မလေးအလား လွှားခနဲ ဝင်ရောက်လာပြီး စိန်ကုလားရဲ့ ကျောက်ခဲကိုင်လက်ကို ကျားပုတ်သလို ပုတ်ထုတ်လိုက်ပြီး မျက်နှာကို လက်ပြန်ရိုက်ချလိုက်သည်။ ဖောင်းခနဲ အသံထွက်ပြီး စိန်ကုလား လမ်းဘေးမြောင်းထဲသို့ စိုက်၍ကျသွားတော့သည်။

နသိုးက တုတ်ပိုင်းတစ်ချောင်းကောက်၍ ပြေးရိုက်ရန်ကြံစဉ်၊ သူတို့နှစ်ယောက်က ကျောချင်းကပ်၍ ရင်ဆိုင်တိုက်ရန် ခြေကွက်ပြင်လိုက်သည်ကို မြင်လိုက်သောအခါ နသိုးတုတ်ကိုင်ပြီး ရှေ့မတိုးရဲတော့ပဲ စိန်ကုလားနှင့် မြဒင်ကိုဆွဲထူကာ နောက်ဆုတ်. . . နောက်ဆုတ်လုပ်၍ သွားကြသည်။

"ခွီး. . .ခွီး. . .ခွီး. . .ခွီး. . ."

"ဝီး. . .ဝီး. . .ဝှီး. . .ဝှီး. . ."

သည်မှာ ခြေနှင့်အကန်ခံရ၍ ဒေါသဖြစ်နေသည့်ဖိုးစည်က နီးရာအုတ်ခဲများကို ကောက်ပြီး သူတို့သုံးယောက်အား ပေါက်လိုက်ရာ။ ကံဆိုးချင်တော့ အုတ်ခဲတစ်လုံးက သူ့ကို ခြေနှင့်ကန်သည့် မြဒင်ရဲ့နဖူးကို မှန်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရာ မြဒင်နဖူးကို လက်နှင့်အုပ်ရင်း သူ့လူများကို ဆွဲခေါ်၍ အနောက်ဘက်သို့ လစ်ပြေးကြတော့သည်။

သူတို့မရှိတော့မှ မဆည်းဆာက ရင်ဘတ်မှာသိုင်းပတ်ထားသည့် ပုဆိုးကိုဖြုတ်၍ ကျောက်ခဲရဲ့မျက်နှာမှ ဒဏ်ရာသွေးစများကို အသာအယာ သုတ်ပေးလိုက်သည်။

''ဘယ်လိုဖြစ်ကြတာလဲ အကိုရယ်. . .''

''သက်သက်မဲ့ရန်စပြီး စော်ကားတာပါဆည်းဆာရာ၊ ညီမလေး အချိန်မီရောက်လာပေလို့. . . နို့မို့. . . ငါ. . . လူသတ်မှုပါ ကျူးလွန်မိမလားမသိဘူး. . . ဟူး. . . တောက်. . . လူမိုက်ရိုင်းတွေကွာ. . . ဖွီ''

''တော်ပါတော့ အကိုရယ်. . .၊ ညီမလည်း အကြွေးသွားပေးပြီး ပြန်အလာမှာ မြင်လိုက်လို့ ဝင်ကူလိုက်ရတာ၊ တော်သေးတာပေါ့၊ လာအစ်ကို တော်ကြာ သူတို့ နောက်ထပ်အုပ်စုဖွဲ့မလာခင် ပြန်ကြစို့၊ ရန်စဆိုတာ တိုတာပဲကောင်းတယ် အကိုရယ်နော်. . .''

သည့်နောက် သူတို့သုံးဦး ခြေလှမ်းသုတ်သုတ်နှင့် ပြန်လာခဲ့ကြသည်။ လမ်းမှာ ကျောက်ခဲက ဆည်းဆာကို အခုလိုကူညီသည့်အတွက် ကျေးဇူးတင်ကြောင်းပြောပြသည်။ မဆည်းဆာက ကျေနပ်ပြုံးလေးပြုံးရင်း မလိုပါဘူးအကိုရယ်၊ ညီမရဲ့ရင်ထဲက သဘောထားကို အစ်ကိုနားလည်ရင်ပြီးတာပဲဟု ဆိုလိုက်လေသည်။

ဖိုးစည်ကား တလမ်းလုံး ဒေါသဖြစ်နေ၍ လက်သီးကိုဆုပ်လိုက်၊ တွေ့ရာကို ခြေနှင့်ကန်လိုက် ဟိုကြည့်၊ ဒီကြည့် ဒေါသဖြစ်လိုက် ပေါက်ကွဲနေ၍ မနည်းကိုချော့ပြီး ခေါ်ခဲ့ရလေသည်။

♛ ♛ ♛





## သုံးယောက်ပေါင်း လောင်းကျော်

စိန်ကုလားတို့အုပ်စုနှင့် စကားများပြီးနောက်ပိုင်း ကျောက်ခဲတစ်ယောက် ရွာထဲ အလည်အပတ်သွားခြင်းကို လျှော့ချလိုက်သည်။ ၎င်းအစား မြေပခြုပ်ကိုထမ်း၍ ဖိုးစည်ကိုခေါ်ပြီး တာဝတောထဲက ဥမင်လိုဏ်ဂူရှိ အဘိုးသူတော်စင်ကြီးရှိရာသို့ သွားလေ့ရှိသည်။

အချို့သောသူများက သူကိုတွေ့လျှင် ''ဘယ်လဲ''ဟုမေးကြသည်။ မေးတိုင်း တောထဲ မြေရှာသွားမလို့ဟုချည်း ပြောလိုက်ရာ အားလုံးကြက်သီးထ ပခုံးတွန့်ပြီး သူ့အနီးမှ ရှောင်သွားကြလေသည်။

အဘိုးသည် သူတို့သုံးဦးရောက်သည်နှင့် မြွေအကြောင်းသိကောင်းစရာများကို ပြောပြလေ့ရှိသည်။ ဆိုရလျှင် အဘိုးသူတော်စင်ကြီး ကိုယ်နှိုက်ကလည်း ပျို့ရွယ်စဉ် မြွေအလမ္ပာယ်ဆရာကြီး ဖြစ်သည်ဟုဆို၏။ သို့ဖြစ်၍ မြွေအထာမြွေသဘာဝနှင့် မြွေတို့၏ဆန်းကြယ်လျှို့ဝှက်သော ဖြစ်ရပ်များကို ရှင်းပြလေ့ရှိ၏။

တစ်နေ့သောအခါ အဘိုးသူတော်စင်ကြီးက သူ၏ငယ်ပေါင်းသူငယ်ချင်းဆိုသော မြွေအလမ္ပာယ်ဆရာကြီးတစ်ဦးထံ သူ့ကိုအပ်ပေးခဲ့သည်။ မြွေအလမ္ပာယ်ဆရာကြီးအမည်က ဦးရွှေမှိုင်းဟုခေါ်၏။ သူ့ကို မသိလျှင် အိန္ဒိယနွယ်ဖွားကုလားကြီးဟု ထင်မှတ်ရ၏။ သူသည် အိန္ဒိယနိုင်ငံသို့လည်း ရောက်ဖူးသည်ဟု သိရ၏။

အဘိုးအဆိုအရ ဦးရွှေမှိုင်းသည် အိန္ဒိယနိုင်ငံမှ ဆာဒူးသူတော်စင်များနှင့် မြွေအလမ္ပာယ်အတတ်ကို ကျပ်းကုန်ကပ်းကုန် သင်ခဲ့သူဖြစ်သည်ဟု သိရ၏။

သူ့ကို လွှန်ခဲ့သည့်နှစ်ပေါင်း(၅၀)ကျော်တုန်းက အနယ်နယ်



www.burmeseclassic.com

www.burmeseclassic.com



အရပ်ရပ်မှ လူများကရော အဲဒီအချိန်တုန်းက မြွေဖမ်းသမားများ၊ မြွေအလမ္ဗာယ်ဆရာများက..``မြွေတစ်ရာ ရွှေမှိုင်း``ဟု ခေါ်ကြသည်ဆို၏။

အဘိုးနန္ဒနှင့်တွဲ၍ မြွေတစ်ရာဦးရွှေမှိုင်းက နယ်စဉ်၊ ရွာစဉ်၊ တောစဉ်လှည့်၍ မြွေဖမ်း၏။ စပါးခင်း၊ တောင်ယာခင်းမှာ မြွေဆိုးပေါ်သည်ဟုကြားလျှင် ထိုအရပ်ကို ရောက်အောင်သွားပြီး ၎င်းမြွေများကို နည်းအမျိုးမျိုးနှင့် ရအောင်ဖမ်း၏။ အချို့ကို မြွေမန္တန်ရွတ်ပြီး ၎င်းနေရာမှ ထွက်သွားအောင် အကူအညီပေးကြ၍ လယ်သမား၊ ယာသမားများက လွန်စွာအားကိုး လေးစားကြသည်ဟု အဘဦးရွှေမှိုင်းက ပြောပြသည်။

အဘိုးသူတော်စင်ကြီး၏ စေတနာကြောင့် သူ မြွေအလမ္ဗာယ်ဆရာကြီး မြွေတစ်ရာဆရာကြီးဦးရွှေမှိုင်း၏ လက်ရင်းတပည့်ဖြစ်ကာ မြွေပညာရပ် လျှို့ဝှက်ချက်များကို ထူးထွေဆန်းပြားစွာ သိရှိရပြီး လက်တွေ့လည်း သင်ကြားပေးခြင်းခံရလေသည်။

ထို့ကြောင့် ကျောက်ခဲက အဘိုးသူတော်စင်ကြီးဦးနန္ဒကို ကျေးဇူးတင်လေးစားခဲ့ရသည်။ သူလာတိုင်းလည်း အဘိုးအတွက် သစ်သီးဝလံများ ယူဆောင်လာခဲ့သည်ချည်းဖြစ်၏။

အဘိုးနှင့်သူတို့ တွေ့ရဖို့ကလည်း မလွယ်။

အဘိုးကိုတွေ့နိုင်ဖို့ လပြည့်နေ့နှင့် လကွယ်နေ့ နံနက်၊ ညနေများကို မျှော်ကြရသည်။ အဖိတ်နေ့မှာကြို၍ အဝင်ဥမင်လိုဏ်ဝရှိ ကျောက်ပလ္လင်ပေါ်မှာ ကျောက်ခဲသုံးလုံးကို တစ်နေ့ကြိုတင်ပြီး အချိန်းအချက်လုပ်ရသည်။ ဥမင်အထဲကို ဝင်ကြည့်ချင်ပါသော်လည်း အထဲမှာက ချောက်ချားစရာကောင်းအောင် အသံများတိတ်နေသည်။

သို့ကလို ကျောက်ခဲသုံးလုံးတင်၍ ကြိုတင်တွေ့ရှိလိုကြောင်း အချက်ပြခဲ့ပါက နောက်နေ့ အဘိုးအားလပ်နေလျှင် သူ အဘိုးနှင့်တွေ့ခွင့်ရသည်။ တွေ့ခွင့်ရလျှင် ဂန္ဓာရီလောကီနှင့် သမထကျင့်စဉ်၊ စိတ်ကျင့်စဉ်များအကြောင်း နာကြားခွင့် သိရှိခွင့်ရခဲ့သည်။ အဘိုးပြောပြချက်များက ဆန်းကြယ်လှ၏။ အံ့သြစရာ အလွန်ကောင်း၏။ မဖြစ်နိုင်တာ မရှိ။ မဖြစ်





သေးတာပဲရှိသည်။ ဖြစ်တဲ့လူဖြစ်၍ ပေါက်မြောက်သွားကြပြီတဲ့။

သူတို့ဒီနေရာမှာ တွေ့ဆုံ အသိပညာ သင်ကြားကြသည်ကို အဘိုးမှလွဲလျှင် ဘယ်သူမှမသိကြ။ မရိပ်မိကြ။ မှဲ့စ်ချိုး၊ ဝါးခုတ်၊ အမဲလိုက်သူများကလည်း ဒီနေရာဝန်းကျင်ကို မလာရဲ။ ဥစ္စာစောင့်သံလိုလို သရဲချောက်သလိုလိုများ မကြာခဏကြုံရ၍ ဂမ္ဘီရနယ်မြေအဖြစ် အထူးရှောင်ကျဉ်ကြသည်။ မြွေဆိုးများကလည်း ပေါသည့်အပြင် ထူးဆန်းအံ့ဖွယ်ကောင်းလှသည့် မှတ်ဆိတ်ဖြူ ယောဂီဝတ်သူတော်စင်ကြီး တစ်ဦးလည်းရှိနေသည့်အတွက် ကြောက်လည်းကြောက်ကြသည်။

ရွာနီးချုပ်စပ်မှ မုဆိုးတစ်ဦးအဆိုအရ ဤအဘိုးအိုကြီးသည် တစ်ခါများကျောက်ဖျာပေါ်မှ ထိုင်နေသည်မှာ အသက်မဲ့ ကျောက်ရုပ်အလား ရှိနေသည်တဲ့။ သူ့ကို မုဆိုးများက ကနဦးစတွေ့စဉ်က အရူးမှတ်၍ အမျိုးမျိုး အသံများပေးပြီး အထိုင်ပျက် အထပျက်အောင် နှောင့်ယှက်ခဲ့ကြသည်တဲ့။ ခြုံများကို ရိုက်ပုတ်ကြသည်။ ခဲမိုး၊ သဲမိုးများရွာ၍ ပစ်ခတ်နှောင့်ယှက်ကြသည်။ သို့တိုင်အောင် သူသည် ကျောက်ဖျာပေါ်မှ ထိုင်နေသည်မှာ လုံးဝမလှုပ်တဲ့။ တစ်ဦးသော ရူးရူးမူးမူး မိုက်မိုက်ကန်းကန်း မုဆိုးတစ်ဦးကဆိုလျှင် လောက်လေးဂွနှင့် ခပ်လှမ်းလှမ်းမှ ချိန်၍ပစ်ခဲ့၏။ ငှက်တောင် ပစ်တိုင်းမလွဲသည့် သူ့လောက်လေးဂွမှ လောက်စာလုံးများသည် ထိုအဘိုးအိုကိုပစ်သောအခါ အချက်တိုင်းလွဲခဲ့ရသည်တဲ့။

ထူးဆန်းသည်ကား ထိုမုဆိုးသည် အိမ်ပြန်ရောက်သောအခါ သူ့ လက်ကြီး ရုတ်တရက်ယောင်ကိုင်းပြီး မြောက်လို့လှုပ်လို့မရအောင် နာကျင်ကိုက်ခဲ၍ တစ်နေ့လုံးတစ်ညလုံး အော်ဟစ်ငိုယိုနေရသည်။ ဆေးဆရာများလည်း ကုသ၍မနိုင်ခဲ့။ သို့နှင့် အခြားမုဆိုးများ တိုက်တွန်းချက်အရ၊ ဆံရှည်မုတ်ဆိတ်ဖြူ ကျောက်ဖျာပေါ်မှအဘိုးအိုးအား လက်ဖက်ပွဲနှင့် မနေ့က ဖြစ်ပွား စော်ကားမိသည့်ကိစ္စကို အပြစ်မှခွင့်လွှတ်ရန် သွားရောက်တောင်းပန်ခဲ့သည်။

သူတော်စင်အဘိုးအိုကား ဘာစကားမျှမပြော။ ကျောက်ဖျာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မနေ့ကအတိုင်း သမထထိုင်သလိုထိုင်နေလျှက်။ မျက်စေ့မှိတ်လျှက်။ ကျောက်ရုပ်အလား။ မှဆိုးက အဖော်များနှင့်ပြောဆိုပြီး လက်ဖက်ပွဲကို တင်၍ ရှိခိုးတောင်းပန်ခဲ့ကာ ပြန်ခဲ့လိုက်ရုံမျှနှင့် လမ်းတဝက်အရောက်မှာ သုံးလေးဆခန့် ယောင်ကိုင်းနေသော လက်ကြီးသည် ချက်ချင်း အယောင် အကိုက်များ ပြေကျကာ သက်သာပြီး နဂိုမူလလက်အတိုင်း ပြန်ဖြစ်၊ ပြန်လှုပ်ရှား၍ ရသွားခဲ့သည်ကို အံ့ဖွယ်ကိုယ်တွေ့ ကြုံရသည်ဟုဆို၏။

အခြားသောမုဆိုးတစ်ဦးကတော့....။

ထိုသျှောင်တစောင်းနှင့် မုတ်ဆိတ်ဖြူအဘိုးအိုကြီးအနီးမှာ ရောမ မြွေဟောက်ကြီးများ ပါးပျဉ်းထောင်၍ ယိမ်းကသလို လုပ်နေကြသည်ကို တွေ့ရပြီး နောက်ပိုင်း ထိုနေ့ထိုအချိန်မှစ၍ ၄င်းထူးဆန်းသောအဘိုးအိုရှိရာ ဥမင်လိုဏ်ဝန်းကျင်တောထဲသို့ လုံးဝအမဲမလိုက်တော့ဟုဆိုပြန်၏။

သည်မှာ လယ်သမားကြီးတစ်ဦး၏ဆိုစကားကလည်း စိတ်ဝင်စားစရာကောင်းလှသည်။ ဘစ်နေ့ သူနိုင်းကျွဲကြီးနှစ်ကောင် ကွင်းထဲမှာ လုံးဝရှာမတွေ့၍ တောထဲသို့ဝင်လာပြီးရှာစဉ် ကျောက်ဖျာပေါ်မှာ ယောဂီဝတ်နှင့် သျှောင်တစောင်း၊ မုတ်ဆိတ်ရှည်အဘိုးအိုကို တွေ့ခဲ့ရကြောင်း။

သည်မှာ အဘိုးအိုကြီးကို ကျောက်ဖျာပေါ်မှာ ပုတီးစိပ်လျှက် တွေ့ရသဖြင့်. . . သူ့ရှေ့မှာ ရိုရိုသေသေလက်အုပ်ချီပြီး. . .

"အဘိုး. . ."

"ဘာကိစ္စလဲ. . . လူကလေး. . ."

"ဒီနားကို ကျွဲနှစ်ကောင်လာတာများ တွေ့မိပါသလား အဘိုး.."

"အဘိုး. . . ဒီမှာ ပုတီးစိပ်နေတာတော့ကြာပါပြီ၊ လာတာမတွေ့ ရပါဘူး. . .၊ ဒါပေမယ့်. . . ကျွဲမကြီးနဲ့ကျွဲထီးကြီး မဟုတ်လား. . ."

"ခင်ဗျာ. . .၊ အဘိုးက မလာဘူးလည်းပြောတယ်၊ ကျွဲမကြီးနဲ့ ကျွဲထီးကြီးလို့လည်း အတတ်ပြောလို့. . ."

"အိမ်း. . . ငါအာရုံထဲ ခုလှမ်းမြင်လိုက်လို့ပါ သွား သွား အိမ် ပြန်သွား လိုက်ရှာမနေနဲ့. . ."





"မရှာလို့မဖြစ်ဘူး အဘိုးရဲ့၊ ကျွန်တော်က ဒီကျွဲနှစ်ကောင်နဲ့ အလုပ် လုပ်စားနေရတာပါခင်ဗျာ. . ."

"ဟ. . . လူကလေးရ မင်း ကျွဲတွေအိမ်ပြန်ရောက်နေပြီဟ"

သို့ကလို လွှတ်ခနဲပြောလိုက်သဖြင့် လယ်သမားကြီးခမျာ မယုံရဲဘဲ အံ့သြပြီး သူ့ကိုစိုက်ကြည့်နေကာ. . .

"ဟုတ်. . . ဟုတ်ပါ့မလား. . . အဘိုးရ. . ."

"တယ်ခက်တဲ့ လူကလေးပဲ၊ အိမ်သာပြန်ပါတော့ကွာ၊ ပြန်ရောက် နေပါပြီ၊ နောင်ကို ဒီနေရာကိုသိပ်မလာကြနဲ့ကွာ. . . အဘ အလုပ်ပျက်လို့ ပါ. . . သွား. . . သွား. . ."

သို့နှင့် သူတော်စင်လို အဘိုးအိုကြီးကို ဦးညွှတ်ကန်တော့ခဲ့ပြီး အိမ်သို့ပြန်လာခဲ့လိုက်သောအခါ ဟ. . . ဟုတ်ပ။ အဘိုးအိုကြီးပြောသည့် အတိုင်း ကျွဲနှစ်ကောင်သည် စားခွက်မှာခေါင်းထိုး၍ အစာများကို အလု အယက်စားနေသည်ကို ထူးဆန်းစွာတွေ့ခဲ့ရကြောင်း ပြောသံကြားရ၏။

အများအားဖြင့် အနီးဝန်းကျင်တဲများမှ လူများသည် ဤနေရာကို လုံဝမသွားရဲကြ။ အချို့လူများက ဤနယ်မြေဝန်းကျင်ကို နင်းလိုက်သည်နှင့် တောဆူသံများ ရယ်ငိုသံများ ကြားရသည်ဆိုကြ၏။ အချို့က အသားမည်း မည်းနှင့် ကျောပြောင်ကြီးများ၊ ထိုးကွင်းကြီးများ၊ သျှောင်တစောင်းခါးတောင်း ကျိုက်နှင့်လူများ၊ ဇာတ်မင်းသားလိုလို ဇာတ်မင်းသမီးလိုလို လူများကိုလည်း မကြာခဏ တွေ့ကြရသည်ဆိုသည်။

တစ်ခါတရံ သူတို့နားမလည်သည့်စကားများဖြင့် အော်ဟစ်ပြောဆို နေသံများကိုလည်း လေထဲမှာလွင့်ပျံ၍ ကြားရသည်တဲ့။

မိန်းမသားအချို့ကတော့....ဤတောဝန်းကျင်မှာ ထူးဆန်းသော ပန်းရနံ့များ၊ မိန်းမတစ်စု၏ပျော်ရွှင်ကြည်နူးစွာ သာယာနာပျော်ဘွယ်ရှိစွာ သော သီချင်းဆိုသံ၊ သားချော့သံ၊ ရယ်သံများကို မကြာခဏကြားရကြောင်း။ သို့သော် လိုက်ရှာသည့်တိုင် လူစလူနလုံးဝမတွေ့ရ၍ ဤနေရာဒေသကို အလွန်ဘောကြမ်းသည့် လျို့ဝှက်ခြောက်ချားစရာကောင်းသည့် နေရာဟုဆို



www.burmeseclassic.com

www.burmeseclassic.com



ကာ ခြေဦးပင်မလှည့်ပြတော့။

အဲဒီအကြောင်းတွေကို စတင်ကြားရတုန်းက ကျောက်ခဲ ကြက်သီးမွေးညှင်းများ ဖျန်းခနဲထခဲ့ရသည်။ ခုတော့ စွန့်စားရဲခဲ့သည့် သူကိုယ်သူပြန်အံ့သြနေပါသည်။ လူတွေအားလုံးနီပါးက ကြောက်လန့်စိုးရွံ့သည့် ကမ္ဘာ့ရနယ်မြေကို သူရောက်နေခဲ့ပြီ။

သူ အများပြောသကဲ့သို့ပင်၊ အများသူငါမသိသော အဘိုးသူတော်စင်ကြီး၏ လျှို့ဝှက်ဆန်းကြယ်သော အကြောင်းအရာအချို့ကို သူသတိပြုမိတာ တစ်ချက်ရှိသည်။ တစ်ခါမှာ သူ ကျောက်ပလ္လင်ပေါ်သို့ ကျောက်ခဲသုံးလုံးတင်၍ အဘိုးနှင့်နက်ဖြန်တွေ့လိုကြောင်း အချက်ပြချိန်းဆိုခဲ့သည်။ နောက်နေ့သွားကြည့်တော့ အဘိုးသူတော်စင်ကြီး လုံးဝမထွက်လာခဲ့။

သို့နှင့်ပါလာသည့် ငှက်ပျောဖီးကို ကျောက်ပလ္လင်ပေါ်တင်ထားခဲ့ပြီး နောက်တစ်နေ့သွားပြန်ကြည့်သောအခါ ငှက်ပျောဖီးက ကျောက်ပလ္လင်ပေါ်မှာ သည်အတိုင်း။ သို့နှင့် နောက်ထပ်ယူလာသည့် ဘုရားပန်းသုံးမျိုးကို ငှက်ပျောဖီးနှင့် ယှဉ်၍ထားခဲ့သည်။ နောက်နေ့သွားကြည့်တော့ သည်အတိုင်း ပစ္စည်းများကို လာယူသူလုံးဝမရှိ။

သူ(၇)ရက်တိတိ လာရောက်ကြည့်ရှုခဲ့သည်။ (၇)ရက်ခန့်က တင်ထားသည့်အတိုင်း ငှက်ပျောဖီးနှင့် ပန်းများသည် ရှိနေဆဲဖြစ်၏။

ထူးဆန်းအံ့သြဖွယ်ကောင်းလှသည်ကား သူ စတင်ထားခဲ့စဉ်က အသင့်စားရန် မှည့်ဝင်းနေသည့် ငှက်ပျောသီးများသည်(၇)ရက်တိုင်တိုင်ကြာသည်တိုင် မပုတ်မသိုး၊ မညိုးမပျော့ပဲ မှည့်ဝင်းမြဲ မှည့်ဝင်းနေသကဲ့သို့။ ရေမစိမ်မတောက်ဘဲ ကျောက်ပလ္လင်ပေါ် သည်အတိုင်းတင်ထားခဲ့သည့် ပန်းသုံးမျိုးတို့သည်လည်း ပို၍စိမ်းလန်းကာ အချို့အပွင့်ကြီးများပင်ပွင့်ပြီး မွှေးကြိုင်သော ပန်းရနံ့များ သင်းပျံ့ကြိုင်လှိုင်လျှက်ရှိနေသည် ထူးခြားစွာတွေ့မြင်ပြီး အံ့သြခဲ့ရလေသည်။

ဒီလိုနှင့် လပြည့်ကျော်(၁)ရက်နေ့ကျမှ သူနှ... သူတော်စင်ကြီး





တို့ ဥမင်လိုဏ်ဝရှေ့က ကျောက်ဖျာအနီးမှာ ပြန်ဆုံရတော့သည်။ အဘိုးသည် ညောင်မှတ်ဆိတ်များတွဲ၍ကျနေသော ကျောက်ဖျာပေါ်မှာ အာရုံခံ၍ပုတီးစိပ်နေ၏။ သူ့အသားအရေသည် မေတ္တာစိတ်များနှင့် သန့်ရှင်းကျန်းမာ နုပျိုဟန်ပေါက်နေသည်။ ပိန်လှီခြင်းအလျဉ်းမရှိ။ ကြည့်ရတာ (၁)ပတ်ခန့် ဂူအောင်းလေ့ကျင့်နေပုံရသည်။ မှတ်ဆိတ်များကတော့ပို၍ ရှည်လျားလာခဲ့သည်။

``အဘိုး. . .''

``ဆို. . . လူကလေး. . .''

သူနှင့် အဘိုးသူတော်စင်ကြီးတို့သည် ကျွမ်းဝင်ရင်းနှီးလာခဲ့သည်မို့ သူက အဘိုးခေါ်ချင်လည်းခေါ်လိုက်သည် အဘခေါ်ချင်လျှင်ခေါ်လိုက်သည်။ တွေ့ဦးစကကဲ့သို့ အဘိုးရဲ့စကားသံများက မဝဲတော့။ ပကတိ ရှေးမြန်မာကြီးများ ဟန်ပန်သဏ္ဍာန်ပုံစံအတိုင်း ရှိနေ၏။

``အဘိုးကို မေးစရာရှိလို့ပါ. . .''

``မေးလေ. . .''

``အဘိုး (၇)ရက်၊ (၈)ရက် ဘယ်ခရီးထွက်နေသလဲဟင်''

``အဘိုး. . . အထဲမှာ တရားထိုင်နေတယ်. . .''

``ဟင်း. . . တရားထိုင်နေတယ်၊ ကျွန်တော် အဘိုးစားဖို့ ငှက်ပျောသီးနဲ့ပန်းတွေထားခဲ့တာ (၇)ရက်တောင်ပဲ၊ အဘိုးလာလည်းမယူဘူး၊ အထဲမှာ စားစရာတွေရှိနေလို့လား. . .''

အဘိုးသူတော်စင်ကြီးက ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေ၏။

``ပြောလေ. . . အဘိုးရဲ့''

``လူကလေး အချို့အကြောင်းတွေကို မသိချင်ပါနဲ့ဦး၊ လူကလေး ငယ်သေးတယ်၊ လောကီမှာ လူးလွန့်လူးပ်ရှားရဦးမယ်....၊ အချိန်တန်ရင် သိလာလိမ့်မယ်၊ လူကလေး ဘုရား တရားမြဲပါ၊ သတိအစဉ်ရှိနေပါ... လူကလေးမှာ ဝဋ်ကြွေးပါနေတာ အဘိုးမြင်နေရတယ်....လူကလေး



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုလည်း အလာမစိပ်နဲ့။ လိုအပ်တဲ့ ပညာရပ်တွေကို ဘိုးရွှေမှိုင်းနဲ့သင်ယူလေ့ကျင့်ပါ။ ဘဝအတွက် လုပ်ကိုင်စားသောက်ပါ...၊ လူကလေးမှာ မလိုမုန်းတီးသူတွေရှိနေတယ်...၊ ဘုရားမမေ့နဲ့. .. ကိုင်း . . သွားတော့. . .''

သည့်နောက် အဘိုးသူတော်စင်ကြီးကို စားစရာများပေးလှူ၍ ပြန်လာသည်။ သို့သော်. . . သူတို့နှစ်ဦး မကြာခဏ စကားဆိုနေကြသည်ကို နောက်ယောင်ခံလိုက်ချောင်းကြည့်နေသူ အချို့ရှိနေသည်။ ဒါကို သူ မသိခဲ့. . .

နောက်ယောင်ခံလိုက်ချောင်းနေသူ သုံးဦးသည်သူနှင့် သူတော်စင်အဘိုး၊ သူနှင့်မြွေတစ်ရာဦးရွှေမှိုင်းတို့၏ ပြောဆိုဆက်ဆံလုပ်ရှားမှုများကို ခပ်လှမ်းလှမ်းမှ မကြာခဏ လိုက်ချောင်းလေ့လာလျက်ရှိနေ၏။ ပြီးလျှင် လျို့ဝှက်စွာ ပြန်ထွက်သွားကြသည်ကို ကျောက်ခဲ လုံးဝမသိခဲ့။

အဲဒီနောက်ပိုင်း သူ အဘိုးသူတော်စင်ကြီးနှင့် မတွေ့တာကြာခဲ့၊ အဘိုးနှင့်မတွေ့ရသော်လည်း အဘိုးရဲ့မိတ်ဆွေကြီး မြွေအလမ္ပာယ်ဆရာကြီး မြွေတစ်ရာ ဦးရွှေမှိုင်းနှင့်တွေ့ဆုံ ရင်းနှီးကာ မြွေပညာရပ်များကို သင်ကြားခဲ့ရလေသည်။

အဘမြွေတစ်ရာ ဦးရွှေမှိုင်းနှင့် ကြုံတွေ့ရမှ သူ ဗဟုသုတများကို ရှာရရှိခဲ့ရသည်။

``လူကလေး . .မြွေအလမ္ပာယ်အတတ်ပညာကို သင်တော့မယ်ဆိုရင် ပထမမြွေအကြောင်းကိုသိထားရမယ်၊ ဒုတိယ မြွေနိုင်ဂါထာကို အလွတ်ရွတ်နေရမယ်၊ တတိယ မြွေနဲ့ပတ်သက်တဲ့ ဂမ္ဘီရလျှို့ဝှက်ချက်ကို နားလည်နေရမယ် သိလား. . .''

``ဟုတ်ကဲ့. . . အဘ. . .''

``မြွေတို့ရဲ့ အကြီးအမှူးဟာ နဂါးမျိုးပဲ လူကလေး၊ နဂါးမြွေလို့ ဘုရားဟော ခန္ဓသုတ်မှာ ဖွင့်ဆိုတယ်၊ နဂါးမြွေမျိုးနွယ်လို့ အဓိပ္ပါယ်ရတယ်၊ နဂါးလေးမျိုးရှိတယ်၊ ဝိရူပက္ခ၊ ဧရာဖထန်ပြင်း နဂါးမင်း၏ သင်းပင်းရဲ့ရွှေနဂါးမြွေတဲ့ ခန္ဓသုတ်မှာ ဆိုထားတာက၊ ဝိရူပက္ခနဂါးမင်း၊ ဧရာပထနဂါးမင်း





ဆဗျာပုတ္တနဂါးမင်း၊ ကဏှာဂေါတမ တေဖထန်ပြင်း နဂါးမင်းနှင့် ရွှေရုံသင်းပင်း နဂါးမြွေလို့ အဆိုရှိတယ်၊ ပြောရရင် အဲ နဂါးလေးမျိုးရဲ့ အရွှေအရုံ အသင်းအပင်း နဂါးမြွေပေါင်းဟာ အမျိုးအစားများကြီးပဲ၊ အချို့က အဆိပ်ပြင်းတယ်၊ အချို့က အဆိပ်ကင်းတယ်. . .

ဒါက တစ်အချက်ပဲ၊ ဒုတိယအချက်. . .၊ မြွေကိုင်သည့် မြွေအလမ္ပာယ်သမားသည် မြွေနိုင်ဂါထာကို အထူးလက်ကိုင်ထားရတယ်၊ အဓိကက ပရိတ်ကြီး (၁၁)သုတ်ထဲက ခန္ဓသုတ်ကို အလွတ်ရ ရမယ်၊ အဓိပ္ပာယ်နားလည် သဘောပေါက်ရမယ်၊ ခန္ဓသုတ်မှာ အဓိကအချက်က အဆိပ်ရှိသော အန္တရာယ်ပြုနိုင်သော သတ္တဝါများအပေါ် မေတ္တာပို့လွှတ်တာပဲ''

ဝိရူပက္ခေဟိ မေ မေတ္တံ
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာ ပုတ္တေဟိ မေ မေတ္တံ
မေတ္တံ ကဏှာဂေါတမကေဟိ စတဲ့. . .

အဓိပ္ပာယ်က ဝိရူပက္ခနဂါးများ ချမ်းသာကြပါစေ၊ ဧရာပထနဂါးများ၊ ဆဗျာပုတ္တ တေဖထန်ပြင်း နဂါးများ၊ ကဏှာဂေါတမ နဂါးများ ချမ်းသာကြပါစေလို့ မေတ္တာအလျှင်ပို့တာပဲ၊ ဒီမှာ လူကလေး . . မြွေဟာ နားမကြားတဲ့သတ္တဝါကွဲ. . .

``ခင်ဗျာ. . . မြွေက နားမကြားဘူးဟုတ်လား အဘ''

``အိမ်း . . နားမကြားဘူး . .''

``ဒါ. . . ဒါဖြင့်. . . ဘာလို့ သူတို့ လူတွေမေတ္တာပို့တာကို နားလည်ကြလဲ. . .၊ တစ်ခါ ကျွန်တော် ကုလားအဖိုးကြီးတစ်ယောက် ခါးဗိုက်ပူနဲ့ကြီးနဲ့ မြွေအလမ္ပာယ်ပြနေတာကို တွေ့ဖူးတယ်၊ မြွေကြီးက နှဲသံနဲ့ကလို့. . .''

``ဒီလိုရှိတယ်၊ မြွေနဂါးတို့မှာ ထူးဆန်းတဲ့ ဂမ္ဘီရစွမ်းအင်ရှိတယ်၊ အဒါက မနောစွမ်းအင်ပဲ၊ လူက ပနောနဲ့ မေတ္တာပို့လွှတ်၍ အဲဒီလှိုမနေ့ကို သူတို့ရဲ့ ထူးခြားအံ့ဖွယ်ကောင်းတဲ့ အတွင်းစိတ်မနောဓာတ်နဲ့ခံယူ



www.burmeseclassic.com

www.burmeseclassic.com



တတ်တာ မင်းတို့ သိပ္ပံပညာက လိုက်မမှီတဲ့ စိတ်စွမ်းအင်တစ်မျိုးပဲ၊ မင်း မြင်ခဲ့ရတဲ့ အိန္ဒိယလူမျိုး မြွေဆရာတွေ နဲ့ပိုက်ပုနဲ့ မြွေညှို့တာ အဲဒါ. . . အိန္ဒိယနိုင်ငံမှာ နေတုန်းက သင်ခဲ့ရတယ်၊ အမှန်က မြွေဟာ အနံ့ခံကောင်း တဲ့ သတ္တဝါ အမြင်အာရုံ အစွဲကြီးတဲ့ အဆိပ်ရှိသောသတ္တဝါပဲ၊ သူ့ကို အော်ခေါ်လို့ နားမကြားဘူး၊ နဲ့မှုတ်ပြလို့ လှုပ်ရှားတာက နဲ့သံကြောင့်မ ဟုတ်ဘူး၊ နဲ့မှုတ်တဲ့ လူနဲ့ နဲ့ရဲ့လှုပ်ရှားမှုကိုကြည့်ပြီး အမှတ်သညာ အလေ့ အကျင့် အမြင်နဲ့ အနံ့ခံစွမ်းအားကောင်းတဲ့ မြွေရဲ့ အာရုံသိ အတုခိုးလှုပ် ရှားမှုပဲ၊ နဲ့ဆရာလှုပ်ရင် သူ လှုပ်မယ်၊ နဲ့ဆရာငြိမ်ရင် သူငြိမ်တယ်၊ ဒါမျိုး ကို နေ့စဉ်လေ့ကျင့်ပေးထားလို့ နဲ့ကောက်ကိုင်မှုတ်သည့်ဟန်ကို မြင်တာနဲ့ သူ ကရတော့မှာကို အလိုလိုသိနေတာပဲ၊

မြွေဟာ နားမကြားပေမဲ့ နေ့စဉ်လေ့ကျင့်ပေးရင် ရန်သူကို တိုက် ခိုက်စေခိုင်းလို့ရသည့်အထိ သူတို့က စွမ်းဆောင်နိုင်တယ်၊ ပြီးတော့ မြွေရဲ့ မနောအာရုံ၊ သူ့ရဲ့ အာရုံခံစားမှုက သိပ်ကို ဆန်းကြယ်တယ်၊ ဥပမာ မြေကြီးကို ဖနောင့်နဲ့ပေါက်တာ၊ မြေကြီးပေါ်ကတုံးကို တုတ်တိုနဲ့ခေါက်တာ နဲ့ အဲဒီတုန်ခါသံကို မြေကြီးမှတဆင့် မြွေရဲ့ ရင်ဘတ်အကြေးခွံ အသား အကြောများက လက်ခံခံစားပြီး မြွေရဲ့ ဦးနှောက်ကို အထူးသတင်းပို့တာပဲ၊ ဒီအချက်ကြောင့် လူသံကြားပြီး ခြေသံကြားပြီး သစ်ကိုင်းကျိုးသံ ကြားသိရ ပြီး မြွေက ချက်ချင်း တုန့်ပြန်နိုင်တာပဲ၊ သဘောက မြေကြီးကလာတဲ့ တုန်ခါသံကို ရင်နှင့်ခံယူပြီး မျက်စေ့နှင့် ဦးနှောက်က နားလည်လက်ခံလှုပ်ရှား လိုက်တာပဲ၊

ပြီးတော့. . . မနောအာရုံ၊ သူတို့ကို မေတ္တာပို့ရင်. . . နားပင်မ ကြားသော်လည်း သူတို့ ဝိညာဉ်များ စောင့်ရှောက်နေသည့် မနောအာရုံ က မေတ္တာပို့တာ၊ ကျိန်ဆဲတာကို ခံယူသိရှိပြီး . . စောင့်ရှောက်တာ၊ နှောင့်ယှက်တာ ဖြစ်လာတာပဲ. . .

အဓိကက အာရုံခံအနံ့ပဲ၊ ဒါကြောင့် မြွေသိုက်ကိုဖျက်ဆီးရင်၊ မြွေကိုသတ်ရင် မြွေဥကို ခိုးစားရင် အချို့ငန်းမြွေ၊ မြွေဟောက်၊ ငန်းစောင်း၊

စိတ်ကူးသစ်စာပေ



ငန်းပုတ်၊ ငန်းဝါကြီးများအား အဲဒီလူရဲ့အနံ့ကို ခြေရာခံပြီး မရအရလိုက် ဝလဲစားချေကြတာပဲ၊ အနံ့ခံသိပ်ကောင်းတယ် မှတ်ထား၊

ဒါကြောင့် မြွေကိုနိုင်ဖို့ ခန္ဓသုတ်ကို အလေးအနက်ထား ရွတ်ပေး ရမယ်။

ခန္ဓသုတ်မှာ

အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော၊

အပ္ပမာဏော သံဃော၊ ပမာဏ ဝန္တာနိ သရီသပါနိ၊

အဟိ ဝိစ္ဆိကာ သတပဒီ၊ ဥဏ္ဏာနာဘိ သရဗူ မူသိကာတဲ့. . .။

သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်သည် လော ကသုံးခွင် ဘုံအပြင်၌ ရှာ၍မရ၊ အပ္ပမာဏ ဖြစ်တော်မူပါပေ၏၊ ဘုရား နှုတ်ထွက် ဓမ္မစက်ခေါ် တရားတော်သည် သံဃာတော်သည် လောကသုံးခွင် ဘုံအပြင်၌ နှိုင်းယှဉ်စရာမရှိ အပ္ပမာဏဖြစ်ပါပေ၏၊ မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ပင့်ကူ၊ တက်တူ၊ ကြွက်. . . ရင်ဖြင့်သွားသောသတ္တဝါတို့ သည် ကိလေသာပြည့်ဝသည့်အတိုင်းအရှည်ရှိကြကုန်၏။

ကတာမေ ရက္ခာ ကတာ၊ မေ ပရိတ္တံ၊ ပဋိက္ကမန္တု ဘူတာနိ၊

သောဟံ နမော၊ ဘဂဝတော၊ နမောသတ္တန္နံ၊ သမ္မာ သမ္ဗုဒ္ဓါနံ၊

ငါသည် မေတ္တာတရား ပွားများတောက်လျှောက်၊ အစောင့်အ ရှောက်ကို အမြဲမပြတ် ပြုလုပ်အပ်ပေပြီ၊ ဘုရားနှုတ်ထွက် ဓမ္မစက်ခေါ် ပရိတ်တော်ကို အရံအတား အမြဲမပြတ် ပြုလုပ်အပ်ပေပြီ၊ ထိုသို့ပြုလုပ်အပ် သော တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ရန်မာန်အဖျက် နှောင့်ယှက်များစွာ သတ္တဝါအပေါင်းတို့သည် ငါ၏အပါး မနားမနေ ရှောင်ရှားကြပါကုန်လော့၊ ငါသည်. . . ဘုန်းတော်သခင် ဂေါတမဘုရားရှင်နှင့်တကွ ခုနစ်ဆူကုန်သော ဝိပဿီဘုရားရှင်တို့အား ရှိသေမြတ်နိုး ရှစ်ခိုးပါ၏ဘုရား. . . တဲ့၊ အဲဒါက မြွေဆိုးရန်ကို ကာကွယ်တဲ့နည်းပဲ၊ တစ်ခါ မြွေနိုင်သည့်ဂါထာဆိုတာ မြန်မာ့ ဂမ္ဘီရနယ်မှာ ရှိသေးတယ်၊ ဂမ္ဘီရပညာအရ မြွေအာစေးထည့်ဂါထာတဲ့ မှတ်ထား. . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"အရဟံ၊ ပုဒ်အား၊ လောကဝိဒူ ပုဒ်အား၊ ဘဂဝါ ပုဒ်အား" ဆိုတဲ့ မန္တန်ပဲ–

အဲဒီမန္တန်ကို အကြိမ်များစွာ မြွေဆရာသည် ရွတ်နေရမယ်၊ ရိုးရိုးလူ ရွတ်ရင်လည်း မြွေအဆိပ်ရှိသည့်သတ္တဝါများ အာဂစေးမိသလိုရှိပြီး ရန်ပြုလို့မရဘူး။ ကိုယ်လိုရာခရီးကိုရောက်မှ ဒဏ်ပြန်ဖြေတဲ့. . .

"အာပုဒ် အရဟံ၊ အာပုဒ် လောကဝိဒူ၊ အာပုဒ် ဘဂဝါ" လို့ ပြန်ဖြေရွတ်ပေးရမယ်၊ ဒီဂါထာမန္တန်ဟာ မြွေကိုနိုင်ချင်သလို လုပ်လို့ရတဲ့ မန္တန်ပဲ. . .၊ မန္တန်တို့ ဂါထာတို့က သီလစင်စင်ကြယ်ကြယ်နဲ့ ရွတ်ရင် အစွမ်းထက်တယ်ကွဲ့. . .၊

မြန်မာရာဇဝင်မှာ မင်းကြီးစွာ လက်ထက်က အသက်ကိုးနှစ်အရွယ် သားတော် မင်းခေါင်၊ အသက်ခုနစ်နှစ်အရွယ် သားတော် မင်းသိဒ္ဓတ်တို့ကို ပင်လယ်ကျေးသံဃရာဇာမှာ အပ်၍ ပညာသင်ကြတယ်၊ သံဃရာဇာက လည်း ပိဋကတ်ဗေဒင်တတ်လှသောကြောင့် မင်းသားတို့ဇာတာကိုကြည့်ပြီး အလျင် မင်းဖြစ်စေလိုလို့ "သဒ္ဒံ နမော ဗုဒ္ဓါယ၊ အ–အာ–အား" ဟု အစ ပြုပြီး မန္တန်ဂါထာကို သင်ယူစေတယ်၊

ရှေးပညာရှိများ အရှင်သူမြတ်ကြီးများက ဘာပြောခဲ့တာရှိလည်း ဆိုတော့ အက္ခရာတစ်လုံးတည်းရှိသော မန္တရားကို အကြိမ်တစ်သန်းရွတ်က သိဒ္ဓိပေါက်၏။ (၁၀)လုံးရှိသော မန္တရားကို အကြိမ်တစ်သိန်းရွတ်က သိဒ္ဓိ ပေါက်၏။ အလုံးငါးဆယ်ရှိသော 'သဗ္ဗမင်္ဂလာဂါထာမျိုးကို' အကြိမ်နှစ် သောင်းခန့်ရွတ်သော် သိဒ္ဓိပေါက်၍ လိုရာခရီးရောက်သည်ဟု ဆိုခဲ့ကြတယ်"

"အဘရော ရွတ်တာပဲလား"

"ငါ ငယ်စဉ် မြွေစပမ်းထဲက ရွတ်တာ ဒီနေ့အထိပဲ၊ ကြိုက်တဲ့ မြွေလာခဲ့ အကုန်တန်းစီပြီး မြွေပဒေသာယိမ်း ကနိုင်းလိုက်မယ်၊ ဟား. . ဟား. . . ဟား. . . ဟား. . ."

သည့်နောက် အဘမြွေတစ်ရာ ဦးရွှေမှိုင်းက မြွေအလမ္ပာယ် ပညာ ရပ်ကို အခြေခံမှစ၍ တစ်ပတ်သုံးရက် သင်ကြားပြသပေးခဲ့သည်။ ကျန်သည့်





အချိန်များမှာ ဘုန်းကြီးကျောင်းမှာပဲ မြွေကြီးနှင့် နေ့စဉ် လေ့ကျင့်ခန်းလုပ် သည်။

ဤမြွေဟောက်ကြီးကို ပခြုပ်နှင့် ယူလာစဉ်က ဘဘုန်းကြီးနှင့် ကျောင်းသားများက လန့်ကုန်ကြသည်။ သို့သော် သူက မြွေနှင့်သူ့ရေး ဘဝပဋ္ဌာန်းဆက်ကြောင့် ယဉ်ပါးကျွမ်းဝင်ပုံကို သက်သေပြ၍ အမျိုးမျိုး ကစားပြလိုက်သောအခါကျမှ ဘဘုန်းကြီးနှင့် ကျောင်းသားများ နားလည် သဘောပေါက် လက်ခံသွားခဲ့လေသည်။

သို့သော်. . .

သူနေသည့် အခန်းကျဉ်းလေးရှိရာသို့ သူငယ်ချင်းများ ခါတိုင်းလို အဝင်အထွက် သိပ်မလုပ်ကြတော့။ ဒါပေသည့် သူ့ ဖိုးစည်နှင့် မြွေဟောက် ကြီးပါးဖြူတို့၏ မြွေအလမ္ပာယ် ပြကွက်၊ ကကွက်များကိုမူ မကြာခဏ တောင်းဆိုကြသဖြင့် အဖိတ်နေ့ရောက်တိုင်း မိတ်ဆွေသုံးဦး ဖြေဖျော်ပွဲကို သူတို့အားလုံး အလိုကျ တင်ဆက်ဖျော်ဖြေနေရကာ. . .

ကြာတော့. . . သူ့ကို ကျောက်ခဲဟု ရိုးရိုးလေးမခေါ်တော့။

"မြွေအလမ္ပာယ် မျောက်ခဲ" ဟု သုံးဦးစပ်နာမည်ပေး၍ အများက ကင်ပွန်းတပ်ခဲ့ကြလေသည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း(၃)

၁၉၄၂ ခုနှစ်

ဝဲကာထော့မုန်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

အရှေ့လေ. . .

အင်္ဂလိပ်တို့ ပြေးပြီ. . .

၁၈၂၄ခုနှစ်ကတည်းက စ၍ မြန်မာပြည်ကို လက်နက်အားကိုး ဉာဏ်နီဉာဏ်နက်ဆိုးဖြင့် အဓမ္မလွှမ်းမိုးအုပ်ချုပ်ခဲ့သည့် အင်္ဂလိပ်ဗြိတိသျှကိုလိုနီနယ်ချဲ့အစိုးရသည် မြန်မာ့မျိုးချစ် တော်လှန်ရေးအင်အားစုများ ဦးစီးသည့် မြန်မာ့တပ်မတော်နှင့် နိပ္ပုန် ဂျပန်တို့၏ စစ်ရေးအကူအညီကြောင့် မြန်မာပိုင်မြေပေါ်မှ မာရသွန်ပြေးခဲ့ရတော့သည်။

အရှေ့အာရှတိုက်သား နိပ္ပုန်ဂျပန်တပ်မတော်သည် အာရှတိုက်တစ်ဝှမ်းကို ခြေလှမ်းကျဲကျဲနှင့် ခပ်မြန်မြန် ဝင်လာခဲ့သည်။





၁၉၄၁ခုနှစ်၊ ဒီဇင်ဘာလ ၈ရက်နေ့မှာ ဂျာမဏီ၊ အီတလီ မဟာမိတ်ဂျပန်က အင်္ဂလိပ်နှင့် အမေရိကန်ကို စစ်ကြေငြာကာ လျှပ်စီးလက်သလို ဝင်တိုက်သည်။ ဒီဇင်ဘာ (၈)ရက်နေ့ စစ်ကြေငြာပြီးနောက် ဂျပန်က အင်္ဂလိပ်များ အုပ်စိုးနေသည့် မြန်မာပြည်၏မြို့တော် ရန်ကုန်မြို့ကြီးကို ဒီဇင်ဘာ (၂၃)ရက်နေ့မှာ ဗုံးကြဲတိုက်ခိုက်တော့သည်။

၁၉၄၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ရက်နေ့မှာ အင်အားကောင်းပြီး စိတ်ချရပါသည်ဆိုသည့် ဗြိတိသျှတို့၏ အရှေ့ဘက်အကြီးဆုံး ခံတပ်ဖြစ်သော စင်္ကာပူခံတပ်ကြီး ကျဆုံး၍ အင်္ဂလိပ်တို့ စစ်ရှုံးခဲ့ရသည်။

အင်္ဂလိပ်အစိုးရသည် မြန်မာပြည်မှ ပြေးရမည့်အခြေအနေသို့ ရောက်လာသောအခါ ရန်ကုန်တစ်မြို့လုံးနီးပါးကို မြေသဒ္ဒါလှန်စနစ်အနေဖြင့် အရေးကြီးသော စက်ရုံလုပ်ငန်းများ၊ မီးရထားလမ်း၊ တံတားများ၊ သင်္ဘောဆိပ်၊ လေဆိပ်များကို ဗုံးခွဲ မိုင်းထောင်၊ မီးရှို့ဖျက်ဆီးပြီး ဆုတ်ခွာ ထွက်ပြေးသွားကြသည်။

သို့နှင့်. . . ရန်ကုန်မြို့ကို မြန်မာ့တော်လှန်ရေးမျိုးချစ် တပ်မတော်သားများက ဂျပန်အလျင် လက်ရသိမ်းပိုက်နိုင်ခဲ့သည်။

၁၉၄၂ခုနှစ်၊ မတ်လမှာ ဂျပန်က ရန်ကုန်မြို့တွင်းသို့ စစ်တပ်အလုံးအရင်းနှင့် ဝင်ရောက်သိမ်းပိုက်ပြီး အချုပ်အချာအာဏာကို ရယူလိုက်သည်။ နောက် (၆)လကြာသောအခါ မြန်မာတစ်ပြည်လုံးကို လုံးဝ သိမ်းပိုက်နိုင်ခဲ့လေသည်။

သည့်နောက် ဂျပန်သည် မြန်မာပြည်တစ်ဝှမ်းလုံးကို စီရင်စုမြို့နယ်၊ မြို့မ၊ ကျေးရွာ စသည်ဖြင့် နိပ္ပုန်အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်ပြီး အရှေ့အာရှ သာတူညီမျှရေးဝါဒကို ကြွေးကြော်ခဲ့လေသည်။

စစ်၏ဆိုးဝါးလှသော ဒဏ်ရာဒဏ်ချက်များကို သူတို့မြို့သားများလည်း အခြားမြို့နယ်များနည်းတူ ခါးသီးဆိုးဝါးစွာ ခံစားခဲ့ရသည်။

အင်္ဂလိပ်အစိုးရသည် စစ်ပြေးကာနီးရောက်သောအခါ သန်လျင်ဘီအိုစီ (B.O.C) ရေနံချက်ကုမ္ပဏီကြီးကို မိုင်းဆင်၍ မြေသဒ္ဒါလှန်စနစ်



www.burmeseclassic.com

www.burmeseclassic.com



အိုရ ပျက်ဆီးပြင်ခဲ့ရာ ငုံးသာကျယ်ဝန်းလှသော စက်ရုံကြီးသည် စိစိညက်ညက်ကျေပြီး ရေ ံ အတန်ကြာ မီးဟုန်းဟုန်းတောက်လောင်ခဲ့တော့သည်။

ဒါ့ပင့်အတူ ကျွဲညီနောင်ဝေါ် ဗုံးကြဲလေယာဉ်များ စပစ်ဖိုင်းယား ဗုံးကြဲလေယာဉ်များရဲ့ ကောင်းကင်ယံတိုက်ပွဲသံ၊ မြေပြင်မှ အမြောက်ပစ်သံ၊ အချက်ပေး ဥသြဆွဲသံ၊ ဗုံးမိုးရွာသံများကလည်း ကမ္ဘာပျက်နေသည့်အလား ကြောက်စရာကောင်းလှသည်။

မြို့ပေါ်မှာ လူမရှိသလောက်ဖြစ်နေသည်။ အားလုံး စစ်ပြေးများဖြစ်ကုန်ကြပြီး ဆေးလုံးကြီးကျေးရွာ၊ ချောင်းစောက်ကျေးရွာ၊ ကျောက်တန်းပန်းတော၊ ပုတ်တလုတ်၊ ခရမ်းသုံးခွရှိရာများသို့ စစ်ရှောင်ကုန်ကြသည်။ ရွာနီးချုပ်စပ်များမှ လူအချို့က မြို့ပေါ်တက်၍ လူမရှိသည့်တိုက်အိမ်များ၊ ဘီအိုစီအရာရှိအိမ်များကို ဖောက်၍ဖွင့်၍ သုံးလို့ရသမျှ အကုန်ယူကြသည်။ သယ်ကြသည်။

အင်္ဂလိပ်အပြေး ဂျပန်အဝင် ခေတ်ပြောင်းခေတ်ပျက်ကာလကို အခွင့်ကောင်းယူ၍ လူမသမာများ သောင်းကျန်းကြသည်။ ကြောက်ရွံ့ထိတ်လန့်နေသူများကလည်း တော်လှန်ရေးရဲဘော်များနှင့် ဂျပန်ကို အားကိုးမျှော်လင့်ကြသည်။

မကြာခင် မြို့ပေါ်သို့ ဂျပန်အုပ်ချုပ်သူများ ရောက်ရှိလာခဲ့ကြသည်။ နိပ္ပွန်ဂျပန်သည် ရောက်လာပြီး မကြာခင်မှာပင် ဖက်ဆစ်ဂျပန်၏ မူလဇာတိရုပ်စစ်စစ်ကို ပြတော့သည်။ ဖက်ဆစ်ဂျပန်ဆိုတာ ဘယ်လိုဟာလဲ၊ မကြုံဖူးမမြင်ဘူးသူများသည် ဖကဆစ်ဂျပန်၏ အပြုအမူများကို မျက်ဝါးထင်ထင်မြင်လိုက်ကြရသောအခါ ကြီးစွာစိုးရိမ်ထိတ်လန့် ရှက်ရွံ့ကုန်ကြလေသည်။

ကြည့်စမ်းပါ။ ကြုံရာရောက်ရာအရပ်က ရေတွင်းရေကန်မှာ ဖက်ဆစ်ဂျပန်စစ်သားများ ကိုယ်လုံးတည်း ရေချိုးကြသည်။ စားရေရိက္ခာအဖြစ်မြင်သမျှ ကျွဲ၊ နွား၊ ကြက်၊ ဝက်များကို ပစ်ခတ်ဖမ်းဆီး ယူငင် ချက်ပြုတ်စားသောက်ပစ်ကြသည်။ ကြည်ကြည်သာသာ မပေးလျှင် အဓမ္မရိုက်နှက်ကန်ကျောက်၍ လုယူသည်။





ဆွမ်းခံကြွသည့် ဘုန်းကြီး ရဟန်းများ၏သပိတ်ကို ဖွင့်လှန်၍ အထဲမှ ဆွမ်းဟင်းများကို လုယူစားသောက်သည့် သူခိုးလူဆိုးများကို ဖမ်းမိလျှင် စစ်ဆေးမေးမြန်းမနေဘဲ လူထုရှေ့မှောက်မှာပင် ဓားနှင့်ခုတ်၍ လှံစွပ်နှင့်ထိုး၍ သေနတ်နှင့်ပစ်၍ သုတ်သင်ကြသည်။

အရွယ်ကောင်းကောင်းသော သားပျိုသမီးပျိုများကိုမြင်လျှင် သွားရေတမြားမြားကျကာ ဆွဲလားငင်လားပြုသည်။ အချို့ အဝမ္မပြုကျင့်ခံရသည်။ ခုတော့ နောက်လာသည့် မောင်ပုလဲလည်း ဒိုင်းဝန်ထက်ကဲနေသည်ကို ကြုံရပြီက ကျားကြောက်၍ ရှင်ကြီးအားကိုးမှ ရှင်ကြီးက ကျားထက်ဆိုးနေမှန်း သိကြသောအခါ မိန်းပဟုသမျှသည် ဖက်ဆစ်ဂျပန်ဟု အသံကြားသည်နှင့် တောထဲ လယ်ထဲပြေး၍ ပုန်းနေကြရတော့သည်။

ဂျပန်အုပ်ချုပ်ရေးစနစ်စပြီး များမကြာမီ ဂျပန်ကင်ပေတိုင်စစ်ပုလိပ်များသည် အင်္ဂလိပ်အလိုတော်ရိများ၊ အင်္ဂလိပ်အစိုးရနှင့် အလွမ်းသင့်ခဲ့သူများကို ရှာဖွေဖမ်းဆီး၍ 'စပိုင်' တံဆိပ်ရိုက်ကာ ကင်ပေတိုင်အချုပ်ခန်းမှ ကြမ်းတမ်းစွာ ရိုက်နှက်စစ်ဆေးကြတော့သည်။

ဂျပန်ခေတ်တစ်လျှောက်လုံး မြန်မာလူမျိုးတို့ အစိုးရိမ်အကြောက်ရဆုံးကား ဖက်ဆစ်ဂျပန် ကင်ပေတိုင်စစ်သားများပဲဖြစ်သည်။ ဂျပန်ကင်ပေတိုင်ရုံးက ခေါ်ပြီဆိုလျှင် မိန်းမယောက်ျား၊ ကြီးကြီးငယ်ငယ် ပြန်လမ်းသိပ်မရှိတော့။ ပြန်လမ်းရှိခဲ့လျှင်လည်း အချို့ ကျိုးကန်း၊ ဆွံ့အပြီး တစ်သက်လုံးလုပ်မစားနိုင်သည့် ဘဝကို လုံးလုံးလျားလျား ရောက်သွားကြရစမြဲဖြစ်သည်။

သည်လို ခေတ်ဆိုးခေတ်ပျက် ကာလကြီး ထဲမှာ အခွင့်အရေးယူတတ်သူများက နေရာကောင်းရ၍ အကျိုးစီးပွား ဖြစ်ကုန်ကြသည်။

စိန်ကုလားကိုကြည့်။

စိန်ကုလားသည် အင်္ဂလိပ်အစိုးရအုပ်ချုပ်စဉ်ကာလက ကျွဲနိုးနွားနိုး လူရိုက် ဓားပြလက်ထောက်ချ မကောင်းမှု ဒုစရိုက်များဖြင့် ထောင်ကျခဲ့၏။ ခဏခဏ အဖမ်းခံရပြီး နာမည်ပျက်ခဲ့၏။ လွတ်လာတော့ ခြေချုပ်နှင့်နေရ၏။ သူ့ကို ထောင်ထွက် လူဆိုးသူခိုးမို့ ဘယ်သူကမှ အလေးအနက်ပြု



www.burmeseclassic.com

www.burmeseclassic.com



၍ မသ ကြ ရွံရှာမုန်းတီးကြသည်။ အဖက်မတန်သလို မသက်ာသလို သက်ဆံကြသည်။ ရုပ်ထဲရွာထဲ ပစ္စည်းပျောက်သည်နှင့် သူကြီးဦးရွှန်းက အလျှင်သုံး သူ့ကိုခေါ်၍ ပုလိပ်လက်အပ်သည်။

ဟော. . . ယခု စိန်ကုလားတို့ ဘုန်းပီးနေလ တောက်ပခဲ့ပြီ ပြီ့ပေါ်မှာ အင်္ဂလိပ်တို့ ခွေးပြေးဝက်ပြေး ပြေးကုန်ကြပြီ။ အင်္ဂလိပ်အစိုးရ အုပ်ချုပ်ရေး နိဂုံးတံပြီ။ သူကြီးဦးရွှန်းကိုလည်း ဂရုစိုက်စရာ မလိုတော့ ပုလိပ်လည်း မရှိတော့။

သူကြီးဦးရွှန်းပင် နေ့နေ့ညည အိပ်မှာ မအိပ်ရဲ၍ ပုန်းရှောင်က လျှိုလျှိုဝှက်ဝှက် နေရသည်။ ဒါ အကွက်ပဲ။ အခွင့်အရေးပဲ။

သို့နှင့် စိန်ကုလားသည် ဖတ်ဆစ်ဂျပန်တပ်မှ ထမင်းချက်၊ မြန် မာအချို့နှင့် အရပေါင်းပြီး ဂျပန်ကင်ပေတိုင်ကို ဦးစွာ ချဉ်းကပ်လိုက်သည်။ သူ လုပ်ပုံကလည်း ဂျပန်ကင်ပေတိုင် စစ်ဗိုလ်စစ်သားများ သဘော ကျစရာရယ်. . .

ဂျပန်စစ်သားများသည် စစ်အတွင်းကာလ အလွန့်ကို အစာရေ စာ ငတ်မွတ်ကြ၏။ ဒီမှာ စိန်ကုလားက ကြက်ဝဝ လေးငါးကောင်၊ ကြက်ဥ အလုံးငါးဆယ်နှင့် တောချက်အရက်များကို ရှာဖွေစုဆောင်း၍ ဂျပန်ကင်ပေ တိုင် စစ်ဗိုလ်များ အကြပ်များကို သွားရောက်လက်ဆောင်ပေးခဲ့၏။ ဂျပန် ကင်ပေတိုင် စစ်ဗိုလ်သည် သို့ကလို စားကောင်းသောက်ဖွယ်များဖြင့် သူတို့ကို ဂါရဝလာပြုသဖြင့် စိန်ကုလားပခုံးကို ပုတ်ပြီး ပက်ပြီး ''ယောရောရှိ . . ယောရောရှိ'' နှင့် ''ဘိရုမာ ကောင်းဘယ်ကား'' ဆိုကာ ချီးမွမ်းတော့၏

ဂျပန်စစ်ဗိုလ်က ဂျပန်ငွေစက္ကူ အနည်းငယ်ပေး၏။

စိန်ကုလားက ဂျပန်ပေးသည့် ငွေစက္ကူများကို လုံးဝမယူ၊ ဂျပန် စကားပြန်မှတဆင့် မာစတာသို့ကို လေးစားလွန်း ကြည်ညိုအားကိုးလွန်း၍ လာရောက် မိတ်ဆက်တာပြစ်ပါကြောင်း။ နောင်ကိုလည်း မကြာခဏ လာပို့မည်ဖြစ်ပါကြောင်း။ သည်နေရာ ဒီဌာနသို့ အခင်အထွက်ပြုပါရန်





ဆိုလေသောအခါ. . .

ဂျပန်ကင်ပေတိုင် စစ်ဗိုလ်သည် ''တဟိုက်ဟိုက်''နှင့် သဘောကျ ပြီး စက္ကူတစ်ရွက်ပေါ်မှာ စိန်ကုလားတံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်စေရန် ဗူးသီးငါးပေါင်းကြော် လက်ရေးနှင့် စာကိုရေးပြီး လက်မှတ်ထိုးပေး၍ ဂျပန် ကင်ပေတိုင်ရုံးတံဆိပ်ကို ရိုက်နှိပ်ပေးလိုက်လေသည်။

ထိုလက်မှတ် စာရွက်ရသည့်အချိန်မှစ၍ စိန်ကုလား ထ.ခုန်က.ခဲ့ သည်။

သို့နှင့် ဝက်သားတွဲ၊ အမဲသားတွဲနှင့် ဂျပန်ကြိုက်သည့် မုန်လာဥ၊ သခွားသီး စသည်များကို သုံးလေးငါးကြိမ် လာပို့ပြီးသောအခါ စိန်ကုလား သည် ဂျပန်ကင်ပေတိုင်အဖွဲ့၏ လူရင်းတစ်ဦးဘဝသို့ ရောက်ရှိလာခဲ့လေ သည်။ စိန်ကုလားတို့ ပါးနပ်ပုံကား ဂျပန်စစ်သားများကို မကောင်းသော မိန်းမပါ ရှာပေးလိုက်သောအခါ. . .

သည့်နောက် သူက ဂျပန်စစ်သားများ စားချင်လိုချင်ရာကို ဂျပန် အာဏာ ပါဝါလေးထည့်သုံး၍ မရအရရှာပေးသည်။ ပြီးတော့ ဂျပန်စကား ကို သင်သည်။ ဂျပန်စာကိုလည်း သင်သည်။ များမကြာခင် ဖြတ်ထိုးဉာဏ်၊ ထိုးထွင်းဉာဏ် ကောင်းလှသည့် ကြံရည်ဖန်ရည် ပါးရည်နပ်ရည်ရှိလှသည့် စိန်ကုလားသည် ဂျပန်စကားကို ဂျပန်တစ်ယောက်ကဲ့သို့ ကျွင်လည်စွာ ပြောနိုင်လာခဲ့လေသည်။

သို့ကလို ရောက်လာသောအခါ လည်ဝယ်ပါးနပ်စွာဖြင့် သခင့် အလိုကျ ဖန်တီးစွမ်းဆောင်ပေးနိုင်သော၊ ရက်စက်ကြမ်းကြုတ်ရာမှာလည်း ဇ ရှိသော စိန်ကုလားကို ဂျပန်ကင်ပေတိုင်အဖွဲ့က 'ဂျပန်စကားပြန်' ခန့် အပ်လိုက်လေသည်။

ဂျပန်စကားပြန် တရားဝင်ဖြစ်သည့် အချိန်မှစ၍ စိန်ကုလားသည် လက်ခမောင်းကို အသံဟိန်းအောင် ခတ်တော်မူလေသည်။

ငါ့လိုလူ ဗမာ့ပြည်မှာ မရှိဟုလည်း ကြွေးကြော်တော်မူလေသည်။

ငါ့ကို နှိပ်စက်ခဲ့သူများအား ငါ လက်စားချေခွင့်ရပြီဟု ကြိမ်းဝါးခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ အခုတော့ ဟောဒီမြို့ပေါ်မှာ စိန်ကုလားသည် ကြီးစွာအရေးပါသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့ပြီကို မြို့သူမြို့သား ရွာသူရွာသားတို့ မှားမကြာခင်သိရစေအံ့. . .။

အထူးသဖြင့် သူ့ကို အဖက်မတန်သလို လုပ်ခဲ့သည့်သူများ ကျောစိမ့်အောင်သိရစေအံ့။ သူသည် ဂျပန်တိုက်သည့် အရက်ကိုသောက်၍ မြောက်၍ ကြီးစွာသော သစ္စာအဓိဋ္ဌာန်ကို မြေတုန်ခမန်း ပြုလိုက်သည်။

ပထမဦးဆုံး စိန်ကုလားသည် ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတို၊ တပ်ကြပ်ကြီး အီဝါကူရိုးတို့ကို ခေါ်ကာ ဘုရားကုန်းကျေးရွာမှာ အင်္ဂလိပ်စပိုင်ရှိသည်ဆိုပြီး သူကြီးဦးရွှန်း အိမ်ရှိရာသို့ တန်းတန်းမတ်မတ် လာခဲ့လိုက်ကြသည်။

ကံကောင်းသည်ကား . .

သူကြီးဦးရွှန်းသည် မှားမကြာခင်ကပင် သူ့မိသားစုနှင့်အတူ ဟိုးအရှေ့ပင်လယ်ရှိရာအရပ်သို့ ထွက်ပြေးပြောင်းရွှေ့သွားပြီဖြစ်၍ အသက်ဘေးမှ ချမ်းသာရာ ရသွားခဲ့လေသည်။ သူကြီးဟောင်း ဦးရွှန်းကို မမိလိုက်သောအခါ သူ ဘာကောင်လဲဆိုသည်ကို ပြချင်၍ သိုင်းဆရာကြီး ဦးကျော်ဖေယျအိမ်သို့ လှည့်ဝင်လာလိုက်သည်။

စိန်ကုလားနှင့် ဂျပန်ကင်ပေတိုင် စစ်သားများ ရွာထဲဝင်လာ၍ ရွာသည် ထိတ်လန့်စိုးရိမ်ကုန်ကြ၏။

ထိုအချိန်က သိုင်းဆရာကြီး ဦးကျော်ဖေယျသည် အိမ်ရှေ့မှာ ထင်းဖြတ်နေ၏။ သူ့သမီး မဆည်းဆာက ထမင်းချက်ရန် အိမ်ရှေ့ရေကပြင်မှာ ဆန်ဆေးနေ၏။ ဂျပန်စစ်သားများ ခြံဝိုင်းထဲသို့ ဝင်လာသည်ကို မြင်လိုက်ကြရသောအခါ သားအဖနှစ်ယောက်စလုံး မျက်စေ့မျက်နှာ ပျက်သွားခဲ့ကြသည်။

ပို၍ ထိတ်လန့်သွားသူကား မဆည်းဆာပဲဖြစ်သည်။ အကြောင်းကား ဓားလွယ်ခါးချိတ်ပြီး ဝင်လာသည့် ဂျပန်စစ်ဗိုလ်နှင့် ရိုင်ဖယ်များချိန်၍ ဝင်လာကြသော ဂျပန်စစ်သားများရှေ့မှာ သူမ စိန်ကုလားကို မြင်လိုက်ရတော့





ဖြစ်လေသည်။ သည်မှာ ဂျပန်ကင်ပေတိုင် စစ်ဗိုလ်အီတိုက လုံးကြီးပေါက်လှဆံပင်အုပ်လုံးသိမ်းနှင့် မျှစ်စို့ပေါက်ကြီး မဆည်းဆာကို မြင်လိုက်သောအခါ သဘောများကျပြီး စိန်ကုလားကို ဂျပန်လို မေးမြန်းလိုက်သည်။

စိန်ကုလားကလည်း မဆည်းဆာရဲ့စွဲမက်ဖွယ်တင်းရင်းနေသော ကိုယ်လုံးကို သိမ်းကြုံးကြည့်လိုက်ပြီး စပ်ဖြဲဖြဲရယ်ကာ ဂျပန်လို ပြန်ပြောလိုက်သဖြင့် ဂျပန်စစ်ဗိုလ် အကြီးအကျယ် သဘောကျပြီး ခေါင်းတညိတ်ညိတ်လုပ်၍ ပြုံးပြုံးကြီး ဖြစ်နေ၏။

``ဘာ. . . ဘာကိစ္စရှိလို့ပါလဲကွယ်. . .''

ဦးကျော်ဖေယျက ဂျပန်စစ်သားများကို တစ်ခါမှ ဒီလိုအဖွဲ့လိုက်ဝင်လာတာ မကြုံဖူး၍ အံ့အားသင့်စိုးရိမ်နေ၏။ ဂျပန်ဖက်ဆစ်တို့၏ ရက်စက်ကြမ်းကြုတ်မှုကို သူလည်း ကြားသိနေရသည်။

``ဦးကျော်ဖေယျ ဂျပန်မာစတာက မေးတယ်၊ ခင်ဗျားက ဒီရွာမှာ လက်နက်သင့်တန်းပေးနေတယ်တဲ့. . .''

``ဟာ. . . မ. . . မ. . . ဟုတ်ဘူး မောင်ရယ်၊ ဘယ်ကလာပေးရမှာလဲကွယ်. . .''

``ခင်ဗျား . . သိုင်းသင်တန်းပေးနေတာဟာ လက်နက်သင်တန်းမဟုတ်ဘူးလား၊ ခင်ဗျား . . ဘာ ပြောင်ညာချင်တာလဲ. . .''

စိန်ကုလားရဲ့ ဟိန်းဟောက်ငေါက်သံကြောင့် ဦးကျော်ဖေယျ မျက်နှာပျက်သွား၏။ သူ့သားလောက်ရှိသည့် သူက သူ့ကို နင်ပဲငဆောင်ငေါက်နေ၏။ ရင်ထဲမှာ ဒေါသများ ထောင်းခနဲ ဖြစ်လာသော်လည်း ကိုယ့်ခေတ်မဟုတ်၍ အသာသည်းညည်းခံနေလိုက်သည်။

စိန်ကုလားသည် ဂျပန်စစ်ဗိုလ်ဘက်သို့ လှည့်၍ ဂျပန်စကားနှင့် တစ်နကြာပြောလိုက်သောအခါ ဂျပန်စစ်ဗိုလ်သည် ဒေါများမောင်းလာပြီး တစ်စုံတစ်ရာပြန်ပြောလိုက်၏။

``ခင်ဗျား အိမ်ပေါ်ကို ရှာမယ်. . .''

``ရှာမယ်. . . ရှာပါ. . . ရှာပါ. . . ကြိုက်သလိုရှာပါ. . .''



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် စိန်ကုလားက ဂျပန်လိုပြောလိုက်သဖြင့် အားလုံး အိမ်ပေါ်သို့ ပိုက်စိပ်တိုက်၍ ရှာကြသည်။ ဘုရားစင် အိပ်ခန်း၊ မီးဖိုဆောင် ညောင်ရေအိုး၊ သေတ္တာ၊ အိုးခွက်၊ စောင်ခေါင်းအုံးပါမကျန် လှန်လှော ဖွနှောက် မွှေနှောက်၍ ရှာကြသည်။ အိမ်ပေါ်မှာ ပွလယောင်းခတ်ဖြစ်ကုန် ၏။ မဆည်းဆာ ကြောက်ရွံ့လွန်း၍ ဖခင်ရဲ့ လက်အစုံကိုကိုင်ကာ အသား များတုန်နေသည်။

ဂျပန်စစ်သား တစ်ဦးက သူတို့သားအဖကို ရိုင်ဖယ်သေနတ်နှင့် ချိန် ၍ထားကြ၏။ အိမ်နီးနားချင်းများကား သည့်အခြေအနေကို မြင်လိုက်ရသည်နှင့် ထွက်ပြေးကြတော့သည်။ သတ္တိကောင်းသူ အချို့က ခြုံကွယ်သစ်ပင်ကွယ်၊ စပါးကျီကွယ်မှ အခြေအနေကို စောင့်ကြည့်နေ ကြသည်။

မကြာခင် စိန်ကုလားနှင့် ဂျပန်စစ်သားများ အိမ်ပေါ်မှ ပြန်ဆင်း လာကြသည်။ သူတို့လက်ထဲမှာ သိုင်းကစားသည့် ငုက်ကြီးတောင်ဓားရှည် နှစ်လက်၊ လှံရှည်လှံတို နှစ်ချောင်းပါလာသည်။ သူတို့က ၎င်းလက်နက်များ ကို ဦးကျော်ဖေယျတို့ သားအဖရှေ့မှာ ဝုန်းခနဲ ပစ်ချလိုက်သည်။

''ဂျပန် မာစတာက မေးနေတယ်၊ ဒီလက်နက်တွေ ဘာလုပ်ဖို့လဲ တဲ့. . .''

''ဟို. . . ဟို. . . သိုင်းကစားတာပါကွယ်. . .''

စိန်ကုလားက ဂျပန်လို ပြန်ပြောလိုက်သည်။ ဂျပန်စစ်ဗိုလ်က နားမလည်သလို ပြန်မေးပြီး မသင်္ကာသလို ကြည့်နေသည်။ စိန်ကုလားက ဂျပန်လို နားလည်အောင်ပြောလိုက်မှ ဂျပန်စစ်ဗိုလ် သဘောပေါက်သွားသည်။

''အိုး. . . ကင်ဒို. . . ကရာတေး. . . ဖြစ်တယ်ကား. . .''

''ဟိုက်. . . မာစတာ. . . ကင်ဒို. . . ကရာတေး. . .''

''အို. . . ဗဲရီးဂွတ်၊ ကောင်းတယ်ကား. . . ကောင်းတယ်ကား''

ဂျပန်စစ်ဗိုလ်က ဂျပန်လိုရော အင်္ဂလိပ်လိုရော ဗမာလိုပါ ညှပ်ပြော ပြီး ခေါင်းတညိတ်ညိတ်လုပ်၍ စဉ်းစားပြီးနောက် စကားတွေ အရှည်ကြီး





မိန့်ခွန်းခြွေတော့သည်။

''ဂျပန်မာစတာက ပြောတယ်၊ ဒီပစ္စည်းအားလုံးကို သိမ်းလိုက် ပြီး နောင်ကို ဓားသိုင်း တုတ်သိုင်း သင်တာ လုံးဝမကြားချင်ဘူးတဲ့၊ ငြိမ် ငြိမ်နေပါတဲ့. . .၊ ကြားရင် မြင်ရင် ခင်ဗျားကြီးကို ပြင်းပြင်းထန်ထန် အရေးယူ မယ်တဲ့၊ နားလည်လား . . . အဘိုးကြီး အဟင်း. . . ဟင်း. . . ဟင်း. . . ကျုပ်ကို ပမာမခန့် မလုပ်နဲ့ ဆည်းဆာ. . .''

မဆည်းဆာ စိန်ကုလားရဲ့ ခပ်မာမာခေါ်လိုက်သံကြောင့် အသား များ ဆတ်ခနဲ တွန့်၍သွားပြီး ကြောက်လန့်တကြား မော့ကြည့်လိုက်သည်။

''နင်. . . ငါ ဘာကောင်လဲ သိပြီလား ဆည်းဆာ. . .''

ဆည်းဆာ မျက်နှာကြီး အောက်ငုံ့၍ သူပြောသမျှကို ငြိမ်နား ထောင်နေရသည်။ လွန်ခဲ့သည့် တစ်ချိန်က သူတို့ ကျောက်ခဲကိစ္စနှင့် နွယ်၍ ပြဿနာဖြစ်ခဲ့ကြဖူး၏။ အခု ဆည်းဆာ လောကသံသရာဝဋ်လည် နေပြီ။

သည့်မှာ ဂျပန်စစ်ဗိုလ်က မဆည်းဆာရဲ့ တစ်ကိုယ်လုံးကို အနီး ကပ် သိမ်းကြုံးကြည့်ပြီး အချိုမချဉ်မျက်နှာနှင့် လက်ညှိုးထိုးပြလိုက်ရာ၊ သားအဖနှစ်ဦးစလုံး တုန်ခါသွားကြသည်။

''ဂျပန် မာစတာကပြောတယ်၊ နင် အပျိုလားတဲ့. . . ဟား. . . ဟား. . . ဟား. . . ဟား''

''မောင်. . . မောင်ရင်ရယ်. . . ဦးရဲ့သမီးလေး အပြစ်မရှိရအောင် ကူ. . . ကူညီပါ. . . မောင်ရယ်. . . နော်. . . နော်. . .''

''ဟား. . . ဟား. . . ဟား. . . ဟား. . . သိကြပြီလား စိန်ကု လား အရေးပါအရာရောက်ပုံကို အခု နားလည်သဘောပေါက်ကြပြီကိုး ဟား. . . ဟား. . . ဟား. . . ဟား. . . ဆည်းဆာ၊ ဆည်းဆာ. . . ခုနေ ငါ တစ်ချက် အမိန့်ပေးလိုက်တာနဲ့ နင်တို့ဘဝ ဘယ်လိုဖြစ်သွားမယ်ဆို တာ နင်သိသလား. . . ဟင်. . .''

ဆည်းဆာကြောက်လွန်း၍ ရှိုက်လိုက်ပြီး စိန်ကုလားရဲ့မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



အသနားခံသလို မော့ကြည့်လိုက်သည်။ စိန်ကုလားက ဒါကို သဘောကျ၍ တဟားဟားနှင့်ရယ်ပြီး ဆည်းဆာ့မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

"နှင်က. . . ကျောက်ခဲဆိုတဲ့ကောင် အားကိုးနဲ့ ငါ့ကို ကိုယ်ထိလက်ရောက် လုပ်ခဲ့ဖူးတယ်၊ အခု ငါ့ခေတ်ရောက်ပြီဟ. . .၊ ငါ့ခေတ်ရောက်နေပြီ. . . ဟား. . . ဟား. . . ဟား. . . ဟား. . .၊ နေအုံး. . . နှင့်ကိုဘော့ ဖြေးဖြေးပေါ့၊ ဒါနဲ့ ဟိုကောင် ကျောက်ခဲရော. . . အခုချိန် ဘယ်မှာရှိနိုင်သလဲ. . ."

"မ. . . မ. . . သိပါဘူး. . . ကို. . . စိန်. . . ကု. . . လားရယ်"

"မညာနဲ့နော်. . ."

"ဘု. . . ရား. . . စူး. . . မ. . . မသိလို့ပါရှင်. . . ရှင်. . ."

"အေး . . . နှင်လည်း ကျောက်ခဲဆိုတဲ့ကောင်နဲ့ သိပ်မရောနဲ့၊ ကျောက်ခဲနဲ့ရောရင် နှင့်ကို ဂျပန်ကင်ပေတိုင်လက်ထဲအပ် ကျားစာကျွေးပစ်မယ် သိလား. . ."

"ဟုတ်. . . ဟုတ်ကဲ့. . . ပါရှင်. . ."

သည့်နောက် သူက ဂျပန်ကင်ပေတိုင်ဗိုလ်ကို ဦးခေါင်းညွှတ် ခါးကုန်း၍ ဂျပန်စကားနှင့် အတန်ကြာ ပြောလိုက်သည်။ ဂျပန်စစ်ဗိုလ်သည် ခေါင်းညိတ်လိုက်ပြီး ဆည်းဆာကို တဏှာရမ္မက်ဒိုးဝေနေသော မျက်လုံးများဖြင့် အတန်ကြာ ကြည့်နေလျက်မှ ရှေ့သို့တိုးလာကာ မေးဖျားကို လက်နှင့် မ့လိုက်သည်။

"သိပ်လှတယ်ကား ဘိရှမာမိန်းမ. . . သိပ်လှတာကား. . . ဟား ဟား. . . ဟား. . . ဟား. . ."

သည့်နောက် ဂျပန်စစ်ဗိုလ်နှင့် စိန်ကုလားတို့ အိမ်ဝိုင်းထဲမှ ပြန်ထွက်သွားကြသည်။ ပြန်သွားကြမှ သူမ ဖခင်ကြီးကိုဖက်ပြီး ချုံးပွဲချ ငိုပစ်လိုက်သည်။ မကြာခင် အိမ်နီးနားချင်းများ အလျှိုလျှိုရောက်လာကြသည်။ စိုးရိမ်ကြီးစွာဖြင့် ဝိုင်းဝန်းမေးမြန်းကြသည်။

ဦးကျော်ဖေယျသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။





အထူးသဖြင့် အမျိုးသား သစ္စာဖောက် မြန်မာတစ်ဦးရဲ့ ရိုင်းပြစော်ကားသည့် အာဏာပါဝါပြမှုကြောင့် ရှက်လည်းရှက် ရင်လည်းနာဖြစ်နေ၏။

သူ့သမီး အပျိုနုနုထွတ်ထွတ်ရဲ့ မေးစေ့ကိုကိုင်ပြီး သဘောကျနေသည့် ဂျပန် ကင်ပေတိုင်ဗိုလ်ကို သူ အမုန်းကြီးတပ်စချင်နေသည်။ သည် တုန်းက ရှေ့တဆင့် မတိုးကြလို့။ နို့မို့ သူသေကိုယ်သေ လုပ်မိမှာ ကျိန်းသေသည်။

မကြာခင် သူ့သိုင်းသင် တပည့်များ ကြားသိရောက်ရှိလာပြီး အဖြစ်အပျက်ကို ကြားကြသောအခါ ဒေါသများ ပေါက်ကွဲကုန်ကြတော့သည်။

သူတို့ကလည်း အလကား လူညံ့များမဟုတ်ကြ။

အင်္ဂလိပ် တော်လှန်ရေးမှာ တထောင့်တစ်နေရာမှ လျှို့ဝှက်စွာ ပါဝင်ခဲ့ကြသူများဖြစ်သည်။ သူတို့ မျိုးချစ်ပြောက်ကျားများကို အစစအရာရာ ကူညီခဲ့ကြသည်။ လမ်းပြပေးသည်။ လက်နက်သယ်ပေးသည်။ ထမင်းထုပ်ဆင့်ပေးခဲ့ဖူးသည်။ လူနာကောက်ခဲ့ဖူးသည်။

သူတို့အားလုံးရဲ့ ရင်အသီးသီးမှာ မျိုးချစ်စိတ်ဓာတ်က ကိန်းအောင်းနေကြသည်။

ခုတော့. . . လူပေလူလွင့် စိန်ကုလားဆိုသည့်ကောင်၊ ဂျပန်ခြေသလုံးဖက်ပြီး ပထွေး အဖေလုပ်နေသည့် လူစားက သူတို့ကျေးရှူးရှင် ဆရာကြီး သားအဖကို ပမာမခန့်လုပ်ပြီး လက်နက်များ သိမ်းသွားသည်ကို သိရသောအခါ. . .

"တောက်. . . ရင်ဆိုင်တွေ့လိုက်ရရင်လားကွာ. . ."

ငလင်းက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ နားကျည်းစွာ ပြောလိုက်သည်။

"ဒီခွေးတိရစ္ဆာန်ကောင်က သူ့ကိုယ်သူ ဘုရင်များမှတ်နေလား မသိဘူး ဖွီး. . ."

"ရှူး. . . တိုးတိုး တပည့်တို့ အခြေအနေက တစ်မျိုးဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ မင်းတို့ အင်္ဂလိပ်ခေတ်ကလို အတင့်မရဲနဲ့၊ လျို့လျို့ဝှက်ဝှက်နေကြ ထိုင်ကြ၊ ပြောကြ အခြေအနေကြည့်ပြီး သွားလာလှုပ်ရှားကြ။ ဖြစ်နိုင်ရင် လူခွဲလူဖျောက်နေကြ. . .၊ ကိုင်း. . . လူစုခွဲကြတော့၊ မောင်လင်း. . . ခဏ နေခဲ့. . .''

သို့နှင့် အိမ်နီးနားချင်းများလည်း အိမ်အသီးသီးသို့ ပြန်သွားကြသည်။ တပည့်များကိုလည်း ကိုယ်ရောင်ဖျောက်၍ လူစုခွဲခိုင်းလိုက်သည်။

''မောင်လင်း. . .''

''ခင်ဗျာ. . . ဆရာကြီး. . .''

''မောင်ကျောက်ခဲကို တွေ့မိလား. . .''

''ကျောင်းမှာများ ရှိမလားမသိဘူး ဆရာကြီး. . .''

''ဒီမှာ. . . မင်း ကျောက်ခဲကို အမြန်ဆုံး တွေ့အောင်ရှာ စကားပြန် စိန်ကုလားနဲ့ ဂျပန်ကင်ပေတိုင်အဖွဲ့က ကျောက်ခဲကို မေးနေတယ်၊ သူတို့ အချင်းချင်း အင်္ဂလိပ်မပြေးခင်က ရန်ငြိုးရန်စ ရှိခဲ့ဖူးကြတယ်၊ သိတယ်မဟုတ်လား၊ အခု ကြည့်ရတာ စိန်ကုလားဆိုတဲ့ကောင်က အတိတ်က အငြိုးနဲ့ ဂလဲ့စားချေချင်ပုံရနေတယ်၊ အဲဒါ. . . အမြန်သွားပြီး ကျောက်ခဲကို အသိပေး၊ ဖြစ်နိုင်ရင် ဒီရွာမှာ မနေဘဲ အခြားကို ရှောင်တိမ်းနေဖို့ သွားပြောလိုက်၊ မြန်မြန်သွား မောင်လင်း. . .''

''ဟုတ်. . . ဟုတ်ကဲ့. . . ဆရာကြီး. . . ဒါနဲ့ ဆရာကြီး. . .''

''ဘာလဲ တပည့်. . .''

''ဆရာကြီးတို့ သားအဖလည်း ဒီနေရာမှာ ကြာကြာမနေသင့်ဘူး''

''အိမ်း. . . မင်းသတိပေးတာ ကောင်းပါတယ်၊ ငါတို့လည်း ကြာကြာ မနေပါဘူး၊ ဘာလို့လဲဆိုတော့ ငါတို့အားလုံးက အင်္ဂလိပ်တော်လှန်ရေးမှာ ပါဝင်ပတ်သက်ဖူးတော့၊ ဟိုကောင် လူယုတ်မာ စိန်ကုလားက ပုံကြီးချဲ့ သွားချွန်မှာ စိုးရိမ်ရတယ်၊ အထူးသဖြင့် ဟောဒီ သမီးဆည်းဆာပဲ. . .၊ ငါ ဂျပန်ကောင်တွေကိုရော၊ ဟိုခွေးတိရစ္ဆာန် အမျိုးသားသစ္စာဖောက်ကိုရော လုံးဝမယုံကြည်ဘူး၊ ဒါကြောင့် မကြာခင် အန္တရာယ်ကင်းနိုင်မဲ့





နေရာကို ရှောင်တိမ်းပါ့မယ်၊ အကြောင်းရှိမှ ငါတို့အားလုံး ပြန်ဆုံကြမယ်၊ ကိုင်း. . . အချိန်ရှိတုန်း မြန်မြန်လိုက်ရှာပြီး အသိပေးလိုက်တော့. . .''

သည့်နောက် သားအဖနှစ်ဦး အိမ်ပေါ်ပြန်တက်၍ ဂျပန်များ မွှေနှောက်ရှာဖွေ၍ ပြန့်ကျဲနေသော ပစ္စည်းများကို တစ်ခုစီကောက်ပြီး ပြန်သိမ်းလိုက်ကြသည်။

♛ ♛ ♛

ကင်ပေတိုင် ငရဲခန်း

လေလင်း ဖြတ်လမ်းမှဝင်၍ ဓမ္မပါလကျောင်းရှိရာသို့ ပြေးလာခဲ့လိုက်သည်။ သို့သော် နောက်ကျသွားခဲ့ပြီ၊ ဂျပန်ကင်ပေတိုင် စစ်သားများသည် ဓမ္မပါလကျောင်းအနီးရှိ မမင်းလှရေကန်မှာ ရေချိုးနေသည့် ကျောက်ခဲကို ဝိုင်းမိသွားကြသည်။

ကျောက်ခဲက အဲဒီအချိန်က မမင်းလှကန်ထဲမှာ ရေကူးနေသည့်အချိန်၊ ဒီအကြောင်း မည်သူက ပြောလိုက်သလဲ မသိ။ စိန်ကုလားတို့အဖွဲ့က လက်ဦးမှုရယူကာ ဝိုင်းလိုက်၏။ ကျောက်ခဲ ဘုမသိ၊ ဘမသိနှင့် လက်



www.burmeseclassic.com

www.burmeseclassic.com



ဘောင်ပေါ်သို့ တက်ခဲ့ရသည်။ သူ့တစ်ကိုယ်လုံး ရေတွေရွှဲလို့။

စိန်ကုလားမှာ ကျောက်ခဲရဲ့မျက်နှာကို အမုန်းကြီးစွာသော မျက်လုံးနှင့် လက်ညှိုးထိုးပြလိုက်ပြီး ဂျပန်ကင်ပေတိုင်စစ်ဗိုလ်ကို တစ်စုံတစ်ရာ ပြောလိုက်သောအခါ ဂျပန်စစ်ဗိုလ်၏ အမိန့်ပေးသံနှင့်အတူ ဂျပန်စစ်သားများက ရိုင်ဖယ်သေနတ်များ မောင်းတင်၍ ထိုးချိန်လိုက်ကြသည်။

''ဘာ. . . ဖြစ်လို့လဲ. . . စိန်ကုလား . .''

''မင်းကို ဂျပန်ကင်ပေတိုင်က မသင်္ကာမှုနဲ့ အရေးယူလိုက်ပြီ ကျောက်ခဲ. . .''

''ဘာ. . . မသင်္ကာ. . . မှု. . . ဟုတ်လား၊ ငါ. . . ငါ. . . ဘာ ဘာလုပ်လို့လဲ. . .''

''အဲဒီကိစ္စ ငါ့ကိုလာမမေးနဲ့၊ ဂျပန်ကင်ပေတိုင်ရုံးရောက်မှ ရှင်း လာလိုက်ခဲ့. . .''

''မလိုက်ဘူး . .''

''ဖောင်း . .''

''အား . .''

စိန်ကုလားက သူ့ပါးကို အလစ်မှာ လှမ်းရိုက်လိုက်သည်။ ကျောက်ခဲ လူငယ်ပီပီ ဂျပန်များရှေ့မှာ ကိုယ့်မြန်မာတစ်ဦးက အသားလွတ်ပါး ရိုက်၍ ခံပြင်းဒေါသထွက်သွားပြီး စိန်ကုလားကို ပြန်ချရန် ပြင်လိုက်သည်။ ဒီမှာ ဂျပန်ကင်ပေတိုင်စစ်ဗိုလ်က ကျောက်ခဲရဲ့ ရင်ဝကို ပစ္စတိုသေနတ်နှင့် တေ့ချိန်လိုက်ပြီး ညှိုသကျည်းကို စစ်ဖိနပ်ဦးနှင့် ဆောင့်ကန်လိုက်သည်။

မာကျောလှသည့် စစ်ဖိနပ်ဦး၏ ထိကန်ချက်ကြောင့် သူ့ ဒူးနှစ်ဘက် ညွတ်ကျသွားစဉ် စကားပြန်စိန်ကုလားက မိုးပျံဒူးနှင့် သူ့မေးစေ့ကို ခုန်တိုက်လိုက်ရာ မေးစေ့မှ ဖောင်းခနဲ အသံမြည်သွားပြီး မျက်လုံးထဲ ပျာ တက်သွားကာ သူ သတိလစ်သလို ဖြစ်သွားခဲ့လေသည်။

ရှေ့ဆင့်နောက်ဆင့်မှာပင် ဂျပန်စစ်သားသုံးလေးယောက်ရဲ့ သေနတ်ဒင်များက သူ့တစ်ကိုယ်လုံးပေါ်သို့ ဆောင့်ကာ ဆင့်ကာ ကျလာ





သည်။ ဒါနှင့်အတူ စိန်ကုလားရဲ့ ပြင်းထန်သော လက်သီးချက် ခြေကန်ချက်များက တဖောင်းဖောင်း တဗုန်းဗုန်းနှင့် ဆက်တိုက်ဝင်လာကာ မကြာခင် ကျောက်ခဲ လုံးဝသတိလစ်၍ သွားခဲ့လေသည်။

ကျောက်ခဲကို ဂျပန်ကင်ပေတိုင်အဖွဲ့က စိန်ကုလားအကူအညီနှင့် ရိုက်နှက် ထိုးကြိတ်ကန်ကျောက်ပြီး ဖမ်းဆီးသွားသည့် သတင်းသည် ချက်ချင်းပဲ လေလင်းရဲ့ပြောပြချက်ကြောင့် ဘုရားကုန်းကျေးရွာ ဝန်းကျင်တစ်ဝိုက်မှာ ပြန့်နှံ့သွားခဲ့သည်။

ထိုသတင်းကို ဘကြီးဘုန်းကြီး ကြားရသောအခါ ကြီးစွာ စိတ်ထိခိုက်သွားခဲ့သည်။ သူ ဘယ်လိုလုပ်ရပါမည်နည်း။ ဖက်ဆစ်ဂျပန်သည် ဆိုးသွမ်းရက်စက်သည်။ သူ့တူသားလေး ဘာတွေလုပ်ခဲ့သည်ကိုတော့ သူမသိခဲ့။ သို့သော် ကျောက်ခဲသည် လူကောင်းတစ်ယောက်ဆိုတာကိုတော့ သူ သဘောပေါက်ခဲ့သည်။

အေးလေ. . . သတ္တဝါတစ်ခု ကံတစ်ခု ဥစ္စာ။ ကံကောင်းပါစေ ဟု ရေရွတ်ပြီး ကျောက်ခဲ အနှောင်အဖွဲ့မှ လွတ်မြောက်စေရန် မေတ္တာပို့ ၍နေလိုက်သည်။

ဘကြီးဘုန်းကြီးနည်းတူ ကျောက်ခဲကို ဂျပန်ကင်ပေတိုင်အဖွဲ့က ခေါ်သွားသည့် သတင်းအား ချစ်သူခင်အေးညို ကြားလိုက်ရသောအခါ 'အမလေး' တရင်း ရင်ကိုဖိ၍ ဆို့နင့်သွားခဲ့သည်။

''ဟုတ်. . . မှ. . . ဟုတ်ရဲ့လား။ ကို. . . င. . . လင်းရယ်ဟင်''

''ဟုတ်တယ် ခင်အေးညို. . . ငါကိုယ်တိုင် မျက်စေ့နဲ့ တပ်အပ် တွေ့ခဲ့ရတာ၊ ဂျပန်တွေကရော စိန်ကုလားကရော တောက် ရက်ရက်စက် စက် ရိုက်နှက်ပြီး ကားပေါ်တင်ခေါ်သွားကြတာ. . . ဖွီး. . .''

''ဘုရား. . . ဘုရား . . .ကျောက်. . . ခဲ. . . အသက်. . . အန္တရာယ်. . . ဘေးမှ ကင်းဝေးပါစေ. . . ဘုရား. . . အဲဒါ အဲ. . . ဒါ ဘယ်. . . ဘယ်လို. . . လုပ်ကြမလဲဟင်. . . ကိုလေလင်းဟင်. . . ဟင်''

''ငါတို့လည်း ဘယ်လိုလုပ်ရမှန်းကို မစဉ်းစားတတ်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ခင်အေးညို၊ ဒီနေ့တစ်နေ့လုံး သူ အားလုံးကို ဝင်မွှေသွားတာ၊ သူကြီးဦးရွှန်း၊ သိုင်းဆရာကြီး ဦးကျော်ဖေယျတို့ အိမ်ပါ မကျန်ဘူး၊ ဆည်းဆာတောင် ကံကောင်းလို့. . .''

''အဲဒါ. . . အဲ. . . ဒါ. . . ကျွန်မကြောင့်. . . ကျွန်မကြောင့် ဟီး. . . ဟီး. . . ဟီး. . . ဟီး. . .''

ခင်အေးညို ဝမ်းနည်းကြေကွဲလာပြီး မျက်နှာကို လက်ဝါးနှင့် အုပ်၍ ရှိုက်ကြီးတငင် ငိုချလိုက်သည်။ သူမရဲ့ချစ်သူမှာ သီးခြား ဘာအပြစ်မှမရှိ။ သို့သော် သူမကိစ္စနှင့် ပတ်သက်၍ စိန်ကုလားနှင့် ကျောက်ခဲတို့ အင်္ဂလိပ်မပြေးခင်က စကားများ ရန်ဖြစ်ဖူးသည်ဟု သိရသည်။ အဲဒီတုန်းက သူမကလည်း စိန်ကုလားကို မကျေနပ်၍ သူကြီးဦးရွှန်းကို သွားတိုင်ခဲ့ရာ စိန်ကုလား သုံးရက် ထိတ်တုံးအခတ်ခံခဲ့ရသည့် ရာဇဝင်ကြွေးများ ရှိခဲ့ဖူးသည်။

အခု . . . စိန်ကုလားက ဂျပန်စကားပြန်၊ ဂျပန်ကင်ပေတိုင် လူရင်းဖြစ်နေသည်။ နိုင်လိုကြက် အထက်စီးမှ ရသွားခဲ့ပြီ. . .။

''ဟီး. . . ဟီး. . . ဟင့်. . . ဟင့်''

''နင်လည်း သတိထားနေအုံး . . ခင်အေးညို. . .''

''အင်. . . ဟင်. . . ဟင်. . .''

''စိန်ကုလားက အငြိုးအတေးကြီးတယ်၊ ငါတို့ စုံစမ်းသိရှိရသလောက် အင်္ဂလိပ်မပြေးခင်က သူ့ကို ဒုက္ခပေးသူမှန်သမျှကို အခု ပြန်ဂလဲ့စားချေနေတာ၊ သူ့ကို အချုပ်ထဲ၊ ထောင်ထဲပို့ခဲ့တဲ့ သူကြီးဦးရွှန်းကိုလည်း သူ မြေလှန်ရှာနေတယ်၊ နင်နဲ့ သူနဲ့ကလည်း ကျောင်းတော်က ရန်စရန်န ရှိနေတာမဟုတ်လား. . . နင့်. . .ကိုလည်း တော်ကြာ. . . ဟိုဟို. . .''

သူမ ကိုလင်းရဲ့ သတိပေးချက်ကြောင့် ကြက်သီးများ ဖျန်းခနဲ ထသွား၏။ ယောင်၍လည်း ရင်ဘတ်ကို လက်နှင့်အုပ်လိုက်၏။ သူမဘဝအတွက်လည်း သူမ ကျောချမ်းသွားခဲ့ရသလို၊ ချစ်သူအတွက်လည်း





စိုးရိမ်ပူပန်စိတ်များက များနေသည်။ ဘယ်လိုလုပ်ရင် ကောင်းမည်လဲ. . .

''အဲ. . . သတိရပြီ. . .''

''ကိုလင်း . . ကိုလင်း . . ဒီ. . . ဒီလိုလုပ်ရင် မကောင်းဘူးလားဟင်. . .''

''ဘယ်လို. . . လုပ်မှာလဲဟင် ပြောပါအုံး . .''

''ကိုလင်း . . ဟို. . . ဟို. . . သူသွားသွားနေတဲ့ တာဝတောထဲက ယောဂီလိုလို. . . ဖိုးသူတော်လိုလို ဘာအဘိုးကြီးကို သိလား . .''

''ဟင့်အင်း . .''

''ဟာ. . . ဒုက္ခပါပဲ. . .''

ခင်အေးညို စိတ်ဓာတ်ကျသွားသည်။

''ဒါဖြင့် . . ဟို. . . မြွေအလမ္ပာယ်ဆရာကြီး . . ဆိုတာရော''

''ငါတို့နဲ့ လုံးဝ မရင်းနှီးဘူးဟ ခင်အေးညိုရ . . ငါတို့က အဲဒီဝန်းကျင်ကိုကြောက်လို့ မသွားရဲကြဘူး၊ အဲဒီအရပ်က မြေကြွမ်းတယ်ဆိုလို့. . .''

''ကျောက်ခဲကျတော့. . . ဘာလို့သွားရဲလဲ. . .''

''အင်း . . နင့်လူက လူထူးလူဆန်းဥစ္စာ ဟာ. . .''

''ဒီလိုလုပ်ရအောင် ကိုလင်းရယ်၊ ကျွန်မနဲ့ ကိုလင်းနဲ့ အဲဒီ တာဝတောထဲက သူ့ဆရာ သူတော်စင် အဘိုးအိုကြီးဆီကို ရောက်အောင် သွားကြရအောင်. . .''

''ဘာလုပ်ဖို့လဲ. . . ခင်အေးညိုရာ. . .''

''အို. . . သူ အခု မတရား အဖမ်းခံနေရသည့်အကြောင်း သွားပြောကြမှာပေါ့. . .''

''အဲဒီလိုပြောတော့ရော အဲဒီအဘိုးကြီးက ဘာလုပ်ပေးနိုင်မလဲ''

''အိုရှင်. . . ဒါကတော့ ဘယ်သိနိုင်မှာလဲ. . .၊ အားကိုးစရာမရှိတဲ့အချိန်မှာ ရေနစ်နေခိုက်ဥစ္စာ မြက်တစ်ပင်လည်း အားကိုးရမှာပဲ မဟုတ်လား၊ ကိုလင်း မလိုက်ရဲရင် ကျွန်မ. . . တစ်ယောက်တည်း. . .



www.burmeseclassic.com

www.burmeseclassic.com



သွားတွေ့မယ်. . .''

ခင်အေးညိုက ချစ်သူစိတ်နှင့် သို့ကလို ဆန္ဒပြင်းပြနေသောအခါ ငလင်းလည်း ငယ်ပေါင်းရဲဘော် သူငယ်ချင်းအတွက် သည်အတိုင်း လက်ပိုက်ကြည့်မနေနိုင်တော့။

''နင်တစ်ယောက်တည်း အဲဒီလို ကြမ်းတမ်းလှို့ဝှက်တဲ့နေရာကို သွားလို့ ဘယ်သင့်မှာလဲ ခင်အေးညို။ မထူးပါဘူးဟာ ဟာပဲဖြစ်ဖြစ်၊ ဖြစ်ချင်ရာဖြစ် ငါပါလိုက်ခဲ့မယ်. . .၊ ဘယ်တော့သွားကြမလဲ. . .''

''ခုပဲ သွားမယ်တော်. . .''

''ဟာ. . . မြန်လှချည်လားဟ. . .''

''မြန်မှ ဖြစ်မယ်ကိုလင်းရဲ့၊ တော်ကြာ လက်လွန်ခြေလွန်ဖြစ်ကုန်မှဖြင့် တော်. . . လာ. . . သွားကြစို့. . .''

သို့နှင့် သူတို့နှစ်ဦးသား ဖခင်လုပ်သူထံ မေတ္တာရပ်ခံကာ ဟိုအရှေ့စူးစူး တာဝဆိုသည့် တောကြမ်း မြေကြမ်းရှိရာသို့ အရဲစွန့်ပြီး ထွက်လာခဲ့လိုက်ကြလေသည်။

သူတို့နှစ်ဦး တာဝတောကြမ်းရှိရာသို့ ထွက်သွားချိန်မှာပဲ။

ဓမ္မပါလ ဘုန်းကြီးကျောင်းသို့ လူမည်းကြီး ဦးကျိုးနက် ရောက်လာခဲ့သည်။ ဦးကျိုးနက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ ကျောက်ခဲရဲ့ ဘကြီးဘုန်းကြီး ဦးစန္ဒိမာ လှုန်စွာ ဝမ်းသာသွားခဲ့သည်။ ဦးကျိုးနက်သည် ဘုန်းတော်ကြီးကို ဝပ်ဖြည့်ပြီးနောက်. . .

''မောင်ကျောက်ခဲ တစ်ယောက်ရော နေကောင်းပါရဲ့လား. . . ဘုရား''

''မောင်ကျောက်ခဲအကြောင်း မကြားလိုက်ရဘူးလား ဒကာကြီး''

''မှန်ပါ မကြားပါဘုရား သူ. . . ဘာဖြစ်လို့ပါလဲ ဘုရား. . .''

သို့နှင့် ဘကြီးဘုန်းကြီးက ကျောက်ခဲရဲ့ အဖြစ်သနစ်ကို ဇာတ်စုံရှင်းပြလိုက်သောအခါ ဦးကျိုးနက် လွန်စွာ စိုးရိမ်ထိတ်လန့်သွားတော့၏။

''အဲဒါ. . . ဒကာကြီးတို့များ ဘယ်လို ကူညီနိုင်မလဲဗျာ ဟင်''





''မလွယ်တော့ မလွယ်ဘူးဘုရား၊ ဒီဂျပန် ဖက်ဆစ်တွေဟာ သူတို့. . . မလိုချင်တဲ့လူ မသကာတဲ့လူဆိုရင် အင်္ဂလိပ်စပိုင် သူလျှိုတံဆိပ်တပ်ပြီး ရက်ရက်စက်စက် ညှင်းပန်းလေ့ရှိတယ် ဘုရား. . .၊ ကျောက်ခဲက ဂျပန်ဆန့်ကျင်ရေးများ လုပ်ခဲ့ပါသလား ဘုရား. . .''

''မလုပ်ပါဘူး ဒကာကြီးရယ်၊ သူ့ဖာသာသူ နေတာပါကွယ်''

''တပည့်တော်တို့ နီးစပ်ရာ လူနဲ့ စုံစမ်းပြီး ကြိုးစားလို့ရသမျှ ကြိုးစားကြည့်ရမှာပဲ ဘုရား၊ ဘုရား. . ဘုရား. . ဒီစကား ဟိုကများကြားရရင် ရင်ကျိုးမှာပဲဘုရား. . .''

ဦးကျိုးနက်က လွတ်ခနဲ ညည်းလိုက်၏။ ဦးကျိုးနက် ညည်းလိုက်သည့်စကားကို ဘဘုန်းကြီး ကြားလိုက်ရသောအခါ ပဟေဋ္ဌိလိုဖြစ်နေ၍ ဖျတ်ခနဲ ဦးကျိုးနက်ရဲ့မျက်နှာကို လှမ်းကြည့်၍ မေးလိုက်သည်။

''ဒကာကြီး. . . ဒကာကြီးစကားက ဆန်းလှချည်လား၊ ဒီစကား ဟိုတစ်ယောက်ကြားရရင် ရင်ကျိုးရချည်ရဲ့ဆိုရဲ့၊ ဘယ်သူကြားရင်လဲဗျာ ဟင်. . .''

''ဟို. . . ဟို. . . အဲ. . . အဲ. . . ဒီလိုပါ. . . ဘုရား. . .၊ သူ့သူမှာ ချစ်သူရည်းစားရှိနေတယ်လို့ ကြား ကြားရလို့ပါဘုရား. . .၊ အဲဒီမိန်းကလေးများ ကြားသွားရင် ရင်ကျိုးမှာပဲလို့ ပြော. . . ပြောဝ... . . ဘုရား. . .''

ဦးကျိုးနက် သူ့ စကားအလစ် အစွန်းထွက်သွားသည်ကို ကပျာကယာ ပြန်ဆင့်၍ လိုးလွှဲပြောလိုက်ရသည်။

''သူ့မှာ. . . ဟိုဒင်း. . .''

''ဒါလည်း. . . အကြားနဲ့ ပြောရတာပါဘုရား. . .''

ဘဘုန်းကြီး ဦးကျိုးနက်ရဲ့ မရေရာ မသေချာ အဖြေစကားကြောင့် ဦးပြည်းကိုကုတ်ရင်း စိတ်ညစ်သွားခဲ့သည်။

''တပည့်တော် စုံစမ်းပြီး လုပ်လို့ရသမျှ ကြိုးစားကြည့်ပါမယ် ဘုရား၊ တပည့်တော်ကို ခွင့်ပြုပါအုံးဘုရား၊ အကယ်၍ ငွေပေးလို့ လွှတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း သူတို့ တောင်းသလောက်ပေးပြီး လွတ်အောင်ကြိုးစားပါ့မယ် ဘုရား . . ''

''ကြည့်ပြီး . . ကူညီကြပါအုံး . . ဒကာကြီးရယ်၊ အင်း . . မိမဲ့ဖမဲ့ တစ်ကောင်ကြွက်ကလေး . .၊ ဒုက္ခ . . . ဒုက္ခ . . . ဒုက္ခ . . .''

ဦးကျိုးနက် ကပျာကယာ ဦးကုန်းချပြီး အလောတကြီး ပြန်လာခဲ့လိုက်သည်။ သူ ဒီကိစ္စဘယ်လို အကြောင်းပြန်ပြောရပါ့။ မောင်ကျောက်ခဲရဲ့ အကြောင်းကို အစဉ်အမြဲလိုလို သူစုံစမ်းလေ့လာခဲ့သည်။ သည်ကလေးမှာ ရင်နှင့်အမျှ ချစ်ကျွမ်းဝင်နေသည့် ချစ်သူရှိမှန်း သူသိကြားရသည်။ အခု ဒီလူငယ်ကို ဂျပန်တွေ ဖမ်းဆီးသွားခဲ့ပြီ။ ဒီအကြောင်း ဟို . . . တစ်ယောက်သာ နားနှင့် ဆတ်ဆတ်ကြားခဲ့လျှင် . . .ဟူး . .။

♛ ♛ ♛

ဂျပန်ကင်ပေတိုင် အချုပ်ခန်းထဲမှာ ကျောက်ခဲ သတိလစ်နေတာ အချိန်အတန်ကြာပြီ။ မမေ့ခံနိုင်ရိုးလားလေ . . .။

သူတို့ ဖမ်းလာပြီးနောက် ဂျပန်စစ်သားများက ကိုယ်ပေါ်သို့ ရေတပုံး ဝုန်းခနဲ လောင်းချလိုက်သည်။ သူ လူးလွန့်၍ ပြန်သတိရလာခဲ့သည်။ ပြန်သတိရလာသည်နှင့် ဂျပန်စကားပြန် စိန်ကုလားနှင့် ဂျပန်ကင်ပေတိုင် စစ်ဗိုလ်တို့က သူ့ကို အမျိုးမျိုး စစ်ဆေးကြသည်။

''မင်းက . . . ဂျပန်မကောင်းကြောင်း သတင်းဖြန့်နေတယ်ဆို''

စိန်ကုလားက လက်နောက်ပြန် ကြိုးတုတ်ခံရထားသည့် ကျောက်ခဲရဲ့ ဆံပင်ကို နောက်ပြန်ဆုပ်ကိုင်ပြီး မေးလိုက်သည်။





''မ . . . မ . . . ပြော . . . ပါ . . . ဘူး . . ကွာ . . .''

''ပြောတယ်လို့ . . . ငါတို့ကြားတယ် . . .''

''မ . . . မ . . . ပြော . . . ပါ . . . ဘူး . . .''

စိန်ကုလားက ကျောက်ခဲရဲ့ အဖြေကို ဂျပန်လိုပြန်၍ အစီရင်ခံလိုက်သည်။ သည်မှာ ဂျပန်စစ်ဗိုလ်အီတိုက ရှေ့တည့်တည့်မှ လာရပ်ပြီး မြန်မာစကား မပီကလာ ပီကလာနှင့် သူ့ကိုစစ်ဆေးသည်။

''ဘိရုမာ . . နိပွန်မကောင်းဘူး . . ပြောတယ်ကား . .''

''မ . . . မ . . . ဟုတ် . . . ပါဘူး . .''

''ပြောတယ်ကား . . . . .''

ဂျပန်စစ်ဗိုလ်က ကျားဟိန်းသလို ဟိန်း၍ အော်ဟစ်လိုက်သည်။

''ဟင့်အင်း . . . ကျုပ် . . . ကျုပ် . . . မ . . . မပြောဘူး . .''

''ဖြန်း . . . ဖြန်း . . . ဖြန်း . . . ဖြန်း . .''

''အ . . . အ . . . အ . . . အစ် . . . အစ် . . .''

ပြင်းထန်သော ဂျပန်ရဲ့ ဘယ်ညာလက်ဝါးရိုက်ချက်များက ကျောက်ခဲရဲ့ ပါးပြင်မျက်နှာပေါ်သို့ လွန်းပျံကျလာသည်။ ပါးစပ်ထဲမှ သွေးများ စီးအန်၍ကျလာ၏။ ဒါကို စကားပြန် စိန်ကုလားက နှီးဝါးစီးကရက်ခဲပြီး တဟားဟားနှင့် အော်ဟစ်ရယ်မော သဘောကျနေ၏။

သည်မှာ စကားပြန် စိန်ကုလားက အင်္ဂလိပ်အစိုးရအုပ်စိုးစဉ်က အင်္ဂလိပ်အစိုးရလူ သူကြီးအားကိုးနှင့် သူ့ကို ကျောက်ခဲတို့က ဝိုင်းဝန်းရိုက်နှက် အချုပ်ခန်းထဲ ပို့ခဲ့ပါသည်ဟု ဂျပန်စစ်ဗိုလ်ကို ချွန်လိုက်သောအခါ ဂျပန်စစ်ဗိုလ်သည် ပါးစပ်မှ ဆဲရေးတိုင်းထွာပြီး . . .

''ဘာကဲရို . . . ခူးယား . . .''

''ဖြန်း . .''

''အား . . .''

''ဖောင်း . . .''

''အင့် . . . အင် . . . အ . . . အ . . .''



www.burmeseclassic.com

www.burmeseclassic.com



ပါးကိုလည်း ရိုက်သည်။ ရင်ဝကိုလည်း လက်သီးနှင့်ထိုးသည်။ ကျောက်ခဲ ရင်ညွန့်ထဲမှာ စူးနင့်စွာ ခံစားလိုက်ရပြီး ခေါင်းညွတ်၍ကျလာစဉ် ဂျပန်စစ်ဗိုလ်ရဲ့ ဒူးပျံက သူ့ရင်ညွန့်ကို ဝိုက်၍ဝင်သွားပြီး သူ နောက်ပြန်လဲကျသွားကာ ကြမ်းပြင်ပေါ်မှာ တဆတ်ဆတ်တုန်၍ လူးလွန့်နေသည်။

သည့်မှာပင်. . . ထပ်၍ ဂျပန်စစ်ဗိုလ်က စစ်ဖိနပ်နှင့် သူ့ရင်ဘတ်ပေါ် တက်ခုန်လိုက်ပြန်သည်။ သူ တအင်းအင်း. . . တအင့်အင့် ညည်းညူ၍ ရင်း ပါးစပ်၊ နှာခေါင်း၊ နားပေါက်၊ မျက်လုံးများမှ သွေးများစီးကျကာ လုံးဝ သတိလစ် မေ့မျော၍သွားခဲ့လေသည်။

♛ ♛ ♛

## ကောင်းသူကို ကယ်တင်မည်

ညဉ့်သည် သိပ်သိပ်သည်းသည်း ငြိမ်သက်နေသည်။ လရောင်က ကောင်းကင်မှာ မှိန်ပျပျ လင်းလျက်။ ဂျပန်ကင်ပေတိုင်ကင်းဝမှ ဂျပန်စစ်သားသည် ရိုင်ဖယ်သေနတ်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ရင်း ကင်းစောင့်နေသည်။ ကင်းစောင့်ရင်း သူတစ်ချက်တစ်ချက် ငိုက်နေ၏။

အချိန်က သန်းခေါင်ကျော်. . .





ဂျပန်ကင်းစောင့်စစ်သားသည် အိပ်ငိုက်ရင်း ခြေသံလိုလိုကြား၍ ခေါင်းမော့ မျက်စေ့ဖွင့်ကြည့်လိုက်သောအခါ သူ့ရှေ့တည့်တည့်မှာ ထီးထီးကြီးရပ်နေသည့် မုတ်ဆိတ်ဖားလျား၊ သျှောင်ထုံးကြီးနှင့် အင်္ကျီနီညိုရောင် မည်းမည်းဝတ်ထားသည့် ကုလား၊ ဆာဒူးလိုလို၊ မြန်မာအဖိုးအိုလိုလို လူကြီးတစ်ဦးကို တွေ့လိုက်ရ၍ လွန်စွာ အံ့အားသင့်သွား၏။

ဒီမုတ်ဆိတ်ရှည် အဖိုးအိုကြီး ဘယ်အချိန်က ဘယ်လို သူ့ရှေ့ရောက်နေသည်ကို သူမသိလိုက်။ ကင်းစောင့်စစ်သားသည် အချိန်မတော်ကြီး အခွင့်မရှိဘဲ ကျူးကျော်ဝင်ရောက်လာသည့် လူစိမ်းမုတ်ဆိတ်ရှည်အဖိုးအိုကို လက်ထဲမှ ရိုင်ဖယ်နှင့် ထိုးချိန်လိုက်ပြီး အော်ဟစ် မေးမြန်းရန်ပြင်လိုက်စဉ် မုတ်ဆိတ်ရှည် အဘိုးအိုသည် ဂျပန်ကင်းစောင့်စစ်သား၏ မျက်လုံးအစုံကို သူ၏ ထူးဆန်းသောမျက်လုံးအစုံနှင့် စိုက်ညို့၍ကြည့်လိုက်သည်။

မုတ်ဆိတ်ရှည် အဘိုးအို၏ မျက်လုံးအစုံနှင့် စူးစိုက်ကြည့်ခြင်းကို ခံလိုက်ရသောအခါ ဂျပန်ကင်းစောင့်စစ်သားသည် ရုတ်ချည်း စပါးကြီးမြွေအညို့ခံရသူပမာ သေနတ်ကိုချိန်ရင်း ငေးကြောင်၍ သွားခဲ့သည်။

သူ မုတ်ဆိတ်ရှည် အဘိုးအိုကြီး၏ မျက်လုံးအစုံကို စူးစိုက်၍ ငေးကြည့်နေမိသည်။ အဘိုးအို၏မျက်လုံးထဲမှ ထူးဆန်းသော လျှပ်စစ်ကဲ့သို့ အလင်းရောင်များ သူ့မျက်လုံးထဲသို့ လျှပ်စစ်စွမ်းအင်လှိုင်းများပမာ စီးဝင်လာသကဲ့သို့ ခံစားလိုက်ရပြီး ဘာမှပြန်ပြောချင်စိတ်မရှိဘဲ အမိန့်နာခံချင်စိတ်များ စိတ်ထဲမှာ ဖြစ်ပေါ်လာခဲ့သည်။

အဘိုးအိုနှုတ်မှ တိုးကိုးရေရွတ်နေသည်။ ဂါထာလား၊ မန္တန်လား သူမသိ။ ကင်းစောင့်စစ်သားအနေဖြင့် အဘိုးအိုရွတ်ဆိုနေသည့် စာသား၏ အဓိပ္ပါယ်ကိုလည်း နားမလည်။ သူ နောက်ဆုံးနားလည်လိုက်သည်ကား ချိန်ထားသည့် သေနတ်ကို လိုလိုလားလား ပြန်ချလိုက်ပြီး သေနတ်ပိုက် ကင်းစောင့် နဂိုအနေအထားအတိုင်း စကားလုံးဝ မပြောတော့ဘဲ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်သွားခြင်းပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ညို့ခံရသလို ဖြစ်နေသည်။ သူ့ရင်ထဲမှာ ခေါင်းထဲမှာ ပြောစရာ မေးစရာစကားများရှိနေသည်။ သို့သော် ပါးစပ်ကို လှုပ်လို့မရ။

သည်မှာ ထူးဆန်းသော မုတ်ဆိတ်ရှည် အဘိုးအိုက သူ့ပခုံးကို ညာလက်နှင့် သုံးကြိမ်ပုတ်၍ တို့ထိလိုက်သည်။ ဒီလိုအချိန်မှာပဲ သူ့မျက်စေ့ရှေ့မှ ထူးဆန်းသော အဘိုးအိုကြီးရဲ့ စေခိုင်းသမျှကို လုပ်ပေးလိုချင်သော ဆန္ဒများ ရင်ထဲမှာ လှိုက်၍ဖြစ်ပေါ်လာခဲ့သလို ခံစားနေရသည်။ သို့သော် ဘာဆိုဘာမျှ လှုပ်ရှား၍မရတော့။

သည့်နောက် ထူးဆန်းသော မုတ်ဆိတ်ရှည် အဘိုးအိုသည် ခြေလှမ်းမှန်မှန်နှင့် ပါးစပ်မှ တစ်စုံတစ်ခုကို ရေရွတ်ရင်း အချုပ်သားများ ချုပ်နှောင်ရာ ကင်ပေတိုင်အချုပ်ခန်းရှိရာသို့ ရှေးစမ်းရှာဖွေ၍ သွားလိုက်သည်။

မြေနီလမ်းအတိုင်း ပေငါးဆယ်ကျော်ကျော်ခန့် လျှောက်လိုက်သော အခါ သုံးပင်ဆောင် တိုက်ခန်းလျားတစ်ခုကို တွေ့ရသည်။ တစ်ခုသော အဆောင်ထဲမှာ ဂျပန်စစ်ပိုလိဖြစ်ဟန်တူသူနှင့် ဂျပန်စစ်သားနှစ်ဦး တခူးခူး ဟောက်၍ အိပ်ပျော်နေကြသည်။

အရက်ပုလင်းအချို့သည် လဲလိုလဲ ထောင်လုံထောင်ရှိ၏။ ဖန်ခွက်အချို့ထဲမှာလည်း သောက်လက်စများ ရှိနေ၏။ အမြည်းပန်းကန်များလည်း မှောက်လို့။ ရေမကြွက်ကြီးများက ဥဒဟိုပြေးလွှား၍ အမြည်းပန်းကန်ဘေးမှ စားကြွင်းစားကျန်များကို အလုအယက် အော်မြည်စားသောက်နေကြ၏။

ဂျပန်စစ်ပိုလိနှင့် စစ်သားနှစ်ဦးကား အိပ်၍ကောင်း၊ ဟောက်၍ကောင်းနေဆဲ။ သူတို့ သုံးဦး၏အသွင်သဏ္ဍာန်ကို တရုတ်ကပ်ကြားမှသည် အခန်းတွင်းရှိ မီးရောင်မှိန်မှိန်မှာ အဘိုးအိုကြီးက မြင်နေရသည်။ သူသည် မန္တန်လိုလို ဂါထာလိုလို တစ်ပုဒ်ကိုရွတ်ရင်း တံခါးဘုကို ညာလက်နှင့် အုပ်ကိုင်လိုက်သည်။

အတွင်းမှ ဂျက်မထိုးထားလို့ပဲလား၊ သူ့မန္တန်ကြောင့်ပဲလား မသိ၊ လက်နှင့်အသာတွန်းလိုက်သောအခါ တံခါးသည် အသံလုံးဝမမြည်နိုင်ဘဲ





ဟသွားခဲ့သည်။ ဂျပန်စစ်သားသုံးယောက် မိုးလို့ပက်လက် အိပ်ပျော်လို့။ ဂျပန်စစ်ပိုလိလုပ်သူ၏ ခါးကြားမှ ပစ္စတိုသေနတ်သည် အိပ်ပွင့်၍ အပြင်သို့ ပြုတ်ကျနေ၏။ ရိုင်ဖယ်သေနတ် နှစ်လက်ကလည်း နံရံထောင့်မှာ ထောင်လျက်၊ အားလုံး သေရည်သေရက် အရှိန်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်။

အဘိုးအိုက သူတို့သုံးဦးရှိရာသို့ စူးစိုက်ကြည့်ပြီး ပါးစပ်မှ တစ်စုံတစ်ခုကို ခပ်တိုးတိုး ပြောလိုက်သည်။

သည့်နောက် ဂျပန်စစ်ပိုလိ သေနတ်နံဘေးမှ ကျနေသည့်သော့တွဲကို အသာကောက်ယူလိုက်ပြီး ပြန်ထွက်လာလိုက်ကာ တံခါးနှစ်ချပ်ကို ပြန်စေ့ခဲ့လိုက်သည်။

ပြီးသည်နှင့် ခြေကိုဖော့နင်းရင်း မှိန်ပျပျလမ်းမှသည် သံတိုင်များ စိုက်ထားသည့် အချုပ်ခန်းထဲသို့ ညမျက်လုံးနှင့် စူးစိုက်၍ကြည့်လိုက်သည်။ နှစ်ပေါင်းများစွာ လှောင်ချိုင့်ထားသည့် သူ့မျက်စေ့သည် အချုပ်ခန်း အမှောင်ထောင့်ထဲမှာ လဲနေသည့် လူငယ်တစ်ယောက်ရဲ့ သနားစဖွယ် တအီးအီး တအားအား ညည်းညူနေသံကို ကြားနေရသည်။ လူငယ်သည် အသားများ တဆတ်ဆတ်တုန်၍ ခွေခေါက်နေ၏။

အဘိုးအိုက အချုပ်ခန်းတံခါးကို လက်ထဲမှသော့နှင့် တစ်ချောင်းပြီးတစ်ချောင်း ဖွင့်ကြည့်လိုက်သည်။ ငါးချောင်းမြောက်သော့နှင့် လှည့်လိုက်တော့ ဖျောက်ခနဲအသံမြည်ပြီး သော့ပွင့်သွားသည်။ အသာအယာ သော့ခလောက်ကို ဖြုတ်ယူလိုက်ပြီး အချုပ်တံခါးကို ဟ၍ အထဲကိုဝင်လိုက်သည်။ သူ ညည်းညူနေသည့် လူငယ်၏မျက်နှာကို အနီးကပ်ငုံ၍ ကြည့်လိုက်သည်။

သူ အလိုရှိသည့် သူမှန်းသိလိုက်သောအခါ–

ညည်းညူနေသူကို ပခုံးပေါ် ကောက်တင်လိုက်ပြီး ထမ်းယူ၍ အနောက်ဘက် အမှောင်ထဲသို့ တိုးဝင်သွားလိုက်သည်။ သည့်နောက် သံဆူးကြိုးစည်းရိုးကို မှောင်ထဲမှာ ခြေနင့်နင်း၍ ဟပြီး လူငယ်ကိုပွေ့လို့ အလျင်ချလိုက်သည်။ အရေးထဲ သံဆူးကြိုးစနှင့် အင်္ကျီစငြိ၍ စုတ်ပြဲသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးနောက် သူ ထွက်လိုက်သည်။

အပြင်ရောက်သည်နှင့် လူနာလူငယ်ကို ပခုံးပေါ်ကောက်တင် ထမ်းလိုက်ပြီး မယုံနိုင်စရာ ခြေလှမ်းများဖြင့် မောင်နေသော တောလမ်း အတိုင်း သစ်ပင်ခြုံနွယ်များ၊ လမ်းကြားများကို အားပြု မောင်ရိပ်နိုက ခပ်သုတ်သုတ် ထွက်သွားလိုက်လေသည်။

နံနက်မိုးလင်းသောအခါ ဂျပန်စစ်ဗိုလ်နှင့် အဖွဲ့သားနှစ်ဦး နိုးလာကြပြီး တံခါးအတွင်းဂျက် ပြုတ်နေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရ၍ အံ့သြနေကြသည်။ ဒါနှင့်အတူ ကင်ပေတိုင် အချုပ်ခန်းတံခါးသည် သော့ တန်းလန်းဖြစ်နေကာ အထဲမှ အချုပ်သားတရားခံ မရှိတော့သည်ကို ထူး ဆန်းစွာတွေ့လိုက်ရပြီး ဆူညံကုန်ကြတော့သည်။

သည့်နောက် ဂျပန်ကင်ပေတိုင် စစ်ဗိုလ်သည် အဝင်အဝ ကင်းစခန်းမှ ကင်းစောင့်ရဲဘော်ရှိရာသို့ ဒေါသတကြီး ပြေးသွားပြီး သေနတ်ကို ရင်မှာ လက်စုံကိုင်အပ်၍ သတိအနေအထားနှင့် ရပ်နေသော သူ့ရဲဘော် ကင်းစောင့်စစ်သားကို ဂျပန်လို ဟိန်းဟောက်၍ ခေါ်လိုက်သည်။

ပို၍ ဒေါသဖြစ်ရသည်ကား ကင်းဘုတ်တစ်ခုထဲမှ ဂျပန်စစ်သားနှစ်ဦးလည်း ယခုတိုင် အိပ်ယာမှ မနိုးသေး၍ အကြီးအကျယ် ဒေါကန်သွားသည်။ တစ်ခါ ကင်းစောင့်စစ်သားသည် သူ့အထက်အရာရှိ သူ့ရှေ့တည့်တည့် ရောက်နေမှန်းသိလျှက်နှင့် မျက်လုံးဖွင့်ပြီး ကျောက်ရုပ်လို ငြိမ်သက်နေ၍ ပြောမပြနိုင်အောင် ဒေါသ ထပ်ဆင့်ပွားနေပြန်၏။

သို့နှင့် ဂျပန်စစ်ဗိုလ်သည် ကင်းစောင့်စစ်သား ရှေ့တည့်တည့်မှာ ရပ်ပြီး စစ်သား၏အမည်ကို အသံခြစ်၍ အော်ခေါ်လိုက်သည်။ သို့တိုင် ကင်းစောင့်စစ်သားသည် သူ့ကို မျက်လုံးဖွင့်၍ ကြည့်နေဆဲ။ လှုပ်လည်းမလှုပ်။ သုံးကြိမ်တိုင်တိုင်ခေါ်သည့်တိုင် နားကန်းနေသကဲ့သို့ မလှုပ်မကြားရှိနေသောအခါ ဒေါသများ အခေါင်အထွဋ်ရောက်သွားပြီး ကင်းစောင့်ဂျပန်စစ်သား ပါးကို ဘယ်ပြန်ညာပြန် လေးချက်ဆင့်၍ ရိုက်ပစ်လိုက်သည်။

တဖောင်းဖောင်း တပြောင်းပြောင်း မြည်အောင် ပါးရိုက်ခံလိုက်ရ





တော့မှ ဂျပန်ကင်းစောင့်စစ်သား သတိပြန်ဝင်လှုပ်ရှားလာပြီး အလန့်တကြား ကြည့်ကာ ဂျပန်လိုအော်ဟစ်၍ အလေးပြုလိုက်သည်။ သူ့ပါးစပ်မှ သွေးများစီးကျနေသည်။ တဖြောင်းဖြောင်း ပါးရိုက်သံ အော်ဟစ်ဆဲရေးသံများကြားမှ ကင်းဘုတ်ထဲမှာ အိပ်မောကျနေသည့် ဂျပန်စစ်သားနှစ်ဦးလည်း လူးလဲထပြီး အလေးပြုလိုက်ကြသည်။ ဂျပန်ကင်ပေတိုင် စစ်ဗိုလ်ရဲ့ ဒေါသများသည် နောက်ထပ် ဂျပန်စစ်သားနှစ်ဦးထံသို့ပါ ကူးစက်သွားခဲ့သည်။ ပါးရိုက်ပစ်သံများ ပေါ်လာသည်။

ဂျပန်စစ်ဗိုလ်သည် ကင်းစောင့်စစ်သား၏ စစ်အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်ရင်း ညက ဘယ်သူ ဝင်လာတာလဲဟု စစ်မေးလိုက်သည်။ သည်တော့မှ ဂျပန်ကင်းစောင့်စစ်သား အသိများပြန်ဝင်လာကာ သူတစ်ညလုံး ဒီအတိုင်း သတိလစ်မျော၍ ရပ်နေမိသည်ကို သိရတော့၏။

ဒီမှာ ဂျပန်ကင်းစောင့်စစ်သားက ညသန်းခေါင်ယံအကျော်မှာ မုတ်ဆိတ်မွေးရှည်လျား . . ဆံပင်ရောင်ထုံး မုတ်ဆိတ်မွေးနှင့် ဆာဒူးလိုလို မြန်မာ အသားမည်းလိုလို၊ အဘိုးအိုကြီးတစ်ဦး ရောက်လာပြီး သူ့ကို စိတ်ညှို့သွားကြောင်း၊ ထိုထူးဆန်းသော အဘိုးအိုကြီး၏ အကြည့်အထိကို ခံလိုက်ရပြီး သူ ယခုကဲ့သို့ တောင့်တောင့်ကြီး မလှုပ်နိုင် မရှားနိုင်ဖြစ်နေကြောင်း ဗိုလ်ကြီး အီတိုစံရောက်မှ ပြန်လည်သတိရခဲ့ကြောင်း အစီရင်ခံလိုက်ရာ . . .

ဂျပန်စစ်ဗိုလ် အီတိုက ဒါ လုံးဝ အဓိပ္ပာယ်မရှိဘူးဟု ပြောပြီး သူ့စစ်သားသုံးယောက်ကို ဒုတိယအကြိမ် ထပ်မံရိုက်နှက် ကန်ကျောက်ကာ ပြင်းပြင်းထန်ထန် အရေးယူမည်ဟု ဆိုလေသည်။ ၎င်းနောက် အထဲသို့ပြန်ဝင်လာပြီး ညတုန်းက တံခါးဂျက်ထိုးထားပါလျှက် ဘယ်လိုလုပ်ပွင့်နေသည်ကို သူတို့ချင်း ငြင်းခုံကြပြန်သည်။

ဒီမှာ ဂျပန်တပ်ကြပ်ကြီး အီဝါကူရိုးက တံခါးဂျက် မထိုးမိဘဲ အရက်သောက်မိတာ ဖြစ်နိုင်ကြောင်းပြောသည်။ ဂျပန်စစ်ဗိုလ်က သူကိုယ်တိုင် ဂျက်ထိုးတာဟု အကျောက်အကန်ပြောသည်။ ကျန် စစ်သားနှစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



လည်း မပိတ်မိကြောင်း သက်သေခံပါသော်လည်း ဂျပန်စစ်ဗိုလ်က ပိတ်သည်။ ဒါ သူတို့ထဲက တစ်ယောက်ယောက် အပြင်ထွက် သီးသွားပြီး ပြန်မပိတ်မိတာနေမှာဆိုကာ သူ့လူများကို ဆဲရေးကန်ကျောက်ပြီး တရားခံ ပြေးသည့် ပြေးလမ်းကို လိုက်ရှာကြသည်။

စခန်းဝန်းကျင် အနှံ့လိုက်ရှာရင်း သူတို့ ဂျပန်ကင်ပေတိုင်အချုပ်ခန်း အနောက်ဘက် သံဆူးကြိုးကို သဲလွန်စရသွားသည်။ အဲဒီမှာ ခြေရာများလည်း တွေ့ရသည်။ ဒါ့အပြင် သံဆူးကြိုး အစွန်းမှာ အင်္ကျီစတစ်စ စုတ်ပြဲကျန်နေသည်ကို အားလုံး တွေ့လိုက်ရသည်။

ချက်ချင်း ဂျပန်စကားပြန် စိန်ကုလားကို သွားခေါ်နိုင်းလိုက်ရာ မကြာခင် ဂျပန်စကားပြန် စိန်ကုလားရောက်လာပြီး ဂျပန်စစ်ဗိုလ်က ဖြစ်စဉ်ကို ဒေါကြီးမောကြီးနှင့် ပြောပြလိုက်သောအခါ စိန်ကုလား ချက်ချင်း သဘောပေါက်သွားခဲ့တော့သည်။

"မာစတာ. . . ဒီတရားခံ သူခိုးကို ကျုပ်သိတယ်. . ."

"အို. . . စိန်ကုလား . . သိတယ်ကာ. . ."

"ဟိုက်. . . မာစတာ. . . ဟိုက်. . ."

ကင်ပေတိုင် စစ်ဗိုလ် စိန်ကုလားရဲ့ အပြောကြောင့် ဝမ်းသာအားရဖြစ်သွားခဲ့သည်။

"စိန်ကုလား-- သိတယ်ကား . ."

"သိပါတယ် မာစတာ၊ အခု အဲဒီတရားခံများကို လိုက်ဖမ်းကြပါမယ်၊ အားလုံး အသင့်ပြင်ကြပါ. . ."

ဂျပန်စစ်ဗိုလ်က စူးစူးဝါးဝါး အော်ဟစ်၍ အမိန့်ပေးလိုက်သည်နှင့် ဂျပန်စစ်သား ငါးဦး လက်နက်အပြည့်အစုံ ကိုင်ဆောင်ကာ တန်းစီလိုက်ကြသည်။ ဂျပန်စစ်ဗိုလ်က ဂျပန်လို အမိန့်စကား တိုရှင်းလိုရင်း ပြောလိုက်ပြီး အမိုးဖွင့် စစ်ဂျစ်ကားပေါ်သို့တက်ကာ စိန်ကုလားလမ်းညွှန်သည့်အတိုင်း ကျိုက်ခေါက်ဘုရားလမ်းမကြီးတစ်လျှောက် ကားကို အပြင်းမောင်းချလာလိုက်သည်။





လမ်းသွားလမ်းလာများသည် ဂျပန်စစ်သားများ ကားတစ်စီးနှင့် ဒလကြမ်း မောင်းချလာနေသည်ကို တွေ့မြင်ကြသောအခါ လူညီးများကို လမ်းပေါ်မှ မြန်မြန်မောင်း၍ ဖယ်ပေးရပ်ပေးကြသည်။ ဂျပန်စစ်ဗိုလ်သည် ကားပေါ်မှနေ၍ လမ်းသွားလမ်းလာများကို မသက်ာသလိုကြည့်ရင်း ကားသီဟကို အရှိန်ဖြင့် မောင်းနိုင်းလိုက်သည်။

ဂျစ်ကားသည် လမ်းမကြီးပေါ်မှာ ခုန်ပေါက် လူးလိမ့်၍ တိမ်းမှောက်လုမတတ် ပြေးလွှားနေတော့သည်။

♛ ♛ ♛

## မျက်စေ့တစ်ဘက်လပ် စိန်ကုလား

ဂျပန်ကင်ပေတိုင်စခန်းကို ကုလား၊ ဆာဒူး၊ ယောဂီလိုလို မြန်မာယောဂီသူတော်စင် အဘိုးအိုလိုလို မုတ်ဆိတ်မွေး အရှည်ကြီးနှင့် လူထူးဆန်းတစ်ဦး ဝင်လာပြီး ကင်းစောင့်စစ်သားကို စိတ်ညှို့၍ အချုပ်သားတရားခံ ကျောက်ခဲကို ခိုးထုတ်သွားသည်ဆိုကတည်းက ဂျပန်စကားပြန် စိန်ကုလားက ဒက်ခနဲ သိလိုက်သည်။

ဒါ. . . မြွေအလမ္ပာယ်သမား မျောက်မင်းသား ကျောက်ခဲရဲ့ဆရာသခင် ဟိုး. . . တာဝ ဂမ္ဘီရတောနက်ထဲက မော်ဆရာလိုလို အဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်သည်။

သူ. . . လွန်ခဲ့သည့် ကာလတစ်ခုက ကျောက်ခဲ ဘာတွေလို့ ဝှက် ကြံစည်လုပ်ကိုင်နေသည်ကို သိချင်လွန်း၍ ကျောက်ခဲသွားရာနောက်မှ တကောက်ကောက် လိုက်ချောင်းခဲ့သည်။ တစ်နေ့ ကျောက်ခဲတစ်ယောက် ဂမ္ဘီရတောထဲရှိ ဥမင်လိုဏ်အနီး ကျောက်ဖျာပေါ်မှာ မော်ဆရာလိုလို အဘိုးအိုကြီးနှင့် စကားတွေ အကြာကြီးပြောပြီး မကြာမီ မြွေအလမ္မာယ် ကစားပြနေသည်ကို သူ တွေ့ခဲ့ရသည်။

အဲဒီတုန်းကလည်း မော်ဆရာလို အဘိုးကြီးက ကျောက်ခဲကို မန္တာန်လိုလို၊ ဂါထာလိုလို စကားများကို သင်ကြားပေးနေသည်။ သူတို့ လူသူအလာနည်းသည့် သည်ဂမ္ဘီရတောကြမ်းကြီးထဲမှာ ဘာတွေကြံစည်နေသည်ကို သူ မသိ။ ဒါပေသည့် ကျောက်ခဲနှင့် ဒီမော်ဆရာလိုလို အဘိုးကြီးမှာ လျှို့ဝှက်သော်လုပ်ငန်း အကြံအစည်လုပ်နေသည်ဟု သံသယရှိခဲ့သည်။

ဘယ်လိုပဲဖြစ်ဖြစ် ယခုအခြေအနေမှာ သူတို့နှစ်ဦးသည် နိုပွန်အုပ်ချုပ်ရေးကို တော်လှန်ပုန်ကန် အာခံသူများဖြစ်သွားကြသည်။

ယခင်တုန်းက အချစ် ရန်ကြွေးရန်စနှင့် ရမယ်ရှာပြီး အမှုဆင်ခဲ့ရသည်။

ယခု. . . အမှုဆင်စရာ မလိုတော့။ သူတို့ ပုန်ကန်သူများဖြစ်သွားကြပြီ။ မကြာခင် သူတို့ တာဝဆိုသည့် ဂမ္ဘီရတောအုပ်အစပ်သို့ ရောက်ခဲ့ကြသည်။ ကားကို တောစပ်မှာ ရပ်ခဲ့ပြီး ရိုင်ဖယ်သေနတ်များကို ကိုယ်စီ မောင်းတင်ချိန်၍ လူသွားတောလမ်းလေးအတိုင်း အထဲကို သတိနှင့် ဝင်လာခဲ့လိုက်ကြသည်။ သူတို့ မျက်လုံးများကလည်း တောစပ်ပတ်ဝန်းကျင်အနှံ့ကို ကျီးကန်းတောင်းမှောက် မျက်လုံးများလို စူးစမ်းအကဲခတ်ပြီး တရွေ့ရွေ့ တိုးဝင်ချီတက်လာခဲ့ကြသည်။

တစ်နာရီကြာခန့် လမ်းကျဉ်းများ၊ ဝါးရုံတောများ၊ ဘုရားပြို ဘုရားပျက်များကို ဖြတ်ကျော်ပြီးသောအခါ သူတို့တွေ့ချင်နေသူကို စိန်ကုလား





တောင်၍ မြင်လိုက်ရလေသည်။

"မာစတာ. . . ဟိုမှာ. . . ဟို. . . မှာ. . ."

"ဘယ်မှာလဲ. . . စိန်ကုလားစံ. . . ပြပါ. . . ပြပါ"

"ဟိုးရှေ့က လမ်းလျှောက်နေတဲ့ အဘိုးကြီးပဲ. . . မာစတာ"

ထိုအချိန်က မုတ်ဆိတ်ရှည်သူတော်စင် အဘိုးအို ဦးနန္ဒသည် ဥမင်လိုဏ်ရှေ့မှာ လမ်းလျှောက်ရင်း ပုတီးစိပ်နေ၏။ သူ့ကိုမြင်လိုက်တော့ ဂျပန်ကင်းစောင့်စစ်သားက ကြောက်လန့်တကြား မျက်နှာနှင့် "ညကလာတာသူပဲ"ဟု. . . သက်သေခံတော့သည်။

သူတို့အားလုံး ခြေသံကို လုံအောင်နင်းပြီး ဝါးတစ်ပြန်အကွာမှနေ၍ ရင်ဘောင်တန်းပြီး သေနတ်ကိုယ်စီဖြင့် ချိန်ထားလိုက်ကြသည်။

"အဘိုးကြီး ငြိမ်ငြိမ်နေနော်၊ လှုပ်လှုပ်ရှားရှားလုပ်ရင် ပစ်ထည့်လိုက်မယ်. . ."

ကျယ်လောင်စွာ အော်ဟစ်အမိန့်ပေးလိုက်သည့် ဂျပန်စကားပြန် စိန်ကုလားရဲ့ အသံကြောင့် သူတော်စင်အဘိုးအိုကြီးသည် စကြံလျှောက်ခြင်းကို ချက်ချင်းရပ်ပြီး အနီးရှိ ကျောက်ဖျာပေါ်တက်၍ ရပ်နေလိုက်သည်။ စိန်ကုလားတို့အဖွဲ့ကလည်း သေနတ်ကိုယ်စီချိန်၍ အဘိုးအိုရပ်နေသည့် ကျောက်ဖျာကို ဝိုင်းထားလိုက်ကြသည်။

မုတ်ဆိတ်ဖြူ သူတော်စင်ကြီးက သူတို့အား တည်ငြိမ်သောလေသံနှင့် လှမ်း၍မေးလိုက်သည်။

"ဘာကိစ္စရှိလို့ပါလဲ . . . မောင်တို့"

"အဘိုးကြီး. . . ခင်ဗျား ညက ဂျပန်ကင်းပေတိုင် အချုပ်ခန်းကို ခိုးဝင်ပြီး တရားခံအချုပ်သားတစ်ယောက်ကို ခိုးယူခေါ်ဆောင်သွားခဲ့တယ် မဟုတ်လား. ."

အဘိုးအိုက. . . ကြမ်းတမ်းရိုင်းစိုင်း မောက်မာသောလေသံနှင့် စကားပြောနေသည့် စိန်ကုလားရဲ့ မျက်လုံးအစုံကို အာရုံပြု၍ စိုက်ကြည့်လိုက်ရာ ဘာရယ်မသိ စိန်ကုလား ကျောထဲမှာ စိမ့်ခနဲ ဖျဉ်းခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



''ပြောလေ. . .''

စိန်ကုလားက အသံကိုမြှင့်၍ အော်မေးလိုက်သည်။ ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတိုက ဒေါသများဖြစ်၍ ပစ္စတိုကိုကိုင်ပြီး တရှူးရှူး တဟူးဟူး ဖြစ်နေသည်။

''ကျုပ်ခိုးတာမဟုတ်ဘူး။ ကယ်တင်လိုက်တာပါ. . .''

သူတော်စင်အဘိုးအိုက မလိမ်မညာခဲ့ပါ။ သူတော်ကောင်းပီပီ မှန်သည့်အတိုင်းပြောလိုက်သည်။

''အဲဒါ ခင်ဗျားကြီး နိပွန်အစိုးရကို ပုန်ကန်တာပဲ၊ ကြီးလေးတဲ့ ရာဇဝတ်မှုကို ခင်ဗျားကြီး ကျူးလွန်လိုက်တာပဲ၊ ဘယ်မှာလဲ အဲဒီအချုပ်သား တရားခံ. . . ပြော. . .''

''သူ. . . တရားခံမဟုတ်ဘူး လူကလေး. . . သူဟာ လူကောင်း တစ်ဦးပါ၊ တရားခံအစစ်က လူကလေးပဲ. . .''

''ဘာ. . .''

အဘိုးအိုရဲ့ ရဲတင်းလွန်းလှသည့် စကားကြောင့် စိန်ကုလား အံ့ဩသွားခဲ့သည်။ သည်မှာ ဂျပန်စစ်ဗိုလ်က ဂျပန်လို လှမ်းမေးလိုက်သည်။ စိန်ကုလားက အဘိုးအိုပြောသည့် စကားများကို ဂျပန်လို ပြောလိုက်သောအခါ အီတိုသည် ဒေါသတကြီး အော်ဟစ်ပြီး ဒေါသူပုန်ထတော့သည်။

''နိပွန်မာစတာကြီး အရမ်းဒေါသထွက်နေပြီ အဘိုးကြီး. . . ခင်ဗျားကို ဖမ်းဆီး အရေးယူမယ်တဲ့. . .၊ အခု ညက ခေါ်သွားတဲ့တရားခံကို ထုတ်ပေးပါတဲ့၊ ပြောဗျာ. . .ပြော. . . ပြော. . .''

''သူ မရှိတော့ဘူး. . .၊ ဟိုးအဝေးကြီးကို ထွက်သွားပြီ လူကလေး၊ သူဟာ လူကောင်း မင်းဟာ လူဆိုးပဲ. . .၊ ကိုယ့်လူမျိုးအချင်းချင်းအပေါ် ရက်စက်ယုတ်မာတဲ့ လူပဲ၊ မင်း နောင်တရတော့ လူကလေး. . . သူ ဘယ်ကို ထွက်သွားပြီဆိုတာ ငါလည်း မပြောတတ်ဘူး၊ မကျေနပ်ရင် ငါ့ကိုဖမ်းပြီး ကြိုက်သလို ပြုကြပေတော့''

စိန်ကုလားက ဒေါပွပြီး ဂျပန်စစ်ဗိုလ်ကို ပြောလိုက်သည်။ ဂျပန်





စစ်ဗိုလ်သည် ဒေါသအိုးများ ပေါက်ကွဲပြီး ဗိုင်းဖမ်းဖို့ အမိန့်ပေးလိုက်သည်နှင့် ဂျပန်စစ်သားများက သေနတ်နှင့် ချိန်သူချိန်၊ လွယ်သူကလွယ်ပြီး ကျောက်ဖျာပေါ်သို့တက်ရန် ပြင်လိုက်ကြသည်။

ဒီအချိန်မှာ မုတ်ဆိတ်ရှည်သူတော်စင် အဘိုးအိုက မျက်စေ့ကို စုံမှိတ်ပြီး လက်အုပ်ချီလျက် ပါးစပ်မှ ပဌာန်းဓမ္မကို တိုးညင်းစွာ ရွတ်ဆိုနေလိုက်သည်။

ဂျပန်စစ်သားလေးယောက်သည် အနားရောက်သည်နှင့် ကျောက်ဖျာပေါ်သို့တက်ရန် ကျောက်ဖျာစကို လက်နှင့်ကိုင်လိုက်ရာ. . .

''အား. . .''

''အားယိုးယိုး. . . ပူတယ်ကွား. . .''

''အား. . . အူး. . . ဖူး. . .''

သူတို့အားလုံးကို လက်များကို ခါလိုက်ကြပြီး ရုတ်ချည်းနောက်ပြန်ဆုတ်ကြသဖြင့် စိန်ကုလားရော ဂျပန်မာစတာကြီးပါ အံ့အားသင့်သွားကြသည်။ သည်မှာ ဂျပန်ကင်ပေတိုင်စစ်ဗိုလ်က ''ဘာဖြစ်တာလဲ''ဟု မေးလိုက်ရာ ဂျပန်စစ်သားများက ကျောက်ဖျာကြီး မီးလိုပူနေတယ်၊ တက်လို့မရဘူးဟု ဂျပန်လို ပြန်ပြောလိုက်ကြသည်။

စကားပြန် စိန်ကုလား အံ့ဩသွားသည်။ ဘယ့်နှဲ့ ကျောက်ဖျာက ပူရမှာလဲ. . . ဒီဂျပန်စစ်သားတွေ ရူးများနေသလား။ ဂျပန်စစ်ဗိုလ်က မရအရ တက်ခိုင်းသည်။ ဂျပန်စစ်သားများသည် ဗိုလ်လုပ်သူ၏အမိန့်ကို မလွန်ဆန်နိုင်၍ ကြောက်ရွံ့စိုးရိမ်စွာဖြင့် နောက်တစ်ကြိမ် ကျောက်ဖျာကို လက်နှင့်ထိလိုက်သည်နှင့် အလန့်တကြား အော်ရင်း နောက်သို့ ဆုတ်သွားကာ သူတို့လက်များကို ပါးစပ်နှင့် တဖူးဖူးမှုတ်၍ နေကြလေသည်။

စိန်ကုလား ထပ်၍ အံ့ဩနေပြန်သည်။ ဟုတ်ပါ့မလား။ သို့နှင့် သူကိုယ်တိုင် ကျောက်ဖျာကို လက်နှင့်ကိုင်လိုက်သည်။

''အားမလေးဗျ. . .''

''ဘာဖြစ်တယ်ကွား. . . စိန်ကုလားစံ. . .''



www.burmeseclassic.com

www.burmeseclassic.com



''မာစတာ. . . ပူတယ်ကား . .၊ အရမ်းပူတယ်ကား . . အား ကျွတ်ကျွတ်. . .'

''ပူတယ်ကား . .''

''ဟိုက်. . . ဟိုက်. . .''

''နိုး . . နိုး . . ဘလယ်ဒီဖူး . . ဂိုး . . ဂိုး . .''

ဂျပန်ကင်ပေတိုင် စစ်ဗိုလ်က ဂျပန်လိုရော အင်္ဂလိပ်လိုရော၍ ဆဲရေးပြီး စိန်ကုလားကို ခပ်ကြမ်းကြမ်း တွန်းဖယ်လိုက်ကာ သူကိုယ်တိုင် အဘိုးအိုရပ်ပြီး မန္တာန်ရွတ်နေသည့် ကျောက်ဖျာအား ဒေါသတကြီး လက်ဝါးနှင့် အုပ်ကာပ်စမ်းလိုက်သည်။

''အား . . ယား . . ယား . . ပူတယ်ကား . . ပူတယ်ကား အီး . . ယိုး . . ယိုး . .''

သူသည် မီးဖုတ်ထားသည့် သံပြားကို စမ်းလိုက်ရဘိအလား၊ ပူလွန်းလှ၍ လက်ဝါး ဖျတ်ခနဲ ရုတ်လိုက်သည်။ သူ လက်ဝါးကို ယပ်တောင်ခါသလိုခါပြီး အော်ဟစ်နေသည်။ ဒါကို ကျန်ဂျပန်စစ်သားများက သိပြီလား ဆိုသည့် မျက်နှာပေးနှင့် မျက်စောင်းထိုးပြီး အချင်းချင်းကြည့်ကာ ကျေနပ်သွားကြသည်။

လက်ကို ခါလို့ဝတော့မှ သေသေချာချာ ကြည့်လိုက်သောအခါ သူ့လက်ဖဝါး ဖြူဖြူဖွေးဖွေးသည် နီရဲတွတ်ပြီး အတွင်းသားတိုင်အောင် နာကျင်နေမှန်းသိရသောအခါ အရမ်းအံ့သြသွားခဲ့သည်။ ကျောက်ဖျာသည် မီးဖုတ်ထားဘိအလား၊ ပူကျွပ်နေသည်။ အံ့သြဖို့ကောင်းသည်ကား . . သူတို့ကိုင်၍ မရလောက်အောင် ပူလောင်နေသည့် ကျောက်ဖျာပူကြီးပေါ်မှာ မုတ်ဆိတ်မွေး ရှည်ကြီးနှင့် သျှောင်တစောင်း အဘိုးအိုကြီးသည် ဖိနပ်မပါ ခြေဖဝါးဗလာနှင့် ခြေစုံရပ်ပြီး မျက်စေ့မှိတ်လျက် မန္တန်များကို ရွတ်နေသည်မှာ အလွန်ထူးဆန်း လွန်းလှသည်။

ဒီအဖြစ်အပျက်အတွက် ဂျပန်စစ်ဗိုလ်အီတို လုံးဝမကျေနပ်၊ သူမြေပြင်မှနေ၍ အဘိုးအိုကို မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့် ကြည့်ရင်း





ဂျပန်လို ဒေါ်ကြီးမောကြီး ရေရွတ်ကျိန်ဆဲနေသည်။ သည့်နောက် သူက မြေပြင်အောက်သို့ ဆင်းခဲ့ရန် ဟစ်အော် အမိန့်ပေးလိုက်သည်။ စိန်ကုလားကလည်း အော်သို့ဆင်းခဲ့ရန် လှမ်းအော်ပြောလိုက်သည်။

အဘိုးအိုသည် သူတို့စကားကို လုံးဝမကြားတော့။ သူ့ရဲ့ မန္တန်အာရုံနှင့် သူ စိတ်တန်ခိုးသတ္တိများကို စုစည်းကာ အာရုံထဲမှာ စူးနစ်ဝင်ခဲ့လေပြီ. . .။

အဘိုးအိုကို ကျောက်ဖျာပေါ်မှ ဆင်းနိုင်း၍ မရသည့်အဆုံး ကင်ပေတိုင်စစ်ဗိုလ် အီတို သူ့ရဲဘော်များကို သေနတ်နှင့်ပစ်ရန် ချက်ချင်း အမိန့်ပေးလိုက်သည်။

''ရယ်ဒီ. . . ဖိုင်းယား . .''

''ဒိုင်း . . ဒိုင်း . .''

''ဒိုင်း . . ဒိုင်း . .''

''ဒိုင်း . . ဒိုင်း . .''

''ဒိုင်း . . ဒိုင်း . . ဒိုင်း . .''

ဂျပန်စစ်သုံး (၃၀၃) ရိုင်ဖယ်သေနတ်သံများသည် ဂဠ်ရတောထဲမှာ ဆူညံစွာ ပေါက်ကွဲထွက်ပေါ်လာခဲ့သည်။ ပေါက်ကွဲသံများနှင့်အတူ ယမ်းနှင့် ယမ်းခိုးများကလည်း ဝေ့ဝဲပျံလွင့်သွားကြသည်။ သို့သော် ကျည်ဆံများသည် ကျောက်ဖျာပေါ်မှ ထူးဆန်းသော အဘိုးအိုကို လုံးဝမထိမှန်ဘဲ လွဲချော်သွားကြသည်။

ဂျပန်စစ်ဗိုလ်အပါအဝင် စိန်ကုလားရော ဂျပန်စစ်သားများပါ ပို၍အံ့သြသွားကြသည်။ သူတို့ပစ်နေသည့် အကွာအဝေးသည် အနီးကလေး။

''ဖိုင်းယား . . ဖိုင်းယား . .''

''ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . . ဒိုင်း. . .''

ဒုတိယအကြိမ်ပစ်သည့် ကျည်ဆံများသည်လည်း ပထမအကြိမ်နည်းတူ အဘိုးအိုကို တစ်တောင့်မျှ မထိမှန်ဘဲ လွဲချော်သွားကြပြန်သောအခါ ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတိုရော ဂျပန်စကားပြန် စိန်ကုလားတို့ပါ တွန်



www.burmeseclassic.com

www.burmeseclassic.com

လှုပ်ကြီးစွာ အံ့သြကုန်သည်။

အိတိုသည် ဒေါလည်းပွ ရှက်လည်းရှက်နှင့် ပစ္စတိုကို ဆွဲထုတ်လိုက်ပြီး ကျောက်ဖျာပေါ်မှာ လက်အုပ်ချီ ရှိတ်ဆိုနေသည့် လူထူးဆန်း အဘိုးအိုရဲ့ ရင်ဝကို သုံးချက်ဆင့် ပစ်ချလိုက်သည်။ အံ့ဖို့ကောင်းသည်ကား သူ့ပစ္စတိုမှ လုံးဝကျည်ဆံမထွက်။ သို့နှင့် ပစ္စတိုကို စိန်ကုလားလက်ထဲသို့ ပေးလိုက်ပြီး . .

နီးရာ ဂျပန်စစ်သားလက်ထဲမှ (၁၀၃) ဂျပန်စစ်သုံးရိုင်ဖယ်ကို လှမ်းယူမောင်းတင်ပြီး တစ်တောင့်ချင်းချိန်၍ ပစ်ချလိုက်သည်။ သူသည် နီပွန်ဂျပန်တပ်ဖွဲ့မှ လက်ဖြောင့် သေနတ်သမားဘွဲ့ရပြီးသူ ဖြစ်သည်။

"ဒိုင်း . ."

"ဒိုင်း . ."

"ဒိုင်း . ."

သုံးတောင့်စလုံးတော့ ကျည်ဆံသည် အဘိုးအိုကို မမှန်ဘဲ ခေါင်းပေါ်မှလည်းကောင်း၊ နံဘေးမှလည်းကောင်း၊ ခြေထောက်နံဘေးမှလည်းကောင်း ဝီခနဲ ဝီခနဲ မြည်ကာ ဖြတ်ကျော်သွားခဲ့သည်။ အိတို ယမ်းခိုးငွေ့နေသည့် ရိုင်ဖယ်ကို ကိုင်ရင်း ကြောင်၍ကြည့်နေပါသည်။ အံ့မှယ်ပါတကား။

ထိုစဉ် အဘိုးအိုသည် ကျောက်ဖျာပေါ်မှ တစ်လှမ်းချင်းဆင်းလာပြီး အနီးရှိ ဥမင်လိုဏ်ပေါက်ရှိရာသို့ ရွေးရှုနေ၏။

သည့်မှာ စိန်ကုလား ချက်ချင်း အသိဝင်လာပြီး သူ့လက်ထဲ ရောက်နေသည့် ပစ္စတိုနှင့် အဘိုးအိုကို ရပ်ရန်အော်ဟစ်ပြီး နောက်ကျောတည့်တည့်ကို ဖြောင့်တန်းစွာ ချိန်ကာ ပစ်ချလိုက်သည်။

"ဖောင်း . ."

"ခွမ်း . ."

"အား . ."

သေနတ်သံပေါက်ကွဲသွားသည်။ ပေါက်ကွဲသံနှင့်အတူ သူ့လက်ထဲမှ ပစ္စတိုသည် မကြုံမဖူး တစ်စစီ ပေါက်ကွဲပျက်စီးသွားပြီး ပစ္စတိုအပျက်မှ





သံစတစ်စသည် ဂျပန်စကားပြန် စိန်ကုလားရဲ့ ဘယ်ဘက်မျက်လုံးထဲသို့ ရှူးဝင်ထိမှန်သွားခဲ့လေသည်။

"အား ... အ. . . မလေး . . အား . . အ. . ."

စိန်ကုလား နာကျင်စွာအော်ရင်း ညာလက်ဝါးနှင့် သူ့မျက်လုံးကို ကယောင်ကတမ်း အလျင်အမြန် ပိတ်အုပ်လိုက်သည်။ နီရဲသောသွေးများသည် ဘယ်မျက်လုံးမှသည် အုပ်ထားသည့် လက်ငါးချောင်းကြားမှ စီးကျလာသည်။

ဂျပန်ကင်ပေတိုင်ဗိုလ်ရော စစ်သားများပါ မကြုံစဖူး အဖြစ်အပျက်မို့ ကြောင်အမ်းအမ်း ဖြစ်နေဆဲမှာပင်။ မှတ်ဆိတ်ရှည်သူတော်စင် အဘိုးအိုသည် တည်ငြိမ်သော ခြေလှမ်းများဖြင့် ဥမင်ပေါက်ရှိရာ မြေအောက်လိုဏ်ဂူထဲသို့ ဆင်းဝင်ပျောက်ကွယ်သွားလေသည်။

သည်တော့မှ သူတို့အားလုံး ပြန်လည် အသက်ဝင်လာကြပြီး ဂျပန်လို ရှူးရှူးဝါးဝါး အော်ဟစ်ကာ အထိတ်တလန့် ဖြစ်ကုန်ကြတော့သည်။

စိန်ကုလားကား ကန်းသွားသည့်မျက်လုံးကို လက်ဝါးနှင့်အုပ်ရင်း ကျန်မျက်စေ့တစ်လုံးမှ မျက်ရည်များ စီးကျကာ နာကျင်ကိုက်ခဲလွန်း၍ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး အော်ဟစ်နေသည်။

ဂျပန်စစ်ဗိုလ်သည် စိန်ကုလားရဲ့ ဖြစ်ပျက်ခံစားနေရမှုကို ကိုယ်ချင်းမစာနိုင်အားပဲ သူ အလိုရှိသည့် တရားခံဝင်သွားရာ ဥမင်လိုဏ်ပေါက်မှ ဝင်လိုက်ကြရန် အားလုံးကို အော်ဟစ် အမိန့်ပေးလိုက်သည်။ သည့်နောက် အိတိုကိုယ်တိုင် ဦးဆောင်ကာ ဥမင်လိုဏ်ပေါက်ထဲသို့ သေနတ်များကိုယ်စီ ချိန်၍ ဆင်းလာခဲ့လိုက်သည်။ ဥမင် အတွင်းလမ်းသည် လူတစ်ယောက်ရပ်၍ သွားလို့ရ၏။

အထဲသို့ရောက်သောအခါ မြေသားနံရံနှင့် ကပ်နေသည့် ကျောက်ပလ္လင်ပေါ်မှ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်တစ်ဆူကို တွေ့ကြရသည်။ သည့်နောက် တရားခံ အဘိုးအိုကို လိုက်ရှာကြသည်။ ဥမင်လမ်းကြောင်းသည် ပေ (၅၀)ကျော်ခန့် ဖြောင့်နေ၏။ ထို့နောက် ကောက်လာ၏။ အလင်းအားနည်း



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ သို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် အားပြုသတိထားပြီး တန်းစီ၍ သေနတ်ချိန်ကာ ဝင်သွားကြသည်။

အထဲမှာ အေးစိမ့်နေသည်။ ထူးဆန်းသော ပန်းအသက်တစ်မျိုးကိုလည်း ရနေသည်။ အတန်ကြာသောအခါ ဥမင်လမ်းကြောင်းက နှစ်ခုကွဲသွားသည်။ ဆက်၍လျှောက်တော့ လမ်းမှာများကို ထပ်တွေ့ရပြန်သည်။ သူတို့ ဘယ်လမ်းကို လိုက်ရမှန်းမသိတော့။ ဥမင်လိုဏ်လမ်း မည်မျှရှည်သည်ကို သူတို့မသိ။ အောက်ခြေမှ ရေစွတ်စွတ်လည်း နင်းမိနေသည်။

သူတို့ရှေ့ကို ဘယ်လိုခရီးဆက်ရမည်ကို ဆုံးဖြတ်ရခက်ပြီး ရပ်၍ ငြိမ်သက်စွာ နားစွင့်နေလိုက်ကြသည်။ ထိုစဉ် မြွေတွန်သံများကို အလန့်တကြား ကြားလိုက်ရသည်။ ဒါနှင့်အတူ လူအုပ်ကြီး အော်ဟစ်ပြေးလွှားလာနေသံမျိုးလိုလို၊ သားရိုင်းတိရစ္ဆာန်အုပ်ကြီး တိုးဝှေ့ပြေးလာနေသံမျိုးလို အသံများကြားရ၍ အချင်းချင်း စကားတွတ်ထိုးကာ အသံလာရာဘက်သို့ တစ်ပြိုင်နက် ကျည်ဆံများကို ပစ်သွင်းလိုက်ကြသည်။

သေနတ်သံများသည် ဥမင်ထဲမှာ ပုံးကွဲသည့်အလား ပဲ့တင်သံများဖြင့် ပြန်ကြားရကာ သူတို့အားလုံး ကိုယ့်နားကိုယ် ပိတ်ထားလိုက်ကြရလေသည်။

မကြာခင် သေနတ်သံများ ငြိမ်သက်သွားခဲ့သည်။

မြွေတွန်သံများ ပြေးလာသံများလို ချောက်ချားစရာ အသံများကို ကြားနေရပြန် သည်။ သူတို့ စိုးရိမ်ထိတ်လန့်လာပြီး နောက်ကို ဆုတ်လိုက်ကြသည်။ ထူးဆန်းသော အသံများက တစ်စတစ်စ နီးကပ်လာသလို ရှိနေ၏။ တရားခံ အဘိုးအိုကိုမူ အရိပ်အယောင်မျှ မတွေ့ရ . .။

သည်မှာ ဂျပန်စစ်ဗိုလ်က အားလုံးကို နောက်ပြန်ဆုတ်ရန် အမိန့်ပေးလိုက်၍ သူတို့ အလျင်အမြန် နောက်ပြန်ဆုတ်ပြေးခဲ့ရသည်။ ပြေးလေ ဆုတ်လေ. . . မြွေအကောင်ပေါင်းများစွာရဲ့ တွန်သံများနှင့် နောက်မှပြေးလိုက်လာသည့် ခြေသံများကို ကြားကြရပြီး အသွင်သဏ္ဍာန်တူတာ ဘာမျှမမြင်ရသည်ကား ထူးဆန်းနေ၏။





အပေါ်သို့ရောက်တော့မှ သူတို့အားလုံး ပြင်ပလေကို တစ်ဝကြီးရှူကာ စီးကျလာသည့် ချွေးသီးချွေးပေါက်များကို သုတ်ရင်း ဥမင်လိုဏ်ခေါင်းအတွင်းမှ ထူးဆန်းသောဖြစ်ရပ်များကို ဂျပန်လိုပြောကာ ပခုံးတွန့် သူတွန့်နှင့် တုန်လှုပ်ချောက်ချား ဖြစ်ကုန်၏။

စိန်ကုလားကား သစ်ပင်တစ်ပင်ကို မှီရင်း မျက်စေ့ကို လက်ကိုင်ပဝါနှင့်အုပ်ကာ ငြိမ်နေသည်။ သူတို့ ဒဏ်ရာရနေသည့် ဂျပန်စကားပြန် စိန်ကုလားကို တွဲခေါ်ကာ ချောက်ချားအံ့ဖွယ် ဆန်းကြယ်လွန်းလှသည့် တောထဲမှ ဆုတ်ခွာလာခဲ့ကြလေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း(၄)

## ၁၉၄၅ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

## လွှတ်လပ်မှ အမျှဝေမယ် ခင်အေးညို

တစ်ည. . .။

အချိန်က သန်းခေါင်ခန့်ရှိသည်။

''ဘုတ်. . . ဘုတ်. . . ဘုတ်. . . ဘုတ်. . .''

''ဘုတ်. . . ဘုတ်. . . ဘုတ်. . . ဘုတ်. . .''

အိမ်ထရံကို လက်ဝါးနှင့် ပုတ်နေသည့်အသံကြား၍ အိပ်ပျော်ရာမှ ခင်အေးညို လန့်နိုးသွားခဲ့သည်။ သူမ ထရံပုတ်သံကို မသကာတော့။ ၎င်းအသံကို အဖေနှင့်အမေတို့ပါကြား၍ နိုးလာကြသည်။

''ဘယ်သူလဲ. . .''





''တို့ပါ. . .''

''ဘယ်က 'တို့'လဲ. . .''

''ရှူး. . . ရှူး. . . ကျောက်ခဲပါ. . . ခင်အေးညို. . .''

ကျောက်ခဲဟုဆိုလိုက်သဖြင့် သူ အိပ်ယာထက်မှ ဝမ်းသာအားရ လူးလဲထလိုက်သည်။ အဖေက ဘာလဲ ဘယ်သူလဲဟု မေးလိုက်သည်။ ခင်အေးညိုက လေသံမျှနှင့် ကျောက်ခဲဟု ပြောလိုက်သောအခါ အမေက မီးခွက်ကိုထွန်း၍ လှုပ်ရှားလိုက်သည်။

ခင်အေးညို နောက်ဖေးတံခါးကို ဖွင့်ပေးလိုက်တော့ ကျောက်ခဲက လျင်မြန်စွာ တိုးဝင်လိုက်ပြီး တံခါးကို ပြန်စေ့လိုက်သည်။ မီးရောင်ရှေ့မှာ ကျောက်ခဲကို မြင်လိုက်ရသောအခါ ခင်အေးညိုတို့မိသားစု စိုးရိမ်ထိတ်လန့်သွားရသည်။

ကျောက်ခဲရဲ့ မျက်နှာနှင့် ကိုယ်ပေါ်မှာ ဖူးယောင်ညိုမည်းနေသော ဒဏ်ရာဒဏ်ချက်များက မနည်း။ အချို့ ပေါက်ပြဲ၍ သွေးတစို့စို့ရှိနေဆဲ။

''မီးခွက်မှုတ်လိုက် ဒေါ်ကြီး. . .''

ဒေါ်လှမေက ချက်ချင်း မီးခွက်ကို မှုတ်လိုက်သည်။ မှောင်ထဲမှာ ခင်အေးညိုက ချစ်သူရဲ့လက်ကို ဆုပ်ကိုင်ပြီး အခြေအနေ အရပ်ရပ်ကို အတိုးချမေးလိုက်သည်။ သူတို့အားလုံး ကျောက်ခဲတစ်ယောက် ဂျပန်ကင်ပေတိုင်အချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်သွားသည့် သတင်းကို ကြားရသည်။ ဂျပန်စစ်သားများနှင့် စကားပြန်စိန်ကုလားတို့ သဲကြီးမဲကြီး လိုက်ရှာနေသည့် သတင်းလည်း ကြားရသည်။

ကျောက်ခဲ သည်ဝန်းကျင်မှ ရက်အတန်ကြာ ပျောက်သွားခဲ့သည်။ အခုမှပဲ မသေ၍ ပြန်တွေ့ကြရသောကြောင့် အားလုံးက ဝမ်းသာမဆုံးကြ။

''ဘယ်. . . ဘယ်. . . ရောက်နေလဲဟင်. . . ကျောက်ခဲ. . .''

''ဒီလိုပဲပေါ့ဟာ၊ ဘသူတော်စင်ကြီးနဲ့ ညီးတို့ရဲ့ကောင်းမှုနဲ့ ထွက်ပြေးလွတ်မြောက်လာပြီး နောက်ပိုင်း ပုန်းလျှိုးကွယ်လျှိုး နေရတာပေါ့၊ ခင်အေးညိုရာ ငါ နင်တို့ဦးကြီးတို့ကို အရေးတကြီး ပြောစရာရှိလို့ လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ. . .''

''ဘာ. . . ဘာများလဲ. . . ဟင်. . . ဟင်. . .''

''နင်တို့ ဦးကြီးတို့ အားလုံး ဒီအရပ်မှာ ကြာရှည်မနေကြနဲ့၊ ဂျပန်ဖက်ဆစ်ရန်နဲ့ စကားပြန်စိန်ကုလားရဲ့ရန်က ဝေးရာ တစ်နေရာရာကို ရှောင်နေကြပါ. . . ကျွန်တော် အားလုံးကို စိုးရိမ်လို့ အရဲစွန့်ပြီး လာပြောရတာ. . .''

ချစ်သူရဲ့ စိုးရိမ်ကြောင့်ကျမှုကို ကြားသိရ၍ ခင်အေးညို ချစ်သူကို ပို၍လေးစားချစ်ခင်သွားခဲ့ရသည်။

''ဦးကြီးတို့ ဘယ်လို သဘောရသလဲ. . .''

''ခဏလောက် အခြေအနေကို စောင့်ကြည့်လိုက်ဦး မလားလို့ လူကလေးရယ်၊ အခုချိန်အထိတော့ သူတို့ ဦးကြီးတို့ မိသားစုကို ဘာမှ မလုပ်ကြပါဘူး. . .''

''ဂျပန်ဖက်ဆစ်ထက် အမျိုးသားသစ္စာဖောက် စကားပြန်စိန်ကုလားရဲ့ရန်က ပိုကြောက်စရာကောင်းတယ် ဦးကြီး. . .၊ ဒီကောင်က သိပ်ကောက်ကျစ်စဉ်းလဲတဲ့ မြွေခွေးလို အစားမျိုး လူယုတ်မာ၊ မစားရတဲ့အမဲ သဲနဲ့ပက်မယ့်ကောင် ဒါကြောင့် ပြောတာ. . .''

''အေးပါကွယ်. . . ဦးကြီးတို့ သတိရှိနေပါမယ်၊ အခြေအနေ မကောင်းရင် အမျိုးတွေရှိတဲ့ ပင်လယ်ဘက်ကို ဖြစ်ဖြစ် ပြေးရမှာပဲ၊ အခု လူကလေး ဘာတွေ လုပ်ကိုင်စားသောက်နေလဲ၊ သတိစိရိယလည်း ရှိအုံး''

''စိတ်ချပါ ဦးကြီး. . .၊ ကျွန်တော် အမြဲသတိရှိနေပါတယ်၊ လောလောဆယ် ပဲခူးဘက်ကို ရောက်နေတုန်းပါ၊ အဲဒီမှာ မြွေအလမ္မာယ် ဆရာလုပ်ပြီး ဆေးလည်းကု ကြုံရာကျပန်း အလျဉ်းသင့်သလို လုပ်ကိုင်စားသောက်နေပါတယ်၊ မဆိုးလှပါဘူး ခင်ဗျ၊ ကိုင်း. . . အချိန်သိပ်မရဘူး၊ ကျွန်တော် ပုန်းလျှိုးကွယ်လျှိုးလာခဲ့ရတာ၊ စိန်ကုလားနဲ့ ဂျပန် ကင်ပေတိုင်တွေက ဒီဝန်းကျင်မှာ အရမ်းခြေရှုပ်နေကြတယ်၊ ပြန်မယ်နော်''

''ကျောက်ခဲ ဟို. . . ဟို. . . အဘသူတော်စင် အဘိုးရော





ဟင်''

''ငါ. . . ငါရဲ့ ကျေးဇူးရှင် အဘိုးကို သွားရှာသေးတယ်၊ လုံးဝကို မတွေ့ရတော့ဘူး၊ အဘိုးကျေးဇူး သိပ်ကြီးပါတယ်ဟာ. . .၊ သူဟာ ငါ့ကို တောထဲက ဂူတစ်ခုထဲမှာ လျှို့ဝှက် ဆေးကုပေးခဲ့ပြီး စိန်ကုလားနဲ့ ဂျပန်ဖက်ဆစ်ရဲ့ ရန်က လွတ်အောင် ဆောင်ရွက်ပေးခဲ့တယ်၊ တကယ့် မြို့ချစ်ပုဂ္ဂိုလ် လူသူတော်ကောင်းစစ်စစ်ပါ. . .''

''ကျောက်. . . ခဲ. . .''

''ခင်အေးညို ဘာ. . . ဘာလဲဟင်. . .''

''နင်. . . နင်. . . ဘယ်တော့ ပြန်. . . ပြန်လာ. . . မှာ. . .လဲ ဟင်. . . ဟင်. . .''

''ငါ. . . အလုပ်လုပ်ရင်း ပိုက်ဆံစုနေတယ်၊ ပြီးတော့. . . ပြီးတော့. . .''

''ပြီးတော့ ဘာဖြစ်လဲ. . . ပြောလေ. . .''

''ဂျပန်ဖက်ဆစ်ကို ပြန်ချဖို့. . .''

''အို. . . ရှူးတိုးတိုး. . . တိုးတိုးပြောပါ ကျောက်ခဲရယ်၊ ဒါ. . . ဒါ သိပ်ကို အန္တရာယ်ကြီးတဲ့ အလုပ်နော်. . .''

''အေးသိတယ်. . .၊ ဒါ ငါတစ်ယောက်တည်း မဟုတ်ဘူး၊ သူ့ကျွန်လုံးဝမခံချင်တဲ့ မြန်မာတိုင်းမှာ ဒီစိတ်ဓာတ်ရှိနေကြတယ်၊ အဲဒီလို ပြန်ချတော်လှန်ဖို့ စည်းရုံးနေကြပြီဟ. . . တို့လည်း အဲဒီထဲမှာ ပါဝင်လှုပ်ရှားနေပြီး. . .၊ တစ်နေ့ တို့ ခင်အေးညိုရှိရာကို ပြန်လာခဲ့မယ်၊ တစ်နေနေရာ ပြောင်းသွားရင်လည်း စုံစမ်းပြီး အရောက်လာခဲ့မယ် သိလား. . .''

သူ အမှောင်ထဲမှာ ချစ်သူရဲ့လက်ကို စမ်းပြီး အားပေးဖျစ်ညှစ် နှုတ်ဆက်လိုက်သည်။ ခင်အေးညိုထံမှ တိုးညင်းသော ကြိတ်ရှိုက်သံ သဲ့သဲ့ကို ကြားရသည်။ သူ မှောင်ထဲမှပင် ဦးကြီးနှင့် ဒေါ်ကြီးတို့ကို ဦးကုန်းချလိုက်သည်။ ဒေါ်ကြီး ဒေါ်လှမေက ခင်အေးညိုကဲ့သို့ ရှိုက်ပြီး ဆုမွန်ကောင်းများ ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် . . နောက်ဖေးတံခါးမှ အပြင်အခြေအနေကို ကြည့်ပြီး ဆင်းလာခဲ့ကာ နောက်ဖေး လှမ်းကြားမှသည် အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားခဲ့လေသည်။

♛ ♛ ♛

ပုဏ္ဏက မြင်းခင်း

တစ်နေ့သောအခါ လောကဓံမုန်တိုင်းသည် သူမတို့မိသားစုရှိရာသို့ ဦးတည်၍လာခဲ့သည်။ အန္တရာယ်ရနံ့ကို ကြိုသတိပေးခံရပါသော်လည်း အဲဒီလောက်ကြီး ပြန်ဆန်လိမ့်မည်ဟု သူမတို့ မထင်မှတ်ခဲ့ . . ။

အခု အကြံသမား ပုဏ္ဏကသည် စီးတော်မြင်းကို ဒုန်းစိုင်း၍ မနောမယ ပတ္တမြားကိုပြကာ အကြမ်းဖက်ခဲ့ပြီ . . . အကြံပက်စက်ခဲ့ပြီ။

တောတက်ဝါးခုတ်ပြီးနောက် အဖေနှင့်အမေက အိမ်ရှေ့မှာ ဝါးခွဲ ဝါးစိပ် နှီးသပ်လုပ်နေသည်၊ ခင်အေးညိုက နံနက်စာအတွက် အိမ်နောက်ဖေးမှာ ချက်ပြုတ်နေသည်။ သို့ကလို ကိုယ့်အလုပ်နှင့်ကိုယ် အာရုံစိုက်၍ လုပ်ကိုင်နေကြစဉ် အိမ်ရှေ့ခြံဝမှ ဂျပန်စကားပြန်စိန်ကုလားနှင့် အရပ်လူကြီး ငါးဦး အိမ်ထဲသို့ဝင်လာကြသည်။

''ကိုဘိုးစိန်တို့ ရှိကြလားဟေ့ . . .''

ခြံဝမှ အရပ်လူကြီး ဦးသုန်ရဲ့အသံကြောင့် ဦးဘိုးစိန် နှီးဝါးများကို





အသာချပြီး ခရီးဦးကြိုပြုလိုက်သည်။

စိန်ကုလားက ဘောင်းဘီရှည်နှင့် ခါးပတ်မှာလည်း သေနတ်အိတ်နှင့်။ ခြောက်လုံးပြူးသေနတ်ကို ထိုးချိတ်လျှက်။ ထူးခြားသည်ကား သူ့ ဘယ်ဘက်မျက်လုံးပေါ်မှာ သားရေနက်ပြားဝိုင်းတစ်ခု အုပ်ထားပြီး ကြိုးနှင့် ခေါင်းနောက်မှာ သိုင်းချည်ထား၏။

''ဦးသုန်တို့ . . . မောင်စိန်ကုလားတို့ပါလား . . ၊ ကြွပါ . . . ကြွပါ . . . အိမ်ပေါ်ကို ကြွကြပါခင်ဗျာ . . .''

စိန်ကုလားနှင့် အရပ်လူကြီးဦးသုန်တို့အဖွဲ့က အိမ်ပေါ်သို့ တက်လာကြသည်။ ဒေါ်လှမေက ဖုတ်ဖက်ခါ၍ ဖျာများခင်းသည်။ ရေနွေးကြမ်း၊ ကွမ်းအစ်များ တည်ခင်းလိုက်သည်။ သည်မှာ စိန်ကုလားက ခေါင်းရင်းခန်းမှ တက်ထိုင်လိုက်ပြီး အရပ်လူကြီးဦးသုန်တို့က သူ့အောက်ဖက်မှ သင့်သလို နေရာယူ၍ ထိုင်လိုက်ကြသည်။

စိန်ကုလားသည် အိမ်ပေါ်ရောက်သည်နှင့် အိမ်အတွင်းကို အရက်နိုးဝေနေသော မျက်လုံးအစုံနှင့် ဝေ့ကြည့် အကဲခတ်လိုက်သည်။

''ခင်အေးညို . . . တစ်ယောက်ရောဗျ . . .''

''မင်းနှမ . . . ထမင်းချက်နေသကွယ့် မောင်စိန်ကုလားရဲ့ ဟဲ့ သမီး ခင်အေးညို . . .''

''ရှင် . . . အမေ . . .''

''ဒီမှာ . . . နင့်အကို မောင်စိန်ကုလားတို့နဲ့ အရပ်လူကြီးတွေ ရောက်နေတယ်ဟဲ့ . . ၊ ခဏထွက်ခဲ့လိုက်ပါအုံး . . .''

ဒေါ်လှမေက စိန်ကုလား ဘာကိစ္စနှင့် လာမှန်းမသိ၍ အလိုက်အထိုက်ကလေးပြောရင်း နောက်ဖေးသို့ လှမ်းအသံပြုလိုက်သည်။ စိန်ကုလားဆိုသည့် အသံကြားလိုက်ရ၍ ခင်အေးညို ရင်ထဲမှာ ဖိုခနဲ ဖြစ်သွားသည်။ သင်း ဘာကိစ္စရှိလို့လာတာပါလိမ့်။

သို့သော် သင်းလို လူစားရဲ့မျက်နှာကို မကြည့်ချင်၍ မသိကျိုးကျွန်ပြုပြီး မထွက်ဘဲနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လို အကြောင်းကိစ္စများ ပေါ်ပေါက်လာလို့ပါလဲ ဦးသုန်''

ဦးဘိုးစိန်က တစ်ခါဖူးမျှ သူ့အိမ်ကို အခုလို အရပ်လူကြီးများ မလာဖူးကြ၍ လှမ်းစကားစလိုက်သည်။

''အဟမ်း . . အဟမ်း . . ဒီလို . . ဒီလို ကိုဘိုးစိန်နဲ့ မလှမေရေ . . ဟောဒီက ဂျပန်စကားပြန် အရာရှိကလေး မောင်စိန်ကုလားက ခင်ဗျားတို့သမီး မခင်အေးညိုကို စုံမက်မြတ်နိုးလို့ ကျုပ်တို့ အရပ်လူကြီးများနဲ့ နားဖောက်ပြောဆို ပေးပါဆိုလာတာနဲ့ အဲဒါ . . . အခုလို . . . ကျုပ်တို့''

''ရှင် . . . ကျွန်မတို့သမီးနဲ့ သူ . . . သူ . . . နဲ့ . . .''

''ဘာလဲ . . . ကျုပ်နဲ့ ခင်ဗျားသမီး မတန်လို့လား . .''

''စိန်ကုလားက ကြားဖြတ်၍ ကျားဟိန်းသလို ဟိန်း၍ မေးလိုက်ရာ . . . ဒေါ်လှမေလန့်၍ ဇက်ပုသွားပြီး ပြောလက်စပါ ရပ်တန့်သွားသလို ဖြစ်သွားသည်။

''အို . . . ဟို . . . ဟို . . . ဒီ . . . ဒီ . . . လို . . . ပြောတာ မဟုတ်ပါဘူးကွယ် . . .၊ ဟို . . . ဟို . . . မောင်တို့ လူငယ်ချင်း နားလည်မှုရှိကြ နှစ်သက်ကြရင် . . .''

ဒီမှာ အရပ်လူကြီး ဦးသုန်က . . .

''အိုဗျာ . . မလှမေကလည်း မောင်စိန်ကုလားက အလကားလူ မဟုတ်ဘူးဗျ၊ နိပ္ပွန်အုပ်ချုပ်ရေးမှာ အရေးပါအရာရောက်တဲ့ အရာရှိကလေးဗျ အဟဲ . . . ဟဲ . . . ဟဲ . . .၊ သူ့မှာ လက်ဆုပ်လက်ကိုင် ရာထူးရာတန္တရနဲ့ သူ့ဩဇာက ဒီမြို့မှာ အရှိန်ကြီးလှပါဘိဗျာ၊ ဒီမှာ လူငယ်ချင်း သင့်မြတ် မသင့်မြတ်သည့်တိုင် ဒီလို ခေတ်ကာလကြီးမှာ မိဘများက သဘောတူရင် ကိစ္စပြီးတာပဲ ဥစ္စာဗျာ . . .၊ ဟုတ်ဖူးလား . . ကိုဘိုးစိန် . . .''

''ဒီ . . . ဒီ . . . လိုရှိပါတယ် ဦးသုန် . . . သူတို့ လူငယ်ချင်း မေတ္တာရှိ သဘောတူလက်ခံကြရင် ကျွန်တော်တို့ ဘာမှ ကြားဝင်ကန့်ကွက် ငြင်းပယ်စရာ မရှိပါဘူးဗျာ၊ အဲ . . . အဲ . . . သမီးက လက်မခံ သဘောမတူ





ရင်တော့ . . .''

''အိုဗျာ . . .တော်တိတ်၊ ဒီမှာ ဦးဘိုးစိန်၊ ခင်ဗျားသမီး ခင်အေးညိုကို ကျုပ်မြတ်နိုးတယ်၊ ကျုပ် အလကားဖွတ်ကျား မဟုတ်ဘူး၊ ဒီမြို့မှာ ဂုဏ်နဲ့ဒြပ်နဲ့ အာဏာနဲ့၊ ရာထူးနဲ့ လူဗျ၊ ငဆွေးငပွေး မဟုတ်ဘူး၊ အခု ကျုပ် ကောင်းကောင်းမွန်မွန် ရိုးရိုးသားသား ရပ်မိရပ်ဖ လူကြီးတွေနဲ့ လာရောက်တောင်းရမ်း စေ့စပ်တာပဲ၊ လက်ခံမယ်၊ လက်မခံဘူး စကားတိတိကျကျ ကျုပ်သိချင်တယ်၊ ကျုပ် အလိုကို ဆန့်ကျင်ရင်တော့ ဟင်း . . ဟင်း ဟင်း . . . စိန်ကုလားအကြောင်း ခင်ဗျားတို့ သိပါတယ်နော် . . .''

စိန်ကုလားက ဦးဘိုးစိန်မျက်နှာကို လက်ညှိုးထိုး၍ ငေါက်ငန်းသလို ပြောလိုက်ရာ ဦးဘိုးစိန် မျက်နှာကြီးနီရဲ၍ သွားခဲ့သည်။

''သိ . . . သိပါတယ်၊ မောင်စိန်ကုလားရယ် . . .၊ ဒါ . . . ဒါပေမဲ့ သမီးကို အေးအေးဆေးဆေး မေးမြန်းကြည့်ပါရစေကွယ် နော် . . . နော်''

''ကောင်းပြီလေ . . . ကျုပ် နှစ်ရက်အချိန်ပေးမယ်၊ ဟင်း . . . ဟင်း . . . ဟင်း . . ခင်အေးညိုက ကျုပ်လာတာတောင် ထွက်တွေ့ညှိခံပုံ မရဘူး ဟုတ်လား၊ ဟား . . ဟား . . ဟား . . ဟား . . အေးလေ၊ အခုတော့ နေနှင့်အုံးပေါ့၊ ဟား . . ဟား . . ဟား . . ဟား . . လာဗျာ ဦးသုန်သွားမယ် . . .၊ တနလ်ာနေ့ မနက် ပြန်ဆုံကြတာပေါ့၊ ဖြစ်နိုင်ရင် ကန်တော့ပွဲပါ အဲဒီနေ့ ယူလာခဲ့မယ် . . . အဟတ် . . . ဟား . . ဟား . . ဟား . . ဟား . . .''

စိန်ကုလားက ခါးပေါ်မှ ခြောက်လုံးပြူးသေနတ်ပေါ် ညာလက်တင်ရင်း မချိုမချဉ်မျက်နှာနှင့် အားလုံးကို စိုက်ကြည့်ကာ ရိသဲ့သဲ့ပြောရင်းရှေ့မှ ဆင်းချသွားသည်။ သည်မှာ အရပ်လူကြီးတစ်ဦးက ဦးဘိုးစိန်အနီးသို့ ကပ်၍–

''ကြည့်လုပ်ကြ ဘိုးစိန်တို့ လှမေတို့ရေ . .၊ ဒီကောင် စိန်ကုလား အကြောင်းလည်း မင်းတို့ငါတို့ အားလုံးအသိပဲ၊ တော်တော်ကြာ အဖွဲ့ ရောက်ကုန်မယ်သိလား . . .''ဟု တိုးတိုးပြောသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပြန်သွားကြသောအခါ၊ အတွင်းအိမ်ထဲမှာ နားကပ်၍ ချောင်းနားထောင်နေသည့် ခင်အေးညိုလည်း ကပျာကယာ ပြေးထွက်လာပြီး၊ မိခင်နှင့်ဖခင်ကို ဖက်ကာ ငိုချလိုက်သည်။

''အဖေ. . . အမေ. . . သမီး . . . သမီး . . . ဒီလို လူယုတ်မာမျိုးမစစ်ကို လုံးဝ မယူနိုင်ဘူး . .၊ မယူနိုင်ဘူး . . . ဟီး . . . ဟီး . . . ဟီး''

ဒေါ်လှမေက မျက်ရည်ကျရင်း သမီးလုပ်သူကို ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။ ဦးဘိုးစိန်ကား မေးကြောထောင်မျှ အံကြိတ်ရင်း တောက်တခတ်ခတ်လုပ်ကာ ဒေါသများ ပေါက်ကွဲနေသည်။

''မငိုနဲ့သမီး . . . တိတ်တော့၊ ဒီလို အမျိုးယုတ်၊ သစ္စာဖောက် လူယုတ်မာ ဖက်ဆစ်ဂျပန်ကျွန်နဲ့ ငါ့သမီးကို အဖေ ဒီတစ်သက်မကဘူး၊ နောင်ဘဝဆက်တိုင်း လုံးဝမပေးစားဘူး။ အသက်သေလျှင် သေပစေ၊ ဟေ့ လှမေ၊ နက်ဖြန် ငါတို့အားလုံး ဒီအရပ်ကနေ ပြောင်းကြမယ်၊ အားလုံး အသင့်လုပ်ကြတော့. . .''

♛ ♛ ♛

ရွှေမန်ကျီး ခုနစ်စဥ်ယဥ်ပါလေစ ရပ်ကယ်က. . .

( – )မြို့ရဲ့ ဈေးကြီးရှေ့မှာ လူအုပ်ကြီးတစ်အုပ်သည် ပွဲစဥ်တစ်ခုကို ဝိုင်းအုံကြည့်နေကြသည်။ ကလေးများက ရှေ့ဆုံးမှာ ငုတ်တုတ်ထိုင်၍ ကြည့်ကြ၏။ သားသည် မိခင်များကလည်း ကလေးခါးထစ်ခွင်ချီ၍ ကြည့်နေ





တိုးနေကြသလို၊ ကလေးအဖေအချို့ကလည်း သူတို့သားသမီးများ မြင်ရအောင် ကလေးများကို ပခုံးပေါ်ထမ်း၍ တိုးဝှေ့နေကြသည်။

သူတို့ကြည့်နေသည့်ပွဲသည် မြွေအလမ္မာယ်နှင့် မျောက်မင်းသားကပွဲဖြစ်၏။

ခွေးခြေတစ်ခုမှာ မြွေဟောက်ကြီးပါးပြဲနှင့် မျောက်မင်းသား ဖိုးစည်ပဒေသာပြပွဲဟူသော မြေဖြူနှင့် ရေးထားသည့် ဆိုင်းဘုတ်တစ်ခု ကပ်ထောင်ထားသည်။ စည်းဝိုင်းအတွင်း၌ လက်နှစ်ဘက်ဝိုင်းစာ နီးပါးရှိသော မြွေပခြုပ်ကြီးတစ်ခုရှိနေသလို တစ်ခုသော ထင်းရှူးသေတ္တာတစ်လုံးပေါ်မှာတော့ ဇာတ်မင်းသားများကဲ့သို့ အပေါ်ရင်ဖုံးခါးတော့ ခါးထောင်အင်္ကျီနှင့် တောင်ရှည်ပုဆိုးသေးသေးကို ကြိုးစီးပြီး မင်းသားခေါင်းပေါင်းစ တလှုပ်လှုပ်နှင့် မျောက်ကြီးတစ်ကောင် အခန့်သား ထိုင်နေသည်။

ကလေးများရော လူကြီးလူရွယ်များက ဇာတ်မင်းသားဝတ်စုံနှင့် အိန္ဒြေကြီးစွာ ထိုင်နေသော မျောက်မင်းသားကြီးကို ကြည့်၍ လွန်စွာသဘောကျနေကြသည်။

ကြည့်အုံးလေ. . .။ မျောက်မင်းသားကြီးက ပုဆိုးခင်းထားသည့် ထင်းရှူးသေတ္တာပုံးပေါ်မှာ ငုတ်တုတ်ထိုင်ပြီး ယပ်တောင်သေးသေးလေးနှင့် ယပ်ခပ်နေ၏။ ပီသ၊ လူအတိုင်း။ ယပ်ခပ်ရင်း ပွဲကြည့်ပရိသတ်များကို မျက်လုံးပြူးပြူးလေးနှင့် လိုက်ကြည့်နေရာ အားလုံးက ရယ်ပွဲကျမဆုံး။

''ဂိုက်ကတော့ ဇာတ်မင်းသားဂိုက်ဗျ. . .''

''အိန္ဒြေကလည်း ကြီးလိုက်ပါဘိဗျာ ဟား . . . ဟား . . . ဟား''

''ကြည့်ကြစမ်းဟေ့. . . ယပ်ခပ်ပြီး မဂ်လာယူနေလိုက်ပုံနှယ် အဟေ့. . .''

''ဟေ့. . . မင်းသားကြီး . . .''

''ဒီဘက်လှည့်ပါအုံးဗျ၊ မင်းသားကြီးရ ဟား . . . ဟား . . . ဟား ဟား . . .''

ကလေးကြီးအချို့က မျောက်မင်းသားကြီးကို သဘောကျ၍ မြှပဲ



www.burmeseclassic.com

www.burmeseclassic.com



ခေ့များ လှမ်းပစ်ကြသည်။ ထိုအခါ မျောက်ကြီးက မြေပဲစေ့ကို လှမ်းဖမ်းပြီး ပါးစပ်ထဲမှာ ဝါးစားပြလိုက်ရာ အားလုံးက တဝါးဝါးဖြစ်ကြ၏။

အနားမှာ ဓာတ်ဆရာဖြစ်သော ကျောက်ခဲက ဗုံတိုတစ်လုံးကို ရင်မှာ သိုင်းလွယ်၍ ပရိသတ်ကိုကြည့်ပြီး ဦးစွာဂါရဝါပြုလိုက်သည်။

''လေးစားအပ်ပါသော မြို့သူမြို့သား ရွှေပွဲလာညေ့သ်ပရိသတ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်တို့ ပဒေသာပြပွဲရဲ့ အမည်ကတော့ ဟိုမှာမြင်တဲ့အတိုင်းပါပဲ၊ မြွေဟောက်ကြီးပါးမြှုနဲ့ မျောက်မင်းသားလေးဖိုးစည် ပဒေသာပြပွဲလို့ခေါ်ပါတယ် ခင်ဗျာ. . .''

''မြွေဟောက်ကြီးပါးဖြူဆိုတာ အလွန်လိမ္မာသည့် မြွေကြီးပါ။ ဖိုးစည်ကတော့ ဟောဟို ဓာတ်သေတ္တာပေါ်မှာ ခန့်ညားစွာထိုင်နေတဲ့ ကျွန်တော့်ရဲ့ အချစ်တော် ညီဘွားလေး သွေးသောက်ရဲဘော် မျောက်လိမ္မာကလေးပါပဲ. . .''

''ကျွန်တော် ဒီတိရစ္ဆာန်ပဒေသာပွဲကို ဘာကြောင့်ပြုသလဲဆိုတော့ ရည်ရွယ်ချက်က လူနှင့်တိရစ္ဆာန်ဆိုတာ ဟိုးကမ္ဘာဦး အစကတည်းက အပြန်အလှန် အကျိုးပြုကြတာရှိသလို၊ အပြန်အလှန်တိုက်ခိုက်ကြတာလဲ ရှိပါတယ်၊ လူရိုင်းလို့ တိရစ္ဆာန်ရိုင်းရတာရှိသလို၊ တိရစ္ဆာန်ရိုင်းလို့ လူကရက်စက်ရတာလဲ ရှိပါတယ်၊ ဥပမာ ဆင်ဆိုးနဲ့လူ၊ ကျားဆိုးနဲ့ လူတို့ အဖြစ်အပျက်''

''သို့သော် ဆင်လိမ္မာ ဆင်ကောင်းနဲ့ လူကောင်းပေါင်းမိတော့ သစ်ထုတ်လုပ်ရာမှာ အသုံးပြုလို့ရတဲ့ အကျိုးကျေးဇူးရရှိပါတယ်၊ အခွေခင်ပွန်း ရဲဘော်ရဲဘက်ဖြစ်ခဲ့ရပါတယ်၊ တိရစ္ဆာန်ဆိုတာက အများအားဖြင့် အပြစ်မဲ့သတ္တဝါများပါ၊ သူတို့ကို ကြင်ကြင်နာနာ ယုယုယယနဲ့ ယဉ်ပါးလိမ္မာအောင် လေ့ကျင့်ပြုစု ပျိုးထောင်ပေးရင် သူတို့ဟာ သိလွယ်တတ်လွယ်ပြီး လူသားများကို ပြန်လည်တုန့်ပြန် အကျိုးကျေးဇူးပြုကြပါတယ် ခင်ဗျာ. . . ဥပမာ ကျွဲနွားနှင့်လူ၊ ခွေးနှင့်လူရဲ့ ဆက်ဆံရေး. . .''

''တစ်ခါ နွားကောင်းကျွဲကောင်းကို တိုက်နွား တိုက်ကျွဲအဖြစ်





ရောက်အောင် ဆိုးသွမ်းအောင် လုပ်တာလည်း လူပါပဲ၊ လူသာ ပဓာနလို့ပြောချင်တာပါ၊ အခု ကျွန်တော် အလွန်အဆိပ်ပြင်းထန်သည့် ပါးဖြူဆိုတဲ့မြွေဟောက်ကြီးနဲ့ မျောက်ကလေးဖိုးစည်ကို ရက်ရှည်လများ လိမ္မာအောင်လေ့ကျင့်ပေးပြီး လူ့လောကရဲ့ အပန်းတော်ဖြေခရီးမှာ အသုံးချဖို့ ကြိုးစားခဲ့တာအခု အောင်မြင်ခဲ့ပါပြီ၊ ပရိသတ်များ ခင်ဗျာ. . . ကျွန်တော် မျက်လှည့်ဆရာမဟုတ်ပါ၊ မှော်ဆရာမဟုတ်ပါ၊ ဂမ္ဘီရမျက်လှည့် လက်လှည့်မတတ်ပါ၊ ကျွန်တော်တို့ သုံးတာ မေတ္တာပါ၊ နူးညံ့သိမ်မွေ့မှုပါ၊ ချစ်ပရိသတ်များ ခင်ဗျာ၊ လေကြောရှည်နေရင်း ငြီးငြင်ကြပါလိမ့်မယ်. . .၊ ဟောဒီ မျောက်မင်းသားလေး ဘယ်လောက် လိမ္မာသလဲ၊ ကြိုးစားသလဲ၊ တတ်မြောက်သလဲဆိုတာ ပရိသတ်ရှေ့မှောက်မှာ ခင်းကျင်းပြပါမယ်. . .၊ အဲဒီလို ပြသနေချိန်မှာ မျောက်ကလေးထံသို့ အစားအစာများ ပစ်မကျွေးကြပါနဲ့ခင်ဗျာ. . . ကိုင်း ဓာတ်မင်းသားလေး ဖိုးစည်ရေ. . .''

''ကွိ. . .''

''ဟာ. . . တယ်ဟုတ်ပါလားဟေ့. . .''

''ဖိုးစည်ကလေး. . .''

''ကွိ. . . ကွိ. . . ခွိ. . .''

''ညီဘွားလေး အကိုကြီးကိုချစ်ရဲ့လားဗျ. . .''

''ကွိ. . .''

ဖိုးစည်က ပါးစပ်ကအော်ရင်း သူ့ရင်ဘတ်ကို လက်နှင့်ပုတ်ပြလိုက်၏။

''အမယ်. . . ချစ်တယ်ပေါ့လေ. . . အဟာ. . .''

ပရိသတ်များက မျောက်မင်းသားဖိုးစည်ရဲ့ တုန့်ပြန်ပုံကိုကြည့်၍ လိမ္မာလိုက်တာဟု ချီးမွမ်းကြ၏။

''ကိုင်း. . . ညီဘွားလေး. . . ဖိုးစည်ရေ. . .၊ မင်းရဲ့ ဖြေဖျော်မှုမစခင်မှာ မင်းရဲ့ကျေးဇူးရှင် ပရိသတ်ကို ရိုရိုသေသေ ဂါရဝပြုလိုက်ပါအုံး ညီဘွားရယ်. . .''



www.burmeseclassic.com

www.burmeseclassic.com



သို့ကလို သခင်က ပြောလိုက်သည်နှင့် မျောက်မင်းသားလေး ဖိုးစည်က ဇာတ်သေတ္တာပေါ်မှ မတ်တပ်ရပ်ရင်း လက်နှစ်ဘက်ကိုပိုက်ကာ ဦးညွတ်ဂါရဝပြုလိုက်သည်။

"ဟယ်. . ."

"လိမ္မာလိုက်ပါဘိကွာ. . ."

"အိမ်က မောင်လှိုင်တွေးနဲ့များ တစ်ခြားစီပဲ. . ."

"ဟော့ကောင်. . . ဇော်ဖေ မင်းမှာ အဲဒီလိုဂါရဝတရားရှိရဲ့လား ဟင် ဟော့ကောင်"

"မရှိ. . . အဲ. . . အဲ. . . ရှိပါတယ်ကွာ. . . အရေးထဲ ငါ့များ. . ."

အချင်းချင်း တီးတိုးစကားများ အံ့အားသင့်စကားများဖြင့် ချီးကျူးကြ၊ ဝေဖန်ကြ၏။ ဖိုးစည်က အရပ်လေးမျက်နှာကို လှည့်၍ ဦးညွတ် အရှိအသေပေးလိုက်သည်။

"ကိုင်. . . မောင်ဖိုးစည်ရေ. . . တို့များ ပွဲမစခင် ကိုယ်လက်ကြံ့ခိုင်ရေးလေးလုပ်မှ ကောင်းမယ်ညီဘွားရဲ့ ဟုတ်ရဲ့လား. . ."

"ကွဲ. . ."

"အဟဲ့. . . တယ်ဟုတ်တဲ့ကောင်ပဲဟ. . ."

"ကိုင်း. . . ထိုင်. . ."

သခင်က အမိန့်ပေးလိုက်သောအခါ မျောက်ကလေးဖိုးစည်က လက်ပိုက်၍ ထိုင်လိုက်၏။

"ထ. . ."

သူက ထလိုက်၏။ သည့်နောက် လက်မြှောက်၊ လက်ဆန့်၊ လက်လွှဲ အခြေခံလေ့ကျင့်ခန်းများကို အမိန့်ပေးလိုက်သည့်အတိုင်း တစ်ခုပြီး တစ်ခု လုပ်ပြလိုက်ရာ ပရိသတ်များ တဝေါဝေါ ပွဲကျနေကြ၏။

"ကိုင်း. . . ကိုင်း. . . ဖိုးစည်ရေ. . . မင်းကို ဟောဒီက ကလေးတွေက ကတတ်မှာ မဟုတ်ဘူးလို့ ထင်နေကြတယ် ညီဘွားရဲ့. . .၊ ကဲ တို့များ အလုပ်နဲ့သက်သေပြကြစို့ ညီဘွားရေ. . ."

---





"ပုံ. . . ပလုံ. . . ပုံ. . . ပုံ. . ."

ကျောက်ခဲက ရင်ဘတ်မှာ လွယ်ထားသည့် ဗုံတိုကို လက်နှစ်ဘက်နှင့် စမ်း၍ အသံပေးလိုက်၏။ သည်တွင် ဖိုးစည်က တောင်ရှည်အောက်စကို ဘယ်လက်နှင့်မ၍ သီချင်းသံကို နားစွင့်နေလိုက်၏။ ကျောက်ခဲက သီချင်းကိုမဆိုဘဲ ငုံ့လင့်နေလိုက်သောအခါ ဖိုးစည်က တောင်ရှည်ကိုမရင်း အတန်ကြာစိုက်ကြည့်နေရာမှ စိမ်မရှည်ဟန်နှင့် 'ခွီး' ဟု အော်လိုက်လေသည်။

"ဟား. . . ဟား. . . ဟား. . . ဟား. . . မင်းက ငါ သီချင်းမဆိုသေးလို့ စိတ်တိုသွားတာပေါ့လေ. . .၊ ဆိုပါ့မယ် ကလေးရယ်၊ ပရိသတ်များခင်ဗျာ. . .၊ အခု မျောက်မင်းသားလေးဖိုးစည် ကပြဖြေဖျော်မှာကတော့ လျှပ်ပန်းလေးခွေနွဲ့ဆိုတဲ့ ယိုးဒယားသီချင်းကြီးအကနဲ့ပါခင်ဗျ. . .၊ ဒါကြောင့် ပွန်လက်မ၊ ကက္ကရရွှေစည်၊ မျက်နှာ၀ နှစ်ပြေညီရအောင် ဟဲ့ အောင်ရွှေစည်ယွန်း. . ."

သို့ကလို ဆိုင်းဆင့်ကို ကျောက်ခဲက ဆင့်ပြီးသည်နှင့် အောင်စည်သဏ္ဍာန် ဗုံတိုကို တီးလိုက်သောအခါ မျောက်ကလေး ဖိုးစည်သည် လက်အုပ်ကလေးချီပြီး ဒူးကလေး ကျိုး၍ကျိုး၍ ကန်တော့ခန်းအကကို ရှေ့ပြေး ကလိုက်လေသည်။

ကန်တော့ခန်းပြီးသည်နှင့်. . .

"ကိုင်း. . . ဖိုးစည်လေးရေ ဘာတဲ့တုံး ညီဘွားရဲ့ လာပြီ. . . လာပါပြီခင်ဗျ. . ."

(လျှပ်ပန်းလေးခွေနွဲ့. . . လေသွဲ့ယူငင်)၂

(မြူမင်းရစ်ဖုန်း၊ ထစ်ချုန်း စစ်ရှုံးသူရာ)၂

(အိုလေ. . . အမျက်ဟောင်းကြောင့် ချက်ကောင်းကိုသာ ဘဝဂ်ဆောင်းအောင် ဝက်ခေါင်းတော်ဖြစ်တဲ့ခါ. . .)

"ပတ်. . . ပလို့. . . ကျိ. . ."

---



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့တုန်း ညီဘွားရေ . . ဝါး လား လား လား လား . ."

ဇာတ်ဆရာမောင်ကျောက်ခဲက တီးလုံးတီးကွက်ကို ပါးစပ်ဆိုင်းရော လက်တီးရော တီးပေးလိုက်သောအခါ မျောက်မင်းသား ဖိုးစည်က ပုဆိုးခါးပုံစကို ကိုင်ဆွဲပြီး ဝှေ့ကာဝိုက်ကာ ခုန်ကာ ကလိုက်ပုံကား တကယ့်ကို လူမင်းသား ကသည့် ဟန်အတိုင်းနီးပါး ဖြစ်နေသောအခါ . .

"ဖြောင်း . . ဖြောင်း . . ဖြောင်း . . ဖြောင်း . ."

"ဖိုးစည်ကွ . ."

"မျောက်မင်းသားလေး ဖိုးစည်တဲ့နော် . ."

"ရော့ဟေ့ . . ဖိုးစည်အတွက် ဆုတော်ငွေ . . ."

"ငါတို့လည်း ချီးမြှင့်တယ်ကွ၊ ဟောဒီမှာ ဖိုးစည်ရေ . ."

ပွဲကြည့်ပရိသတ်များက သဘောကျလွန်း၍ ဖိုးစည် ကခုန်နေသည့် ဇာတ်သေတ္တာ ထင်းရှူးပုံးရှေ့သို့ အင်္ဂလိပ်သုံး ပိုက်ဆံပြားစေ့ ပဲစေ့မူးစေ့ မတ်စေ့ အကြွေစေ့များကို တစ်ယောက်ပြီးတစ်ယောက် ပစ်ချပေးကြသည်။ ဂျပန်ငွေ စက္ကူအသစ်အချို့လည်း ကျလာသည်။

ထိုစဉ် အရပ်ရှည်ရှည် အသားသပိတ်ရောင်နှင့် လူကြီးတစ်ဦးက ဝင်းဖန့်နေသည့် ရွှေဒင်္ဂါးပြား ပစ်ချဆုချီးမြှင့်လိုက်ရာ ပရိသတ်များက ဆုချသည့် အသားမည်းမည်း လူကြီးအား တအံ့တဩ လှည့်ကြည့်ကြလေသည်။ လူမည်းကြီးကား ခပ်တည်တည်ပင်။

"နေလာသိန် နတ်နန်းကြာကြွ ရွှေအာလိန်တပ်လမ်းထာဝရ၊
မာနသံတိုင်၊ ဒေါ်လေးသံပြိုင် မောလေဟန်နှင့်ဆိုင်၊ ဝေဖန်ပိုင် . .
ရွှေမဏ္ဍိုင်ရှင်၊ ပိုင်စဉ်နိုင်ချင်တော်မူ၊ ကျောက်သဲဇမ္ဗူ၊ တော်ယဲ့လို့
ကျွတ်ကျွတ်ဆူ . . ."

"ဟောဒါက ကကြိုးတစ်မျိုးပါခင်ဗျ . . ရုပ်သေးကြိုးဆွဲအက ခေါ်ပါသတဲ့ . .၊ ကိုင်း . . မင်းသားလေးဖိုးစည်ရေ တိန်ဗျောင်တိန်၊ ပတ်ပေတို့ ပေဂျိ . ."

ကျောက်ခဲကဒါးစပ်ဆိုင်းတီးပြီး ဇာတ်သေတ္တာနောက်မှာ ဝင်ရပ်





၍ ဖိုးစည်ရင်ကို ကြိုးတစ်ချောင်းနှင့်သိုင်းပြီး ရုပ်သေးကြိုးဆွဲက သကဲ့သို့ ဟန်ပြလိုက်သောအခါ ဖိုးစည်က ဒူးကို ညွှတ်ထား ခါးကိုကိုင်းပြီး၊ ခေါင်းကိုငုံ၍ လက်နှစ်ဘက်ကို ရှေ့အောက်သို့ချ၍ ခေါင်းပေါင်းလှုပ်ရုံမျက်နှာပေးနှင့် အရုပ်ကလေးလို ကပြလိုက်သောအခါ ပရိသတ်သည် ပတ်တုတ်၍ မရအောင် လက်ခုပ်တီးကြ၏။ လက်ခေါက်မှုတ်ကြ၏။ သြဘာပေးကြလေ၏။

တဖြည်းဖြည်း ပရိသတ်များက ပိုများလာသည်။ မြေပြင်မှာလည်း ဆုတော်ငွေများက ဖွေးနေသည်။

"မိုးနတ်မောင်၊ ခိုးလျှပ်ရောင်၊ ကိုးရုပ်ဘောင်ငယ်လေလေ၊ တင်းလေချိန့်မို့ မင်းရှိန့်အာဏာ၊ စစ်သည်ဗိုလ်ပေါင်း၊ ခိုညှောင်းညီလာ၊ ကင်းနိုင်ဟုဘုရား မြတ်ကောဝီလာ၊ နန်းတည်ခါ၊ လုမ်းကြွချီခါ၊ နတ်ဒေဝါ၊ မြတ်ရောဝတ်မင်း ဒေါသမူ ဟောသူ မာန်ဖြင့်တင်း . . . . ."

ကျောက်ခဲက အဆိုသီချင်းကို အဆုံးသပ်ချလိုက်သည်နှင့် မျောက်မင်းသားလေးဖိုးစည်က ရှေ့ထွက်တောင်ရှည်စကို ခြေနှင့်ခတ်ပြီး ဘယ်လက်ပေါ်ပွေ့တင်၍ ညာလက်မြှောက်ချီးပြီး ရပ်လိုက်သောအခါ လက်ခုပ်သံများသည် ဝက်ဝက်ကွဲမျှ ဆူညံ၍ သွားခဲ့လေသည်။

"ရွှေပွဲလာ ပွဲကြည့်ပရိသတ်များ ခင်ဗျာ၊ မျောက်မင်းသားလေး ဖိုးစည် ခဏ အနားပေး အမောဖြေနေချိန်မှာ ကျွန်တော် အဆိပ်ပြင်းတဲ့ မြွေဟောက် အလိမ္မာကြီးနဲ့ အလမ္ပာယ်ကစားပြမှာဖြစ်သည်မို့ ရှုစားတော်မူကြပါခင်ဗျာ . . ."

"ဝေး . ."

"ဖြောင်း . . ဖြောင်း . . ဖြောင်း . . ဖြောင်း . ."

သည့်နောက် သူက မြွေပခြုပ်အဖုံးကို ဖွင့်လိုက်ပြီး အထဲကို ငုံ့ကြည့်၍ လက်ခုပ်တီးလိုက်သောအခါ မြွေဟောက်ဦးခေါင်းကြီးသည် ထောင်ထ၍ အပေါ်သို့တက်လာ၏။

"ဟယ် . ."

"အကြီးကြီးပဲဟေ့ . . . နက်ပြောင်နေတာပဲဟ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ဟဲ့ . . . ကလေးတွေ . . . လာကြ . . . လာကြ . . . နောက်ဆုတ်ကြစမ်း . . ."

လူအများသည် လူးလွန့်၍ တက်လာသည့် မြွေဟောက်ကြီးကို ကြည့်၍ ပြုံသွားကြ၏။ သားသည်အမေများက ကိုယ့်ကလေးကိုယ်ဆွဲပြီး စည်းဝိုင်းနောက် ခပ်ဝေးဝေးသို့ ဆုတ်လိုက်ကြ၏။ ယောကျ်ားသားများက မကြောက်မရွံ့ ရှေ့တိုးကြည့်ကြ၏။

"ဒီမြွေဟောက်က အစွယ်ချိုး အဆိပ်မထုတ်ရသေးပါဘူး ခင်ဗျ၊ ဒါကြောင့် ခပ်လှမ်းလှမ်းက ကြည့်ကြပါ၊ သို့သော် သူဟာ လူကြီးမင်းတို့ အားလုံးကို အန္တရာယ်လုံးဝပြုမှာ မဟုတ်ပါဘူး၊ အလွန်လိမ္မာသည့် မြွေကြီးပါ . . . ဒီမှာကြည့်ပါခင်ဗျာ . . ."

ကျောက်ခဲက မြွေကြီးရှေ့မှာ လက်ဆန့်၍ လက်ဝါးကို ခင်းလိုက်သောအခါ လက်မောင်းလုံးခန့်တုတ်ပြီး ဖတ်စ်လုံကျော်ခန့်ရှည်လျားသော မြွေဟောက်ကြီးသည် ဦးခေါင်းမုစ၍ လက်ပေါ်တက်လိုက်ပြီး၊ ကျောက်ခဲရဲ့ လည်ပင်းကို ရစ်ပတ်ကာ ဦးခေါင်းဆံပင်ပေါ်မှာ ပါးပျဉ်းခွက်၍ ပြလိုက်သောအခါ အားလုံး မျက်လုံးပြူး၍ အသံမျှ မထွက်ရဲဘဲ တုန်လှုပ် အံ့သြနေကြသည်။

အဲဒါပြီးတော့ သူက ရှေ့မှာ ပါးပျဉ်းခွက်အောင်လုပ်ပြီး မြွေရှေ့မှာ ဇန်တိုလက်သိုင်းကို ကပြလိုက်သောအခါ မြွေကြီးကလည်း ပါးပျဉ်းကြီးထောင်လိုက်၍ ပေါက်သည့်ပြကွက်ကို ပြလိုက်သည်။

သူက မြွေရှေ့မှာ မျက်နှာငုံ့ပြောလိုက်သောအခါ မြွေဟောက်ကြီး အစွယ်ဖြင့် လှမ်းပေါက်လိုက်သည်။ သူက ဖျတ်ခနဲ ခုန်၍ ရှောင်လိုက်သည်။ သူက မြွေကြီးကို လက်ထောင်၍ ပေါက်ဟန်ပြလိုက်လျှင် မြွေဟောက်ကြီးက ခေါင်းယိမ်း၍ ရှောင်လိုက်သည်။

အလစ်အငိုက်မှာ သူက မြွေဦးခေါင်းကို လက်နှင့်ပုတ်လိုက်သောအခါ မြွေကြီးက လူးလွန့်ပြီး သူ့နောက်သို့ လိုက်သည့်ပြကွက်ကား ကြည့်နေသူများ အသည်းယားစေသည့် ပြကွက်ဖြစ်သည်။ အတန်ကြာမျှ မြွေကို





အမျိုးမျိုး ရန်စပြီး ဒေါသထွက် တိုက်ကွက်များကို ပြသပြီးသောအခါ။

ခါးကြားမှ ပလွေကိုထုတ်ပြီး မြွေကြီးရှေ့မှာ တင်ပျဉ်ခွေထိုင်၍ အိန္ဒိယ မြွေအလမ္ပာယ်ဆရာကြီးများစတိုင် ပုလွေကို မှုတ်လိုက်သောအခါ မြွေကြီးသည် သူ့ရှေ့သို့တိုးကပ်လာလိုက်ပြီး ပါးပျဉ်းကြီးထောင်၍ ခွက်၍ ယိမ်း၍ မြွေသံနှင့်အပြိုင် ယိမ်းနွဲ့လူးလွန့်ပြီး ကတော့သည်။

ပွဲကြည့်ပရိသတ်ကလည်း ယဉ်ယဉ်လေးပြကွက်ကို ကြည့်၍ သဘောကျလွန်း၍ ဆုတော်ငွေများ ချီးမြှင့်ကြသည်၊ ထိုအချိန်မှာပဲ စောစောက ရွှေဒင်္ဂါးတစ်ပြား ဆုချခဲ့သည့် အသားမည်းမည်း နက်နက် အရပ်ရှည်ရှည် လူကြီးက ဒုတိယမှ ရွှေဒင်္ဂါးနှစ်ပြားကို ပစ်ချ ချီးမြှင့်ပြန်သောအခါ လူအများက သူ့ကို ထူးဆန်း ချမ်းသာသော သူဌေးကြီးများလား မသိဘူးဟု တီးတိုးတိုး ပြောဆို ဝေဖန်ကြလေသည်။

သည့်နောက် မြွေဟောက်ကြီးနှင့် ကစားသည့်ပြကွက်ကို သိမ်းလိုက်ပြီး မြွေဟောက်ကြီးကို လက်ဟန်နှင့် အချက်ပြလိုက်သောအခါ မြွေဟောက်ကြီးက ပရိသတ်အား ခေါင်းညိတ် ခေါင်းညိတ် သုံးကြိမ်နှုတ်ဆက်ပြီး ပခြုပ်ထဲသို့ ဝင်သွားလေတော့သည်။ သို့ကလို နှုတ်ဆက်ဟန်ပြုပြီး မြွေပခြုပ်ထဲသို့ သူ့ဖာသာသူ ရှောရှောရှူရှူ ဝင်သွားသည်ကို မြင်ကြရသော ပရိသတ်များသည် မြွေကြီး၏လိမ္မာပုံအား ချီးကျူးကြလေသည်။

"ပရိသတ်အပေါင်းတို့ခင်ဗျာ အကယ်၍ ဒီအရပ်ဒီအခါမှာ မြွေဆိုးအကိုက်ခံရတဲ့ လူနာများရှိခဲ့လျှင် ကျွန်တော့်ထံသို့ ခေါ်ခဲ့ကြပါခင်ဗျာ၊ ကျွန်တော် မြို့ထိပ်က ဇရပ်မှာ သုံးရက်တည်းခိုပြီး ဒီပဒေသာပြပွဲကို ခင်းကျင်းသွားမှာပါ၊ မြွေဆိပ်၊ ကင်းဆိပ် အဆိပ်ရှိ သတ္တဝါအကိုက်ခံရသည့် ဝေဒနာရှင်များကို ကျွန်တော် ဆေးဝါး အခမဲ့ကုသပေးပါ့မယ် ခင်ဗျာ . . . အခု နောက်ဆုံး အစီအစဉ်အရ မျောက်မင်းသားဖိုးစည်ရဲ့ ၵျမ်းထိုးအကပဲ ဖြစ်ပါတယ် ခင်ဗျာ . . ."

"ဟေး . . . ဝေး . . ."

"ဖိုးစည်ပြန်လာတော့မယ်ဟေ့ . . . ရှေ့တိုးကြဟ . . ."



www.burmeseclassic.com

www.burmeseclassic.com



''သိပ်မတိုးပါနဲ့ဟ ဒီမှာကလေးနဲ့. . .''

''မမြင်ရလို့ပါဗျ. . .''

အထူးသဖြင့် ကလေးများက ရှေ့သို့စုပြုံတိုး ရွေ့လာကြသည်။ သားသည်အမေများကလည်း ပျော်လွန်း၍ ပြုံးရယ်ကြလို့. လူကြီးများက နောက်လူများမြင်ရအောင် ရှေ့က ကလေးများကို ထိုင်ကြည့်လို့ လှမ်းအော်ကြသည်။

''ကိုင်း. . . မောင့်ဖိုးစည်ရေ မင်းအလှည့်ပြန်ရောက်ပြီ ညီဘွားရေ ဒီတစ်ခါ ဂျမ်းအကနော် ညီဘွား. . .''

''ကွိ. . .''

''တွေ့လား. . . ပြောလိုက်ပုံက ကွိ. . . တဲ့. . .''

''လူ့လိုဆို ဟုတ်ကဲ့လို့ ပြောတာပေါ့ကွာ. . . သဘောပေါက်လား''

''နားလည်ပါတယ်ကွာ. . . မင်းဆရာ မပုပ်ပါနဲ့. . .''

''အဲဒီမျောက်ကလေး မွေးစားချင်တယ်ကွာ နော်. . .''

''သူက ညဘက်ရောက်ရင် မင်းတို့ လင်မယားကြားပဲ အိပ်ချင်တယ်ဆို ဘယ်နဲ့လုပ်မလဲ. . .''

''အဲ. . . အဲ. . . အဲဒီကျ. . . ဟာ. . . ဒီကောင်ကွာ တော်ကွာ. . .''

''ပရိသတ်အပေါင်းတို့ခင်ဗျာ အခု မျောက်မင်းသားဖိုးစည်နဲ့ ကျွန်တော်ညွှန်ခံဖျော်ဖြေမည့် သီချင်းက ဟိုးလွန်ခဲ့သည့်ကာလ သီပေါမင်းပါတော်မူပြီးနောက် ရတနာဂီရိမှာ အကျဉ်းစံသီပေါမင်းတရားကြီး ကိုယ်တော်တိုင် နေမျိုးဗလကျော်သူ ဘွဲ့ချီးမြှင့်ခြင်း ခံရတဲ့ မြန်မာ့ဆိုင်းပညာရှင် ရွှာစားကြီး စိန်ဗေဒါကိုယ်တိုင် အဆိုတော် ဦးစိန်ခင်နဲ့ ဆိုင်းနောက်ထ အဖွဲ့သားများနဲ့ သံပြိုင်တွဲဘက် သီဆိုလေ့ရှိသည့် သီချင်းပါ. . .၊ ရွှာစားကြီး စိန်ဗေဒါဟာ သူ့ဆိုင်းပွဲတီးလေရာ နေရာတိုင်းမှာ ဒီသီချင်းကို တီးလေ့ဆိုလေ့ရှိပါတယ်၊ သီချင်းအမည်က (ရွှေမန်ကျီး ခုနစ်စဉ်) ပါတဲ့ခင်ဗျာ၊ သီချင်းအဓိပ္ပာယ်က ချစ်သူရည်စားမိန်းကလေး အိမ်ရှိရာကို ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်





သည့်အချိန် လာရောက်ပိုးလေ့ရှိရာ ချစ်သူမိန်းကလေးက နောက်ဆုံးသူ့ချစ်သူနောက်ကို နိုးရာလိုက်ကာနီး မွေးသမိခင်ကို သတိတရနဲ့ နှုတ်ဆက်ကန်တော့လို့ လိုက်ပါသွားတဲ့ သီချင်းပါ၊ ခြုံလိုက်ရင်တော့ ရွှာစားကြီး စိန်ဗေဒါ ကို ချစ်လွန်းလို့ ရွှာစားကြီးနောက်လိုက်ပါရစေလို့ မိန်းကလေးက ပြောတဲ့ ဆိုင်းဆရာ အသားပေး မေတ္တာဖွဲ့သီချင်းပါ. . .၊ အဲဒီသီချင်းကို မျောက်မင်း သားလေး မောင်ဖိုးစည်က တစ်မျိုးတစ်ဘာသာ ဂျမ်းအကနဲ့ တပါလိမ့် မယ်. . . ကိုင်း ဖိုးစည်ရေ စကြစို့ရဲ့. . .''

(ရွှေမန်ကျီးရဲ့ ခုနစ်စဉ် ယဉ်ပါလေစ ရပ်ကာယက. . .)၂

(ကိုကြီးနတ်တဲ့ ဆီးကြိုလာ ကျားညီနောင် ကြောင်နှစ်ကွင်းက ယမ်မငြင်းသာ)၂

(မယ်မငြင်းသာ လာပြန်တော့ကာ)၂

(ထမီဖာလိုပါသေးရဲ့၊ တဘက်ဖာလိုပါသေးရဲ့၊ ဘီးနဲ့ မှန်လိုပါသေးရဲ့)

(မွေးမေလေးတို့ ခန်းအိပ်ရာကို)၂

(၁ကြိမ် ၂ကြိမ် – ဦးနှိမ်ချလို့. . .

၃ကြိမ် ၄ကြိမ် – ဦးနှိမ်ချလို့. . .

၅ကြိမ် ၆ကြိမ် – ဦးနှိမ်ချလို့. . .

၇ကြိမ် ၈ကြိမ် – ဦးနှိမ်ချလို့. . .

၉ကြိမ် ၁၀ကြိမ် – ဦးနှိမ်ချလို့. . .

၁၁ကြိမ် ၁၂ကြိမ် – ဦးနှိမ်ချလို့. . .

၁၃ကြိမ် ၁၄ကြိမ် – ဦးနှိမ်ချလို့. . .

လိုက်ပါရစေ လိုက်ပါရစေ (စိန်ဗေဒါရဲ့ လိုက်ပါရစေ)၂

''အို. . . စိန်ဗေဒါရေ. . . လိုက်ပါရစေ. . .''

ကျောက်ခဲက ဗုံတိုကို ဘယ်ညာ ပိတ်ဆို့ဖွင့်တီးပြီး သူပါ ဟန်နှင့်ပန်နှင့် ကဟန်ပြ၍ တီးလိုက်စဉ် ၁ကြိမ် ၂ကြိမ် ဦးနှိမ်ချလို့ဆိုလျှင် မျောက်ကလေးဖိုးစည်က လက်အုပ်လေးချီ၍ ပရိသတ်ကို ရှိခိုးဟန်ပြု၏။ ငါးကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကြိမ်မှသည် ၁၃ကြိမ် ၁၄ကြိမ်အထိ အရပ်ရှစ်မျက်နှာကို ဦးချကန်တော့ ဟန်ပြုပြီး ကျောက်ခဲရဲ့ ပါးစပ်ဆိုင်းတီးသံဆိုသံနှင့် ရှေ့ဂျမ်းတိုးလိုက် နောက်ဂျမ်းထိုးလိုက် ဘေးတိုက်ဂျမ်းထိုးလိုက် ကလေးရာ ကလေးများက လက်ခုပ်တီးကြသလို လူကြီးများကလည်း လက်ခေါက်မှုတ်၍ သြဘာပေးကြ၏။

တစ်ခါတစ်ခါ ဂျမ်းထိုးရင်းမှ ကင်းမြီးကောက်ထောင်၍ လက်နှင့်သွားပြလိုက်သောအခါ ခါးမှ ပုဆိုးသည် ကျွတ်လန်၍ကျလေရာ ဘွားဘက်တော် ရွှေဥနှစ်လုံး ပေါ်သွားတော့သည်။

"ဟား . . . ဟား . . . ဟား . . . ရွှေဥ . . . ရွှေဥ . . . ပေါ်သွားပြီဟေ့ . . ."

"ဟုတ်တယ်ဟေ့ . . . အမေရေ ဟိုမှာကြည့်စမ်း မျောက်ကလေးရွှေဥနှစ်လုံးပြူးလို့ . . ."

"ဟဲ့ . . . ကောင်လေးရဲ့ ပါးစပ်ကို တိတ်တိတ်နေစမ်း ငါလေ"

"ဟား . . ဟား . . . ဖိုးစည် ဂျမ်းပစ်အလွန်တော်၊ ရွှေဥနှစ် လုံးပေါ်ဟေ့"

လူတွေက သူ့ကိုလက်ညှိုးထိုးပြီး ရယ်နေမှန်း လှောင်နေမှန်းသိသွားသောအခါ သူ ကင်းမြီးကောက် ထောင်ခြင်းကိုရပ်လိုက်ပြီး သူ့ပေါင်ကြားသူ လက်နှင့်အုပ်၍ ရှက်သလိုဟန်နှင့် လုပ်ပြနေရာ ပရိသတ်များက ဝေါခနဲ သောခနဲ ပွဲကျသွားကြလေသည်။

ဒါနှင့်အတူ ပိုက်ဆံများကလည်း ဖွေးခနဲ ကျလာကြသည်။

သည်အကြိမ်မှာလည်း အသားမည်းမည်း သပိတ်ရောင်ထနေသည့် လူကြီးသည် လက်ခုပ်တဖြောင်းဖြောင်းတီး၍ အော်ဟစ်ရယ်မောချီးကျူးလိုက်ပြီး နောက်ထပ် ရွှေဒင်္ဂါးသုံးပြားကို ပစ်ချ ဆုချီးမြှင့်ကာ လူအုပ်ထဲမှ ထွက်ခွာ၍ ပဲခူးရွှေမောဓော ဘုရားရှိရာသို့ ထွက်ခွာသွားလေသည်။

"ပရိသတ်အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ရဲ့ မြွေဟောက်ပါးဖြူနှင့် မျောက်မင်းသားဖိုးစည်တို့ရဲ့ ပဒေသာ ဖြေဖျော်





ပွဲကို စခန်းသိမ်းပါပြီခင်ဗျာ . . .၊ မြန်မာတိုင်းရင်းသားများ အားလုံး မြန်မာမှုကို လေးစား တန်ဘိုးထားကြပါ၊ ကိုယ့်မြန်မာအချင်းချင်း ရိုင်းပင်းကူညီစောင့်ရှောက်ကြပါ အရေးကြုံ သက်လုံကောင်းကြပါစေခင်ဗျာ . . ."

ပွဲပြီးသွားပြီမို့ ပရိသတ် အသီးသီးတို့ လှည့်ပြန်သွားကြသည်။ ကလေးကြီးငယ် အချို့ကား မျောက်မင်းသားဖိုးစည်ကို ပြောင်းဖူးများ မြေပဲထုပ်များ လာရောက်လက်ဆောင်ပေး နှုတ်ဆက်စကားပြောကြသည်။ ဖိုးစည်ရင်ခွင်ထဲမှာ စားစရာများ အပြည့်ဖြစ်နေ၏၊ ပျော်နေ၏။ ကွိ ကွိနှင့် စကားများ ပြန်ပြောနေ၏။

ကျောက်ခဲက မြေပြင်ပေါ်မှ ဆုချီးမြှင့်ခဲ့သည့် ပိုက်ဆံများကိုလိုက်ကောက် စုသိမ်းလိုက်သည်။ ထူးထူးခြားခြား ဒီနေ့ ရွှေဒင်္ဂါး ခြောက်ပြားတိတိကို အသားမည်းမည်း အရပ်မြင့်မြင့် လူကြီးက အားရပါးရ ဆုချီးမြှင့်သွားခဲ့သည်။ သူ အရပ်တကာလှည့်၍ ပွဲစဉ်အတော်များများ ဖျော်ဖြေခဲ့ဖူးသည်။ အင်္ဂလိပ်မူးစေ့ မတ်စေ့ပဲစေ့နှင့် ဂျပန်ငွေစက္ကူမျှသာပဲ ရဖူးသည်။ ကြည့်စမ်း အခု ရွှေဒင်္ဂါးများကို ဆုငွေအဖြစ် ရခဲ့သည်၊ သူ ရွှေဒင်္ဂါးပြားများကို လက်ဝါးထဲမှာ ဖြန့်ကြည့်ရင်း စဉ်းစားသည်။

ယခု ရွှေဒင်္ဂါးများကို ချီးမြှင့်ပေးကမ်းသွားသော သူသည် ဘယ်လိုလူစားမျိုးပါလိမ့်။ လူချမ်းသာထဲကပဲနှင့် တူသည်။ ရွှေဒင်္ဂါးကို ထွေခင်ကစားသည့် သူဌေးမျိုးနှင့်တူသည်။ တိရစ္ဆာန်များကိုလည်း ချစ်မြတ်နိုးပုံရသည်။ သူ့ကို တစ်ခါမှ မမြင်ဘူး၊ အသားကလည်း မည်းလိုက်သမှ မှောင်ပြီး သပိတ်ရောင်လက်လက်ထနေ၏။

အင်း . . ခေတ်ကျပ်၊ ခေတ်ဆိုး ဆပ်ပြာရှား၊ အဝတ်အထည်ရှား ဆေးဝါးအစားအသောက် ရှားပါးသည့် ဂျပန်ခေတ်ဆိုးကြီးထဲမှာ ရွှေဒင်္ဂါး ခြောက်ပြား ဆုချီးမြှင့်သွားနိုင်ခြင်းကား . .

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



## ဆံမြိတ်လည်းပြေ ပန်းလည်းကြွေ

ခင်အေးညို့တို့မိသားစု ညကတည်းက အရေးကြီးသည့်ပစ္စည်းများကို အသင့်ထုပ်ပိုး၍ ထားလိုက်သည်။ အာရုဏ်တက်သောအခါ ချိန်းထားသည့် လှည်းသမား အောင်ဘု ရောက်လာသည်။ သည့်နောက် သူတို့ ပစ္စည်းပစ္စယအားလုံးကို လှည်းပေါ်တင်ပြီး မျက်နှာကို ပုဆိုးသဘက်များ အုပ်ကာ တဖွဲဖွဲ ကျနေသည့် နှင်းအောက်မှ လှည်းမောင်းထွက်ခဲ့ကြသည်။

ဒီလို ထွက်မပြေးလို့လည်း မရတော့။ စိန်ကုလားဆိုသည့် လူမိုက်ရိုင်းက ခွေးရူးထက်ဆိုးမည့် လူစား။ လူယုတ်မာ။ သူ့ အကြံအစည်က အနုနည်းနှင့်မရလျှင် ကောက်ကျစ်စဉ်းလဲ မည့်ဟန်။

အောင်ဘု နွားကိုကြိမ်တို့၍ အသော့နှင်လိုက်သည်။ အတန်ကြာ မောင်းခဲ့လိုက်တော့ သုံးခွမြို့ဘက်သွားမည့် လှည်းလမ်းကြောင်း ရွာပြင်သို့ ရောက်ခဲ့သည်။

"ဟေ့. . . ရပ်. . ."

"ဘုရား . . ဘုရား . ."

"ဟေ့ . . ရပ်ဆိုတာ မကြားဘူးလား . . ကိုင်းကွာ. . ."

"အိုင်း . ."

"အမလေး . ."

သူတို့အားလုံး သေနတ်သံကြောင့် လန့်ပြီး လှည်းပေါ်မှ ဝပ်နေလိုက်ကြသည်။ စားပြများလား မသိ။ ဒုက္ခပါပဲ။ အောင်ဘုက သေနတ်သံကြောင့် စိုးရိမ်ကြောက်လန့်စွာဖြင့် နွားကြိုးကို တအားဆွဲ၍ ရပ်လိုက်ရာ နွားနှစ်ကောင်က လန့်၍ ရုန်းတော့၏။

"ဟား . . ဟား . . ဟား . . ဟား . . ဘယ်သူများလဲ မှတ်တယ်၊ လက်စသတ်တော့ ဦးဘိုးစိန် ဒေါ်လှမေတို့ ခင်အေးညိုတို့ကိုး . . ဒါက ဘယ်တုန်းဗျာ. . ."

ခေါင်းမော့၍ ကြည့်လိုက်တော့ စိန်ကုလားရဲ့ လက်ရုံးတပည့်များ





ဖြစ်ကြသည့် မြဒင်၊ နသိုးနှင့် ဂျပန်စစ်သား ငါးယောက်။ မြဒင်ကလည်း သူ့ဆရာ စိန်ကုလားကောင်းစားတော့ သူလည်းကောင်းစားကာ ဂျပန်ဖက်ဆစ်လမ်းပြ အလိုတော်ရိဖြစ်နေသည်။

"ပြောလေဗျာ. . . ဘာလဲ. . . နာချင်လို့လား . ."

"ဟို . . ဟို . . ရွာကို . . . ခဏ. . . အလည်သွား . ."

"ဟား . . ဟား . . ဟား . . ဟား . . ရွာကို ခဏအလည်သွားမလို့တဲ့၊ ဟား . . ဟား . . ဟား . . ဟား . . ရယ်ရတယ်ဟေ့၊ ဟေ့ကောင် နသိုး သွား 'ဟို' အိမ်ထဲမှာ စိန်ကုလားအိပ်နေတယ်၊ အမြန်သွားနှိုးခဲ့စမ်း . ."

ဘုရား . . ဘုရား ခင်အေးညိုတို့မိသားစုတော့ ဒုက္ခရောက်ပြီ။ ဦးဘိုးစိန်နှင့် ဒေါ်လှမေတို့ ဘာလုပ်ရမှန်းမသိ။ ဘာကိုင်ရမှန်းမသိတော့။ ပြေးလို့လည်း မလွတ်။ ဂျပန်စစ်သားငါးဦးကို မြဒင်က ဘာပြောလိုက်လဲမသိ။ လှည်းကို သေနတ်နှင့် ဝိုင်းချိန်ထားလိုက်၏။

မကြာခင် စိန်ကုလားသည် သူ့ အိမ်မှ အိပ်မှုန်သုန်မွှားနှင့်ထ လာလိုက်ခဲ့သည်။ နေရောင်ခြည်သည် အရှေ့မှာ ဝင်းလက်စပြုပြီ။ အရာရာ လည်း သဲသဲကွဲကွဲ ရှိနေပြီ။ စိန်ကုလားနောက်မှ အရက်နာကျနေသည့် ဂျပန်စစ်ဗိုလ် အီတိုသည် ဘောင်းဘီကြယ်သီးတပ်ရင်း ယိုင်ယိုင်နှင့် ပါလာ သည်။

စိန်ကုလားသည် ခင်အေးညိုတို့မိသားစုအား အထုပ်အပိုး စားအိုးစားခွက်များနှင့် ပြေးရန်ကြံစည်သည်ကို မြင်လိုက်ရသောအခါ အကြီးအကျယ် ဒေါ်ပွသွားခဲ့သည်။

"ဩော်. . ခင်ဗျားကြီးက ဒီလိုတောင် သတ္တိရှိရှိ ဆန့်ကျင်အာခံရဲနေပြီကိုး၊ ဒီအစီပွာယ်က ကျုပ်ကို ခင်ဗျားသမီးနဲ့ လုံးဝမပေးစားနိုင်ဘူး။ လွတ်ရာပြေးမယ်ပေါ့ဟုတ်လား . . ကိုဘိုးစိန်. . ."

"ဒီ. . . ဒီလို. . . ဟို. . . ဟို. . . ဒင်း . ."

ဦးဘိုးစိန် ကြောက်ရွံ့ထိတ်လန့်လွန်း၍ စကားမထွက်။ အဖြစ်က



www.burmeseclassic.com

www.burmeseclassic.com



လက်ပူးလက်ကြပ်မိနေပြီ။ သည့်နောက် သူ စိန်ကုလားကို နာကျည်းမျက်လုံးများနှင့် ကြည့်လိုက်သည်။

''ခင်အေးညို. . . လှည်းပေါ်က ဆင်းလိုက်စမ်း. . .''

''ဟင့်အင်း. . . ဟင့်. . . အင်း. . . မ. . . မ. . . ဆင်းဘူး။ အဖေ. . . အ. . .ဖေ. . . လုပ်ပါအုံး။ ကယ်. . . ကြ. . . ပါ. . . အုံး''

''ဟေ့ကောင် မြဒင် ဆွဲချလိုက်စမ်းကွာ. . .''

ဒီမှာ မြဒင်က လှည်းပေါ်မှာ ကြောက်လန့်ပြီး ဖခင်လုပ်သူကို အားကိုးတကြီး ဖက်တွယ်ထားသည့် ခင်အေးညိုကို တက်၍ ဆွဲချတော့သည်။ ခင်အေးညိုက လန့်၍အော်၍ ငိုသည်။ ဦးဘိုးစိန် မျက်စေ့အောက်မှာ ရင်သွေးသမီးကို စော်ကားသည်ကိုမြင်ရသောအခါ ဒေါသမီးများ ပေါက်ကွဲခဲ့ပြီ။ သည့်နောက် သေမထူး နေမထူးဘဝမို့ အသင့် အောက်ခင်းကောက်ရိုးကြားမှာ ဝှက်ထားသည့် ငှက်ကြီးတောင်ဓားရှည်ကို ဖတ်ခနဲ ဆွဲနှုတ်ကာ ဆွဲလားရမ်းလား လုပ်နေသည့် မြဒင်ရဲ့ဇက်ကို အားကုန် ပိုင်းချလိုက်သည်။

''ဗိုး. . . ရှိ. . .''

''ဒုတ်. . .''

''အာ. . . မ. . . လေး. . . ဗျ. . . အား. . .''

''အမလေး. . . ဘိုး. . . ဘိုး. . . စိန်. . .''

မြဒင် အသံနက်ကြီးနှင့် အော်ရင်း ဇက်ပြတ်လုနီးပါးဖြစ်ကာ လှည်းပေါ်မှ မြေပြင်ကို ဖောက်ထိုး ပြုတ်ကျသွားသည်။ သည့်နောက် မထူးပါဘူးဆိုပြီး ငှက်ကြီးတောင်ဓားကို မြှောက်၍ စိန်ကုလား ရင်ညွန့်ရှိရာသို့ ပစ်ရန်လက်မြှောက်လိုက်စဉ်။

''ပစ်. . . ပစ်. . .''

''ဒိုင်း. . .''

''အား. . .''

''ဒိုင်း. . .''





''အမလေး. . .ဗျာ. . . အ. . . အ. . . အ''

''အဖေ. . .''

''ကို. . . ဘိုး. . . စိန်. . .''

ဂျပန်စစ်ဗိုလ် အီတို ပစ်လိုက်သည့် ပစ္စတို ပထမကျည်ဆံသည် ဦးဘိုးစိန်၏ ပခုံးသားကို ဖောက်ဝင်သွားသည်။ ဒုတိယ ကျည်ဆံက ပေါင်ကို ထိမှန်သွားခဲ့သည်။ ဒါနှင့်အတူ လက်ထဲမှ ဓားရှည်လည်း လွင့်ထွက်သွားခဲ့သည်။ ဦးဘိုးစိန်ပခုံးနှင့် ပေါင်မှ သွေးများ စီးကျလာပြီး သမီးနှင့် ဇနီးအကြားမှာ လဲကျသွားသည်။

''အဖေ. . . အဖေ. . . စိန်ကုလား၊ ခွေး. . . ခွေး. . . ခွေးတိရစ္ဆာန်ကောင်. . .''

''ဟား. . . ဟား. . . ဟား. . . ဟား. . . ဟေ့ကောင် အောင်ဘု အခုချက်ချင်း လှည်းကို ပြန်လှည့်လိုက်စမ်း လှည့်လေကွာ. . .''

အောင်ဘု ကြောက်ရွံ့ထိတ်လန့်စွာဖြင့် လှည်းကို ရွာထဲသို့ ပြန်လှည့်လိုက်၏။ ဦးဘိုးစိန်ကိုယ်မှ သွေးများသည် သမီးနှင့်ဇနီးကိုပါ ပေကျံကုန်သည်။ ဦးဘိုးစိန် အံကိုကြိတ်၍ မောဟိုက်နေသည်။ ခင်အေးညိုက ငိုကြီးချက်မနှင့် ဖအေ့ဒဏ်ရာကို ပုဆိုးနှင့်ပိတ်ပေးထားပြီး သတိထား အဖေဟု ပြောနေရင်း မျက်ရည်များ ထိန်းမနိုင်ကျနေသည်။

ထိုအချိန်ကစ၍ စိန်ကုလားရဲ့ မိုက်ရိုင်းစုတ်ပဲ့ချက်ကြောင့် ဦးဘိုးစိန်အား နိပ္ပွန်များက အင်္ဂလိပ်စပိုင်ဟု တံဆိပ်တပ်ကာ လူသတ်မှုနှင့် ပူးတွဲ၍ ကင်ပေတိုင် အချုပ်ခန်းရှိရာသို့ ခေါ်ဆောင် ဖမ်းဆီးရန် အမိန့်ပေးလိုက်သည်။

ဂျပန်စစ်ဗိုလ်အီတိုက ဖခင်ကိုဖက်၍ ရှိုက်ကြီးတငင် ငိုနေသည့် ခင်အေးညိုရဲ့ အလှကိုကြည့်၍ သဘောကျနေသည်။ သူသည် သိမ့်သိမ့် တုန်ရှိုက်နေသည့် ခင်အေးညိုရဲ့ တစ်ကိုယ်လုံးကို စားမတတ် ဝါးမတတ် လှည့်ပတ်ကြည့်ရှုပြီးနောက် ယောရောရှိ. . . ယောရောရှိ. . . ဟုရေရွတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ငင်းနောက် အောင်ဘုနှင့် ဒေါ်လှမေကို ပြန်နှင်လွှတ်လိုက်ပြီး ဦးဘိုးစိန်နှင့် ခင်အေးညိုကို ဂျပန်စစ်ကားပေါ် ဆွဲထိုးသွင်းတင်လိုက်ကြသည်။ ခင်အေးညိုက ရှန်းကန်အော်ဟစ်သည်။ ဖခင်ကြီးကား သတိလစ်နေပြီ။ နောက်ဆုံး သူမသည် ရှန်းကန်အော်ဟစ် ငိုယို တောင်းပန်ရင်းမှပင် ဂျပန်ကင်ပေတိုင် ရုံးရှိရာအရပ်သို့. . . . . .။

♛ ♛ ♛

. သေနတ်ဒဏ်ရာနှင့် မေ့မျောလုဖြစ်နေသည့် ဦးဘိုးစိန်ကို ဂျပန်ကင်ပေတိုင် စစ်ဗိုလ်အီတိုက ရေနွေးပက်လောင်းခိုင်းလိုက်သည်။ ပြန်လည်သတိရလာသောအခါ ရက်ရက်စက်စက် နှိပ်စက်မေးမြန်းတော့သည်။

"မာစတာ သူဟာ ဟို. . . အချုပ်က ထွက်ပြေးသွားတဲ့ အင်္ဂလိပ်စပိုင် သူပုန်လူဆိုး ကျောက်ခဲဆိုတဲ့ကောင်နဲ့ အဆက်အသွယ်ရှိပါတယ် မာစတာ၊ ကျောက်ခဲ ဘယ်မှာရှိတယ်၊ သူတို့အဖွဲ့ဝင်တွေ ဘယ်အရပ်ဘယ်ဒေသမှာ ဘာတွေလှုပ်ရှားနေတယ်ဆိုတာ သူ့ကိုစစ်မေးရင် အကုန်သိနိုင်ပါတယ် မာစတာ. . ."

"အိုး. . . ကောင်းတယ်ကွား. . . ကောင်းတယ်ကွား. . . သူ စပိုင်. . ."

"ဟိုက်. . . ဟိုက်. . . မာစတာ သူ. . . အင်္ဂလိပ်စပိုင်. . ."

သည့်နောက် ဒဏ်ရာဖြင့် မထနိုင်သည့် ဦးဘိုးစိန်ကို ခြေနှင့်ကန်





ကျောက်၍ လှုပ်နိုးသည်။ ဂျပန်စကားပြန် စိန်ကုလားက ဦးဘိုးစိန်ရဲ့ ဖက်ကို မရှိ ငုတ်တုတ်ထိုင်ခိုင်းသည်။ ဦးဘိုးစိန်၏ ညာလက်သည် လုံးဝလှုပ်၍မရ၊ ဘယ်ခြေကလည်း သွေးများထွက်နေဆဲ။ လူက သွေးထွက်လွန်၍ ခေါင်းပင် မတည့်နိုင်တော့. . .။

"ဘိုရှမာ. . . အင်္ဂလိပ်စပိုင်ဖြစ်တယ်ကွား. . ."

"ဘိုရှမာ့. . . ဟုတ်တယ်ကွား. . ."

ဦးဘိုးစိန်က အံကြိတ်၍ မျက်စေ့ကိုမှိတ်ရင်း ဦးခေါင်းကို ရမ်းလိုက်သည်။

"ဖြန်း. . ."

"အား. . . အ. . ."

"ဟုတ်တယ်ကွား. . ."

"မ. . . မ. . . မဟုတ်. . . ပါ. . . ဘူး"

"ဖောင်း. . ."

"အမလေး. . . အား. . . ကျွတ်. . . ကျွတ်. . . ကျွတ်. . . ကျွတ်. . . အာ. . . အ. . . အ. . ."

ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတိုက ကျည်ဆံနစ်ဝင်နေသည့် ဦးဘိုးစိန်ရဲ့ ညာဘက်ပခုံးကို လက်သီးနှင့် ထိုးလိုက်ရာ သွေးများ ဗွက်ခနဲ အန်ထွက်လာပြီး ဦးဘိုးစိန် အသည်းခိုက်မျှ နာကျင်စွာ အော်ဟစ်ညည်းညူရင်း သတိလစ်သွားခဲ့လေသည်။

စိန်ကုလားက ရေတစ်ပုံးနှင့် ဦးခေါင်းမှ လောင်းချလိုက်သည်။ ဘယ်လိုပဲ လောင်းလောင်း ဦးဘိုးစိန် သတိပြန်မရတော့။

ဒီအချိန် ဂျပန်စစ်ဗိုလ်က စစ်ဖိနပ်နှင့် နံရိုးနံစောင်းများကို အချက်ပေါင်းများစွာ ကန်ကျောက်၍ ဒေါသတကြီး အော်ဟစ်ဆဲရေးလို့ ပြန်နိုးသည်။

ဘယ်လို နှိုး. . . နှိုး. . . ဦးဘိုးစိန် မလှုပ်တော့။ အကြောင်းကား သွေးလွန်ဒဏ်ရာများ အပြင် ပြင်းထန်သော ကန်ကျောက် ရိုက်နှက်ချက်များ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လူရိုးလူကောင်းကြီး ဦးဘိုးစိန်တစ်ယောက် အသက်ထွက်၍ သေဆုံးသွားခဲ့ပါပြီ။

နည်းတူ. . .

ထိုနေ့ည သန်းခေါင်ယံ အချိန်မှာ. . .

ညိုညိုညက်ညက်ကလေးနှင့် ကျက်သရေရှိ တင့်တယ်လှပသော ကိုယ်လုံးဖွံ့ဖွံ့နှင့် တင်းတင်းရစ်ရစ် ဖူးကြွနေသော အပျိုစင်မလေး ခင်အေးညို တစ်ယောက် ဂျပန်ကင်ပေတိုင် အီတိုရဲ့ ယုတ်ယုတ်မာမာ ရက်ရက်စက်စက် ပန်းဦးချွေခြင်းကို မရှုမလှ ခံစားလိုက်ရလေသည်။

ဂျပန်စစ်ဗိုလ် အီတိုက ရက်စက်ယုတ်ကန်းစွာ အဓမ္မပြုကျင့်ပြီးနောက် ပွဲတော်ကျကို ဂျပန်စကားပြန် စိန်ကုလားက ဆက်လက်စားသောက်ခဲ့သည်။

ခင်အေးညို အရက်အတွက် အကျောက်အကန် ရုန်းကန်ငြင်းဆန်ဆန့်ကျင်ခဲ့ပါသော်လည်း ခွန်အားချင်းကလည်း မမျှ၊ အားအင်ကလည်း ကုန်ခမ်းနေစဉ် လူမဆံ သူများ၏ ဘဝချင်း မစာနာ နှမချင်း မစာနာသည့် လုပ်ရပ်များအကြား. . .

ခုတော့ အပျိုစင် အညွန့်အဖူးတစ်ယောက် ဆံမြိတ်လည်းပြေ ပန်းလည်း ကြွေခဲ့လေပြီ၊ မျက်ရည်မိုးကား သည်းထန်စွာ ထစ်ချုန်းရွာသွန်းလျှက်။

နံနက်မိုးလင်းတော့ သူတို့က ခင်အေးညိုကို ပြန်လွှတ်လိုက်သည်။ ခင်အေးညို အဝတ်အစားများစုတ်ပြတ်လျှက် နုံးချည့်ခွေယိုင်သော ခြေလှမ်းများဖြင့် ဂျပန်ကင်ပေတိုင် ကိလေသာခန်းမမှသည် အိမ်အရောက်ပြေးပြန်လာခဲ့လိုက်ရလေသည်။

အိမ်ရောက်သည်နှင့် သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ပြီး ချုံးမည်းချ ငိုကြသည်။ မိခင်ဖြစ်သူသည် ဆံပင်က ဖရိုဖရဲ၊ အဝတ်အစားများက စုတ်ပြတ်ပေကျံပြီး မျက်ရည်အလူးဖုန်အလူးလူး ဖြစ်နေသည့် သမီးကိုဖက်၍ ငိုသည်။





"သမီး. . . သ. . . မီး. . . အမေရော. . . ဟင်. . . ဟင်"

"အမေ. . . အ. . . မေ. . . အင့်. . ."

"အေးလေ. . . သမီး အမေရော ဘယ်မှာလဲ. . ."

"အမေ. . . အမေ. . . မရှိတော့ဘူး. . . ဟီး. . . ဟီး. . ."

"အမလေး. . . ကိုဘိုးစိန့်ရဲ့ ဟီး. . . ဟီး. . . အစ်. . . အစ်. . . အစ်. . ."

"အမေ. . . အမေ. . . အမလေး လာကြပါအုံး. . . အမေတက်သွားလို့. . ."

ဒေါ်လှမေ ကိုဘိုးစိန့်ရဲ့ဟု အော်ရင်းတက်၍ သတိလစ်သွားသည်။ အော်ဟစ်ငိုယိုသံများကြောင့် အိမ်နီးနားချင်းများ ရောက်လာခဲ့ကြပြီး ဝိုင်းဝန်းပြုစုကြတော့မှ ဒေါ်လှမေ ပြန်၍ သတိရလာသော်လည်း အိပ်ယာထက်မှာ လဲခဲ့ရလေပြီ။

နောက်တစ်နေ့ နံနက် မိုးလင်းသောအခါ-

အိမ်နီးနားချင်းများ အားလုံး ဒေါ်လှမေ၏ အော်ဟစ်ငိုယိုသံကြောင့် ပြေးလာကြပြန်သည်။ သည်မှာ သူတို့အားလုံး အသည်းထိတ်စရာ ရင်နင့်စရာ မြင်ကွင်းတစ်ခုကို မမြင်ချင်ပါလျှက်နှင့် မြင်လိုက်ကြရတော့သည်။

မြင်ကွင်းကား မိန်းမရိုး မိန်းမကောင်းလေး ခင်အေးညို အိပ်ယာပေါ်မှာ အဆိပ်သောက်၍ သေနေသောမြင်ကွင်း။ အခြားကြားရသူများလည်း အုတ်အော်သောင်းတင်းနှင့် ပြေးလာကြသည်။ ခင်အေးညိုကား ဖျာပေါ်မှာ တွန့်လိန် မျက်လုံးပြူး၍ အေးစက်တောင့်လို့။

ကြေကွဲဆို့နင့်ဖွယ် မြင်ကွင်းကြောင့် ယောက်ျားသားများ ပြင်းထန်စွာ တောက်ခတ်ကြသည်။ ပေါက်ကွဲကြသည်။ တုတ်ဆွဲဓားဆွဲ ဖြစ်ကုန်ကြသည်။ မိန်းမသားများကား ဒေါ်လှမေနှင့် အပြိုင် ဟစ်၍ငိုကြတော့သည်။ ဒေါသထွက် ပေါက်ကွဲသူများအား လူကြီးသူမများက ဝိုင်းဝန်းဖျောင်းဖျ ထိန်းသိမ်းကြရသည်။

"တောက်. . . နေနှင့်အုံးကွ၊ မျိုးမစစ် စိန်ကုလားနဲ့ ဖက်သစ်



www.burmeseclassic.com

www.burmeseclassic.com



အယုတ်တမာကောင်တွေရေ . . ။ မင်းတို့ မိုးကောင်းတုန်း ရွာထား ရွာထား . . ။ ငါတို့-မိုးကောင်းလှည့်ရောက်ရင် မိုးကြိုးပါ ပစ်ချမယ်ဟေ့ . . "

♛ ♛ ♛

ရွှေဘုံပြန် အလွမ်း

ခင်အေးညိုနှင့် သူ့အဖေ ဦးဘိုးစိန်အလောင်းကို သင်္ဂြိုဟ်သည့်နေ့က သုသာန်အတွင်း လိုက်ပို့သူများ များပြားလှသည်။ ထိုနေ့က ကျန်ရစ်သူ ဒေါ်လှမေအား အမျိုးသမီးကြီးများက တွဲခေါ်ထိန်းခေါ်လာရသည်။

သူ သည်မှာ သရဏဂုံတင် ရေစက်ချ အမျှဝေပြီး သားအဖနှစ်ဦးရဲ့အလောင်းကို စတိ မီးသင်္ဂြိုဟ်ပြီး မြေမြှုပ်လိုက်ကြသည်။ အသုဘလိုက်ပို့သူများ မြေဖို့နေသည့် မြင်ကွင်းကိုကြည့်၍ မျက်ရည်မဆဲနိုင်ကြ။ သုသာန်သည် ငိုကြွေးသံများဖြင့် လူးလွန့်နေကြသလို၊ တောက်ခတ်သံ၊ ဒေါသပေါက်ကွဲသံများ ရေရွတ်ကြိမ်းဝါး သစ္စာပြုသံများလည်း လျှံနေသည်။

မကြာခင် မြေမြှုပ်သင်္ဂြိုဟ်သည့်ကိစ္စ ပြီးဆုံးသွားပြီး မြေပုံပေါ်မှာ ကဗ္ဗည်းမှတ်တိုင် နှစ်ခု စိုက်ထူလိုက်ကြသည်။ သည့်နောက် အားလုံး





သုသာန်အတွင်းမှ ပြန်ထွက်သွားကြသည်။ သုဘရာဇာကြီးလည်း မြေမြှုပ်သင်္ဂြိုဟ်မှုကိစ္စ ပြီးစီးသွားပြီမို့ သူနေထိုင်ရာ ဇရပ်သို့ သွားရောက် အနားယူနေလိုက်သည်။

သည်လိုနှင့် သုသာန်သည် တစပြင် ပီသစွာ ငြိမ်သက်သွားခဲ့လေသည်။

ညနေ နေဝင်ရီတရော အချိန်သို့ရောက်သောအခါ သချိုင်းထဲသို့ လူရွယ်တစ်ယောက် ရောက်ရှိလာခဲ့သည်။ သူကား ကျောက်ခဲ . . .

ကျောက်ခဲသည် လူအများမရိပ်မိအောင် ဆင်းရဲသားလယ်သမားတစ်ဦးလို ပုဆိုးတိုတို အကျီစုပ်ပြဲနှင့် ခေါင်းပေါင်းကြီးပေါင်း၍ ရောက်လာခဲ့သည်။ သူ နေ့ခင်းကတည်းက တာဝ ဥမင်လိုဏ်ထဲသို့ ရောက်ရှိခဲ့သည်။ နေ့ခင်းဘက် သိပ် လူယောင်ပြလို့ မကောင်း။ ရွာထဲရပ်ထဲမှာ စိန်ကုလားရဲ့ မွေးစားသားများ ရှိနေသည်။

ဥမင်ထဲမှာ အဘိုးသူတော်စင်ကြီးကိုလည်း မတွေ့ရ။ တွေ့ရသည်ကား ကျောက်တုံးနှင့် ဖိထားသော စာရွက်ပိုင်းလေးတစ်ခု။ သူ စာရွက်ကို ဖွင့်၍ ဖတ်လိုက်သည်။

*လူကလေး . .*

*အဘိုးကို လိုက်မရှာနဲ့။ အဘိုးအလုပ်ကို အဘိုးလုပ်နေတယ်။ အဘိုး တာဝန်ကျေခဲ့ပါပြီနော် သတိနှင့် နေထိုင်ပါ . . တစ်နေ့ပြန်ဆုံကြမယ် လူကလေး . .*

နန္ဒ

သူ စာရွက်ကလေးကို ကိုင်၍ မျက်ရည်များ စီးလိမ့်ကျလာခဲ့သည်။ ဦးစွာ သည်မြေကို ခြေချလိုက်သည်နှင့် သူ့ချစ်သူ ခင်အေးညိုတို့သားအဖနှစ်ဦးရဲ့ ကြေကွဲရင်နင့်စရာ သတင်းဆိုးကို စတင်ကြားရပြီး မျက်ရည်ပေါက်ပေါက်ကျခဲ့ရသည်။ ခု ဒုတိယ မျက်ရည်ကျခဲ့ရပြန်ပြီ။ ခုတော့ သူ့ကို ချစ်သူခင်အေးညိုကရော ကျေးဇူးရှင် အဘိုးသူတော်စင်ကြီးကပါ စွန့်ခွာ၍ သွားခဲ့ပြီကော။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် နေလုံးပျောက်၍လာသည်။ သူ သည်းညည်းခံ၍ မှောင်လာမည့်အချိန်ကို စောင့်လိုက်သည်။ နေဝင်ရီတရော ညီအကို မသိတသိ အချိန်သို့ ရောက်သောအခါ သူ ရုပ်ဖျက်ပြီး သချိုင်းသုသာန်ရှိရာသို့ ထွက်လာခဲ့လိုက်သည်။

သုသာန်ထဲရောက်သည်နှင့် မြေပုံအသစ်ရှိရာကို စူးစူးရဲရဲ လိုက်ကြည့်ရှာလိုက်သည်။ မကြာခင် အုံ့မှိုင်းနေသည့် ကုက္ကိုပင်အောက်မှာ လတ်ဆတ်သော မြေပုံနှစ်ခုကို ယှဉ်လျှက်တွေ့ရသည်။ သူ မီးခြစ်ကိုခြစ်၍ အလင်းရောင်နှင့် မြေပုံပေါ်မှ မှတ်တိုင်ကို ဖတ်လိုက်သည်။

ခင်အေးညို

အသက် (၁၇)နှစ် . . .

အနီးမှာက သူ့ဖခင် ဦးဘိုးစိန်ရဲ့ မှတ်တိုင်။ သူ့ ချစ်သူရဲ့ မြေပုံပေါ်မှာ မျက်နှာမှောက်ချပြီး ချုံးမည်းချ၍ ငိုပစ်လိုက်သည်။ ပါးစပ်မှလည်း ချစ်သူရဲ့ အမည်ကို အရူးပမာ တကြော်ကြော် အော်ခေါ်နေသည်။

''ညိုရေ . . ညို . . ''

''ခင်အေးညို တို့ရောက်လာပြီလေ . . ၊ ခင်အေးညိုရဲ့ ဟီး ဟီး ဟီး . . ''

ချစ်သူ ခင်အေးညိုသည် အမျိုးသား သစ္စာဖောက် စိန်ကုလားနှင့် ဖက်ဆစ်လူယုတ်မာကောင် နှစ်ဦးရဲ့ ညစ်ညမ်းစုတ်ပဲ့ချက်ကြောင့် မနိုးသော အိပ်စက်ခြင်းဖြင့် ထာဝရ လဲလျောင်းခဲ့ရပြီ . . .

သူ ချစ်သူမြေပုံပေါ်မှာ မျက်နှာအပ်ပြီး ချစ်သူနှင့်သူတို့ရဲ့ အနာဂတ်ဘဝကို တွေးနေမိသည်။ သူက ရှောင်တိမ်းနေရင်း ငွေကြေးကလေး စုဆောင်းမည်။ အတော်အတန် စုမိလျှင် ချစ်သူကို လာခေါ်မည်။ ကြည်ပြာ ရောင်သန်းသည့် အချစ်ဘဝကို ဒုက္ခရဲ့တော်မှ ဖောက်၍ တည်ဆောက်မည်။ အခု သူ့မှာ ငွေကြေး စုဆောင်းမိပါပြီ။ သူ ချစ်သူကို ပေးထားသည့် ဂတိ အတိုင်း ရောက်အောင်လာခေါ်ခဲ့သည်။ အလာကောင်းသော်လည်း အခါက နှောင်းခဲ့ပြီ . . .





သူ ဒီအရေးကို မြင်၍ ဒီရွာက အမြန်ပြောင်းကြပါဟု ကြိုပြောခဲ့သည်။ ခုတော့ အချိန်နည်းနည်း နောက်ကျသွားစဉ် စိန်ကုလားတို့က လက်ဦးသွားခဲ့ပြီ။

သူ မျက်ရည်များ စီးကျရင်းဖြင့် မြေပုံပေါ်မှ မြေကြီးကျစ်စာခဲများကို လက်နှစ်ဖက်နှင့် အားရပါးရ ဆုပ်ညှစ်၍ ကောင်းကင်ကို မော့ကြည့်ပြီး သစ္စာဆိုလိုက်သည်။ သူ ရင်နှင့်အမျှ အသက်နှင့်အမျှ ချစ်ရသူသည် ဖက်ဆစ်နယ်ချဲ့နှင့် အမျိုးသား သစ္စာဖောက် လောက်ကောင်များကြောင့် အသက်ဆုံးခဲ့ရသည်။

သူ့ချစ်သူသာမက သူ့ချစ်သူရဲ့အဖေ မြန်မာမျိုးချစ်ရဲဘော်များ အပြစ်မဲ့ မြန်မာ အမျိုးသမီးများ လူငယ်များ ရွာသူရွာသားများ အသက်သွေးချွေး မျက်ရည် ပွက်ပွက်ဆူခဲ့ ဆုံးရှုံးခဲ့ရသည်။ သူ တုန်ရင်သောအသံနှင့် သစ္စာစကားကို ဆိုလိုက်သည်။

''ခင်အေးညိုရေ နင့်ရဲ့ဘဝ နင့်အဖေရဲ့ဘဝ၊ ငါတို့တစ်မျိုးသားလုံးရဲ့ ဘဝကို ထုံးလိုချေ ရေလိုနှောက်၊ မျက်ရည်ပေါက်ပေါက် သွေးပေါက်ပေါက်ကျအောင် ရက်စက်သွားခဲ့တဲ့ လူယုတ်မာတွေ တစ်နေ့ အသေဆိုးနဲ့ သေကိုသေရစေမယ် ခင်အေးညို . . ၊ နင်တို့ အားလုံးအတွက် ငါတို့ လဲ့စားချေကြမယ်၊ ငါ နင့်မြေပုံမှာ ဂတိသစ္စာပြုခဲ့တယ် ခင်အေးညို၊ နင်တို့အားလုံးအတွက် ငါတို့ ဂလဲ့စားချေမယ်၊ ဂလဲ့စားချေမယ် . . ၊ စိတ်ချ''

သူ မြေစိုင်မြေခဲများကို လက်နှင့်တင်းကျပ်စွာဆုပ်ရင်း မျက်စေ့ မှိတ် မျက်ရည်စီးကြောင်းနှင့် ချစ်သူ၏ဝိညာဉ်ရုပ်သွင်ကို မြင်ရအောင် အာရုံပြုနေလိုက်သည်။ အာရုံထဲမှာ ချစ်သူခင်အေးညိုရဲ့ ရုပ်သွင်ပေါ်လာသည်။ မျက်ရည်စို့ရွဲနှင့် ခင်အေးညို . . ၊ သူ ချစ်သူဝိညာဉ်နှင့် စကားပြောသလို ခံစားရသည်။

အာရုံနှစ်မျောမှုမှာ အချိန်မည်မျှ ကြာသွားခဲ့သည်မသိ၊ သူ့ ပခုံးကို တစ်စုံတစ်ယောက်က ပုတ်လိုက်မှ ဖျတ်ခနဲ ဗန်တိုပညာအသိနှင့် ထိလာသည့်လက်ကို ပုတ်ထုတ်လိုက်ပြီး မြေပုံကို ကျော်၍ ရွှမ်းပစ်ကာ ခါးကြားမှ



www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်ကို ဆွဲထုတ်လျှက် တိုက်ခိုက်ရန် နေရာယူ အသင့်ပြင်လိုက်သည်။

လရောင်အောက်မှာ သူ လူကြီးတစ်ဦးကို မြင်လိုက်ရသည်။

အသက်က (၅၀)ခန့် ရှိမည်။ ပုဆိုးနွမ်းနွမ်းကို ခပ်တိုတိုဝတ်လို့။ ခြေသလုံးနှင့် ပေါင်ဖျားမှာ ထိုးကွင်းမင်ကြောင် မည်းမည်းရေးရေး မြင်နေရသည်။ သူ့ရင်ဘတ်ပေါ်မှာ တစ်ထွာခန့်ကျယ်သော စမအင်းကွက်ကြီးနှင့် ကျောပြောင် ကိုယ်တုံးလုံး။ လူကြီးက အသက်နှင့်မမျှ တည်ကြည်လွန်းလှ၏။

လူကြီးသည် ဆေးပြင်းလိပ်တိုကို ခဲရင်း သူ့ကိုကြည့်နေမြဲ။

"ခင်. . . ခင်ဗျား ဘယ်. . . သူ. . . လဲ. . . အနားကို မ. . . မကပ်နဲ့. . . နော်. . ."

"ဟေ့. . . မောင်ရင်၊ ငါ မင်းရဲ့ ရန်သူမဟုတ်ပါဘူးကွဲ့၊ မိတ်ဆွေပါ"

ရန်သူမဟုတ်ဘူး မိတ်ဆွေပါဟု လူကြီးပါးစပ်မှ ဆိုလိုက်သဖြင့် သူ မယုံမရဲနှင့် ဝန်းကျင်ကို မျက်စေ့ကစားလိုက်သည်။ ခေတ်ကာလ အခြေအနေက ညီအကို မသိတသိအချိန်။ ဘယ်သူ့ကိုမှ ယုံကြည်၍မရ။ သူ့လည်း မိမိက မသိ။ သူ့ကို လှည့်ဖျား၍ ဖမ်းဖို့များလား။

"ကျုပ်. . . ကျုပ် မယုံဘူး. . ."

"ဟား. . . ဟား. . . ဟား. . . ဟား. . . ယုံပါ မောင်ရင်ရာ၊ မင်းကို ငါသိပါတယ်၊ မင်းနာမည် ကျောက်ခဲ၊ မြွေအလမ္ဘာယ်ကျောက်ခဲ၊ မင်းဆရာကြီးအမည်က သူတော်စင်ကြီး အဘဦးနန္ဒ၊ ပြီးတော့ သိုင်းဆရာကြီး ဦးကျော်ဖေယျနဲ့ မြွေအလမ္ဘာယ်ဆရာကြီး ဦးရွှေမှိုင်း အခု မင်းလာခဲ့တာ မင်းချစ်သူရဲ့ မြေပုံရှိရာကို လာခဲ့တာ၊ ကဲ. . . ဟုတ်တယ် မဟုတ်လား"

"ဟင်. . . ခင်ဗျား. . . ခင်. . . ဗျား. . . ကျုပ် အကြောင်းကို သိ. . . သိ. . . နေတယ်၊ ဒါ. . . ဆို ခင်ဗျား. . . ဘယ်သူလဲ. . . ဘယ်က လဲ. . ."

"ငါက ဒီသချိုင်းက သုသာန်စောင့် သုဘရာဇာပါကွာ၊ ငါ မင်းနဲ့





စကားပြောချင်တယ်၊ ငါ့ကို ယုံကြည်စိတ်ချပါ မောင်ရင်လေးရာ၊ လာ. . . လိုက်ခဲ့. . ."

ပြောပြီးသည်နှင့် လူကြီးကရှေ့မှ ထွက်သွားသည်။ သူ့ရင်ထဲမှာ နည်းနည်းတော့ ငြိမ်သွားသည်။ ပတ်ဝန်းကျင်မှာ ရန်သူအရိပ်အယောင်တော့ မမြင်ရ။ လူကြီးက သချိုင်းဇရပ်ထဲမှ တိုင်တစ်တိုင်ကို မှီလိုက်ပြီး မြေရေနွေကရားအိုး တူးတူးမည်းမည်းကြီးနှင့် 'သောက်ကွာ'ဟုပြောပြီး ညွှန်ခဲ့သည်။

"ဦးကြီးရဲ့ အမည်က ဘယ်သူလဲ. . ."

"ငါ့ နာမည်က ပေါက်ကျိုင်းတဲ့ကွ. . ."

"ပေါက်ကျိုင်း. . . ဟုတ်လား. . ."

"အေးလေကွာ. . . နဂါးနိုင် ပေါက်ကျိုင်းပေါ့ကွာ၊ ဟား. . . ဟား. . . ဟား. . . ဟား. . .၊ ဒီမှာမောင်ရင် ငါတို့ဟာ နဂါးတာမိနေတယ်ကွ၊ နဂါးရဲ့ အညှို့ကို ခံနေကြရတယ်၊ ဒီနဂါးဆိုးကို ပေါက်ကျိုင်းလို လူစားမျိုးများက အနိုင်ယူရမယ်ကွ၊ ဒီမှာ မောင်ရင် ဂျပန်ဖက်ဆစ်ဟာ နဂါးဆိုးတစ်မျိုးပဲကွ. . ."

"ဦးကြီး. . . ဦးကြီးက ဘာ. . . ဘာလဲ ဟင်. . . ဟင်"

"မင်းနဲ့ငါတို့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အတူလက်တွဲပြီး လုပ်ကိုင်ခွင့်ကြုံလာလိမ့်မယ်၊ ငါ ဘာလဲ မင်းမသိချင်နဲ့ဦး၊ သိချင်ရင် မြန်မာကို ချစ်တဲ့ မြန်မာမျိုးချစ်တစ်ဦးလို့ပဲ မှတ်ထား၊ ပိုတိတိကျကျသိချင်ရင် သချိုင်းစောင့်သုဘရာဇာလို့ပဲ မှတ်ထား၊ ဒီမှာ မောင်ရင် မင်းဘာလဲ၊ ငါသိတယ်၊ လုပ်စရာရှိတာ ဆက်လုပ်ပါ. . ."

"ဟင့်အင်း. . . ဦးကြီးဘာလဲဆိုတာ ကျုပ် အခုသိချင်တယ်"

"စောပါသေးတယ် မောင်ရင်ရာ. . ."

"အခုအချိန်မှာ ဘာမှ မစောတော့ဘူးဦးကြီး၊ စောပါသေးတယ်လို့ ယူဆခဲ့လို့ ကျွန်တော့်ချစ်သူရော သူမိသားစုရော မြေကြီးထဲရောက်ကုန်ပြီဗျ၊ ရောက်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



''ဩော်. . . အေး. . . အေး ဒါဆိုလည်း ပြောရတာပေါ့ မောင်ရယ်၊ ဒီမှာ မင်းသိချင်တဲ့ ငါ့ပုံ. . .''

''ဟင်. . . ဦးကြီး. . . ဦးကြီးက ဒါ. . . ဒါဆို ငှို. . . ဟို. . .''

''ရှူး တိုးတိုး၊ ဒီအကြောင်း မင်းညီကိုမောင်နှမရှိရင်တောင် မပြောနဲ့၊ နှုတ်လုံပါစေ့ ငါ့လူ၊ ငါတို့ အားလုံးနောက်မှာ လူရော လက်နက်ရော အသင့်ရှိနေကြပြီကွ၊ မင်းတို့ ငါတို့အားလုံး၊ တစ်မျိုးသားလုံး၊ အဖွဲ့အစည်း ဂိုဏ်းဂဏအားလုံး စည်းစည်းရုံးရုံး ညီညီညွတ်ညွတ် လုပ်နိုင်ကြဖို့ပဲ အရေးကြီးတယ်၊ အခု အချိန်ကို စောင့်နေကြတာ၊ ဒီအတွက် ဒုက္ခမှန်သမျှ ရင်ဆိုင်ရဦးမှာပဲ၊ ဒီအရေးတော်ပုံမှာ မင်းချစ်သူ အသက်ဆုံးရှုံးခဲ့ရသလို၊ ငါဆိုရင်လည်း မယားရော၊ သားရော အဖေရောဆုံးရှုံးခဲ့ရပါတယ်၊ ငါတို့ရဲဘော် အတော်များများလည်း သမီးဆုံး ဇနီးဆုံး အသက်ဆုံး ဒုက္ခတဘာဝရောက်ဖြင့် စသည့် အစတေးခံခဲ့ရတာပဲ၊ တစ်နေ့ ငါတို့ မုချမသွေ ဒီဖက်ဆစ်နယ်ချဲ့ရန်ကို တွန်းလှန် ဂလဲ့စားချေနိုင်မှာပါကွာ ရဲဘော်လေးရာ. . .''

ကျောက်ခဲ ဝမ်းသာလွန်း၍ သူဘာရာဇာ ဘဝခံ မျိုးချစ်ကြီးဦးပေါက်ကျိုင်းလက်ကို အားရပါးရ ဆုပ်ညှစ်လိုက်သည်။ ဦးပေါက်ကျိုင်းကလည်း သူ့လက်ကို ဖျစ်ညှစ်အားပေးလိုက်သည်။ ပူနွေးရဲရင့်သော အတွင်းသွေးဓာတ်များသည် တစ်ဦးလက်မှ တစ်ဦးသက်သို့ စီးဝင် ကူးစက်သွားသည်။ သူ့ရင်ထဲမှာ အလွမ်းအစား အားအင်သစ်များ ပြန်ဝင်လာခဲ့သည်။

''ခင်အေးညိုရေ. . . လွတ်လပ်ရေးရပြီးရင် နင့်ကို ငါ အမွှေးဝေမယ်ဟေ့ စိတ်ချ. . .''

♛ ♛ ♛





## မြွေဒင်္ဂါးနှင့် အကျိုစုတ်တစ်ထည်

သူတို့ ထိုအချိန် ထိုနေ့မှစ၍ အခြားဘာယ်မှ ခရီးမထွက်တော့ဘဲ ဦးပေါက်ကျိုင်းတို့နှင့် အဆက်အသွယ်ရကာ။ နောက်ဆုံး တာဝတောနက်ထဲက ဥမင်လိုဏ် ဝန်းကျင်တစ်ဝိုက်မှာပဲ လှည့်နေခဲ့သည်။ ဒီဝန်းကျင်ကို ဘယ်သူမှ မလာရဲကြ။ ဒီတော့ ဒီဥမင်ဝန်းကျင်က ဂမ္ဘီရဆန်လွန်း၍ အများက ကြောက်ရွံ့ကြသည်။

ကျောက်ခဲသည် တစ်ခါတစ်ရံ ဥမင်လိုဏ်ထဲရှိ ဥမင်လိုဏ်ဂူ (၅၁) နံပါးခန့်တွင် တဂူဂူမှာ လျှို့ဝှက်အိပ်စက်သည်လည်း ရှိသည်။ တောထဲမှာ အိပ်သည်လည်း ရှိသည်။ ညအချိန်ရောက်မှ လျှို့ဝှက်စွာ ထွက်၍ လှုပ်ရှားသည်။ သို့နှင့် သူ သူတို့ရဲ့ သိုင်းကစားဘက် သူငယ်ချင်းများဖြစ်ကြသော လေင်းတို့အုပ်စုနှင့် ပြန်အဆက်အသွယ်ရခဲ့သည်။

အချင်းချင်း ပြန်ဆုံကြသောအခါ စိန်ကုလားနှင့် နီပွန်ဖက်ဆစ်တို့ရဲ့ ဆိုးညစ်ရက်စက် ယုတ်မာလှသည့် အကြောင်းများကို ရင်ဖွင့်ကြသည်။ ရွာမှ လူအချို့ သေမင်းတမန် မီးရထားလမ်းဖေါက်ရာသို့ ချောဆွဲခံရသည်။ အချို့ ငှက်ဖျားနှင့်၊ ဝဲနှင့်၊ ဝမ်းရောဂါနှင့် သေခဲ့ကြသတဲ့။ ပြန်ပြေးလာသူ နှစ်ဦးလည်း ဒီရောက်တော့ သေသတဲ့။

သူတို့ အံကြိတ်တောက်ခတ်ကြသည်။ သည့်နောက် ရည်မှန်းချက် ယုံကြည်ချက်များဖြင့် တစ်သွေးတစ်သား တစ်စိတ်တစ်ဝမ်းတည်း ဖြစ်သွားကြသည်။ မကြာခင် သွေးသောက်ရဲဘော်များ ဖြစ်သွားကြသည်။

ကျောက်ခဲမှာ အကြံအစည်တစ်ခုရှိနေသည်။

ဒီအကြံအစည်ကို သူ အကောင်အထည်ဖော်ချင်သည်။ ဒီကိစ္စကလည်း အပေါ်ရှာလို့ မဖြစ်။ သူတစ်ယောက်တည်း လျှို့ဝှက်စွာ စွန့်စားလုပ်ကိုင်ရမည့် အလုပ်ပဲဖြစ်သည်။ သို့နှင့် သူ တစ်ည. . .။ ခဝါသည် ဒေါ်မိန်းကလေးတို့အိမ်သို့ ရောက်သွားခဲ့သည်။ ဒေါ်မိန်းကလေးသည် သူနှင့် ဟိုစဉ်ကတည်းက တူသားလို ခင်မင်ကြသည့် အဒေါ်ကြီးဖြစ်သည်။ ဒေါ်မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးအိမ်မှာ အရွယ်ရောက်ကတည်းက ဝင်ထွက်လုပ်ကိုင်ကူညီရင် စားသောက်ခဲ့ဖူးသည်။

ဆင်းရဲသော မုဆိုးမတစ်ဦးမို့ မီးရေးထင်းရေး သုံးရေသောက်ရေကအစ သူက ကူညီပေးခဲ့၏။ သို့နှင့် သားအမိလိုလည်း သံယောဇဉ်ရှိခဲ့ကြ၏။

အခု ဒေါ်မိန်းကလေးက ဂျပန်စစ်စခန်းသို့သွား၍ ဂျပန်စစ်အရာရှိအချို့နှင့် ဂျပန်စကားပြန်တို့ရဲ့ အဝတ်အစားများကို လျှော်ဖွတ်သည့် ခဝါသည်အလုပ်ကို လုပ်နေသည်။

ဒေါ်မိန်းကလေးသည် သူ့ကို မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရသောအခါ အံ့သြဝမ်းသာလွန်း၍ ဖက်ထားလိုက်သည်။

"လူလေး . . ကျောက်ခဲ . . . နော် . ."

"ရှူး တိုးတိုး ကြီးမေ . . ၊ ကျွန်တော် ကျောက်ခဲပါ . . ."

"အမလေး . . မသေလို့ ပြန်တွေ့ရ ဝမ်းသာလိုက်တာ လူကလေးရယ် . . ၊ အမေက မင်းသေပြီလို့တောင် ကြားလို့ နေ့စဉ်မျက်ရည်နဲ့ မျက်ခွက် လူကလေးရဲ့ . . ."

"အခု မသေလို့ ပြန်တွေ့ရပြီးပဲ ကြီးမေရာ ဟုတ်လား . ."

"အေးကွယ် အမေဝမ်းသာလိုက်တာ၊ မင်းတို့ အကြောင်းတွေကြားရတော့ အမေစိတ်ထိခိုက်ရပါတယ်၊ သားရယ် . . . ဟို . . . ဟို . . . ခင်အေးညိုတို့ သားအဖလည်း ဟီး . . ဟီး . . ဟီး . . ဟီး"

ဒေါ်မိန်းကလေး ပြောရင်း သတိတရဖြစ်ကာ ငိုတော့သည်။ ကျောက်ခဲက အနှစ်သိမ့်အပြုံမရှိ အားလုံးသခါရပါပဲ ကြီးမေဟု တရားချရသည်။ လူတိုင်းသေမျိုးချည်းမို့ အရေးကြီးတာ အသေမြတ်ဖို့ အရေးကြီးသည် ကြီးမေဟုဆို၏။

"လူကလေး ထမင်းစားပြီး ပလား . ."

"ပြီးပြီ ကြီးမေ . . . ဒီမှာ ကြီးမေ . ."

"ဘာတုန်း . . . လူကလေး . . ."





"ကြီးမေဆီက အကူအညီ တစ်ခုလိုချင်လို့ ကြီးမေရဲ့ . . ."

"ဘာများလဲ သားရယ်၊ ပိုက်ဆံလား ရှိတယ် နေအုံး . ."

"ထိုင်ပါ အမေ . . ၊ ပိုက်ဆံကိစ္စမဟုတ်ပါဘူး။ ဒီလို ကြီးမေရဲ့၊ ကြီးမေက ဂျပန်စစ်ခန်းမှာရော စိန်ကုလားအိမ်မှာရော အဝတ်လျှော် အလုပ်လုပ်နေတယ်ဆို"

"အေးပေါ့ သားရယ် အခြေအနေအရ ဒီလိုပဲ အသက်မွေးဝမ်းကြောင်းနေရတာပေါ့၊ သူတို့ကို ယုံကြည်အားကိုးလို့ မဟုတ်ပါဘူးကွယ်"

"ကျွန်တော် သဘောပေါက်ပါတယ် ကြီးမေ . . ၊ ကြီးမေ အဲဒီမှာ ဆက်လုပ်နေပါ။ သားတို့ လက်ခံနားလည်ပေးပါ့မယ်၊ သားလိုချင်တာက တခြားမဟုတ်ဘူး။ ဒီမှာ ကြီးမေ . . ၊ ကြီးမေ ဂျပန်စကားပြန် စိန်ကုလားရဲ့ အကျႌ၊ ဒါမှမဟုတ် ပုဆိုးအဟောင်းတစ်ထည်နဲ့ ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတိုရဲ့ သုံးနေကျလက်ကိုင်ပုဝါ တစ်ထည်လောက် ရအောင်လုပ်မပေးနိုင်ဘူးလားဟင် . . ."

သူ့ရဲ့ အပြောကြောင့် ဒေါ်မိန်းကလေး အံ့အားသင့်နေ၏။

"စိန်ကုလားရဲ့ အကျႌပုဆိုးနဲ့ အီတိုရဲ့လက်ကိုင်ပုဝါ ဟုတ်လား"

"ဟုတ်တယ် . . . ကြီးမေ . . . တစ်ခုခုပေါ့ . . ."

"ဘာလုပ်ဖို့များလည်း သားရယ်၊ သားဝတ်စရာမရှိလို့လား"

"မဟုတ်ဘူး အမေ . . . လုပ်စရာရှိလို့ပါ။ ဝတ်နေကျ အဟောင်း ရေမလျှော်ရသေးတာကို လိုချင်တာ၊ အဲဒီအတွက် သားက ကြီးမေကို ကျေးဇူးပြုမှာပါ ကြီးမေရဲ့ . . ."

ဒေါ်မိန်းကလေး စဉ်းစားနေသည်။

"သိပ်ခက်ခဲနေလို့လား အမေ . . ."

"ခက်တော့ မခက်ပါဘူးသားရယ် . . ၊ တော်ကြာ ဘာဘာညာညာ . . ."

"အို . . . ကြီးမေရာ . . . အကျႌလက်ကိုင်ပုဝါ အဟောင်းအစုတ်ပျောက်တာ သူတို့အဖို့ အရေးမကြီးပါဘူး။ ကြီးမေ ရအောင်သာလုပ်ပေး

www.burmeseclassic.com



ဗျာ. . .၊ အဲဒီအတွက် ပေါဒီမှာ ရွှေဒင်္ဂါးတစ်ပြား . . . ရော့. . .''

''ဟင်. . . ရွှေဒင်္ဂါးတစ်ပြား. . .''

ကျောက်ခဲက ဒေါ်မိန်းကလေးလက်ထဲသို့ ရွှေဒင်္ဂါးတစ်ပြား ထည့်ပေးလိုက်သည်။ ဒေါ်မိန်းကလေးသည် သူမလက်ထဲမှ ဝင်းလက်နေသည့် ရွှေဒင်္ဂါးတစ်ပြားကို အံ့သြထူးဆန်းသလို ကြည့်နေသည်။ သူမရဲ့ တစ်သက်နှင့်တစ်ကိုယ်မှာ ရွှေဒင်္ဂါးတစ်ပြား မပြောနှင့် ငွေသုံးလေးဆယ်ပြည့်အောင် မကိုင်ဘူး၊ ဒေါ်မိန်းကလေး အရမ်းဝမ်းသာနေသည်။

''လူကလေး. . . အမေ့ကို အန္တရာယ် မဖြစ်နိုင်ပါဘူးနော်. . .''

''လုံးဝမရှိပါဘူး ကြီးမေ. . .၊ သူတို့ ဝတ်နေကျထဲကပဲ ဖြစ်ဖြစ် မသုံးဘဲစွန့်ထားတဲ့ အရောပဲဖြစ်ဖြစ်၊ မလျှော်ရသေးတာ ဖြစ်ရင်ရတယ်။ ဘယ်နဲ့. . .''

''စိတ်ချ လူကလေး၊ အမေကြိုးစားပြီး လုပ်ပေးမယ်. . .''

''ကိုင်း. . . ဒါဆို ကျွန်တော်ပြန်မယ် ကြီးမေ၊ စိတ်ချပါရစေနော်၊ ဒီကိစ္စအောင်မြင်ရင် နောက်ထပ် ရွှေဒင်္ဂါးတစ်ပြား ထပ်ပေးဦးမယ် သိလား''

''စိတ်ချပါ သားရယ်. . . ရ. . . ရပါစေ့မယ်. . .''

ကျောက်ခဲ လူရိပ်လူခြေကြည့်၍ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားခဲ့သည်။ ကျောက်ခဲ ပြန်သွားတော့ ဒေါ်မိန်းကလေး ရွှေဒင်္ဂါးပြားကို တုန်ရင်သော လက်အစုံနှင့် ဆုပ်ကိုင်ပြီး ပျော်ရွှင်နေသည်။ ဒီကိစ္စက ဘာခက်တာမှတ်လို့။ အောင်မြင်ရင် အပို ပေးဦးမတဲ့. . .။ သည့်နောက် ခေါင်းရင်း ဝါးပိုးတိုင်မှာ ဖောက်ထားသည့် တိုင်ပေါက်ထဲသို့ ရွှေဒင်္ဂါးပြားကို အသာထည့် ဝှက်လိုက်ပြီး အိပ်ယာပေါ်သို့ လှဲလိုက်သည်။

♛ ♛ ♛





## မြွေဟောက်ပါးဖြူ

ဒေါ်မိန်းကလေးက တကယ့်ကို အားကိုးရသည်။ မကြာခင် ဂျပန်စကားပြန် စိန်ကုလားရဲ့ ဝတ်နေကျ အင်္ကျီဟောင်းတစ်ထည်နှင့် ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတိုရဲ့ သုံးနေကျ လက်ကိုင်ပုဝါတစ်ထည်ကို ကျောက်ခဲ ရရှိခဲ့သည်။ ဝမ်းသာလိုက်တာ။

အဲဒီနေ့က နောက်ထပ် ရွှေဒင်္ဂါးတစ်ပြား ထပ်ပေးလိုက်သောအခါ ဂျပန်စစ်သားများရဲ့ လှုပ်ရှားနေသော သတင်းများကိုပါ သူသိရှိခဲ့ရသည်။

သည့်နောက် ကျောက်ခဲ မြွေဟောက်ကြီးပါးဖြူနှင့် အထူးလေ့ကျင့်ခန်းများကို တောထဲမှာ လျှို့ဝှက်စွာ လေ့ကျင့်ခဲ့လေသည်။ မြွေဟောက်ကြီး ပါးဖြူသည် အလွန်ပါးနပ်လိမ္မာ၏။ သူ့ကို အစာရှာကျွေးစရာမလို။ ဒီအတိုင်း လွှတ်ပေးထားလိုက်သည်နှင့် တောထဲမှာ သူ့ဟာသာ ရှာစားသည်။ အချိန်တန်လျှင် သူရှိရာ ပြန်လာသည်။ ပါးဖြူသည် သူ ဘယ်နေရာမှာရှိသည်ကို သူ့ကိုယ်နံ့ ခြေရာနံ့ခံ၍ လိုက်ရှာနိုင်၏။

မြွေနှင့်ပတ်သက်သည့် ဆန်းကြယ်လျှို့ဝှက်သော ဂမ္ဘီရအတတ်ပညာများကို သူ့ဆရာ မြွေအလမ္ပာယ်ဆရာကြီး ဦးရွှေမှိုင်းက သူ့ကို သင်ပေးခဲ့သည်။ အဲဒီမှာ မြွေမှော်သွင်းနည်းလည်းပါသည်။

ဒါ့အပြင် နေ့သားအလိုက် မြွေဆိပ်အချ မန္တန်ကိုလည်းကောင်း၊ မြွေလမ်းလွှဲမန္တန်၊ မြွေနိုင်မန္တန်၊ မြွေဆိပ်ပြောင်းမန္တာန်၊ မြွေဆိပ်တားထုံးမန်း၊ မြွေထုံးမန်းမန္တန်၊ မြွေရေမန်းမန္တန်၊ မြွေအာသီးမန်း၊ မြွေဆိပ်တန့်ဂါထာနှင့် မြွေဟူသမျှကို ခေါ်နိုင်သည့် ထူးဆန်းသော ဂမ္ဘီရ မြွေခေါ်မန္တန်ဆန်းများကို သင်ကြားပြသပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြွေတို့၏ အမွှတ္တစိတ်သည် ဆန်းကြယ်၏။ မြွေအလမ္ပာယ်သမားသည် မြွေ၁ကြောင်းကို ထဲထဲဝင်ဝင်သိမှ မြွေအလမ္ပာယ်သမား စစ်စစ်ဖြစ်နိုင်၏။

မြွေများကိုက်လျှင် သဘာဝ ပရိယာယ်ရှိသည်။ ဒါကို သိဖို့လိုသည်။ မြွေကု ဗိန္ဓောဆရာ၊ ဂမ္ဘီရဆရာတိုင်း ဒါကို သိထားရသည်။

ဥဒေါင်းညိုပြာ၊ လက်ျာကခဲ၊ သားရွှေခဲ၊ လက်ဝဲကခဲ. . . ဟူ၍ လက်ာသွားရှိ၏။ ဥ–က တနင်္ဂနွေ၊ ဒေါင်းက စနေနေ့၊ ညိုက အင်္ဂါနေ့၊ ပြာက ကြာသပတေးနေ့။ ၎င်းလေးနေ့၌ ရိုးရိုးမြွေကိုက်မှု လက်ျာဘက်က ဖြစ်ရမည်။

သား– သောကြာနေ့၊ ရွှေ– ဗုဒ္ဓဟူးနေ့၊ ခဲ– တနင်္လာနေ့ကိုက်မှု လက်ဝဲက ဖြစ်ရမည်။ ဒါဆို ရိုးရိုးမြွေကိုက်တာ. . .။

သို့မဟုတ်ဘဲ နေ့အလိုက်ကိုက်ခံရလျှက် လက်ျာလက်ဝဲ လွဲနေလျှင် ပညာဖြင့် လုပ်ကြံစီရင်သည် 'တိုက်မြွေ'ဟု မှတ်ရသည်တဲ့။

ပြီးတော့. . . မြွေဖိုမြွေမ သိဖို့ လက်ာလည်းရှိသေးသည်။

အောင်၊ စံ၊ မြ၊ သူ – အဖိုယူ။

ကျော်၊ လှ၊ ရဲ၊ ထွတ် – အမမှတ်တဲ့။

အောင်၊ စံ၊ မြ၊ သူ. . . တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာနေ့ ကိုက်မှု အဖိုဟု ယူတဲ့။ ကျော်၊ လှ၊ ရဲ၊ ထွတ်ကာ တနင်္လာ၊ ဗုဒ္ဓဟူး၊ ရာဟု၊ စနေနေ့ ကိုက်ခံရသူ မြွေမကိုက်သည်ဟု ယူပါဟု ရှေးပညာရှင်များက ဆိုခဲ့သည်လည်းရှိ၏။

မြွေနှင့် စပ်လျဉ်း၍ အံ့ဖွယ် ဂမ္ဘီရမှတ်ဖွယ်များကား များလှ၏။ ဒီပညာများကို ဆရာကြီး ဦးရွှေမှိုင်း သွန်သင်ချက်နှင့် သူ ရရှိတော့သည်။

သူ မြွေဟောက်ကြီးပါးဖြူကို ဟိုစဉ်ကတည်းက အဆင့်မြင့်လေ့ကျင့်ပေးထားခဲ့သည်။ မြွေသည် နားမကြား။ သို့သော် မြေကြီးကို တုံးကပ်၍ ခေါက်သံပေးပြီး ခေါ်ယူလေ့ကျင့် အစာကျွေးလျှင် မြေကြီးမှ လာသောတုန်ခါသံကို ရင်ဘတ်နှင့်ခံ၍ မြွေ၏ ဦးနောက်အာရုံက သိလေ့ရှိသည်။ မြွေသည်





တုံတင်တုန်ခါသံကို ခံစားတတ်သည်။

ပြောရလျှင် ပါးဖြူသည် မျက်စေ့လျင်၏။ အနံ့ခံကောင်း၏။ အတင်းပါး၏။ သခင့်အလိုကို နားလည်၏။

ကျောက်ခဲက ကြွက်ဆိုကြွက်၊ ကြက်ဆိုကြက်. . . လက်ညှိုးထိုးအမိန့်ပေး၍ 'ကိုက်'ဟု ဆိုလိုက်လျှင် ၎င်းသားကောင်ကို ရအောင်ကိုက်သည်အထိ လေ့ကျင့်ပေးခဲ့သည်။ အခုလည်း ဂျပန်စကားပြန်စိန်ကုလားရဲ့ ချွေးနံ့ချေးနံ့နံ့ဟောင်နေသည့် အင်္ကျီကိုနေ့စဉ်ပြ၍ အနံ့ခံနိုင်းပြီး လေ့ကျင့်ပေးခဲ့သည်။ ပြီးနောက် ၎င်း အင်္ကျီစများကို ဆုတ်ဖြဲလွှင့်ပစ်ပြီး ပါးဖြူကို အစွယ်နှင့်ပေါက်စေသည်။ သို့ကလို ပြုပြီးတိုင်း မြွေကြီးပါးဖြူကို အမှတ်တရ အသားတစ်စကျွေးလိုက်သည်။

ရက်အတန်ကြာ လေ့ကျင့်ပေးလိုက်သောအခါ စိန်ကုလားရဲ့ အင်္ကျီအစတစ်စ သူ့ထံ လှမ်းပစ်ပေးလိုက်သည်နှင့် ဒေါသတကြီး ကိုက်ခဲလိုက်သည်အထိ ပါးဖြူနားလည် သဘောပေါက်လာခဲ့သည်။ ဒီလို ကိုက်ပြီးတိုင်း သူ အစာစားရမှန်း သိနေ၏။

ဒါမျှမက စိန်ကုလားရဲ့ အင်္ကျီတစ်စကို တော်ရာမှာ ဝှက်ထားပြီး ကျန်အစနှင့် အနံ့ပေး၍ လိုက်ရှာကိုက်စေသည်ကိုလည်း ကြာတော့ ပါးဖြူက အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ သို့နှင့် သူ စိန်ကုလားအင်္ကျီနံ့ကို တစ်လှည့် ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတိုရဲ့ ရေမွှေးနံ့နှင့် ချွေးနံ့ရောနေသော လက်ကိုင်ပုဝါကို တစ်လှည့် နေ့စဉ် အနံ့ခံကိုက်ခဲစေသည့် လေ့ကျင့်ခန်းကို လုပ်ပေးလိုက်သောအခါ–

ဒီအနံ့နှစ်ခုကိုရတိုင်း သူ ဒေါသတကြီး ဖြစ်လာသည်။

"ဟင်း. . . စိန်ကုလားနဲ့ အီတိုရေ. . .၊ မကြာခင် မင်းတို့အလှည့်ရောက်တော့မယ်ကွ. . .၊ ထမင်းဝအောင်သာ စားထားကြပေရော့ ဟားဟား. . . ဟား. . . ဟား. . ."

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ကြွေးဆပ်သည့်ညများ

ည။

အမှောင်က နိုင်လိုမင်းထက် ကြီးစိုးနေသည်။ အချိန်က ညဉ့်(၁၀)နာရီခန့်ရှိပြီ။ ထိုစဉ် စိန်ကုလား၊ နသိုးနှင့် ကြောင်တို့ ဂျပန်ဆာကေး အရက်ရော မြန်မာချက်အရက်ရော မူးယစ်ပြီး ပြန်လာကြသည်။

ယခု စိန်ကုလားသည် မြို့နှင့် အတန်ငယ်လှမ်းသည့် ဘုရားကုန်းလို တောမကျ ရွာမကျ နေရာမှာ မနေတော့။ မြို့ပေါ်မှာ ပဲနေသည်။ ဂျပန်ကင်ပေတိုင်အဖွဲ့ကလည်း အရေးဆို ချက်ချင်းခေါ်သုံးနိုင်ရန် သူတို့အနားမှာပဲ ရှိစေချင်သည်။ စိန်ကုလားနည်းတူ သူ့နောက်လိုက် နသိုးနှင့် ကြောင်တို့ကလည်း မြို့ပေါ်မှာ ပြောင်းရွှေ့နေကြသည်။

ယခုလည်း မျိုးချစ်တော်လှန်ရေးသမားဟု မသင်္ကာသူများကို လိုက်လံရှာဖွေ ဖမ်းဆီးရာမှာ ကူညီခဲ့သည့်အတွက် သူတို့အားလုံးကို ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတိုက အရက်နှင့် ဂုဏ်ပြုခဲ့သည်။

သူတို့သုံးဦး ပါးစပ်မှ ဂျပန်သီချင်းတစ်လှည့် မြန်မာသီချင်းတစ်လှည့် သီဆိုရင်း ခြေနင်းသိုင်းကွက်ကြဲနှင့် လမ်းလျှောက်ပြန်လာကြသည်။ သို့ကလို ဆူညံအော်ဟစ်နေ၍ သူတို့ကို ဘယ်မြန်မာများမှ မပြောရဲ ကြောက်ကြသည်။ စိန်ကုလားက ပဲခူးစု မြောက်ပိုင်းရပ်ကွက်ထဲမှာ နေသည်။ ယခု သူတို့သွားနေသည်ကား ဂျပန်ဆေးရုံကြီး အရှေ့ဘက်ရပ်ကွက်ထဲမှ စိန်ကုလား မယားငယ်အိမ်ကိုပဲ ဖြစ်မည်။ စိန်ကုလားသည် မျက်စေ့တစ်ဘက်လပ်နေသော်လည်း သူ့မှာ လုံးကြီးပေါက်လှ မယားတစ်ယောက်ရှိ၏။

ဒါနှင့် သူက အားမရသေး၊ အခြားသော အမျိုးကောင်းသမီးများကို ကြံလျှင်ကြံသလို နိုင့်ထက်ကလူ ခြေတော်တင်သေးသည်။ အခုလည်း မယားငယ် ကပြားမအိမ်ကို သွားနေ၏။ မယားငယ် ကပြားမ အမည်က 'အဲရစ်စိန်ကြည်'ဟု ခေါ်၏။ သူမသည် အဖေ အင်္ဂလိပ်သွေးနှင့် မြန်မာမိခင်သွေးရောနေသော အင်္ဂလိပ်စစ်ပြေးလက်ကျန် အမျိုးသမီးဖြစ်သည်။





ခေတ်အလွန်ဆန်၏။ ငွေမက်၏။ ဂုဏ်မက်၏။ ဆိုရှယ်ကျ၏။ ရက်ရက်စက်စက်လည်း လှ၏။ သူမ၏ ဖခင်သည် အိန္ဒိယသို့ပြေးခဲ့ပြီ။ မိခင်လည်း ကွယ်လွန်ခဲ့ပြီ။ အင်္ဂလိပ်အုပ်ချုပ်စဉ်က ဆိုရှယ်လောကမှာ သူမ ထင်ပေါ်ကျော်ကြားခဲ့၏။

အင်္ဂလိပ်အစိုးရ မရှိတော့၊ ပါးနပ်ပြီး လူရည်လည်သော အဲရစ်က ခုတ်ချည်း အရှိန်အဝါကြီးလာသည့် ဂျပန်စကားပြန် စိန်ကုလားနှင့် ပေါင်းမိသွားသည်။ စိန်ကုလားကလည်း လည်သည်။ လုံးကြီးပေါက်လှ ပြည့်တင်းဝင်းအိနေသည့် အဲရစ်စိန်ကြည်ကို မြင်သည်နှင့် ခြောက်လုံးများ သုံး၍ ချဉ်းကပ်လိုက်သည်။

ဂျပန်ခေတ်မှာ ကပြားများ အင်္ဂလိပ်စပိုင် တံဆိပ်ကပ်ခံရမှာကို အလွန်ကြောက်ကြသည်။ သည်ကြားထဲ သိတော်မူကြသည့်အတိုင်း ဆပ်ပြာကရှား၊ အဝတ်အထည်ကရှား၊ အစားအသောက် ဆေးဝါးကရှား ကာလဆိုးမှာ လူနေဘဝ လုဖို့မလွယ်လှ။

အင်္ဂလိပ်စပိုင် သူလျှိုတံဆိပ်ကပ်ခံရမှာ ကြောက်သော ကပြားမလေးကို ဂျပန်စကားပြန်စိန်ကုလားက ဂျပန်ရိက္ခာစခန်းမှစားကောင်းသောက်ဖွယ်များပေး၍ ယောက်ပုံသိမ်းသွင်းသည်။ သို့ကလို ခြောက်ချီတစ်လှည့် ပေးကမ်းမြှောက်ပင့်သည် တစ်လှည့်နှင့် ချဉ်းကပ်လိုက်သောအခါ မကြာမီ အဲရစ်စိန်ကြည် စိန်ကုလားရဲ့ -- မယားငယ်ဘဝသို့ ရောက်ရှိခဲ့လေသည်။

ဒီလိုနှင့် မယားငယ် အချောအလှလေး အဲရစ်စိန်ကြည် အိမ်သို့ စိန်ကုလားတို့ ရောက်ရှိလာခဲ့လေသည်။

''အဲရစ်. . . အဲရစ်. . . အချစ်ကလေး. . . အေ့. . .''

''အဲရစ်ရေ . . အချစ်. . . အစ်. . . အေ့. . .''

သူ ခြံဝမှာ ရပ်လိုက်ပြီး သူ့လူများကို ပြန်ရန်ပြောလိုက်သည်။ ဒီအချိန်မှာပဲ အိမ်တံခါးပွင့်လာပြီး ညဝတ်အင်္ကျီဖားလျားနှင့် အဲရစ်စိန်ကြည် ပြေးဆင်းလာပြီး စိန်ကုလားကို တွဲယူလိုက်သည်။

''သွားမယ်. . . စိန်ကုလား. . .''



www.burmeseclassic.com

www.burmeseclassic.com



''သွား. . .''

''သိပ်မလောနဲ့နော်. . . သူငယ်ချင်း. . . အဟဲ ဟဲ ဟဲ. . .''

''သွားစမ်းပါကွာ. . . ဒါ. . . ဒါ. . . ငါ့ အပိုင်းပါ. . . အေ့. . .''

သည့်နောက် နသိုးနှင့် ကြေိုင်တို့က သီချင်းများအော်ဆိုပြီး တစ်ယောက်လည်ပင်း တစ်ယောက်ဖက်၍ ပြန်သွားကြသည်။

''အချစ်ကလေး. . .''

''ဒါလင်. . . အို. . . ဒါလင်ကလည်း သွား. . . ဟင်း. . .''

စိန်ကုလားက အငြိမ်မနေ၍ အဲရစ်က အနိုင်နိုင်ထိန်းတွဲရင်း အိပ်ခန်းထဲသို့ ခေါ်သွားသည်။ သူ ခုတင်ပေါ်မှာ ပက်လက်လဲကျသွားသည်။ ညဝတ်အင်္ကျီအောက်မှ အဲရစ်စိန်ကြည်ရဲ့ လှုပ်လှိုလှုပ်လှဲ့ အသားစိုင်များကို မီးရောင်နှင့် မြင်လိုက်ရသောအခါ ရာဂသွေးများသည် နိုးကြွ၍လာခဲ့သည်။

''ဒါလင် ထပ်သောက်ဦးမလား ဟင်လို့. . .''

''နိုး. . . နိုး. . . မသောက်သေးဘူး လာပါအုံး အချစ်ကလေးရယ် အဟင်း. . .''

''အို. . . ဒါလင်ကလည်း. . . အို. . . ကဲ. . . ကဲ. . .''

သည်အချိန်မှာပဲ အိမ်ခြံအတွင်းထောင့် ပန်းချုံအောက် အမှောင်ထဲမှာ ခြင်ကိုက်ခံပြီး ဖွဲ့နပဲကြီးစွာ စောင့်မျှော်နေသူတစ်ယောက်။

အခြားသူတော့ မဟုတ်။

မြွေအလမ္ပာယ်ကျောက်ခဲ။

ကျောက်ခဲသည် အိပ်ခန်းထဲမှ တခွူးခွူးတခေါ်ခေါ် ဟောက်သံများ ကြားလိုက်ရသောအခါ ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ပြီး အသင့်ပါလာသည့် လွယ်သိုင်းကြိုးနှင့် သစ်သားသေတ္တာကို ဖွင့်၍ အထဲမှ သတ္တုဝါတစ်ကောင်ကို ဆွဲထုတ်လိုက်သည်။

သူ ထုတ်လိုက်သည့် သတ္တဝါကား လက်မောင်းလုံးခန့်တုတ်သော မြွေဟောက်ကြီးပါးဖြူ။ မြွေဟောက်ကြီးသည် အပြင်သို့ရောက်သည်နှင့် ပါးပျဉ်းကို ထောင်လိုက်ကာ အနံ့တစ်မျိုးရရာဘက်သို့ ဦးခေါင်းကို





လှည့်ကြည့်လိုက်၏။ ဒါ့အပြင် သခင့်အမိန့်ကိုလည်း ငံ့လင့်နေ၏။

ကျောက်ခဲက လွယ်အိတ်ထဲမှ အင်္ကျီစုတ်ကို ထုတ်၍ မြွေဟောက်ကြီး နှာခေါင်းရှေ့မှာ အနံ့ပေးရှူစေလိုက်သည်။ မြွေကြီးသည် လေ့ကျင့်ပေးထားသည့်အတိုင်း ရက်ပေါင်းများစွာရှူပြီး စိတ်ကြမ်းဝင်ခဲ့ရသည့် ချွေးနဲ့ အရက်ချိုးနံ့နံနေသည့် အင်္ကျီကို တွေ့လိုက်ရသောအခါ ဒေါသများထွက်လာပြီး သုံးကြိမ်သုံးခါ အနံ့ခံ၍ ပါးပျဉ်းကိုကားလိုက်သည်။ သူ့မျက်လုံးနှစ်လုံးသည် ရဲရဲနီနေသည်။

သည့်နောက် ကျောက်ခဲက အင်္ကျီမှ အဝတ်စတစ်စကို ကြိတ်၍ဖြဲလိုက်ပြီး မြွေဟောက်ကြီး ပါးဖြူရဲ့ လည်ပင်းမှာ ခပ်တင်းတင်း ချည်ပေးလိုက်သည်။ ပြီးနောက် မြွေခိုင်းမန္တန်ကို ရွတ်လိုက်သည်။ ပြီးသည်နှင့် အိပ်မောကျနေသည့် ဂျပန်စကားပြန် စိန်ကုလားအိပ်ယာအနီးသို့ ချဉ်းကပ်လိုက်ပြီး လက်ညှိုးထိုးပြလိုက်သည်။ လေ့ကျင့်ရည် ဝနေသည့် မြွေဟောက်ကြီးသည် သဏ္ဌာန်တူအနံ့ကို ရနေ၍ နားလည်စွာ ဦးခေါင်းကိုညိတ်လိုက်သည်။

ကျောက်ခဲ မြွေကြီးဦးခေါင်းကို သုံးကြိမ်လက်နှင့် သပ်လိုက်ပြီး ထရံကျိုး အပေါက်ဝမှ မြွေကို သွင်းလိုက်သည်။

ဒီအနံ့နှင့် လေ့ကျင့်ရည် ဝနေသော သခင့်စကားကို နားလည်သောအမိန့်ကို ဦးလည်မသုန် တာဝန်ကျေပြွန်စွာ ဆောင်ရွက်ပေးလေ့ရှိသော မြွေဟောက်ကြီးပါးဖြူသည် လူးကာလွန့်ကာနှင့် အပေါက်ဝမှဝင်ကာ စိန်ကုလားကိုယ်နံ့ကိုခံရင်း မီးရောင်အောက်မှာ ဖိုးလို့ပက်လက် အိပ်မောကျနေသော စိန်ကုလားနှင့် မယားငယ်ရှိရာသို့ သွားတော့လေသည်။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com

အာရုဏ်လင်းသောအခါ စိန်ကုလား မယားငယ် အဲရစ်စိန်ကြည်က သူ့လင်ကို နှိုးလိုက်သည်။

သူ့လင်တစ်ကိုယ်လုံးသည် အေးစက်တင်းနေသည်ကို ရုတ်တရက် သိလိုက်ရသည်။ သည့်နောက် ဒါလင်. . . ဒါလင်. . . ဟုခေါ်၍ လှုပ်နှိုး၏။ အလို အေးစက်တောင့်တင်းလို့ပါကလား . .။ သူမ အကြိမ်ကြိမ် လှုပ်နှိုး၍ မရသောအခါ ခေါင်းရင်းမှ ပြူတင်းတံခါးကို ဖွင့်လိုက်သည်။

စိတ်ကူးသစ်စာပေ



"အိုး . . မိုင်ဂေါ့. . ."

သူမ လန့်ဖျန့် တုန်ခါသွားသည်။ ဘုရား . . ဘုရား . . ကြည့်စမ်းပါ။ သူ့လင် စိန်ကုလားရဲ့ မျက်နှာသည် မျက်လုံးများ ဖွေလန်ပြီး ရှုံ့တွနေသည်။ ဒူးနှစ်ဖက်လည်း ကွေးကောက်နေသည်။ နှာခေါင်းမှ သွေးစအချို့ စီးကျချောက်ချေလျက်။ လက်တစ်ဖက်ကလည်း ခုတင်အောက်သို့ တွဲလောင်းကျနေသည်ကို စိုးရိမ်ထိတ်လန့်ဖွယ် မြင်ကွင်းကို မြင်လိုက်ရသောအခါ သူ လန့်၍ စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။

လင်လုပ်သူ စိန်ကုလား၏ကိုယ်သည် ကောက်တောင့်၍ အကြောများ တွန့်လိန်ပြီး ပြာတာတာဖြစ်နေသည်။ သူ့ပုံစံက ဝေဒနာတစ်ရပ်ကို မချိမဆံ့ ခံစားနေရသည့်ဟန်။ သူမ အော်ဟစ်လိုက်ပြီး အိမ်ရှေ့သို့ ပြေးထွက်ကာ အိမ်နီးနားချင်းများကို အရေးပေါ် အကူအညီတောင်းလိုက်ရသည်။

သူမရဲ့ အလန့်တကြား အော်ဟစ်သံ အကူအညီတောင်းသံကြောင့် အိမ်နီးနားချင်းများ ချက်ချင်း အိမ်ပေါ်သို့ ရောက်လာကြသည်။ နားလည်သူ လူကြီးအချို့က စိန်ကုလားရဲ့ အခြေအနေကိုကြည့်ပြီး သေဆုံးနေပြီဖြစ်ကြောင်း ပြောပြလိုက်သောအခါ အဲရစ်စိန်ကြည် မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ဟစ်၍ငိုချလိုက်လေသည်။

လူလွှတ်၍ အကြောင်းကြားလိုက်သည့်အတွက် မကြာခင် စိန်ကုလားရဲ့ သူငယ်ချင်းများနှင့်အတူ သူတို့ရဲ့ ဆရာသခင် ကျေးဇူးရှင် ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတိုနှင့် အဖွဲ့တို့ ရောက်ရှိလာခဲ့ကြသည်။ ဆေးမှူးလည်း ပါလာသည်။ သူတို့အားလုံး ခုတင်ပေါ်မှ စိန်ကုလားရဲ့ ရုပ်ပျက်ဆင်းပျက် အလောင်းကို မြင်လိုက်ရပြီး အခြေအနေကြည့်သည်။ မနေ့က အကောင်း။

သည့်နောက် ဘာကြောင့် ဘယ်လို သေဆုံးရသည်ကို အီတိုက စစ်မေးသည်။ အထူးသဖြင့် အဲရစ်စိန်ကြည်ကို စေ့စေ့စပ်စပ်မေးသည်။ စိန်ကြည်ကလည်း ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ သူတို့ ခုတင်ပေါ်မှ တွဲလျောင်းကျနေသည့် စိန်ကုလား ရဲ့ ဘယ်ဘက်လက်ကို သတိပြုမိသွားကြသည်။ အသေအချာ စစ်ဆေး လိုက်သောအခါ လက်မနှင့် လက်ညှိုး အခွကြားမှာ အပေါက်ကြီးနှစ် ပေါက်ကို တွေ့ကြရတော့သည်။ အသားစအချို့က ဖွာလံကြပြီး လက်ကြီး က ယောင်ကိုင်းလို့။ ၎င်းအခြေအနေကို ကြည့်ပြီး စိန်ကုလားသည် အဆိပ် ရှိသော သတ္တဝါတစ်ကောင်ကိုက်၍ သေဆုံးရခြင်းဖြစ်နိုင်ကြောင်း ဂျပန်ဆေး မှူးမှ ပြောကြားလိုက်သည်။

ဒါနှင့်အတူ သူတို့ စိန်ကုလား ခုတင်ခြေရင်းမှ ပစ္စည်းတစ်ခုကို လည်း တွေ့လိုက်ရသည်။ တွေ့ရသည့်ပစ္စည်းကား လက်သန်းလုံးခန့်ရှိ သည့် အဝတ်စလေးတစ်ခု။ ငွင်းထိုးပုံစံ ချည်နှောင်ထားလျှက် ဒါ. . . ဘာ အဓိပ္ပာယ်လဲဆိုတာတော့ သူတို့အား မစဉ်းစားတတ်ကြ။

♛ ♛ ♛

မနက်ဖြန်ဆိုလျှင် ဂျပန်စကားပြန် စိန်ကုလားရဲ့ အသုဘချတော့ မည်ဖြစ်သည်။ အသုဘအိမ်သည် စိန်ကုလား၏ သူငယ်ချင်းတစ်စုနှင့် အဲ ရစ်စိန်ကြည်၏ ကပြားမိတ်ဆွေများပဲ အိမ်ပေါ်မှာ စု၍ ဖဲဝိုင်းနှစ်ဝိုင်း ကျင်းပ နေသည်။





စိန်ကုလား၏ မယားငယ် အဲရစ်စိန်ကြည်သည် သူမရဲ့ မိတ်ဆွေ ကပြားမများ အမျိုးသားများနှင့် တစ်ဝိုင်းဖွဲ့၍ ပိုကာဒေါင်းနေကြ၏။ သူမ သည် လင်တစ်ယောက်လုံး သေသည့်အတွက် တခဏတော့ အပူမီး ကြွ သော်လည်း သိပ်ကြီးကြီးကျယ်ကျယ် စိတ်မထိနိုက်ခဲ့။

ပိုကာဝိုင်းမှာ စီးကရက်ခဲပြီး ဖဲချပ်များကို ယပ်တောင်လိုဖြန့် ကားကြည့်ရင်း အနာဂတ်အရေးအတွက် မှီခိုအားထားရမည့် လင်တစ် ယောက်ကို လှမ်းမျှော်ကြည့်နေမိသည်။

သို့ကလိုနှင့်ပင် စိန်ကုလားအသုဘမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သခါရ တရားဓမ္မအကြောင်း ပြောဆိုသည့်သူ လုံးဝမရှိဘဲ၊ တဝါးဝါး တဟား ဟားနှင့် ဖဲဝိုင်း အရှိန်ကောင်းနေသည့် အချိန်။

ဂျပန်ကင်ပေတိုင် အချုပ်ခန်းမှာလည်း လူဝင်လူထွက် နည်းကျဉ်း စွာဖြင့် အလုပ်လုပ်နေကြသည်။

ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတိုသည် ဂျပန်ကို ဆန့်ကျင့်ရန် လှုပ်ရှားနေသော မျိုးချစ်မြေအောက် တော်လှန်ရေးသမားတစ်ဦးကို စစ်ဆေး ပြီး မောမောပန်းပန်းနှင့် အနားယူခန်းမှ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင် ချလိုက်သည်။

ပြီးနောက် ဂျပန်တပ်ကြပ်ကြီး ငှဲ့ပေးခဲ့သည့် အရက်ခွက်ကို ကောက်မော့ပြီး တံတွေးတစ်ချက် ထွေးလိုက်သည်။ သူ့လက်သည် တရား ခံ မြန်မာတစ်ဦးကို နှိပ်စက်စစ်ဆေး မေးမြန်းခဲ့ရသဖြင့် နာကျင်နေသည်။ ဒါနှင့်အတူ ဘာတစ်ခွန်းမှ မေးမရဘဲ ဘူးခံနေ၍ သူ အကြီးအကျယ် ဒေါ ပွနေသည်။

ခုတလော ဒီနယ်တစ်ရိုးမှာ ပြောက်ကျားတပ်ဖွဲ့၍ နိပ္ပွန်ဆန့်ကျင် ရေး စည်းရုံးလှုပ်ရှားနေကြောင်း သူတို့ စစ်ပုလိပ်စုံထောက်အဖွဲ့မှ သတင်း ရရှိသည်။ ခက်သည်ကား သူ့ညာလက်ရုံး စကားပြန်စိန်ကုလား ရုတ်တရက် သေဆုံးသွားခြင်းက သူတို့အတွက် ကြီးစွာသော ဆုံးရှုံးမှုဖြစ်သည်။

စိန်ကုလားရှိတုန်းက အလွန်အားကိုးရသည်။ စိန်ကုလားက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနှင့် ဘယ်လူ လျှို့ဝှက်အဆက်အသွယ်ရှိကြသည်ကို ဒက်ခနဲ ပြောနိုင်သည်။ လက်ရှိစကားပြန်ကား စကားပြန်နိုင်းရုံပဲ ရသည်။ တရားခံ လျှို့ဝှက်တော်လှန်ရေးသမားများ အနံ့ကိုမခံတတ်။

သို့ဖြစ်၍ မိလာသည့် မသင်္ကာဖွယ်တရားခံကို သူ ညဦးပိုင်းတညလုံး အမျိုးမျိုး စစ်ကြောမေးမြန်းပါသော်လည်း ငါရားခံသည် လုံးဝဘူးခံရင်း သတိလစ်မေ့မျောသွားခဲ့သည်။ သူ အရမ်းစိတ်အိုက်သွားသည်။

သည့်နောက် အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်ရင်း စဉ်းစားခန်း ဝင်နေလိုက်သည်။ စဉ်းစားရင်း နှုတ်မှ ခွေးများကို လက်ညှိုးနှင့်သပ်ချလိုက်သည်။ သုံးလေးခွက်မြောက်မှာ သူ မူးယစ်ယစ်ဖြစ်လာခဲ့သည်။

''ရှူး . . ဖူး . . .''

''ဖူး . . ဖူး . . .''

စူးရှကျယ်လောင်သည့် နှာမှုတ်သံကြောင့် မူးယစ်ငိုက်မြည်းနေရာမှ အလန့်တကြား ခေါင်းထောင်ကြည့်လိုက်သည်။

''အိုး . .''

အီတို မြင်လိုက်ရသည့် မြင်ကွင်းကြောင့် မျက်လုံးနှစ်လုံး ဝိုင်းစက်ပြူးကျယ်သွားခဲ့သည်။ အမူးလည်း ပျောက်ချင်သလိုလို ဖြစ်သွားခဲ့သည်။ သူ မျက်စေ့ရှေ့မှ လှုပ်လှုပ်ယိမ်းယိမ်း အရာကို မျက်စေ့မှိတ်ရင်း အသေအချာ စူးစိုက်ကြည့်လိုက်သည်။ သူ မီးရောင်အောက်မှာ မြင်လိုက်ရသည်ကား ထမင်းစားပန်းကန်ပြားခန့်ရှိသော ပါးပျဉ်းကြီးကို ခွက်၍ စူးရဲသောမျက်လုံးအစုံနှင့် သူ့ကို အငြိုးကြီးကြီးစိုက်ကြည့် ညှို့ဟန်ပြနေသည့် မြွေမည်းမည်းပြောင်ပြောင်ကြီးတစ်ကောင်။

မြွေကြီး၏ ပါးစောင်နှစ်ဘက်သည် ထုံးသုပ်ထားသလို ဖြူနေ၏။ မြွေကြီးက ပါးပျဉ်းကို ယိမ်းနွဲ့ရင်း သူ့ရှေ့သို့ တိုး၍လာနေသည်။ သူ အူရော အသည်းရော ပြောင်းပြန်လည်ချင်အောင် လန့်နေပြီး အော်ဟစ်ရန် သတိမေ့နေသည်။

တစ်ကိုယ်လုံး ချွေးများစီးပုံကျလာပြီး ကြက်သေသေသလို





ဖြစ်သွားခဲ့သည်။ ထိုသို့ ကြည့်နေစဉ် မမျှော်လင့်ဘဲ မြွေကြီးရဲ့ လည်ပင်းအောက်နားမှာ ချည်နှောင်ထားသည့် အဝတ်စတစ်ခုကို မီးရောင်နှင့် သူ သတိပြုမြင်လိုက်ရသည်။

အလို . . . ယင်းပစ္စည်းကား အခြားမဟုတ်ပါကလား။ ပြီးခဲ့သုံးလေးရက်က ဘယ်နားကျပျောက်သွားမှန်း မသိရသော သူသုံးနေကျ လက်ကိုင်ပုဝါလေးပါကလား . .။ ထောင့်စွန်းမှာ ချည်အဝါနှင့် ထိုးထားသည့် သူ့နာမည်ဂျပန်စာကို သူ မြင်နေရသည်။

အံ့သြစရာကောင်းသည်ကား ဒီလက်ကိုင်ပုဝါသည် ဘယ်နှယ့်လုပ်၍ ဤမြွေကြီး၏ လည်ပင်းမှာ လာရောက်ပတ်ချည်နေပါလိမ့်။

ထိုစဉ် မြွေကြီးသည် တုတ်ခိုင်သော ကိုယ်လုံးကြီးကို တွန့်လိန်လိုက်ပြီး သူရှိရာသို့ တိုးလာ၍ သူနှင့်မျက်နှာချင်းဆိုင်မှာ ရပ်ကာ နှာခေါင်းမှုရှုံ့မှုရှုံ့နှင့် တရှူးရှူးလုပ်နေတော့မှ ကြီးစွာသော အန္တရာယ်မှန်း သတိရလိုက်ပြီး ခါးကြားမှ ပစ္စတိုသေနတ်ကို လျင်မြန်စွာ ဆွဲထုတ်လိုက်သည်။

''ဖောက် . . .''

''အား . . အစ် . . . အစ် . . . အား . . . အာ . . . အား . . ယားယား . . .''

မြွေကြီးသည် ဖိနပ်ဗလာရှိနေသော သူ့ခြေဖမိုး ခုကြားကို အားရပါးရ ပေါက်ချလိုက်သည်။ အီတို မျက်လုံးထဲမှာ မိုးကြိုးဆယ်စင်း တစ်ပြိုင်နက် ပစ်လိုက်သလို ခံစားလိုက်ရပြီး မျက်လုံးများ ချက်ချင်း ပြာသွားကာ လက်ထဲမှ သေနတ်လည်း လွတ်ကျသွားခဲ့သည်။

ပြင်းထန်သော မြွေဆိပ်များသည် သူ့ ခန္ဓာကိုယ် ချွေးကြောအနှံ့အပြားသို့ စီးမျောဝင်ရောက်လာခဲ့သည်။ သူ ရင်ခေါင်းထဲမှ အောင့်လာပြီး အသက်ရှူမှန်းကျပ်သလိုဖြစ်ကာ ကုလားထိုင်ပေါ်မှ တွန့်လိန် ကောက်ကွေး၍ ပြုတ်ကျသွားသည်။

မြွေကြီးသည် ဂျပန်စစ်ဗိုလ်ကို ပေါက်ခဲ့ပြီးနောက် အမှောင်ထဲသို့ လှစ်ခနဲ လျင်မြန်စွာ ပြေးထွက်သွားခဲ့လေသည်။ ကင်ပေတိုင်စစ်ဗိုလ် အီ



www.burmeseclassic.com

www.burmeseclassic.com



တို ကြမ်းပြင်ပေါ်မှာ လူးလွန့်ရင်း တအားအား တအစ်အစ်နှင့် အော်လိုက်သည်။ အချုပ်ခန်းထဲမှာ တရားခံ လှုပ်ရှားမှုကို စောင့်ကြည့်နေကြသည့် ဂျပန်စစ်ပုလိပ် အဖွဲ့ဝင်များသည် အနားယူခန်းထဲမှ သူတို့အကြီးအကဲ၏ အလန့်တကြား ရူးရူးအစ်အစ် အော်ဟစ်လိုက်သည့် အသံကို ကြားရသော အခါ–

လက်နက်များကိုယ်စီ ကိုင်ဆွဲ၍ အ‌ ပြေးအလွှား ရောက်လာကြသည့်ရှုကြသည်။ သူတို့ ရောက်ရှိချိန်မှာ ဂျပန်ကင်ပေတိုင် စစ်ဗိုလ်အီတိုသည် သူ့လည်ပင်းကို သူ ဆုပ်ကိုင်ရင်း အကြောများ ရှန်းကန်ဆွဲကာ အသက် ထွက်သွားခဲ့လေသည်။

(အထူးမှတ်ချက်။ ။ မြွေကိုက်လျှင် နာမ်အဆိပ်သင့်ခြင်း (Neurotoxic) နှင့် သွေးဆိပ်တက်ခြင်း (Haemotoxic) နှစ်မျိုးဖြစ်လေ့ရှိ၏။ နာမ် အဆိပ်တက်လျှင် အကိုက်ခံရသည့် ကြွက်သားမျှင် အစုံပျက်စီးပြီး ကြွက်သားများ အားနည်း၍ အသက်ရှူကြပ်ကာ သေဆုံးတတ်၏။ နာမ် အဆိပ်အဖြစ်များသော မြွေဆိုးများမှာ မြွေဟောက်၊ ပင်လယ်မြွေနှင့် ငန်း တော်ကြားအုပ်စုဝင် မြွေဆိုးများဖြစ်သည်။

သွေးဆိပ်တက်သည့်အခါ သွေးနှင့် ပြန်ရည်ပြွန်များ ပျက်စီးပြီး အမည်းရောင် သွေးဥများ ပျံ့နှံ့ကာ မြွေစွယ်အပေါက်ခံရသည့်နေရာမှ သွေးများ အဆက်မပြတ် ယိုစီးနေပြီး အကိုက်ခံရသည့်နေရာလည်း ယောင်ယမ်း နေတတ်၏။ ၎င်း အဆိပ်ဝေဒနာမျိုးသည် မြွေပွေး၊ မြွေစိမ်းမီးခြောက်တို့ ကိုက်ခံရသည့်အခါ ဖြစ်လေ့ရှိသည်။)

ကျောက်ခဲသည် မှောင်ရိပ်ခြုံကွယ်မှနေ၍ သူ့ထံ ပြန်လာနေသည့် အချစ်တော် မြွေဟောက်ကြီးကို ယုယုယယ ဦးခေါင်းပွတ်သပ်လိုက်ပြီး အစာတစ်ခု ကျွေးလိုက်ကာ သစ်သားသေတ္တာထဲသို့ မြွေကို ပြန်သွင်းလိုက်ပြီး မလွယ်ပေါက်မှ အမြန်ပြန်ထွက်လာခဲ့လိုက်သည်။

ထိုအချိန်တွင် ဂျပန်စစ်သားများသည် သူ့တို့အကြီးအကဲ၏ အလောင်းအနီးမှ ထူးဆန်းစွာ ငွင်းချည်နှောင်ထားသည့် သူတို့အကြီးအကဲ





၏ လက်ကိုင်ပုဝါကိုကြည့်ကာ ဂျပန်လို ဆူညံစွာ ဝေဖန်ပြောဆိုနေကြတော့သည်။

သူတို့ပြောမည့်စကားများထဲမှာ ဂျပန်စကားပြန် စိန်ကုလားသေသည့်အချိန်က တွေ့ခဲ့ရသည့် ငွင်းထိုးပိတ်စလေး အကြောင်းလည်း ပါလေသည်။ သည့်နောက် သူတို့ အခန်းအတွင်းနှင့် ပတ်ဝန်းကျင်ကို ရှာဖွေရန် လူစုခွဲပြီး အရေးပေါ်ရှာ သည့်လုပ်ငန်းကို ပိုက်စိပ်တိုက် လှုပ်ရှားလိုက်ကြလေသည်။

♛ ♛ ♛

တစ်ခုသော သုသာန်၌ ဂျပန်ကင်ပေတိုင်စစ်ဗိုလ် အီတို၏ အသုဘကို စစ်အခမ်းအနားနှင့် သေနတ်များပစ်ဖောက်၍ ဂုဏ်ပြုသင်္ဂြိုဟ်နေ၏။

ထိုနည်းတူစွာ . . .

တစ်ခုသော သုသာသင်္ချိုင်းရှိ ခင်အေးညို၏ မြေပုံအနီးမှာ လူ ငယ်တစ်ယောက်သည် မြေကြီးကျစ်စာခဲ အချို့ကို ညာလက်နှင့် ခြေမွ ဆုပ်ကိုင်၍ ကျေပန်ပီတိများ ဖြစ်ကာ စကားများ ရေရွတ်ပြောဆိုနေသည်။

သူကား ကွယ်လွန်သူ ခင်အေးညိုရဲ့ အချစ်ဆုံးချစ်သူ မြေ အလမ္မာယ် ကျောက်ခဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်အေးညိုရေ နင်တို့ သားအဖဘဝ အစတေးခံ မြန်မာအားလုံးရဲ့ ဘဝအတွက် အမျိုးသားသစ္စာဖောက် လောက်ကောင်နဲ့ ဖက်ဆစ်လူယုတ်မာတစ်ယောက်ကို ငါ့ဂတိအတိုင်း နင်တို့ကိုယ်စား ဂလုံစားခြေ ဒဏ်ခတ်လိုက်ပြီ ခင်အေးညို၊ ငါ ဒီနေ့ ဒီအချိန်ကစပြီး လွတ်လပ်ရေးအတွက် လုပ်စရာရှိလို့ သွားတော့မယ်၊ ငါတို့နိုင်ငံ လုံးဝ လွတ်လပ်တဲ့နေ့ကျမှ ငါ နင့်မြေပုံရှိရာကို အရောက်လာခဲ့ပြီး အမျှဝေပါ့မယ် ခင်အေးညို. . ."

သည့်နောက် သူ့မြေပုံပေါ်မှာ အတန်ကြာ မျက်နှာအပ်၍ ငိုကျွေးခဲ့လိုက်သည်။

"မောင်ရင်. . . ထတော့. . ."

အနီးကပ်၍ သတိပေးလိုက်သည့် အသံကြားတော့မှ သူ ခေါင်းမော့၍ ကြည့်လိုက်သည်။ သုဘရာဇာကြီး ဦးပေါက်ကျိုင်းသည် လွယ်အိတ်ကြီးတစ်လုံးလွယ်၍ သူ့ ပခုံးကို အသာဆွဲယူလိုက်သည်။

"ဘဝဆိုတာ တိုက်ပွဲပဲ ငါ့လူ၊ တိုက်ပွဲတကာ့ တိုက်ပွဲမှာ တစ်မျိုးသားလုံး သူ့ကျွန်ဘဝက လွတ်မြောက်အောင် လုပ်ရတဲ့ တိုက်ပွဲက ဘဝလောကဓံတိုက်ပွဲထက် ပိုပြင်းထန်တယ်၊ ပိုစွန့်လွှတ်ရတယ်၊ ပို မျက်ရည်ကျရတယ်၊ ပိုအသည်းကွဲရတယ်ပေါ့ကွာ၊ ငါတို့ လူမျိုးတွေရဲ့ အသက်သွေးချွေးတွေ စတေးရအုံးမှာပဲ၊ ဒီတိုက်ပွဲမှာ မင်းတို့ငါတို့ ကျဆုံးခဲ့ရင် ငါတို့ရဲ့ ရဲဘော်တွေ မျိုးဆက်သစ်တွေက အောင်ပွဲခံရအောင်ထိ ဆက်လက်တိုက်ပွဲဝင်ကြမှာပဲ၊ အခု တာဝန်က မင်းတို့ ငါတို့ရဲ့ ပခုံးပြုန်တာဝန်၊ ကိုင်းထ အချိန်မရှိဘူး၊ သွားကြစို့. . ."

သူ မြေပုံအနီးမှ ထရပ်လိုက်သည်။ လူထွားကြီး ဦးပေါက်ကျိုင်းက သူ့လက်ကို ဆုပ်ညှစ်၍ သတိပေးလိုက်သည်။ ပြီးနောက် ဦးပေါက်ကျိုင်းက လွယ်အိတ်ထဲသို့ လက်နှိုက်လိုက်ပြီး ပစ္စည်းတစ်ခုကို ထုတ်ယူကာ သူ့လက်ထဲသို့ ထည့်ပေးလိုက်သည်။

ကျောက်ခဲက လက်ထဲရောက်လာသည့် ပစ္စည်းကို ကြည့်၍ အံ့သြသွားသည်။

---

**စိတ်ကူးသစ်စာပေ**



ပစ္စည်းကား နာနတ်သီးသဏ္ဍာန် လက်ပစ်ဗုံးတစ်လုံး။

သူ အံ့သြဝမ်းသာ မျက်လုံးအစုံဖြင့် လူထွားကြီး ဦးပေါက်ကျိုင်းကို ကြည့်လိုက်တော့ ဦးပေါက်ကျိုင်းက အားရကျေနပ်စွာပြုံးရင်း သူ့ကိုယ်ပေါ်မှ အင်္ကျီကို ညာလက်နှင့် လှန်ပြလိုက်သည်။ တွေ့လိုက်ရသည်ကား ဦးပေါက်ကျိုင်း ခါးကြားမှ ပစ္စတိုသေနတ်တစ်လက်။

သူ ဦးပေါက်ကျိုင်းရဲ့ခါးကို အားရကျေနပ်ဝမ်းသာစွာ ဖက်ထားလိုက်သည်။

ဦးပေါက်ကျိုင်းကလည်း သူ့ကို ဖျစ်ညှစ်ဖက်ထားရင်း 'သွားစို့' ဟု အသံပြုကာ ဟိုးအရှေ့အရပ်ရှိရာသို့ ခြေလှမ်းကျဲကြီးများနှင့် ရှေ့ဆောင်ထွက်လာခဲ့လိုက်ကြလေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



နင်လားဟဲ့ ဖက်ဆစ်

၁၉၄၅ခုနှစ်၊ မတ်လ (၂၇)ရက်။

မြန်မာတစ်ပြည်လုံး ကျူးကျော်နယ်ချဲ့ ဖက်ဆစ်ဂျပန်များကို စည်းလုံးညီညာစွာ တော်လှန်တိုက်ခဲ့ကြသည်။ မိမိတို့လည်း တော်လှန်ရေးကို စခဲ့ပြီ . .။

သူတို့ မြို့ကလည်း ဖက်ဆစ်ဂျပန် တိုက်ထုတ်ရေးမှာ စည်းရုံးညီညွတ်ခဲ့သည်။

၁၉၄၃ခုနှစ်ကတည်းက သန်လျင်မြို့မှာ အာရှလူငယ်အဖွဲ့ကို စတင်လျှို့ဝှက်ဖွဲ့စည်းခဲ့သည်။ သည့်နောက် စစ်ပညာများကို အမြောက်တပ်ခွဲမှူးထံ သင်ကြားခဲ့ကြကာ ဖက်ဆစ်တော်လှန်ရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ခဲ့ကြသည်။

ပြောက်ကျား စစ်ဆင်နွှဲခဲ့ကြသဖြင့် ဂျပန်တို့၏ ရိက္ခာဂိုဒေါင် လက်နက်တိုက်များ မီးဟုန်းဟုန်းတောက်လောင် ပျက်စီးခဲ့ပြီး ဂျပန်ဖက်ဆစ်များ မြို့တွင်းမှာ ဗရမ်းဗတာ ဖြစ်ကုန်ကြသည်။

အင်္ဂလိပ်မဟာမိတ် စစ်လေယာဉ်ပျံများကလည်း ကောင်းကင်ယံမှ ဗုံးများကြဲချ၍ တိုက်ခိုက်ရာ ရန်သူများ အထိနာပြီး အကျအဆုံးများခဲ့သည်။

သည်တော်လှန်ရေးမှာ သူတို့ ဆရာကြီးဦးကျော်ဖေယျနှင့် သူတို့ ပညာသင်ဘက် သူငယ်ချင်းများကိုလည်း တော်လှန်ရေးရဲဘော်များအဖြစ် ပြန်ဆုံကြရသည်။

ဖက်ဆစ်တပ်များသည် ဘုရားကုန်းလမ်းဆုံမှသည် ဆုတ်လမ်းနှစ်ခုကို ရွေး၍ ဆုတ်ခွာကြသည်။ အဲဒီမှာ လမ်းခွဲနှစ်ခုရှိသည်၊ တစ်ခုသော လမ်းခွဲက တာဝတောတန်း အရှေ့မှ သုံးခွ၊ ခရမ်းသို့ သွားသည့်လမ်းမကြီး။

နောက်တစ်လမ်းက ကျောက်တန်းမှစသည့် ရေကြောင်းနှင့် ပင်လယ်သို့ ဦးတည်ဖောက်ထွက်သည့်လမ်း။ ဖက်ဆစ်များသည် လက်နက်ကြီးများကိုအသုံးပြုကာ ခြေမှုန်းရေးထက် အောင်မြင်စွာဆုတ်ခွာရေးကိုအားပြုပြီး





ဆုတ်ခွာကြသည်။ သူတို့ ဆုတ်ခွာရာနောက်သို့ မဟာမိတ်စစ်လေယာဉ်ပျံများက ထပ်ချမကွာ ဗုံးမိုးရွာချခဲ့ရာ သူတို့ အလောင်းမျှ မကောက်နိုင်ဘဲ ဒလကြမ်းပြေးကြရ၏။

ကျောက်ခဲတို့ ပြောက်ကျားလူငယ်အဖွဲ့မှ ဒဏ်ရာရသူ ရဲဘော်များကို ကျောက်ခဲက ဦးဆောင်ပြီး တာဝတောထဲသို့ သယ်ယူပို့ပေးခဲ့သည်။

အဲဒီနေ့က နောက်ဆုံးပွဲသိမ်းကာနီးမှာ ကျောက်ခဲ ဒဏ်ရာရခဲ့သည်။ ရန်သူ့လက်ပစ်ဗုံးတစ်လုံးသည် သူတို့နှင့် မလှမ်းမကမ်းမှာ ကျရောက်ပေါက်ကွဲခဲ့ရာ ဗုံးဆံစ တစ်ခုက သူ့ခြေထောက်ကို ရှပ်ထိသွားခဲ့သည်။ ဝင်းလည်း နားထင်ကို ကျည်စ ရှပ်မှန်ထိသွားခဲ့သည်။

သူတို့ ဥ င်ထဲသို့ အချင်းချင်းတွဲမှီ၍ ရှောင်ထွက်ခဲ့ကြသည်။ ဒဏ်ရာမှ သွေးထွက်များနေသည်၊ လူသည် အပြေးအလွှားမို့ မောဟိုက်ပန်းလျှပြီး မျက်လုံးပါ ပြာဝေနေသည်။

"လူကလေးတို့ . ."

အမှောင်ထဲမှ အသံတစ်သံကြားလိုက်ရသည်။

"အဘိုး . . အဘိုးလား . ."

"အိမ်း . ."

"အို . . အဘိုး . . အဘိုး . ."

ကျောက်ခဲ အံ့သြဝမ်းသာသွားခဲ့ရသည်။ ကြည့်စမ်း အလင်းတိုင်တစ်ခုကိုင်၍ ဥမင်လိုဏ်အကြား တစ်ခုမှလာနေသည့် အဘိုးသူတော်စင်ကြီး။

"အဘိုး . . အဘိုး . . ဦး . . န . . နွ . . နေ ် . ."

"ဟုတ်ပါတယ် လူကလေးရယ်၊ လူကလေးတို့ ဒဏ်ရာရလာတယ် မဟုတ်လား၊ လာ . . လာ . . ဒီဘက်ဂူကိုလာ . ."

အဘိုးသူတော်စင်ကြီးက ဦးဆောင်၍ ဥမင်ပွား ငါးဆယ်ခန့်ထဲမှ ပို၍ အသိရခက်သော ဥမင်ဂူတစ်ခုထဲသို့ ခေါ်သွားခဲ့သည်။ ဤနေရာကို သူတစ်ခါမျှ မရောက်ဘူး။ အထဲမှာ ရေတွင်းတစ်တွင်းလည်းရှိနေသည်။ အဘိုးက မီးတိုင်ကို တစ်နေရာမှာ စိုက်ထူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူကလေးတို့ စိတ်မလျော့နဲ့နော် တင်းထား . . ."

"ဟုတ်. . . ဟုတ်ကဲ့. . . အဘိုး . ."

သည့်နောက် အဘိုး သူတော်စင်ကြီးက ဒဏ်ရာများမှ သွေးတိတ်စေရန် သွေးတိတ်မန်းမန္တန်ကို ရွတ်၍ လက်ညှိုးနှင့်တားလိုက်သည်။ မန္တန်အဆုံးမှာ တပေါက်ပေါက် စီးကျနေသည့် သွေးများ ရပ်သွားခဲ့သည်။ ပြီးနောက် ပြာမှုန်ကဲ့သို့သော ဆေးမှုန့်အချို့ကိုယူ၍ ဒဏ်ရာများကို ဆေးကြောပြီး သိပ်ထည့်ပေးခဲ့သည်။

ဆေးမှုန့်က အံ့စရာ ကောင်းလှသည်။ စပ်လည်းမစပ်။ ပူလည်းမပူ။ အေးစိမ့်၍ အကြောထဲသို့ ဝင်သွားသည်။ ပြီးသည်နှင့် ရေစင်ရေမန်းတစ်ခွက်ကို တိုက်သည်။ ရေစင်ရေမန်းများရော ဆေးရော ရင်ထဲသွေးထဲသို့ ဝင်သွားသောအခါ နာကျင်နေသော ဝေဒနာသည် သိသိသာသာ သက်သာသွားခဲ့သည်။

ငင်းနောက် အဘိုးမုတ်ဆိတ်ရှည် သူတော်စင်ကြီးက ငှက်ပျောသီးများကို တည်ခင်းကျွေးမွေးသည်။ သူနှင့် ငလင်းတို့ ဆာဆာနှင့် အားရပါးရ စားပစ်လိုက်ကြသည်။ စားရင်းမှလည်း တိုက်ဖော်တိုက်ဘက်များ အခြေအနေကို စိုးရိမ်နေကြသည်။ ဆုတ်ခွာရန်သူများက အင်အားလည်း များသည်။ လက်နက်ကြီးများနှင့် ကျည်ဆံလည်း ပေါများသည်။

နာရီဝက်ခန့်ကြာတော့ ဒဏ်ရာများသည် ယူပစ်သလို ပျောက်သွားခဲ့သည်။ သည့်နောက် အဘိုးသူတော်စင်ကြီးကို ဦးခိုက်ကန်တော့ပြီး အပြင်သို့ထွက်ရန် ပြင်လိုက်ကြသည်။ သည်မှာ အဘိုးသူတော်စင်ကြီးက ဆေးမှုန့်အချို့ လက်ဆောင်ပေးလိုက်သည်။ ဦးခေါင်းပေါ်သို့လည်း သူ့ညာလက်ကိုတင်၍ မန္တန်တစ်ပုဒ်ကို ရွတ်ဆိုလိုက်သည်။

"လူကလေးတို့က တကယ် အမျိုးကောင်းသား အာဇာနည်များပါပဲ။ သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိဘဲ အန္တရာယ်ကင်းဘေးရှင်းကြပါစေ၊ ရည်မှန်းချက်များ ပေါက်ရောက်အောင်မြင်ကြပါစေ၊ ဒီကိစ္စမှာ အဘိုးကိုယ်တိုင် မပါဝင်နိုင်ပေမယ့် လူကလေးတို့ မျိုးချစ်တော်





သန့်ရှင်းသူများ အားလုံးကို အန္တရာယ်ကင်းပါစေလို့ ဆုတောင်းမေတ္တာပို့ပေးနေပါတယ် လူကလေးတို့. . ."

"အဘိုး . ."

"ဆို. . . လူကလေး . ."

"တလောက ကျွန်တော်လာခဲ့သေးကယ်၊ အဘိုးကိုရာလို့ မရဘူး၊ အဘိုး ဘယ်ရောက်နေလဲဟင်. . ."

"အဘိုးတို့လည်း အဘိုးတို့ကျမ္ [illegible] ပါ့. လုပ်နေရတာပေါ့လူကလေး။ လူကလေး ဒီအကြောင်းတွေ အခုချိန် နားလည်သေးမှာမဟုတ်ဘူး။ အချိန်တန်ရင် သိလာရလိမ့်မယ်၊ လူကလေးလည်း များမကြာခင် ဒုက္ခဆင်းရဲ အချို့နဲ့ ရင်ဆိုင်ရပြီး သုခချမ်းသာ တစ်ပွေ့တစ်ပိုက်နဲ့ တဝပြီးချမ်းမှုကို ရပါလိမ့်မယ်၊ လောကဓံအတိုက်နှင့် ကြုံရသည့်အခါ မတုန်လှုပ်ပါနဲ့ လူကလေး၊ အဒီလိုကြုံရင် ဖုဋ္ဌဿ၊ လောကဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ ဧတံမင်္ဂလမုတ္တမံ ဆိုသည့် ဂါထာကို နေ့စဉ်ရွတ်ပါ လူကလေး. . ."

"အဘိုး အမိန့်ရှိသည့်အတိုင်း လောကဓံကို ကျွန်တော်ရဲရဲ ရင်ဆိုင်သွားပါ့မယ် အဘိုး . . ။ ကျွန်တော်တို့ ဘယ်အချိန်ပြန်ဆုံကြမလဲဟင် အဘိုး. . ."

"အချိန်တန်တဲ့နေ့ ပြန်ဆုံမှာပေါ့၊ ကိုင်း--သွားကြပေရော့. ."

သို့နှင့် သူတို့နှစ်ဦး အဘိုးသူတော်စင်ကြီးကို ဦးခိုက်နှုတ်ဆက်ပြီး ဥမင်ထဲမှ အပေါ်သို့ ပြန်တက်ခဲ့ကြသည်။ အပြင်ရောက်တော့ တိုက်ပွဲများက ပြီးဆုံးသွားခဲ့ပြီ၊ သေနတ်သံများ ငြိမ်သက်သွားခဲ့ပြီ၊ သူတို့နှစ်ဦး သူတို့ရဲဘော်များရှိရာသို့ သွားရောက်ခဲ့ကြသည်။ ဒဏ်ရာရသူများကို အဘိုးသူတော်စင်ကြီး ချီးမြှင့်လိုက်သည့် ဆေးမှုန့်များဖြင့် ကုသပေးခဲ့လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၂ခုနှစ်က စက်ပူခံတပ်ကျဆုံးပြီး လက်နက်ချခဲ့ရသည့် ဗြိတိသျှတို့သည် ၁၉၄၅ခုနှစ်မှာ ပြန်လည်၍ အောင်ပွဲခံကာ မြန်မာပြည်သို့ နောက်တစ်ကျော့ ပြန်ဝင်ခဲ့ကြသည်။

၁၉၄၅ခုနှစ် မေလ (၄)ရက်နေ့မှာ ဗြိတိသျှအမှတ် (၁၄)တပ်မကြီး ရန်ကုန်သို့ ရောက်လာခဲ့သည်။ ဂျပန်လည်း ဟီရိုရှီးမားနှင့် နဂါစကီးမြို့ကြီး နှစ်မြို့ အနုမြူ ဗုံးကြဲခံ ပျက်စီးပြီးနောက် လုံးဝလက်နက်ချခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားခဲ့ပြီ။

သည်မြို့လေးလည်း ဒုတိယအကြိမ် အင်္ဂလိပ်အစိုးရလက်အောက်သို့ ပြန်ရောက်ခဲ့ရပြန်သည်။ ဂျပန်စစ်ရှုံး၍ အင်္ဂလိပ်နောက်တစ်ကြော့ ပြန်ဝင်လာတော့ ဗြိတိသျှအုပ်ချုပ်ရေး ပြန်ခေါင်းထောင်လာသည်။

စစ်ပြီးသွားမှ အားလုံး အငတ်ပြဿနာကို ရင်ဆိုင်ကြရသည်။ စစ်ကာလအတွင်း ဆန်စပါးလည်း သိပ်မစိုက်ပျိုးနိုင်ကြ။ တိုင်းသူပြည်သားများ လွန်စွာဒုက္ခရောက်ကြ၏။ အလုပ်လက်မဲ့ ပြဿနာနှင့် စီးပွားရေးချွတ်ခြုံကျမှုများက ဆင်းရဲသားများဘဝကို ပို၍ နစ်မွန်းစေသည်။

အချို့နယ်များမှာ အင်္ဂလိပ်ရိက္ခာကိုဒေါင်များမှ ဆန်များကို လူစုလူဝေးနှင့် ဝင်ရောက်လုယက်၍ အငတ်ပြဿနာကို ဖြေရှင်းကြသည်။

ဒီအချိန်မှာ မြန်မာတစ်မျိုးသားလုံး တောင်းဆိုနေသည်က လုံးဝလွတ်လပ်ရေးပဲဖြစ်သည်။ အင်္ဂလိပ်အစိုးရကလည်း မြန်မာပြည်လုံးဝ လွတ်လပ်ရေးတွင် အင်တင်တင်နှင့် အချိန်ဆွဲနေသည်။ တောင်ပေါ်နှင့် မြေပြန့်ကို ခွဲခြားခွဲခြားလုပ်၍ သပ်လျှိုသွေးခွဲချင်သည်။ သည့်အတွက် အားလုံးလုံးဝ လွတ်လပ်ရေးရရှိရန် ဆက်လက်တိုက်ပွဲဝင် အရေးဆိုရပြန်သည်။

အမြို့မြို့အနယ်နယ်မှာ သခင်တရားပွဲများ နေရာအနှံ့ ပေါ်ပေါက်လာခဲ့ကြသည်။ မျိုးချစ်ဝါဒသည် အရှိန်စွဲ၍ ပြင်းထန်လာသည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်သည် စစ်ကြီးနှစ်ကြိမ် ကြုံခဲ့ရသည့် မြန်မာပြည်သားအားလုံးရဲ့ ရင်ထဲမှာ စွဲမြဲခိုင်ကျည်နေကြသည်။

ကိုယ့်နိုင်ငံကို ကိုယ့်အမျိုးသား အစိုးရ မအုပ်ချုပ်သမျှ အရာရာနစ်





နာဆုံးရှုံးပြီး ကျွန်က ကျွန်ပဲဖြစ်နေဦးမည်ကို နားလည်သဘောပေါက်ကြသည်။ မြန်မာတိုင်းရင်းသားများသည် ကျူးကျော်နယ်ချဲ့တို့၏ကျွန် လုံးဝမဟုတ်။ သူ့ကျွန်အဖြစ် မခံလို၍ သီပေါမင်း ပါတော်မူပြီးသည်နှင့် ခေတ်အဆက်ဆက် လက်နက်ကိုင် တော်လှန်ခဲ့ဖူးပြီး ဖက်ဆစ်ဂျပန်ကိုလည်း မောင်းထုတ်ခဲ့ဖူးပြီ–

သီးစားတိုက်ပွဲ၊ အရင်းရှင်လက်ပါးစေ ငွေရှင်၊ ကြေးရှင်၊ မြေရှင်၊ အတိုးကြီးစား ချစ်တီး ဂုတ်သွေးစုပ်များ ဆန့်ကျင်ရေး၊ လူချွန်တော် လျှော့ပေါ့ရေးတိုက်ပွဲများကို ရဲရဲတောက် ဆန့်ကျင်ခဲ့ကြသည်။

သခင်တရားပွဲများမှာ လက်သီးလက်မောင်းတန်း၍ လုံးဝလွတ်လပ်ရေးအတွက် တိုက်ပွဲခေါ်သံများ ပြင်းထန်နေချိန်မှာ ကျောက်ခဲတစ်ယောက် အင်္ဂလိပ်အစိုးရရဲ့ အဖမ်းဆီးကို ခံခဲ့ရသည်။

တစ်နေ့ အတိုးကြီးစား လူမျိုးခြား ငွေရှင် မြေရှင်(ချစ်တီး)များက စစ်ဘေးစစ်ဒဏ်ကြောင့် စိုက်ပျိုးရေးကျဆင်းပြီး ဝမ်းစာတောင်မရှိသည့် လယ်သမားများထံမှ အင်္ဂလိပ်အစိုးရ စစ်ပြေးဘဝရောက်စဉ်က ရစရာရှိသည့် အကြွေးလက်ကျန်ကို အခု အင်္ဂလိပ်အစိုးရ ပြန်အုပ်ချုပ်နေချိန်မှာ စာချုပ်ဟောင်းပြ၍ လာတောင်းကြသည်။

ပေးစရာ မရှိတော့၊ ရာကို အကုန်သိမ်းယူကြသည်။ သည်းမခံနိုင်သည့်အဆုံး ကျောက်ခဲအပါအဝင် လယ်သမားအများစုက မြေရှင်စနစ် ဂုတ်သွေးစုပ် ချစ်တီးနောက်လိုက်များနှင့် တုတ်တပျက် ဓားတပျက်ဖြစ်ကြရာ . . . ၎င်းတို့ အကြီးအကျယ် ဒဏ်ရာရ၍ ထွက်ပြေးကြရသည်။

နောက်ဆုံးမှာတော့ ငွေအင်အား ဓနအင်အား တောင့်တင်းသည့် ချစ်တီးသူဌေးများရဲ့ ကောင်းမှုဖြင့် ခေါင်းဆောင်လုပ်သူ ကျောက်ခဲကို ပုလိပ်များက လာရောက်ဖမ်းဆီးသွားတော့သည်။

အခုတော့ နယ်ချဲ့အင်္ဂလိပ်အစိုးရ အလိုကျ တရားခွင်မှာ အမှုကို ရင်ဆိုင်ခဲ့ရပြီ။ နယ်ချဲ့သည် နယ်ချဲ့ပါပဲ။ ဓနဥစ္စာ အမှန်တကယ် ကြွယ်ဝသည့် မြန်မာပြည်ကို သူတို့က နှစ်ပေါင်းများစွာကတည်းက သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



အဲလိုရှိနေကြသည်။ ကျွန်းသစ်၊ ရေနံ၊ ဆန်စပါးနှင့် ကျောက်မျက်ရတနာများက သူတို့ရဲ့ အရင်းရှင် ဘဏ်တိုက်များအတွက် ရွှေခဲငွေခဲများ ဖြစ်နေသည်။

သည်တော့ လွတ်လပ်ရေးကို လွယ်လွယ်နှင့် မပေးချင်။
သို့သော် ကျောက်ခဲတို့က မကြောက်။

ဖက်ဆစ်တော်လှန်ရေး ကာလတစ်လျှောက်မှာတောင် အသက်ကိုစတေးခဲ့ရသေးသည့် ဥက္ကာ၊ ထောင်လောက် တို့ အာဇာနည်ရဲဘော်တို့၊ သူတို့ အချုပ်ထဲ၊ ထောင်ထဲရောက်နေသည့် အချိန်မှာ အမျိုးသားခေါင်းဆောင်များက တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေးအတွက် ရဲရဲတောက်ကြိုးပမ်းနေသည်ကို သူတို့ကြားရသည်။



၁၉၄၈ခုနှစ်
နံရံသိန်မှ အပြန်

ဒီနေ့ တရားခွင်မှာ သူတို့ စီရင်ချက်ချမည်ဖြစ်သည်။ တရားရုံးဝန်းကျင်မှာ ဦးပေါက်ကျိုင်း၊ ဆရာကြီး ဦးကျော်ဇေယျ၊ မဆည်းဆာနှင့် သူ့ရဲဘော် သူငယ်ချင်းများက လာရောက် နားထောင်နေကြသည်။ သူ့အချစ်တော် လုပ်ဖော်ကိုင်ဘက် မျောက်ကလေး ဖိုးစည်ကို မဆည်းဆာက ပွေ့ချီ၍လာသည်။

မျောက်ကလေး ဖိုးစည်သည် ကျောက်ခဲကို မြင်လိုက်ရသောအခါ အတင်းအော်ဟစ်ပြီး ဆင်းပါမည် တကဲကဲလုပ်နေ၍ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြရာ လူမျိုးခြား ပုလိပ်သားများက မဆည်းဆာနှင့် မျောက်ကလေး ဖိုးစည်ကို အဝေးသို့ သွားနေရန် အော်ဟစ်နှင်ထုတ်လိုက်သည်။

သို့ကလို တရားရုံးအပြင်မှာ နားထောင်နေကြသည့် ပရိသတ်အတွင်း ထူးခြားသော လူနှစ်ဦးတို့ လာရောက် နားထောင်နေသည်ကို မည်သူမျှ သတိမထားမိကြ။ တစ်ဦးသော လူကြီးက အသားသပိတ်ရောင် ထနေသည့် အရပ်မြင့်မြင့် လူမည်းကြီးဖြစ်ပြီး၊ နောက်တစ်ယောက်ကား အိန္ဒိယ အမျိုးသမီးများကဲ့သို့ ခေါင်းမြီးခြုံဆာရီဝတ်ပြီး မျက်လုံးနှစ်လုံးသာ ဖော်ထားသည့် အမျိုးသမီးတစ်ဦးပဲ ဖြစ်သည်။

၎င်းအသားမည်းမည်း လူကြီးကား ဦးကိုးနက်ပဲဖြစ်သည်။ ဦးကိုးနက်နှင့် ခေါင်းမြီးခြုံ ဆာရီဝတ်ထားသည့် အမျိုးသမီးသည် တရားခံ ရုံးခြံမှ ရုပ်နေသည့် တရားခံ လူငယ်ရဲ့ မျက်နှာကို ကြွေကွဲမျက်လုံးများဖြင့် လှမ်းကြည့်နေကြသည်။

အသားမည်းမည်း လူကြီးက ဆာရီဝတ် အမျိုးသမီးအနီးသို့ မယောင်မလည်ကပ်၍ စကားတစ်ခွန်းခပ်တိုးတိုးပြောပြီး ခပ်လှမ်းလှမ်းသို့ ရှောင်ထွက်သွားသည်။ သူမသည် တရားခွင်ပေါ်မှ တရားသူကြီး၏မျက်နှာကို ခေါင်းမြီးခြုံအောက်မှ လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးအမည်က ဦးခင်မောင်လတ်။

အချို့က ထီးပြန် ပိနပ်ပြန် ဦးလတ်ဟုလည်း ခေါ်ကြ၏။

သူသည် အင်္ဂလိပ်အစိုးရကို ဘုရားတစ်ဆူ ဂူတစ်လုံးလို လေးစား၏။ အင်္ဂလိပ်စတိုင်ကိုလည်း မြတ်နိုး အထင်ကြီး၏။ အင်္ဂလိပ်စစ်ပြေး ဘဝတစ်လျှောက်၊ သူ အင်္ဂလိပ်စစ်ပြေး အစိုးရနှင့် အိန္ဒိယသို့ လိုက်ပါသွား၏။ အင်္ဂလိပ်အစိုးရ အာဏာပြန်ရလာသောအခါ သူသည်တရားသူကြီး တိုးမြှင့်ရာထူးကို ရခဲ့သည်။ နေတာထိုင်တာ ပြောတာဆိုတာအစ ဘိုလို ပြော ဘိုလိုနေသည်။ အင်္ဂလိပ်မျက်နှာဖြူများ ကပြားများနှင့်သာ ပေါင်းသင်း၏။ မြန်မာလူမျိုးများကို မရော။ မြန်မာမှုကို လုံးဝအထင်မကြီးသူ ဖြစ်သည်။

မကြာခင် စီရင်ချက်ချမည်ဆို၍ ရုံးဇာန်းကျင်တစ်ခုလုံး အသံများ တိတ်ဆိတ်သွားခဲ့သည်။ နားထောင်ငုံ့လင့်နေသူ အားလုံး ထီးပြန် ဖိနပ်ပြန် တရားသူကြီး၏ စီရင်ချက်ကို ရင်တမမနှင့် နားစွင့်နေကြသည်။

သူတို့နှင့်အတူ ဆာရိဝတ်ခေါင်းမြီးခြုံ အမျိုးသမီးလည်း ရင်ခုန်စွာဖြင့် နားစွင့်နေမိသည်။ ဤလူရွယ်အား အပြစ်မှ ချမ်းသာပေးဖို့ သူပြောချင်သည်။ သူမ အခု စီရင်ချက်ချမည့် တရားသူကြီးနှင့် အလွန်ရင်းနှီးသည်။ သို့သော် မလွယ်. . .

''အမိန့်ချမည်. . . နားထောင်. . .''

''သန်လျင်မြို့ ဘုရားကုန်းကျေးရွာနေ အဘဦးတောကျော်၏သား တရားခံကျောက်ခဲသည် တရားလို စပါးကုန်သည်နှင့် ပွဲလိက ငွေချေးလုပ်ငန်းရှင် ဦးမှုတူးဆာမိနှင့် အဖွဲ့ဝင်သုံးဦးအား တုတ်ဓားလက်နက်များနှင့် ခြိမ်းခြောက် ရိုက်နှက်သည့်အပြင် ၎င်းတို့ပိုင် စပါးများကိုလည်း လုယက်ရာမှာ ပါဝင်ဦးဆောင်သည့်အတွက် ပုဒ်မ (–) အရ ထောင်ဒဏ် (–)နှစ်။ မြို့နယ်ရပ်ရွာ မငြိမ်မသက်ဖြစ်အောင် ဆူပူလှုပ်ရှားသည့်အတွက် ပုဒ်မ (–)အရ ထောင်ဒဏ် (–) နှစ်။ ပြစ်မှုအားလုံးအား သီးခြားစီကျခံစေရမည်။

''ဟာ. . .''

''ဟင်. . .''





''တောက်. . . ရက်စက်လိုက်ပါဘိကွာ. . .''

အပြင်မှ နားထောင်နေသူအားလုံး ကျွတ်ကျွတ်ညံသွားသည်။ အသည်းနှလုံးများ ဆူဝေကုန်ကြသည်။ သို့သော် ဘာများ တတ်နိုင်ပါဦးမည်တည်း။

ဆာရိဝတ်ခေါင်းမြီးခြုံ အမျိုးသမီးသည် တရားသူကြီးဦးခင်မောင်လတ်၏ အမိန့်ချသံဆုံးသောအခါ ရင်ဝကို လက်နှင့်ဖိလိုက်ပြီး မျက်နှာကို ခေါင်းမြီးခြုံပိတ်စနှင့် အုပ်၍ အင့်ခနဲ ရှိုက်လိုက်သည်။ လူမျိုးခြားပုလိပ်များက ဝက်ခြံထဲမှ တရားခံလူရွယ်ကို လက်ထိပ်ခတ်၍ ခေါ်သွားကြသောအခါ သူမရဲ့ ပါးပြင်ပေါ်သို့ မျက်ရည်ဥများ စီးလိမ့်၍ ကျလာခဲ့သည်။

ကျောက်ခဲ အနီးသို့ မဆည်းဆာက မျောက်ကလေးပွေ့ရင်း မျက်ရည်လည်ရွဲနှင့် ပြေးကပ်လာလိုက်သည်။

''အ. . . ကို. . . ကျောက်. . . ခဲ. . . အင်. . . ဟီး . .''

သူမ တုန်ယင်လှိုက်လှဲသော ရင်ခေါင်းသံနှင့် ခေါ်လိုက်ရင်း မျက်ရည်များ စီးကျလာကာ ရှိုက်၍ငိုလိုက်သည်။ ဖိုးစည်က ကျောက်ခဲ၏အကျႌကို လှမ်းဆွဲ၍ အော်သည်။ ဦးပေါက်ကျိုင်းတို့- ဆရာကြီးဦးကျော်ဇေယျတို့က လက်သီးကို ဆုပ်မြှောက်၍ အံကြိတ်ပြီး အားပေးစကားဆိုခဲ့သည်။

''မဆည်းဆာ. . .''

''အ. . . ကို. . .''

''မျက်ရည်သုတ်လိုက်ပါ ညီမရယ်. . .၊ ညီမတို့ မျက်ရည်ကျတာကို ကြည့်ပြီး မျက်နှာဖြူအလိုတော်ရိများမြင်ရင် ဝမ်းသာနေကြလိမ့်မယ်၊ ညီမတို့အားလုံး ကျန်းမာအောင်နေကြပါ၊ မြန်မာပြည်လုံးဝ လွတ်လပ်ရေး တိုက်ပွဲမှာ ကျရာအခန်းက ပါဝင်ကြပါ. . .၊ ဖိုးစည်တို့ကိုလည်း တတ်နိုင်သမျှ ကြည့်ရှုပေးကြပါ၊ အကို့အတွက် မစိုးရိမ်ပါနဲ့ ညီမ. . .''

ဒီမှာ လူမျိုးခြားပုလိပ်သားများက သူ့ကို တွန်းထိုး၍ ဆွဲခေါ်သွားကြသည်။ ဖိုးစည်က ကျောက်ခဲရဲ့ အကျႌစကို အတင်းဆွဲထားသည်။ ပုလိပ်သားတစ်ဦးက နံပါတ်တုတ်နှင့် မျောက်လက်ကို ရိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးစည် နာကျင်စွာ အော်ဟစ်လိုက်သည်။

"အကို ... အ ... ကို"

သူမ ဖိုးစည်ကို ဖက်ထားရင်း မျက်နှာကို လှတ်ပါးနှင့်အုပ်၍ ချုံးပွဲချ ငိုလိုက်သည်။ ထာဝရိနှင့် ခေါင်းပြီးခြုံထားသည့် အမျိုးသမီးသည် ပုရိုက်များခေါ်ရာသို့ အပြုံးမပျက် ခပ်ရဲရဲ ရင်ဆိုင်၍ လိုက်ပါသွားသည့် လူငယ်အားကြည့်ရင်း ကြိတ်ရှိုက်၍ မျက်ရည်များ ကျနေသည်။ ထည့်နောက် သူမသည် အခြားလူအုပ်များနှင့် ရောနှောကာ တရားရုံးအတွင်းမှ ပျောက်သွားခဲ့လေသည်။

♛♛♛

သူ့ခင်အတွက် ဂရုလှဲစွားရလေသား

အင်္ဂလိပ်အစိုးရ ထောင်ချသူကြီး နိုင်ငံမောင်လက်စွတ်မှာ ပြွင်းပြွသော ဝါသနာ သုံးချက်ရှိ၏။ မုဆိုးမောင်နှက မိန်းမပြွတ်ပြိ၏ ခုတိယမှာ ဝါသနာက အရက် သောက်ခြင်းဖြစ်ကာ၊ တတိယမှာမှ သူ့နာကူး ဖြစ်တွေလည်း အမဲလိုက်သည့် ဝါသနာပဲ ဖြစ်သည်။

သူတို့မိသားစု စစ်နိုင်အင်္ဂလိပ်အစိုးရနှင့် အိန္ဒိယမှ ပြန်ရောက်လာကြ၊ ရောက်ကျပြီး စီမံများ တိုက်အိမ်တစ်လုံးဆောက်ပြီး မည့်သိမ်ကျကျ နေထိုင်ပါး





အရွှေအရုံးမှုနှင့် နေထိုင်ခဲ့သည်။

သူ့မှာ မယားကြီး နေခါနှင်းမြအေးသီလည်း ရှိသည်။ သည်မယားကြီးကို အပိုကာဝတ္တန်းက အတော်ကို စွဲလန်းခဲ့မှုတ၏။ မနှင်းမြအေး သီက ကျက်သရေရှိရှိ ချောမောလှပ၏။ မနှင်းမြအေးသီရဲ့ မိဘများသည်လည်း (၂)မြို့မှာ လူကုံထံသာရှင်းစဉ်များ ဖြစ်ကြ၏။ သူ့တို့တလည်း သူတို့ သမီး အချောအလှကို ခေတ်ပညာတတ် သူဌေးသား သူနှင့် သဘောတူကြ သည်။

သို့သော် မနှင်းမြအေးသီက သူ့ကို သဲသဲလည်းမကျ။ သူမမှာလည်း ချစ်သူ ရည်းစားတစ်ဦး ရှိသည်ဟုလို တောင် သိရခါနီးသန့်သန့် ကြားရသည်။ ကြားရပုံက အဲဒီ လူသည် အင်္ဂလိပ်အစိုးရ မကြိုးခင်ကို လှူခင်လိုလို ဆဲလိုလို ယောင်သုံးဆဲဆယ်မှာ ကြားရသည်။ လူကို မမြင်ဖူး။

သူက မနှင်းမြအေးသီကို စွဲမက်မြတ်နိုးလွန်းလှသောကြောင့် အမျိုးမျိုး ချည်းကပ်သည်။ သူမကလည်း ငြင်းဆိုပြီး အချိန်ဆွဲနေခဲ့သည်။ နောက်တော့လည်း အမျိုးမျိုး ဝိုင်းဝန်းနားချ ခရုကြိမ်းမောင်းကြ၍ သူနှင့် မနှင်းမြအေးသီတို့ လက်ထပ်မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ဆင်နွှဲနိုင်ခဲ့လေသည်။

စတ်သည့်တွား အကြင်လင်မယားဘဝသို့ ရောက်သွားသည့်တိုင် မိမိကို ညှိရှေ့ရှေ့သေးမရှိ ထားခဲ့ပါသော့လည်း သူ့မယား မနှင်းမြအေးသည် သူ့ကို ရှင်တစ်ပေယောက် အဖြစ် မယားဝတ္တရားငါးပါး ကျေအောင်စောင့် လုပ်ကျွေးခဲ့ပါ၏။

သို့သော် သူ့အပေါ် နှစ်နှစ်ကာကာ ချစ်သည့်အချစ်ကို လုံးဝမပြခဲ့ အိမ်မှုကျွင်ရှေး သည်ဆွမ်းတစ်လျှောက် သူ့ ဖော်သည် နှင်းမြအေးသီထံမှ အေးတိုးအေးစက် ပဲပြုမှုကိုသာ နေ့စဉ် ညှစ်စဉ် ခံစားရရှိခဲ့သည်။ သို့ဖြစ်၍ အပြင်မှာ ဆိုလေသော နိုးကြွသော အချစ်များကို သူ ရှာခဲ့ဖွေခဲ့လည်း။

လူကုံထံသည့်ခံပွဲများ၊ အထက်တန်းစား ကလပ်များမှာ သူ့ငွေကို ရေလိုသုံးနိုင်ပြီး ရုပ်ရည်ရှာတန္တရှိခြင်း စသည့် ဂုဏ်ခြင်းများကြောင့် အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ ကပြားအမျိုးသမီး အနောက်တိုင်းကို အထင်ကြီးသည့် လူကုံထံမြန်မာအမျိုးသမီးများကို တွေ့ရှိဆုံဆည်းကာ သူမျှော်လင့်တောင့်တ အာသီသပြင်းပြခဲ့သည့် လူးထန်းကြွသော အချစ်ရမ္မက်များကို ခံစားရရှိခဲ့လေသည်။

ထိုအချိန်မှစ၍ သူ အိမ်ပြန်အမှန်တော့။ မယားကြီးဖြစ်သူ ဒေါ်နှင်းမြအေးသီကလည်း မကန့်ကွက်။ တ..လည်း မတားမြစ်။ ဆူဆူပူပူလည်း မလုပ်။ လုပ်လို့လည်း မရ။ သူက သူတစ်ပါးကို ဩဇာပေးချင်သူ။ အားလုံးအပေါ် အနိုင်လိုချင်သူ။ ရက်စက်ချင်သူ။ အံ့ဩစရာကောင်းသည်ကား သူဒီလို လူမှုရေး ဖောက်ပြန်နေသည့်တိုင် သူ့မယားသည် မျက်ရည်တစ်စက်မျှ မကျခြင်းပဲ ဖြစ်လေသည်။

ဤမိန်းမမှာ မွေးကတည်းက မျက်ရည်မပါဘူးထင့်။

အိမ်ထောင်သက်ကာလတစ်လျှောက် သားသမီးလည်း လုံးဝမရ။ ဒီအိမ်တွင်း အဝန်းအဝိုင်းမှာ ရှိကြသူအားလုံး သူ့ဩဇာကိုတော့ မြေဝယ်မကျ နာခံကြသည်။

သူ ဒီနေ့ တောလည် ထွက်ချင်နေသည်။

တောလည်ပြီး သူ မျောက်ပစ်ချင်သည်။ မျောက်များသည် သည်မြို့ရဲ့ တောင်ရှူးရှူးအရပ်က ရာမဏီတောထဲမှာ ရှိသည်ဟု ကြားသိရသည်။ မျောက်ကို သူ့ ဒရိုင်ဘာ ဦးကျီးနက်အား ရှာခိုင်းလျှင် ရနိုင်မှန်းသိပါသည်။ သို့သော် တောလည် ဝါသနာပါသူမို့ မျောက်ကို ကိုယ်တိုင်ပစ်ချင်သည်။

မျောက်ကို ကိုယ်တိုင်ပစ်ချင်သည့် အကြောင်းအရာထဲမှာ မျောက်သွေးနှင့် မျောက်ဦးနှောက်ကို အဓိကလိုချင်၍ပဲ ဖြစ်သည်။ စိနတိုင်းရင်းဆေးဆရာကြီး အချို့က မျောက်သွေး လတ်လတ်ဆတ်ဆတ်နှင့် ဘရန်ဒီရောစပ်သောက်လျှင် အားတိုးသည်ဟု ဆိုကြ၏။ ဒါ့အပြင် မျောက်ဦးနှောက်နှင့် အရက်များ စိမ်သောက်လျှင်၊ ကြော်စားလျှင် ကာမဂုဏ်ဘက်မှာ လွန်စွာ ထက်မြက်မှုရှိသည်ဟု ဆိုကြပြန်၍ သူ သုံးစွဲခဲ့ဖူး၏။

ဟုတ်၏။ အတော့်ကို စွမ်းအားများ မြင့်လာခဲ့၏။ ဒီမှာ မျောက်ချေး





ခါးကလည်း ပိုစား၍ကောင်း၏။ မျောက်ချေးခါးသည် တောထဲမှာ ချက်ချင်းပစ်လို့ ကျလာသည့်မျောက်ထံမှသာ ရနိုင်သည်။ မျောက်ကို ပစ်လို့ရသည့်နှင့် ချက်ချင်းဗိုက်ခွဲပြီး အစာအိမ်အူချဉ်ဖမ်းရသည်။ အဲဒါမှ ချေးမဖြစ်သေးသော မျောက်ချေးခါးကိုရသည်။ ရသည့် မျောက်ချေးခါးကို ဆီရွှဲရွှဲနှင့် ကြော်၍ အရက်နှင့်သောက်လျှင် အလွန့်ကို အရသာရှိလှသည်။

သို့ဖြစ်၍ သူကိုယ်တိုင် တောလည်ရင်း မျောက်ကိုပစ်ချင်သည်။ သို့ဖြစ်၍ ဒေသခံမုဆိုးဖြစ်သော သူ့တပည့် မုဆိုးကျော် ‘ကျောက်တစ်လုံး’ တို့အိမ်မှာ ပါလာသည့် ဘရမ်ဒီနှင့် ယုန်သားကင်ကို မြည်းသောက်လိုက်သည်။ ကျောက်တစ်လုံးကား အရက်အကောင်းစားကို သောက်ရ၍ ပျော်ရွှင် အူမြူးနေ၏။ ဦးကျီးနက်ကတော့ အရက်ကို လုံးဝမသောက်။

သည့်နောက် သူက နှစ်လုံးပြူးသေနတ်ကို ကိုင်၍ မုဆိုးကျောက်တစ်လုံးက ဒူးလေးကို စွဲကာ သုံးဦးသား ရာမဏီတောထဲသို့ ဝင်ခဲ့ကြသည်။ ရာမဏီတောသည် ရာမဏီအင်းကို အစွဲပြု၍ ခေါ်သည့်တောဖြစ်သည်။ ဤတောသည် အလယ်ရွာ အလယ်ရွာမှသည် ပျဉ်တောင်ကျောင်း ငှင်းနောက် ပါဒကြီးတောနှင့်ဆက်၍ ကျယ်ဝန်းလှ၏။ ယခင်က ကျားပင်ရှိခဲ့ဖူး၏။

“ကျောက်တစ်လုံး . .”

“ခင်ဗျာ. . . ဆရာကြီး . .”

“မျောက်ကို အလျင်ရှာနော်. . . တွေ့ရင် မင်းမပစ်နဲ့ ငါ ပစ်မယ်”

“စိတ်ချပါ ဆရာကြီး . . ဒီတောထဲမှာ မျောက်ပေါတဲ့ နေရာကို ကျွန်တော်သိပါတယ် ခင်ဗျ . .”

“အေး . . ဒီနေ့ မျောက်သုံးလေးကောင်ရရင် တော်ပြီကွ၊ ကျန်တာ မင်းပစ်ချင်တဲ့ကောင်ပစ်၊ ကျီးနက်ရေ ပေးစမ်းပါဦးကွ အရက်ပုလင်း၊ ဟူး . . မောလိုက်ပါဘိကွာ. . .”

သူတို့စကားပြောရင်း တောထဲ အတော်ဝင်လာမိတော့ မောဟိုက်လာသည့်အတွက် ဦးခင်မောင်လတ်က ညောင်ပင်ကြီးတစ်ပင်အောက်က



www.burmeseclassic.com

www.burmeseclassic.com



အမြစ်ဆုံပေါ်မှာ ထိုင်ချလိုက်ရင်း ဦးကျိုးနက်ထံမှ ဘာရန်ဒီပုလင်းကို လှမ်းတောင်းလိုက်သည်။ ဦးကျိုးနက်က ဘာရန်ဒီပုလင်းကို ကမ်းပေးလိုက်သဖြင့် ဦးခင်မောင်လတ်က ပုလင်းလိုက် မော့ရန် ဟန်ပြင်လိုက်သည်။

ဆရာကြီး ... ခင်ဗျာ

"ဘာတုန်းဟ ... ကျောက်တစ်လုံးရဲ့ ...

... ဟို ... မသောက်ပါနဲ့အုံး ခင်ဗျ ..."

"ဟ ... ဘာဖြစ်လို့လဲ ... ဒီ မောနေပြီကွ ..."

"ဒီ ... ဒီလိုပါခင်ဗျာ ... ဟို ... ဒီတောကို ရောက်ရင် အရက်တို့ အစားအစာတို့ မစားမသောက်ခင် စားဦးစားဖျားကို တောပိုင်တောင်ပိုင်များထံ အလျှင်စိတ် မြှောက်ရပါတယ် ခင်ဗျ ..."

"ဟေ့ ... ဘာဆိုင်လို့လဲ ..."

"ဒါ ... ဒါ ... ကျွန်တော်တို့ ဒေသရဲ့ ဓလေ့ထုံးစံပါခင်ဗျ ..."

ထပ်တာနီး ... ဒါတွေ ငါ အယုံအကြည်မရှိဘူး ထားလိုက် ...

သည့်နောက် သူက အရက်ပုလင်းကို ကိုင်မော့သောက်လိုက်သည်။ နှစ်ငုံမော့ပြီးနောက် ဦးကျိုးနက်ထံ ပုလင်းကို ပြန်ပေးလိုက်သည်။ မှဆိုးကြီးကျောက်တစ်လုံးကား လူပညာတတ်ကြီး၏ အပြုအမူကိုကြည့်၍ ကျောထဲမှာ ဖျန်းခနဲ ဖြစ်သွားခဲ့သည်။ ဤတောအကြောင်း သူကောင်းကောင်းသိသည်။ ဤတောသည် အနည်းနှင့်အများ ကြမ်း၏။ ခြောက်ချားစရာတွေရှိ၏။ ရှိစေတော့။ မတတ်နိုင်။ အရေးကြီးသည်ကား ဒီက အပြန်မှာ သောက်သုံးကောင်းကောင်းရဖို့ပဲ အရေးကြီးသည်။

သည့်နောက် သူတို့နားနေရာမှ ပြန်ထလိုက်ကြပြီး တောထဲသို့ တိုးဝင်ခဲ့ကြသည်။ မကြာခင် သူတို့မှ ဒေါင်းအော်သံများ ချေဟောက်သံများနှင့် မျောက်အော်သံများကို ကြားလိုက်ရသည်။ သူတို့အားလုံး မျောက်အော်သံကြားသည့် ညောင်ပင်ကြီးရှိရာသို့ ခြေသံလုံလုံနင်း၍ အကာအကွယ်ယူပြီး လာခဲ့လိုက်ကြသည်။

ဆရာကြီး ... ဟိုမှာ ... ဟိုမှာ ...





"ဘယ်မှာလဲ ... ဘာလဲ ..."

"ဟို ... ညောင်ကိုင်းပေါ်မှာ မျောက်တစ်ကောင် ..."

မုဆိုးကျောက်တစ်လုံးက အသံခပ်အုပ်အုပ်နှင့် ပြောလာပြီး လက်ညှိုးထိုးပြလိုက်သည်။ ကြည့်လိုက်သောအခါ တစ်ခုသော ညောင်ကိုင်းပေါ်၌ မျောက်တစ်ကောင်ကို တွေ့မြင်နေရသည်။ မျောက်သည် အတန်ငယ်ကြီး၏။ ထူးခြားသည်ကား မျောက်သည် သစ်ကိုင်းပေါ်မှာ ထိုင်ပြီး ဟိုအဝေးတစ်နေရာကို ငေးမောကြည့်နေသည်။

"ဟာ ... ဟုတ်တယ်ဟ၊ ပြေးကောင်းတယ် မပစ်နဲ့နော်၊ ငါ ပစ်မယ် ..."

သူ ညောင်ပင်ကြီးရှေ့မှ ချုံခြုံအနီးသို့ ခါးကုန်း၍ သွားလိုက်သည်။ ဤနေရာက ပစ်ကွင်းကောင်းသည်။ သည့်နောက် နှစ်လုံးပြူးသေနတ် မြှောင်းတင့်လိုက်သည်။

"ကဲလေ ..."

"ကွိ ... ကွိ ..."

သေနတ်မောင်းတင်လိုက်သံကြောင့် နားပါးပုံရသည့် မျောက်သည် သူတို့ကို တွေ့မြင်သွားပြီး လွှားခနဲ အပေါ်ညောင်ကိုင်းသို့ ကူးကာ ညောင်ရွက်များအကြား ပုန်းနေလိုက်သည်။ သည့်အတွက် ဦးခင်မောင်လတ်က သူ့ကိုယ်သူ ကျိန်ဆဲလိုက်သည်။

သူတို့နှစ်ဦးသား မျောက်ရဲ့လှုပ်ရှားမှုကို ပုန်းကွယ်၍ ချောင်းကြည့်နေလိုက်သည်။ အတန်ကြာသောအခါ မျောက်သည် အရိပ်ငြိမ်းယိုင်းတို မျက်စေ့ကစားရင်း အသံများ ငြိမ်သွားသဖြင့် အန္တရာယ်ကင်းပြီး မှတ်ကာ ခဲစိမ်းရွက်များကို လက်နှင့်ဖယ်၍ အောက်သစ်ကိုင်းသို့ အကူး ...

"ဖောင်း ..."

"ကွိ ... ကွိ ... အီ ... အီ ... ကျွိ ..."

"ဝရော ... ဝရော ... ဖလုပ် ... ဖလုပ် ..."

စရိုက်ကျည်ဆံအချို့က မျောက်ကို ထိမှန်သွားသည်။ မျောက်



www.burmeseclassic.com

www.burmeseclassic.com



သည် အပေါ်သို့မြောက်တက်သွားပြီး သစ်ရွက်သစ်ကိုင်းများနှင့် ပွတ်တိုက်ကာ အော်ဟစ်ရင်း ပြုတ်ကျလာသည်။ မျောက်သည် ပြုတ်ကျလာရင်းမှ ဆုပ်မိဆုပ်ရာ ညောင်ကိုင်းငယ်တစ်ခုကို သွေးရူးသွေးတန်း ဆုပ်ကိုင်ထားရင်း ရင်ဘတ်မှ ဒဏ်ရာကို လက်နှင့်ဖိ၍ နာကျင်စွာ အော်ဟစ်နေလိုက်သည်။

ဦးခင်မောင်လတ်နှင့် မုဆိုးကျောက်တစ်လုံးတို့ကလည်း ခြုံကွယ်မှ ပြေးထွက်လာရင်း မျောက်အကျကို ဓားမြှောင်နှင့် စောင့်နေလိုက်သည်။

''နောက်တစ်ချက် ပစ်လိုက်မယ်ကွာ. . .''

''မပစ်နဲ့တော့ ဆရာကြီး. . . အသက်ကုန်ရင် သူ့ဖာသာ ပြုတ်ကျလာသိမ့်မယ်. . .''

သို့နှင့် သူတို့နှစ်ဦး ညောင်ပင်အောက်မှာရပ်၍ အပေါ်သို့ မော့ကြည့်နေကြသည်။ မျောက်၏ ရင်ဘတ်ဒဏ်ရာမှ သွေးစက်များသည် မြေပြင်သို့ တစ်စက်ချင်း စီးကျနေသည်။ မျောက်သည် ဝေဒနာကို သည်းထန်စွာ ခံစားရင်း တစ်စုံတစ်ဦးကို တမ်းတသလို တကြော်ကြော် အော်ခေါ်အော်ဟစ်နေသည်။

ဦးခင်မောင်လတ်ကား မျောက်ကိုယ်မှ သွေးများ မြေပြင်သို့ အလဟဿကျနေ၍ လွန်စွာ နှမြောနေ၏။ မုဆိုးကျောက်တစ်လုံးကလည်း မျောက်ကျလာသည်နှင့် မျောက်ဝမ်းဗိုက်ကို ခွဲ၍ မျောက်သည်းခြေ အရှင်ဖမ်းရန် ဓားမြှောင်ကိုင်ပြီး အသင့်စောင့်နေလိုက်သည်။

ထိုစဉ် ဝေါခနဲ တောတိုးသံလိုလို၊ အသံမျိုးကြားလိုက်ရ၏။ သူတို့လန့်ဖျန့်သွားပြီး ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်ကြသည်။ ဒါနှင့်အတူ အချိန်မဟုတ်၊ အခါမဟုတ်၊ လေပြင်းများကျသလို သစ်ပင်သစ်ကိုင်းများ လှုပ်ခါ၍ သွားကြသည်ကို သူတို့သုံးဦးစလုံး အံ့ဩမြင်ကြားလိုက်ရ၍ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး မေးဆတ်လိုက်ကြသည်။

''တောခြောက်တာလား . . မသိဘူး . .''

''ဟော. . . ဟော. . . ဟိုမှာ. . . ဟိုမှာ. . . မျောက်ကျတော့မယ်ကွ. . . ကျောက်တစ်လုံးရေ . .''





ဦးခင်မောင်လတ်က လက်တစ်ဘက်က နှစ်လုံးပြူးသေနတ်ကို ကိုင်ရင်း အားရဝမ်းသာ အော်ပြောလိုက်သည်။ သူသည် သူ့လက်ကို သူ အံ့ဩနေမိ၏။ ဒါတောင် အမဲမပစ်တာကြာပြီ။

''ဟုတ်တယ်ဗျ . . ဟော. . . ဟော. . . ကျလာပြီဆရာကြီး။ ကျလာပြီ. . . ဖမ်း . .''

''ဗုန်း . .''

မျောက်သည် ကြာတော့ သွေးခမ်းမတတ်ဖြစ်ကာ၊ တဖြည်းဖြည်း လက်အံ့သေလာပြီး အပေါ်မှသည် မြေပြင်သို့ ဗုန်းခနဲ ပြုတ်ကျလာကာ အကြောတစ်ချက် နှစ်ချက်ဆွဲ၍ အသက်ထွက်သွားခဲ့လေသည်။ သည်မှာ ကျောက်တစ်လုံးက မျောက်သေရှိရာသို့ ပြေးသွားပြီး မျောက်ရင်ကိုခွဲရန် ဓားကိုင်၍ ရပ်လိုက်စဉ်. . .

''ရှူး . . ရှူး . .''

''ဟယ် . .''

''ရှူး . . ရှူး . . ဖူး . .''

''အမလေးဗျ . . မြွေ. . . မြွေကြီး . .''

လှုပ်တပြက်ပါပဲ။ မျောက်သေ၏ရင်ကို ဖွင့်ရန် ဓားမြှောင်နှင့် အနားကပ်လိုက်စဉ်မှာပဲ၊ ကြီးမားသောမြွေဟောက်ကြီး တစ်ကောင်သည် ရှူးခနဲ မှုတ်သံပေးကာ အပြေးရောက်လာပြီး မုဆိုးကျောက်တစ်လုံးရဲ့ လည်မြို့ကို အစွယ်နှင့် တအားပေါက်ချလိုက်ရာ ကျောက်တစ်လုံး ခေါင်းထဲမှာ 'ဒိုင်း'ခနဲ ဖြစ်သွားပြီး မျက်လုံးများပြာ၍ ပစ်လဲကျသွားသည်။

ကြီးမားလှသော မြွေဟောက်ကြီးသည် ပါးပျဉ်းကြီးကိုထောင်၍ ဒေါသထွက်နေသော မျက်လုံးနှစ်လုံးနှင့် စိုက်ကြည့်နေသည်။ ကျောက်တစ်လုံး မြွေဟောက်ကြီးကို အလန့်တကြား ကြည့်ရင်း အသက်ရှူကျပ်လာကာ မျောက်သေနံဘေးမှာ ဘိုင်းခနဲ လဲကျသွားတော့သည်။ မုဆိုးကြီးသည် အသက်ရှူကျပ်လာသဖြင့် သူ့လည်ပင်းသူ ဆုပ်ကိုင်ရင်း မျက်လုံးပြူးကာ ပလုံးပထွေး စကားများ အော်ဟစ်ရင်း အသက်ပျောက်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အုံ့သြစရာ ကြောက်စရာ အသည်းထိတ်စရာ မြင်ကွင်းကို မျက်စေ့အောက်မှာ ရုတ်ချည်းမြင်လိုက်ရသောအခါ ဦးခင်မောင်လတ် မှင်သက်မိနေသလို သေနတ်ကိုကိုင်ရင်း ငေါင်နေသည်။ သူ့တစ်သက်နှင့်တစ်ကိုယ် ဒီအဖြစ်မျိုး မကြုံစဖူး။

ထိုစဉ် ကြီးမားတုတ်ခိုင်သော မြွေဟောက်ကြီးသည် ဖူးခနဲ နှာတစ်ချက်မှုတ်ကာ သူ့ထံသို့ ပါးပျဉ်းကြီးထောင်လျှက်နှင့် လမ်းလျှောက်သလို ရွေ့လျားရှ လာနေ၏။ သူ စိတ်သို့ ခံထားရသည့်အလား ကြီးမားသောသည့် မြွေဟောက်ကြီးကို ငေးကြောင်ကြောင်နှင့် စိုက်ကြည့်နေမိသည်။

အလိုလေး ... ထူးဆန်းလှချည်လား။ မြွေဟောက်ကြီး၏ပါးနှစ်ဘက်သည် ဆေးဖြူသုတ်ထားသည့် အလား ဖြူဖွေးနေသည်။ သူ့မျက်လုံးနှစ်လုံးသည် အငြိုးကြီး ဒေါသကြီးစွာဖြင့် သူ့ကို စိုက်ကြည့်နေပြီး ရွေ့လျားလူးလွန့်၍ လာနေသည်။

``ဆရာ . . . ဆရာ . . . မြွေကြီး . . . မြွေကြီး . . .

ဒါကို ခပ်လှမ်းလှမ်းမှ ရပ်နေသည့် သူ့တပည့် ဦးကျီးနက်က မြင်တွေ့သွားပြီး ကြောက်လန့်တကြား အော်ဟစ်သတိပေးလိုက်သည်။ ဦးကျီးနက်လည်း မှတ်ိုးကြီး ကျောက်တစ်လုံး မြွေကိုက်ခံရ၍ သေသွားသည်ကို မြင်လိုက်ရသည်။ သူ့မျက်လုံးထဲမှာ ဒီမျောက်ကလေးနှင့် ပါးဖြူမြွေဟောက်ကြီးကို မြင်ဖူးသလို ရှိနေသည်။

ပါးနှစ်ဘက်ဖြူနေသော မြွေဟောက်ကြီးကို အခု အနီးကပ်ပိုအသေအချာမြင်လိုက်ရသောအခါ သူ့ အစ်ရာရာကို အမှတ်ရသွားခဲ့သည်။ သည်မြွေဟောက်ကြီးပါးဖြူသည် မြွေအလံမှာ ယပ်ကျောက်ခဲ၏ မြွေကြီး။ ဒါနှင့်အတူ မျောက်ကလေးကိုလည်း သတိရလိုက်သည်။ မဟုတ်မှလွဲရော ဒါ သခင်မဲ့နေသည်။ မျောက်ကလေးမှီးစည်မဲ ဖြစ်ရလိမ့်မည်။

ထားတော့ ဒီအကြောင်းကို ပြန်စဉ်းစားနေဖို့ အရေးမကြီး။ အရေးကြီးသည်က သူ့ဆရာကို မြွေပေါက်ခတော့မည်။ သူ့လက်ထဲမှာလည်း ဘာလက်နက်မှမရှိ။ သူ ဒုတိယမို့ တအားကြုံး၍ အော်လိုက်သည်။





``ဆရာ . . . ရှေ့မှာ . . . မြွေကြီး . . . ပစ် . . . ပစ် . . .''

ဦးကျီးနက်ရဲ့ အော်ဟစ်သတိပေးလိုက်သံကြားမှ ဦးခင်မောင်လတ် ချက်ချင်းအသိများ ပြန်ဝင်လာကာ နှစ်လုံးပြူးသေနတ်ကို မောင်းတင်ချိန်လိုက်သည်။ သူ့လက်သည် ကြောက်စိတ် ရင်ခုန်စိတ်နှင့် တုန်ရီနေသည်။ ပြောင်းဝသည် ချိန်ထားမငြိမ်ပဲ ဘယ်ညာယမ်းနေသည်။ သူ တရွေ့ရွေ့ တိုးလာနေသည့် မြွေဟောက်ကြီးရဲ့ ပါးပျဉ်းခွက်ကြီးကို ချိန်၍ ခလုတ်ကို နှိပ်လိုက်သည်။

``ဖောင်း . . .''

``ဟာ . . .''

တစ်ချက်က ပြောင်းတုန်ခါနေ၍ လွဲသွားသည်။ သေနတ်ပေါက်ကွဲ မြည်ဟိန်းသံပေါ်လာသည်နှင့် လျှင်မြန်လှသော မြွေကြီးက ဦးခေါင်းကို အောက်နိမ့်ချလိုက်သည်။ လွဲသွားပြီ . . . သည့်နောက် နောက်ထပ်ကျည်နှစ်တောင့်ကို ကတုန်ကယင်နှင့် ထပ်ထိုးလိုက်စဉ် . . .

``ဝိုး . . .''

``ဖောက် . . .''

``အား . . . အ . . . အ . . .''

``အား . . . မလေး . . . အား . . . အ . . . အ . . .''

မြွေဟောက်ကြီးက ဦးခင်မောင်လတ်ရဲ့ လက်ကို အစွယ်ဖြင့် တအားပေါက်ချလိုက်ပြီး ဖူးခနဲ နှာမှုတ်ကာ ပါးပျဉ်းကို ဘယ်ညာယိမ်းနွဲ့၍ လှုပ်ရှားနေလိုက်သည်။ ဦးခင်မောင်လတ် ခေါင်းထဲမှာ မိုးကြိုးတစ်စင်း ပစ်ချခံရသလို ခံစားလိုက်ရပြီး လက်ထဲမှ သေနတ်လည်း လွတ်ကျသွားခဲ့သည်။

သူ့ လက်ဖမိုးမှ မြွေကိုက်ဒဏ်ရာကို ဘယ်လက်နှင့် အုပ်လိုက်ပြီး ရှေ့သို့ စိုက်လဲကျကာ ဆားပက်ခံရသည့် တီကောင်လို တွန့်လိန်နေသည်။ ပါးစပ်ကလည်း တအင်းအင်း တအစ်အစ်နှင့် အသက်ရှုကျပ်ပြီး အော်ဟစ်နေသည်။ ထိုစဉ် မြွေဟောက်ကြီးက သူ့ကို စည်းတားသကဲ့သို့ ဝိုင်းပတ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပြေးနေ၏။

ဦးကျိုးနက်လည်း အနားသို့ လုံးဝမကပ်ရဲ၊ မြွေကြီးက နည်းသည့်အကောင်ကြီး မဟုတ်။ သူ သူ့ကိုပါကိုက်မှာ စိုး၍ သစ်ပင်ကြီးတစ်ပင်ကို ကွယ်ပြီး ဖြစ်ရပ်မှန်များကို အသည်းထိတ်ရင်ဖိုစွာ ချောင်းကြည့်နေလိုက်သည်။ သူ့အလှည့် ဘယ်အချိန်ရောက်လာမည်လည်း မသိ။

``ကျိုး. . . ကျိုး . . . နက် . . . အား . . . အ. . :အ. . .``

``ကျိုး. . . ကျိုး. . . နက်. . . ရေ . . ရေ . . ပေး . . ပေး . . အား . . . အစ် . . . အစ် . . .''

သူ့ဆရာသည် သူ့အမည်ကို အားကိုးတကြီး အော်ခေါ်နေသည်။ ခေါ်ရင်းမှ အကြောဆွဲ၍ နှစ်ပတ်သုံးပတ် လူးလိမ့်ကာ တဆတ်ဆတ်တုန်ပြီး ငြိမ်သက်သွားခဲ့လေသည်။

မြွေဟောက်ကြီးသည် ဦးခင်မောင်လတ် သေမသေကို နှာခေါင်းနှင့် အနံ့ခံရင်း ကြည့်နေသည်။ လုံးဝငြိမ်သက်သွားတော့မှ လူသေကောင်အနီးမှ ခွာလိုက်ကာ သေဆုံးနေသည့် မြောက်ကလေးရှိရာသို့ သွားလိုက်သည်။ ထူးဆန်းအံ့သြစရာ ကောင်းသည်ကား မြွေဟောက်ကြီးပါးဖြူသည် မြောက်သေလေးရဲ့ မျက်နှာကို နှာခေါင်းနှင့် အကြိမ်ကြိမ် နမ်းရှုံ့နေ၏။ အမြီးနှင့် ထောက်၍ ထိုး၍ လှုပ်နှိုး၏။ မြောက်ကလေး လုံးဝလှုပ်ရှားမှုမရှိမှန်းသိသောအခါ မြောက်ကလေးရဲ့ မျက်နှာပေါ်မှာ သူ့ဦးခေါင်းကို အတန်ကြာတင်၍ ဝမ်းနည်းကြေကွဲသလိုပြုပြီးနောက်. . . ဟို. . . တောနက်ရှိရာသို့ လူးလွန့်၍ ထွက်ခွာသွားတော့လေသည်။

ဆယ်မိနစ် ဆယ့်ငါးမိနစ်ခန့်ကြာ၍ မြွေသံလုံးဝ မကြားရတော့မှ ဦးကျိုးနက် ကြောက်ဒူးများ တုန်လျက်ဖြင့် သူ့ဆရာ အနီးသို့ မဝံ့မရဲတိုးကပ်လာလိုက်သည်။

``ဆရာ. . . ဆရာ. . .

``ဆရာ. . . ဆ. . . ရာ. . .''

သူ မျက်လုံးနှစ်လုံးစလုံးပြူးပြီး အကြောများ ကုတ်နေသည့်





သူ့ဆရာရဲ့ ခန္ဓာကိုယ်ကို လှုပ်၍ နှိုးကြည့်သည်။ သူ့ဆရာ လုံးဝ မလှုပ်တော့။ နည်းတူ မုဆိုးကြီးကျောက်တစ်လုံးကို ပြေးကြည့်လိုက်တော့ မုဆိုးကြီးလည်း အသက်ပျောက်နေပြီ။

သူ တောနက်ထဲမှာ လူသေအလောင်းနှစ်လောင်းနှင့် မနေရဲ။ သည့်ကြားထဲ မြွေဟောက်ကြီးက အငြိုးမပြေ၍ သူ့ကိုပါ ရန်ရှာခဲ့လျှင် ဒုက္ခ။ သို့နှင့် သူ နောက်ဆုင်ငဲ နောက်ဆုတ် ပြန်လှည့်ပြီး ရွာထဲမှ လူများထံ သွားရောက် အကူအညီတောင်းရန် ခြေကုန်သုတ်၍ တောထဲမှ ပြေးထွက်ခဲ့လိုက်သည်။

♛ ♛ ♛

မျက်ရည်စီးတဲ့ပွဲ

လုံးဝလွတ်လပ်ရေး တိုက်ပွဲခေါ် တောင်းဆိုသံများသည် မြန်မာပြည်တစ်နံ့တစ်လျားမှာ စည်စည်လျှံနေသည်။ လှည်းနေလှေအောင် မြင်းဖောင်းမကျန် လွတ်လပ်ရေးအတွက် စည်းရုံး လှုပ်ရှားနေကြသည်။ သခင်တရားပွဲများ လူထုစည်းဝေးပွဲများက နေရာအနှံ့ ခြိမ့်ခြိမ့်သဲသဲ။

တိုင်းပြည်လူထုသည် ကိုလိုနီနယ်ချဲ့တို့နှင့် ရင်ဆိုင်စစ်ပွဲကြီး နှစ်ကြိမ်ပြုခဲ့ပြီးပြီမို့ နယ်ချဲ့တို့အကြောင်း နောကျေအောင်သိခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ အင်္ဂလိပ်အစိုးရသည် မြန်မာပြည်သူ ပြည်သားများ၏ရင်ထဲက ဆန္ဒကို နားလည်သဘောပေါက်လာသည်။ ဒီတိုင်းပြည်နှင့် သည်လူမျိုးသည် လုံးဝလွတ်လပ်ရေးအတွက်ဆိုလျှင် သူတို့ကို နောက်တစ်ကြိမ် ပြန်နှင်တိုက်ထုတ်ဖို့ ဝန်မလေးမှန်း သိလာကြသည်။

သို့နှင့် ဗြိတိသျှ နန်းရင်းဝန် ကလီးမင့်ရစ်ချတ် အက်တလီသည် ၁၉၄၆ခုနှစ် ဒီဇင်ဘာ (၂၁)ရက်နေ့ ဗြိတိသျှ အောက်လွှတ်တော်၌ မြန်မာပြည်အား အာဏာလွှဲပြောင်းပေးရေးကို ဆွေးနွေးရန် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကို ဖိတ်ခေါ်လိုက်သည်။

သို့နှင့် ဖ-ဆ-ပ-လ ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ လန်ဒန်မြို့သို့ သွားရောက်ပြီး လုံးဝလွတ်လပ်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့၏။ ၁၉၄၇ခုနှစ် ဇန်နဝါရီလ (၂၇)ရက်နေ့မှာ နှစ်နိုင်ငံ သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ၎င်းစာချုပ်၌ အစစအဆင်ပြေသည့်နေ့မှာ အာဏာလွှဲပြောင်းပေးအပ်ပြီး လွတ်လပ်ရေးကြေငြာရန် သဘောတူခဲ့သည်။

သို့နှင့်အတူ တစ်နှစ်အတွင်း လုံးဝလွတ်လပ်ရေး ရရှိစေရမည်ဆိုသော ခိုင်မာသည့် ကြွေးကြော်သံသည် ပြည်သူလူထုရင်ထဲသို့ တည့်မတ်စွာ စီးဝင်လာခဲ့သည်။

မြန်မာပြည်ကား ကံခေလွန်းလှသည်။

လွတ်လပ်ရေး မကြေငြာခင်မှာပင် မြန်မာအမျိုးသား ခေါင်းဆောင်များ မသမာသူတို့၏ လုပ်ကြံခံရပြီး တိုင်းပြည်အဝှမ်း မျက်ရည်မဆည် ငိုပွဲဆင်ခဲ့ရသည်။

သည့်နောက် ၁၉၄၇ခုနှစ် အောက်တိုဘာလအတွင်း ဒုတိယအကြိမ် တာဝန်ရှိသူများ လန်ဒန်သို့သွားရောက်ကာ လုံးဝလွတ်လပ်ရေး ကြေငြာရန် ဒုတိယစာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။

၁၉၄၈ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့ကို မြန်မာပြည် လုံးဝလွတ်လပ်ရေးနေ့အဖြစ် ကြေငြာပြီး အာဏာလွှဲပြောင်းပေးအပ်ရန် အက်တလီက





သဘောတူခဲ့ရလေသည်။

လုံးဝအချုပ်အချာ အာဏာပိုင်စိုးသည့် လွတ်လပ်ရေး ရတော့မည်မို့ မြန်မာပြည်သူ ပြည်သားအားလုံး အားရကျေနပ်နေကြသည်။ အလုပ်များ ပိုလုပ်ကြသည်။ ဒါနှင့်အတူ စည်းလုံးခြင်းအားမာန်များ ပိုမို ထက်သန်လာခဲ့ကြသည်။

ထို့နောက် မြန်မာ့ကိန်းခန်းအရ အချိန်အခါကောင်းကို ရွေးခြယ်ကြရာ ၁၉၄၈ခုနှစ် ဇန်နဝါရီလ (၄)ရက် တနင်္ဂနွေနေ့ နံနက် အာရုဏ်တက်ချိန် ကန်ရာသီ၊ ဟဿဒနက္ခတ်နှင့် စန်းယှဉ်၍ နေလဂ် ၁ခွေ၊ ၄ဟူး ပူးချိန်၍ အခါကောင်းနှင့် ကြုံကြိုက်သည်မို့ ထိုနေ့ ထိုအချိန်ကို လုံးဝလွတ်လပ်သော အချုပ်အာဏာပိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဖြစ်သို့ ရောက်ရှိကြောင်း ကြေငြာရန် သတ်မှတ်လိုက်သည်။

၁၉၄၈ခုနှစ် ဇန်နဝါရီလ (၄) နံနက် (၄)နာရီ ( ၁၁ )မိနစ်။

အတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး) မှာ မင်းပရိသတ်တို့ စုံစုံလင်လင် အသင့်နေရာ ယူထားကြသည်။ မျိုးချစ်တော်လှန်ရေး သမားကြီးများ နိုင်ငံခေါင်းဆောင်များ မြန်မာ့တပ်မတော်သားများသည် လွတ်လပ်ရေးအလံတင် အခမ်းအနားအတွက် အသင့်ရှိနေကြသည်။

မကြာမီ နရည်ချိန်ရောက်သည်နှင့် အလံတိုင်ထိပ်မှာ လွှင့်ထူထားသော အင်္ဂလိပ် ယူနီက်တက် အလံကို အလံတိုင်ပေါ်မှ ဖြည်းဖြည်းချင်း ဖြုတ်ချလိုက်သည်။ သည့်နောက် အောင်စည်အောင်မောင်းများ တီးမှုတ်၍ အမျိုးသားသီချင်းနှင့် မြန်မာနိုင်ငံတော် အလံကို တဖြည်းဖြည်းချင်း လွှင့်တင်လိုက်သည်။

မြန်မာပြည်သားအားလုံး တိုင်ထိပ်လေထဲမှာ တဖျတ်ဖျတ်လွှင့်ဝဲနေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို ဝမ်းသာပီတိမျက်ရည်များဖြင့် လေးစားစွာ အလေးပြု ဦးညွှတ်လိုက်ကြသည်။

မြန်မာပြည်၏ နောက်ဆုံးဘုရင်ခံ 'ဆာဟူးဘတ်ရန့်စ်'သည် နောက်ဆုံးအလေးပြုပြီး ရန်ကုန်ဆိပ်ကမ်းတွင် အသင့်ဆိုက်ကပ်စောင့်စား



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ဗြိတိသျှ စစ်သင်္ဘောပေါ်သို့ တက်ရောက်ကာ မြန်မာပြည်မှ အပြီးအပိုင် ထွက်ခွာသွားလေသည်။

တို့မြေကို တို့ပိုင်ခဲ့ပြီ။

တို့မြေကို တို့ပိုင်ခဲ့ပြီ။

ဒါကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ကိုယ့်တာသာနှင့် အချုပ်အခြာ အာဏာပိုင်ခဲ့ပြီ။ လွတ်လပ်ရေးရဲ့ အရသာကို ဒီနေ့ ဒီရက် ဒီအချိန်အခါမှစ၍ မြန်မာပြည်သူပြည်သားများ အားရပါးရ ခံစားခဲ့ရပြီ။

အနှစ်တစ်ရာကျော် ကျွန်ဘဝမှ လုံးဝလွတ်မြောက်ခဲ့ပြီ။

ထိုနေ့ ထိုရက်များက မြန်မာပြည်အဝှမ်း စည်တော်သံများ၊ မောင်းသံ၊ စောင်းသံ၊ အိုးစည်ဒိုးပတ်သံ၊ သံချပ်ထိုးသံ၊ သီချင်းဆိုသံ၊ အောင်သပြေ ပန်းကမ်းဟန်တို့ဖြင့် လွှမ်းနေသည်။

ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလိုက်သည့်နေ့။

♛ ♛ ♛

မြန်မာပြည်လုံးဝ လွတ်လပ်ရေးရရှိခဲ့ပြီမို့ အင်္ဂလိပ်နယ်ချဲ့ အစိုးရ အုပ်ချုပ်စဉ် ကာလက မတရားဖမ်းဆီး အကျဉ်းကျနေရသည့် အကျဉ်းသားများ လွတ်လပ်ရေးရဲ့ ဦးဦးဖျားဖျား အရသာကို ခံစားခွင့်ရရှိကာ လွတ်မြောက်လာခဲ့ကြသည်။





ထိုနေ့က ရန်ကုန်ထောင်အပြင်ဘက်မှာ သူ့ဆွေမျိုး ကိုယ့်ဆွေမျိုး အပြုံးအပျော်များဖြင့် အုပ်စုလိုက်ဖွဲ့ကာ ကိုယ့်သားချင်းများကို စောင့်ကြိုနေကြသည်။

သစ်ပင်ရိပ်တစ်နေရာမှာတော့ ဘဆရာတော်ဦးစန္ဒိမာ၊ သိုင်းဆရာကြီး ဦးကျော်ဖေ၊ မဆည်းဆာ၊ ဦးပေါက်ကျိုင်း၊ အလွန်ရုပ်ရည်လှပ တင့်တယ်ပြီး ကျက်သရေရှိလှသည့် အသက်(၄၀)ခန့် အမျိုးသမီးတစ်ဦးနှင့် လူမည်းကြီး ဦးကျီးနက်တို့သည် ထောင်ဗူးဝကို မျှော်လင့်ကြီးစွာသော မျက်လုံးများဖြင့် ငံ့လင့်[illegible]ကြည့်နေကြသည်။

မကြာမီ လွတ်ငြိမ်းချမ်းသာခွင့် ရရှိသူများ အသီးသီးထွက်လာကြသည်။ တစ်ယောက်ထွက်လာလိုက်တိုင်း ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်းများက ဝမ်းသာအားရ ဲအော်ဟစ်နှုတ်ဆက် ပွေ့ဖက်ကြသည်။ ထိုနေ့ မြင်ကွင်းကား အလွန်တရာ ပျော်ရွှင်ကြည်နူးချမ်းမြေ့စရာကောင်းသည့် မြင်ကွင်းများဖြစ်သည်။

ဒီနေရာမှာ နှစ်ရှည်လများ ကွဲကွာနေကြသည့် သားချင်း[illegible]ား ပြန်ဆုံကြသည်။ ကိုယ့်ရဲဘော် ရဲဘက်များ ပြန်ဆုံကြသည်။

"ဟိုမှာ. . . ဟိုမှာ. . ."

မဆည်းဆာက ထောင်ဗူးအဝသို့ လက်ညှိုးထိုးလိုက်သဖြင့် အားလုံးသော မျက်လုံးများက ဗူးဝသို့ စုပြုံရောက်ရှိသွားကြသည်။

"အစ်ကို. . . ကျောက်ခဲ. . ."

"ဟာ. . . ဟုတ်တယ်ဟေ့. . . ဟိုမှာ. . . ကျောက်ခဲ. . . ကျောက်ခဲ"

"အစ်ကို. . . အစ်ကို. . . ကျောက်ခဲ. . ."

ဆည်းဆာက အထုပ်ကလေးပိုက်၍ ထွက်လာသည့် ကျောက်ခဲထံ အလျှင်အမြန် အော်ဟစ်ပြေးသွားပြီး လက်ကိုဆွဲလှုပ်၍ ကြိုလိုက်သည်။ သူမရဲ့ ပါးပြင်ပေါ်မှာ ဝမ်းသာလွန်း၍ မျက်ရည်များ စီးကျနေသည်။ ကျောက်ခဲသည် မဆည်းဆာကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းမသိ ဝမ်းသာ၍သွားခဲ့ပြီး အလိုလို သူမရဲ့လက်ကို ကိုင်ဆုပ်မိလျက် သွားဖြစ်သွားခဲ့သည်။

"ဆည်းဆာ. . . ဆည်းဆာ. . . ညီမလေး . . . ညီးတို့ လာကြိုတယ်၊ ဘယ်သူပါသေးလဲဟင်"

"ပါတယ်အစ်ကို အားလုံးပါတယ်၊ ဘဘုန်းလည်းပါတယ်၊ အဘလည်းပါတယ်၊ ကိုလင်းတို့ အဘကျိုင်းတို့လည်းပါတယ်၊ ပြီးတော့ ဧည့်သည်တွေလည်းပါတယ်၊ လာ. . . အစ်ကို. . . လာ. . ."

ပြောနေတုန်း ဘဘုန်းတို့ အုပ်စု နားသို့ရောက်လာပြီး ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ငယ်ပေါင်း သေမြော်သေဖက်များကလည်း ဝမ်းသာလွန်း၍ ပျော်နေကြသည်။

သူတို့ကိုကြည့်၍ ဦးကျီးနက်နှင့် အလွန်လှပကျော့ရှင်းပြီး ကျက်သရေရှိလှသော မြန်မာအမျိုးသမီးကြီးတစ်ဦးကလည်း ပျော်လွန်း၍ စီးကျလာသည့်မျက်ရည်များကို လက်ကိုင်ပုဝါနှင့်သုတ်ပြီး ကြည်နူးနေသည်။

ဒီမှာ ဘဘုန်းက လူသစ်နှစ်ဦးနှင့် ကျောက်ခဲကို မိတ်ဆက်ပေး သည်။

"လူကလေး . . . မောင်ကျောက်ခဲ ဟောဒါက ဦးကျီးနက်တဲ့ ဟောဒီအမျိုးသမီးကြီးက ဒေါ်နှင်းမြအေးသီတဲ့. . ."

"ဟုတ်ကဲ့ ခင်ဗျာ အခုလို လာရောက်ကြိုဆိုကြတာ အလွန်ပဲ ကျေးဇူးတင်ပါတယ်၊ ဦးကြီးနဲ့ ဒေါ်ဒေါ်ခင်ဗျာ. . ."

ဦးကျီးနက်နှင့် ဒေါ်နှင်းမြအေးသီတို့က သူ့ကိုကြည့်၍ ပြုံးပြုံးကြီး ဖြစ်နေကြသည်။ သူ ဒီအသားမည်းမည်း နက်နက်နှင့် လူကြီးကို မြင်ဖူးပါသည်။ ဘယ်နားမှာ များပါလိမ့်။ စဉ်းစားသည်။ သိပြီ ဟိုမြို့တစ်မြို့က မြွေအလမ္ပာယ်ပြပွဲမှာ မြွေဒဂါးများဆုချသည့် လူမည်းကြီး။

"လူကလေး. . ."

"ဘုရား . . . ဘဘုန်း . . ."

"လူကလေးကို ဒီနေ့ အံ့သြစရာနဲ့ ဝမ်းသာစရာကောင်းတဲ့ စကား





တစ်ခု ဘဘုန်းတို့ ပြောစရာရှိတယ်ကွဲ့"

"မှန်ပါ. . . အမိန့်ရှိပါဘဘုန်းဘုရား"

"လူကလေး ဟောဒီဒကာမကြီး ဒေါ်နှင်းမြအေးသီကို သေသေချာချာ ကြည့်စမ်း"

ဘဘုန်းအမိန့်ရှိ၍ သူ ကျက်သရေရှိလွန်းလှသော အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက်လှလှ အထက်တန်းစား သဏ္ဌာန်ပေါ်လွင်သည့် ရည်မွန်စွာပြုံးနေသော အမျိုးသမီးကြီးရဲ့ မျက်နှာကို ဂရုစိုက်၍ ကြည့်လိုက်သည်။ ကြည့်ရင်း သူ့ရင်ထဲမှာ ဘလှပ်လှပ် ခံစားရသလို ဖြစ်လာသည်။

ကျန်လူများကလည်း ဘဘုန်းအမိန့်ရှိလိုက်တော့မှ ဒေါ်နှင်းမြအေးသီဆိုသူ အမျိုးသမီးကို အထူးဂရုစိုက်မိသွားကြသည်။ အမျိုးသမီးကြီးက လက်ဝတ်လက်စား အပြည့်အစုံနှင့် ကားလည်းပါသည်။ ချမ်းသာသည့် အထက်တန်းလွှာမှန်း သိလာသည်။ ပို၍ထူးခြားသည်ကား ဤဒေါ်နှင်းမြအေးသီဆိုသည့် အမျိုးသမီးကြီး၏ ရုပ်ရည်သည် ကျောက်ခဲ၏ရုပ်ရည်နှင့် ချွတ်ဆွတ်နည်းပါး တူနေခြင်းပဲဖြစ်သည်။ နှာတံပေါ်ပုံ၊ မေးရိုးကျပုံ၊ မျက်လုံးဝိုင်းပုံ၊ နှုတ်ခမ်းပါးပုံ တူလွန်းလှသည်။

"သိလား . . ."

"ဟင့်အင်း . . တစ်ခါမှ မမြင်ဖူးပါဘူး ခင်ဗျာ၊ ဒီက ဒေါ်ဒေါ်က ဘယ်သူလဲ ခင်ဗျာ"

"လူကလေး"

"ဘုရား . . . ဘဘုန်း . . ."

"အဲဒါ . . . အခြားမဟုတ်ဘူး၊ လူကလေးရဲ့ အမေအရင်းပဲ"

"ခင်ဗျာ"

"ဟာ. . ."

"ဟင်"

"ဟယ်"

ကြားရမြင်ရသူ အားလုံး အံ့သြကုန်ကြသည်။ ကျောက်ခဲရဲ့ အမေ



www.burmeseclassic.com

www.burmeseclassic.com



အရင်းတဲ့။ ကျောက်ခဲကို ကိုတောကျော်နှင့် မလွန်းအိမ်တို့ ကောက်ရ၍ မွေးစားထားသည်ဟုသာ ကြားဖူးကြသည်။ အခု သူ့အမေအရင်းခေါက်ခေါက်က ကျောက်ခဲ့ရှေ့မှာ မားမားရပ်နေသည်ကို မြင်ကြရသောအခါ အားလုံး မအံ့သြဘဲ မနေနိုင်ကြတော့။ အားလုံး သူတို့နှစ်ဦးရဲ့ လှုပ်ရှားမှုကို ကြည့်၍ ဘာများဖြစ်လာကြမလဲဟု မျှော်လင့်နေကြသည်။

"ဒါ . . ဒါ . . . ကျွန်တော့်အမေအရင်း"

"သား . . . လူလေး . . . လူလေးဟာ မေမေ့ရဲ့သားအရင်းပဲ၊ ဘဝကံဆိုးလွန်းလှတဲ့ ဖြစ်ရပ်ကြောင့်၊ သားကို အမေစွန့်ပစ်ခဲ့ရတဲ့ မိခင် ရှိင်းဘဝကို ရောက်ခဲ့ရတယ်၊ ဟင်း . . ဟီး . . ဟီး . . အမေမိုက်ခဲ့တယ်၊ အမေလူမဆန်ခဲ့ဘူး၊ အဲဒီဝဋ်ကြွေးအတွက် အမေအနှစ်နှစ်ဆယ်နီးပါး နေ့ရော ညရော ငိုခဲ့ရတယ်၊ ရင်ကွဲမတတ်လည်း ခံစားခဲ့ရတယ်၊ အခုတော့ သားနဲ့ မေမေ ပြန်ဆုံခွင့်ရပြီ၊ သောကကင်းဝေးစွာ ပြန်ဆုံခွင့်ရပါပြီသားရယ် သား သား . . သား . ."

ဒေါ်နှင်းမြအေးသီက ပြေးလာလိုက်ပြီး ကျောက်ခဲကို ပွေ့ဖက်ကာ ရင်ခွင်ထဲသို့ ဆွဲသွင်းထားလိုက်သည်။ ကျောက်ခဲ အမေအရင်းဆိုသူရဲ့ ရင်ခွင်ထဲမှာ ဦးခေါင်းကို ဝှက်ထားမိရက်သား ဖြစ်သွားသည်။

"သား . . ငါ့သားလေး . . မေမေနဲ့ကံကောင်းလို့ ပြန်ဆုံရတာ၊ မေမေ . . . ဝမ်းသာလိုက်တာ သားရယ်၊ မေမေ . . . ငါ့သားသတင်းကို အမြဲနားစွင့်နေတယ်၊ ဒါပေမယ့် ဘဝကံအကြောင်းကြောင်းကြောင့် သားလေး အနားကို မေမေကပ်ခွင့် နီးစပ်ခွင့် မရခဲ့ဘူး၊ ဒါပေမယ့် သားအန္တရာယ် ကင်းရှင်းစေဖို့ မေမေကြိတ်ပြီး ဆုတောင်းခဲ့ရတာ နေ့စဉ်ညစဉ်ပါသားရယ်၊ မေမေ သားနဲ့ ဒီတစ်သက်မခွဲတော့ဘူး . . မခွဲတော့ဘူး . . ဟီး . . ဟီး ဟီး . ."

ဒေါ်နှင်းမြအေးသီက သားလုပ်သူကို ဖက်၍ ငိုသည် ကျောက်ခဲက လည်း အမေအရင်းကို ပြုံးစားကြီး ကြုံတွေ့ရ၍ အံ့သြပြီး ဝမ်းသာကြီးစွာ ဖက်ထားလိုက်သည်။ သူ့ပါးပြင်မှာလည်း မျက်ရည်များ စီးကျနေသည်။





"သား . . ."

"သား လူလေး မေမေ့ကို မေမေလို့ ခေါ်လိုက်စမ်းပါသားရယ်၊ အဲဒီလို ခေါ်သံကို မေမေကြားချင်နေတာ အနှစ်နှစ်ဆယ်နီးပါးရှိပြီသားရဲ၊ မေမေလို့ ရဲရဲခေါ်လိုက်စမ်းပါ သားရယ်၊ ခေါ်လိုက်စမ်းပါ . . . သား . . လူလေး . . ."

"မေမေ . . ."

"သား . . လူလေး . . သား . . သား . ."

ဒေါ်နှင်းမြအေးသီ သားလုပ်သူရဲ့ နှုတ်များမှ မေမေဟု ခေါ်လိုက်သည့် အသံကြောင့် အနှစ်နှစ်ဆယ်နီးပါး ကန္တာရဖြစ်ခဲ့ရသည့် ရင်နှလုံးသားသည် မေတ္တာမိုးများ ရွာချခံလိုက်ရသည့်အလား။ အေးမြသွားခဲ့သည်။ ကြည်နူးဝမ်းသာသွားခဲ့သည်။ ဖရဏာပီတိများသည် ဆံဖျားမှ ခြေဖျား၊ ခြေဖျားမှ ဆံဖျားသို့တိုင် အခုန်အဆန် ကူးစီးပြန့်နှံ့သွားခဲ့သည်။

"ကိုင်း . . ကိုင်း . . ဒကာမကြီး အားလုံးဓာတ်ပြန်ပေါင်းမိကြပြီပဲ၊ သွားကြစို့ ဟိုရောက်တော့မှ ကလေးကို နားလည်အောင် စေ့စေ့စပ်စပ် ရှင်းပြကြတာပေါ့ သွားကြစို့ . . ."

"မှန်လှပါဘုရား လာ သား၊ သွားကြစို့ မေမေ့မှာ ကားပါလာတယ်"

ဒေါ်နှင်းမြအေးသီက ရင်ခွင်ထဲမှ သားလုပ်သူကို ဖက်၍ ပြောလိုက်သည်။

"မေမေ . . . ဟို . . . ဟို . . ."

"ဘာလဲဟင် . . . သား . ."

"မဆည်းဆာ . . . မဆည်းဆာတို့ . . ."

ဒီအချိန်မှာ မဆည်းဆာက သူ့အထုပ်ကလေးကို ရင်မှာပိုက်၍ မျက်ရည်ဝဲဝဲနှင့် သူတို့ကို ငေးကြည့်နေသည်။ ဒါကို ဒေါ်နှင်းမြအေးသီ မြင်သွားသောအခါ ချက်ချင်း သဘောပေါက်သွားပြီး ဆည်းဆာရှိရာသို့ လာခဲ့ကာ ဆည်းဆာရဲ့လက်ကို ယုယစွာ ကိုင်တွယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



``ဟုတ်ပေသားပဲ သမီးလေးလည်း ရှိသေးတာပဲ၊ ကဲ. . . ကဲ အားလုံး ကားပေါ်ကို တက်ကြ၊ အိမ်ကို အလျင်သွားကြမယ် လာ. . . လာ. . . သမီး. . . လာ. . .''

ဂုဏ်သရေရှိ အမျိုးသမီးကြီးနှုတ်ဖျားမှ ဂရုဏာမေတ္တာ အားပါလှသည့် စကားသံနှင့် အထိအတွေ့များကြောင့် သည်းဆာ မျက်ရည်များ အကြားမှ ဝမ်းသာအားရ ပြုံးလိုက်သည်။ ကျောက်ခဲကလည်း ဆည်းဆာကို အားရပါးရ ပြုံးပြလိုက်သည်။

သည့်နောက် သူတို့အားလုံး ကြီးမားလှသည့် အကောင်းစားကားကြီးပေါ်သို့ တက်လိုက်ကြသည်။ ကားပေါ်မှာ ကျောက်ခဲနှင့် ဆည်းဆာတို့က အတူယှဉ်တွဲ၍ ထိုင်လိုက်ကြသည်။ ဒါကို မိခင်ဖြစ်သူ ဒေါ်နှင်းမြအေးသီက ပြုံးပြုံးကြီးကြည့်ပြီး ခေါင်းညိတ်၍ ကားခေါင်းခန်းထဲသို့ ဝင်လိုက်သည်။

♛ ♛ ♛

မိခင်ပြောပြသည့် မိခင်အရင်းရဲ့ ဘဝကို သိလိုက်ရတော့ ကျောက်ခဲ စိတ်မကောင်း။ မိခင်ပြောပြသည့် နောက်ကြောင်းပြန် ဇာတ်လမ်းကလည်း ကြေကွဲစရာကောင်းလှသည်။

စိတ်ကူးသစ်စာပေ



မေမေသည် သူနှင့် ပတ်သက်၍ သူမရဲ့ဘဝ အဆိုးအကောင်းကို မရှက်မကြောက် အများရှေ့မှာ ဖွင့်ဟဝန်ချခဲ့သည်။

မေမေ ပျိုရွယ်စဉ်က မျိုးချစ်တော်လှန်ရေးသမား ကိုငြိမ်းချမ်းနှင့် ချစ်ကြိုက်ခဲ့သည်။ မိဘများက ကိုငြိမ်းချမ်းနှင့် လုံးဝသဘောမတူ။ ကိုငြိမ်းချမ်းက အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ဖို့ လုပ်နေသည့် လျှို့ဝှက်မြေအောက် တော်လှန်ရေးသမား. . .

မေမေတို့က လူအထက်တန်းစား လူချမ်းသာ. . .

မေမေ့ကို သဘောတူသည်က ကောလိပ်ကျောင်းသား သူဌေးသား ဦးခင်မောင်လတ်နှင့် ဖြစ်သည်။ ဦးခင်မောင်လတ်တို့ကလည်း မျိုးရိုးနှင့် ချီ၍ ချမ်းသာသည်။ သူက ခေတ်ပညာတတ်ပြီး ချောမောလှပသည့် မေမေ့ကို အသေအလဲကို ကြိုက်သည်။

နှစ်ဘက် မိဘများကလည်း သဘောတူကြသည်။

တိုတိုပြောရလျှင် မေမေ (နှင်းမြအေးသီ)နှင့် ကိုငြိမ်းချမ်းတို့ အချစ်နယ်လွန်ခဲ့ကြသည်။ မေမေ့မှာ ဖေဖေ (ကိုငြိမ်းချမ်း)နှင့် ကိုယ်ဝန်ရှိလာခဲ့သည်။ ထိုစဉ်မှာပင် ဖေဖေ အင်္ဂလိပ်အစိုးရ၏ အဖမ်းခံခဲ့ရပြီး အကျဉ်းစခန်းမှာ ကွယ်လွန်သွားခဲ့သည်။

ဒီအချိန်မှာ ကိုခင်မောင်လတ်ကလည်း ဘိလပ်သို့ ပညာတော်သင်သွားခဲ့ရသည်။ မိဘများကလည်း ကိုငြိမ်းချမ်းနှင့် ရခဲ့သည့် ကိုယ်ဝန်ကို ဖျက်ချရန်ကြိုးစားခဲ့သော်လည်း ချစ်သူရဲ့ မျိုးဆက်ရင်သွေးကို သူ မရက်စက်ခဲ့ရက်။

သို့နှင့် ဟိုးမြို့တစ်မြို့မှာ လျှို့ဝှက်စွာ မွေးဖွားခဲ့ပြီး ဒီမြို့ကလေးမှာ ဦးကျီးနက်မှ လာရောက်ခွင့်ပင်ခဲ့ရသည်။ သူမကို ချစ်သော ဘဏ္ဍာစိုးကြီး ဦးကျီးနက်က လျှို့ဝှက်စွာ စီရင်၍ ဒီမြို့ကလေးက ကျိုက်အင်းဆိုသော ရွာမှာ စွန့်ထားခဲ့ပြီး အခါမလပ် စုံစမ်းကာ လိုအပ်သလို နည်းအမျိုးမျိုးနှင့် ပံ့ပိုးခဲ့သည်။

ဒီအကြောင်း ဘယ်သူမှမသိ။ သူမနှင့် ဦးကျီးနက်ပဲ သိကြသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောင်အခါ ဘိလပ်ပြန် ဦးခင်မောင်လတ်နှင့် သူမ မချစ်မနှစ်သက်ဘဲ မိဘများ အလိုကျ လက်ထပ်ခဲ့ရသည်။ ကိုခင်မောင်လတ်ကို လင်တော်ခဲ့ရသော်လည်း သူ မချစ်မနှစ်သက်ခဲ့။ မယားဝတ်ကျေအောင်ပဲ သူပြုစုခဲ့သည်။

မကြာခင် ရန်ကုန်မှသည် ဒီမြို့ကလေးသို့ သူတို့ပြောင်းခဲ့ကြရသည်။ ဦးခင်မောင်လတ်လည်း တရားသူကြီးဖြစ်လာခဲ့သည်။ ပြောရလျှင် သူ့ခင်ပွန်း ဦးခင်မောင်လတ်သည် ဘိုစိတ်ပေါက်နေ၏။ မျက်နှာဖြူများကို အထင်ကြီး၏။ လေးစား၏။ သူတို့အလိုကျ ဆောင်ရွက်ပေး၏။ သူမ၏ မြန်မာမှုကို ချစ်မြတ်နိုးသည်။ သူတို့ တစ်အိမ်ထဲအတူနေရင်း အတွေးအခေါ် အယူအဆများ ကွဲပြားနေကြသည်။

သို့နှင့် အိမ်ထောင်ရေး မသာယာခဲ့။ ဦးခင်မောင်လတ်က အပျော်ရှာသည်။ အချစ်သစ်ရှာသည်။ ကလပ်တက်သည်။ အရက်သောက်သည်။ အမဲလိုက်သည်။ ကပြားမများနှင့် ရှုပ်သည်။ အင်္ဂလိပ်အစိုးရ ဆန့်ကျင်သူများကို ရက်ရက်စက်စက် ပစ်ဒဏ်ပေးပစ်သည်။

သားလုပ်သူ ကျော်ခဲကို စီရင်ချက်ချသည့်နေ့က ဒေါ်နှင်းမြအေးသီ ကုလားမလိုဆာရီခြုံ၍ ရုပ်ဖျက်ပြီး လာရောက်နားထောင်ခဲ့သည်။ ဒီအကြောင်းကျော်ခဲ ကြားရတော့ နားထောင်ရင်း မျက်ရည်ဝဲခဲ့ရသည်။

အခုတော့ မေမေ့ ယောကျ်ား ဦးခင်မောင်လတ်လည်း တောထဲမှာ အမဲလိုက်ရင်း မြွေကိုက်၍ သေသွားခဲ့ပြီ။ သူ့အကုသိုလ် အတ္တနှင့်ရာဂများက သူ့ကို ပြန်၍ဒဏ်ခတ်သွားခဲ့ပြီ။ သူမဘဝလမ်းကြောင်းသည် ယခုအခါ အနှောင်အဖွဲ့ကင်းစွာဖြင့် ကိုယ့်ခြေပေါ် ကိုယ်ရပ်တည်ခဲ့လေပြီ။

ကျော်ခဲ မေမေပြောပြသည့် သူတို့သားအမိ သားအဖဘဝကို အကျဉ်းကို ကြားရသောအခါ မေမေ့ကိုလည်း သနားခဲ့ရသည်။

ဪ. . . သူ့ဇာတိသွေးသည် တကယ်တော့ ဖေဖေ့ရဲ့ မျိုးချစ်ဇာတိသွေးစစ်စစ်ပါကလား။ မေမေနှင့် ဤအကြောင်းထူးလှစွာ ပြန်တွေ့ရတော့ အဘိုးသူတော်စင်ကြီး ကြိုဖတ်ခဲ့သည့် နိမိတ်စကားများကို သူပြန်ကြားယောင် မိလာခဲ့သည်။





ဦးကိုးနက်ကလည်း ဒီအကြောင်းများကို အခြေအနေအရ လျှို့ဝှက်ထားခဲ့၏။ ဒီလိုနှင့် အညတြ ကျော်ခဲတစ်ယောက် မိခင်ရဲ့ ရွှေအိပ်စံရင်ခွင်ထဲမှာ ခိုနားခွင့်ရခဲ့ရလေသည်။

♛ ♛ ♛

လွှပ်လပ်၍ အမှုဝေလိုက်ပါသည် ခင်အေးညို့ . .

မြို့ပြင်သုသာန်သည် တစပြင်ပီသစွာ ငြိမ်သက်နေ၏။ ဟောင်းနွမ်းနေသော မြေပုံများ၊ အရောင်မှိန်နေသည့် အုတ်ဂူများ၊ သစ်လွင်သော အုတ်ဂူများ၊ လတ်ဆတ်သော မြေပုံများဖြင့် သုသာန်သည် သံဝေဂတရားကို အချိန်ပြည့် ဟောနေသကဲ့သို့ရှိ၏။

ကျော်ခဲနှင့် မဆည်းဆာတို့ နှစ်ဦး သုသာန်ဇရိယာထဲသို့ ဝင်လာလိုက်ကြသည်။ သူတို့လက်ထဲမှာ နှင်းဆီပန်းများ သပြေပန်းများ စံပယ်ပန်းများ တစ်ပွေ့တစ်ပိုက်ပါလာကြသည်။

သူတို့နှစ်ဦးသည် မြေပုံနှစ်ခုအနီးမှာ ရပ်လိုက်ကြသည်။

တစ်ခုသော မြေပုံက ဦးဘိုးစိန်ရဲ့မြေပုံ။

ကျန်တစ်ခုက ချစ်သူ ခင်အေးညို့ရဲ့ မြေပုံ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား မြေပုံနှစ်ခုပေါ်သို့ ပါလာသည့်ပန်းများကို ချိတ်ဆွဲဖြန့်ကျဲတင်လိုက်ကြသည်။

နှစ်ဦးစလုံး စကားမပြောနိုင်ကြ။ ဆို့နင့်နေကြသည်။

ကျောက်ခဲက ချစ်သူ ခင်အေးညိုရဲ့ မှတ်တိုင်ပေါ်မှာ စပယ်ပန်းများကို ချိတ်လိုက်သည်။ အောင်သပြေနှင့် နှင်းဆီများကို တင်သည်။ ပြီးနောက် မြေပုံအနီးမှာ ဒူးထောက်ထိုင်ပြီး မျက်ရည်များ စီးကျနေမိ၏။ သူ့ရင်သည် လှိုင်းထန်နေသည်။ ဖက်ဆစ်စနစ်ဆိုးရဲ့ ဖဝါးအောက်မှာ အညွန့်ကျိုးခဲ့ရသည့် ချစ်သူခင်အေးညို. . .

အခုတော့ မြေကြီးရင့်ရင့်ထဲမှာ ချစ်သူက မနိုးသော အိပ်စက်ခြင်းဖြင့် ထာဝရ အိပ်စက်နေခဲ့ပြီ။

ခုလို လွတ်လပ်ရေးရသည့် အချိန်မျိုးမှာ ခင်အေးညို သက်ရှိထင်ရှားရှိနေလိုက်လျှင် သူ့လက်ကို တွဲ၍ ပျော်လိုက်မည့်ဖြစ်ခြင်း။

စိုးရိမ်ထိတ်လန့်မှုကင်းနေသည့် ကြည်ပြာရောင် မိုးသားအောက်မှာ အနမ်းမိုးများ အနမ်းပန်းများ ဖွဲ့ဖွဲ့သီရွာလိုက် ပွင့်လိုက်မယ့်ဖြစ်ခြင်း။

"ခင်အေးညိုရေ. . . မင်းရဲ့ မြေပုံအနီးမှာ ကိုယ်ရောက်နေပါပြီ ခင်အေးညို၊ ဘဝဆိုတာ တိုက်ပွဲတဲ့၊ ငါတို့တစ်မျိုးသားလုံး ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး ပတ်ဆစ်စနစ်ဆန့်ကျင်ရေးမှာ ဘဝတိုက်ပွဲတွေ အများကြီးတိုက်ခဲ့ရပြီးပါပြီ ခင်အေးညို၊ အဲဒီမှာ မျက်ရည်ကျ၊ ရှိုက်ငိုကျ၊ ပန်းဦးပန်းကောင်းတွေ ကြွေကျ၊ တော်မှတ်ရောဂါ ထူပြောပြီး ဒဏ်ရာဒဏ်ချက်များနဲ့ အသက်ကိုစတေးခဲ့ရ၊ သွေးမြေကျ စွန့်လွှတ်မှုတွေနဲ့ ငါတို့ အားလုံး လောကစနစ်ဆိုးကို ဖြတ်ကျော်ခဲ့ကြပြီးပါပြီ။ အခု ငါတို့နိုင်ငံ လွတ်လပ်ခဲ့ပြီ ခင်အေးညို၊ သွေးညှိနံ့နဲ့ ရက်စက်မှု အနိဋ္ဌာရုံ ငရဲစခန်းများက လွတ်မြောက်ခဲ့ကြပါပြီ။ အဲဒီအကြောင်း နှင့်ကို ပြောပြချင်လို့ ငါလာခဲ့တာ၊ လွတ်လပ်လို့ အမျှဝေချင်လွန်းလို့ ရောက်လာခဲ့တာ၊ နှင်တို့သားအဖနှင့်တကွ စနစ်ဆိုးခေတ်ဆိုးအောက်မှာ အသက်စတေးခဲ့ကြတဲ့ လူသားအားလုံးကို ဒီနေ့ ငါ အမျှပေးတယ်၊ အမျှ. . . အမျှ. . . အမျှ. . . ခင်အေးညိုတို့ရေ အမျှ. . . အမျှ. . . အမျှ. . . နှင်တို့အားလုံး သာခုခေါ်ဆိုနိုင်ပြီး. . . ကောင်းရာ သုဂတိ ဘုံဘဝမှာ ငြိမ်းချမ်းစွာ ရပ်တည်နိုင်ကြပါစေ. . .။"

သည့်နောက် ကျောက်ခဲ မျက်ရည်များ စီးကျနေရာမှ မြေကြီးလက်တစ်ဆုပ်ကို ကောက်ကိုင်ဆုပ်လိုက်ပြီး သစ္စာပြုလိုက်သည်။

"ငါ. . . သစ္စာပြုခဲ့တယ် ခင်အေးညို၊ ဟောဒီလို ရက်စက်မှုသရုပ်ဆောင်းတဲ့ စနစ်ဆိုးမျိုး ကမ္ဘာပေါ်မှာ နောက်ထပ် ဘယ်တော့မှ မပေါ်ပေါက်ပါစေနဲ့၊ နှင်တို့ ငါတို့ လက်ငင်းကြုံတွေ့ခဲ့ရတဲ့ မျက်ရည်နဲ့ ရှိုက်သံမျိုး ဘယ်သောအခါမှ မတွေ့မကြုံရပါစေနဲ့၊ အကယ်၍ ကြုံခဲ့ရရင်လည်း ကိုယ့်ရေ ကိုယ့်မြေ၊ ကိုယ့်အမျိုးဘာသာ သာသနာအတွက် ငါတို့အားလုံး ဘယ်ဘဝရောက်ရောက် အသက်ကိုစွန့်ပြီး တိုက်ပွဲဝင်သွားပါမယ် ခင်အေးညို. . ."

သူမြေကြီးများကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကြိတ်၍ ကောင်းကင်သို့ ဖြန့်ကျဲလိုက်သည်။ ဒီနောက် စီးကျလာသည့် မျက်ရည်များကို သုတ်လိုက်သည်။–

"အစ်ကို. . . ထတော့နော်. . ."

မဆည်းဆာက သူ့လက်မောင်းကို ကိုင်၍ ဆွဲထူလိုက်မှ သူ လေးတွဲစွာ ထရပ်လိုက်သည်။ သည့်နောက် နှုတ်မှ တိုးညှင်းစွာ နှုတ်ဆက်ရင်း နှစ်ဦးသား နောက်ပြန်လှည့်လိုက်သောအခါ. . .

"ဟင်. . ."

မျက်စေ့ရှေ့မှ မြင်ကွင်းကြောင့် သူတို့နှစ်ဦး အံ့သြသွားရပြန်သည်။ ပါးစပ်ဟသွားကြသည်။ သည့်နောက် ရင်ခေါင်းထဲမှာ လှိုက်လှဲဝမ်းသာလာခဲ့ပြီး ရှေ့တူရူမှာ ရပ်နေသည့်သူများဆီသို့ ပြေးသွားခဲ့လိုက်သည်။

"အဘိုး. . . အဘိုး. . ."

"လူကလေး. . ."

"အဘိုး. . . အဘိုးရယ်. . ."

သူ့ မှတ်ဆိတ်ရှည်ဖားလျား သျှောင်တစောင်းနှင့် ရပ်နေသည့်







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အဘိုးသူတော်စင်ကြီးရဲ့ ခြေအစုံကို ဝမ်းသာအားရ ဖက်ထားလိုက်သည်။ အဘိုးသူတော်ကြီးက သူ့ဦးခေါင်းကို လက်နှင့်ပွတ်သပ်ရင်း ခေါင်းတညိတ်ညိတ်နှင့် ဝမ်းသာနေသည်။

အဘိုးသူတော်စင်ကြီးရဲ့ အနီးမှာ အဘဦးပေါက်ကျိုင်းလည်း ရှိနေ၏။ ဦးပေါက်ကျိုင်းကလည်း ဝမ်းသာလွန်း၍ ပြုံးနေ၏။

''အဘိုး ဘယ်ကိုပျောက်နေတာလဲဟင်. . . ဟင်. . .''

''အဘိုး အလုပ်ကို အဘိုးလုပ်နေတာပဲပေါ့၊ အမျိုးသားရေးနဲ့ ပတ်သက်လို့ မနေနိုင်တဲ့အခါကျတော့လည်း တရားသည့် ကိုယ့်အမျိုးသားဘက်က ဝင်ပါရပြန်တာပေါ့၊ လူကလေးတို့ကို ဗိုင်းကူပံ့ပိုးရတာပေါ့၊ ဟုတ်တယ် မဟုတ်လား မောင်ကျိုင်း''

''ဟုတ်ပါ ဆရာကြီးခင်ဗျ''

''အဘိုးတို့ ဦးကျိုင်းတို့ ဘယ်အချိန်က ရောက်နေတာလဲဟင်''

''လူကလေး အမျှဝေနေသည့် အချိန်မှတိုင်ခင်ကတည်းက--ရောက်နေတာပဲ၊ 'လူကလေး စိတ်ဆန္ဒရှိသလိုလုပ်ပါ စေဆိုပြီး အဘိုးတို့ ရပ်ကြည့်နေတာ လူကလေး. .''

''ခင်ဗျာ. . . အဘိုး. .''

''ဒီနေရာကို တို့နှစ်ယောက်တည်း လာတာမဟုတ်ဘူး၊ နောက်တစ်ယောက်တည်း ပါသေးတယ်ကွ. . .''

''ဟင်. . . နောက်တစ်ယောက်ပါသေးတယ်၊ ဘယ်သူများပါလိမ့် အဘိုးရယ်''

''ဘယ်သူရမှာလဲကွယ့်. . . ကြည့်. . .''

အဘိုးသူတော်စင်ကြီးက မျက်လုံးကို စုံမှိတ်၍ နှုတ်မှ တစ်စုံတစ်ခုကို ရွတ်လိုက်သည်နှင့်-

''ရှီ. . . ရှီ. . . ရှီ. . . ရှီ. . . ရှီ. . .''

''ဟာ. . . ပါးဖြူ. . . ပါးဖြူ. . .''

မြွေဟောက်ကြီးပါးဖြူသည် ဇရပ်ပျက်ထဲမှ လျှင်မြန်သော အဟုန်





နှင့် သူတို့ရှိရာသို့ ပြေးလာပြီး သူတို့အားလုံးရှေ့မှာ ပါးပျဉ်းထောင်၍ မတ်မတ်ရပ်ကာ ယိမ်းနွဲ့လှုပ်ရှား ပြနေသည်။ သူ့ သဏ္ဌာန်က ရဲဘော်ဟောင်း မိတ်ဆွေဟောင်း သွေးရင်းသားရင်းများနှင့် ပြန်ဆုံ၍ ပျော်နေသည့်ပုံစံမျိုး-

ကျောက်ခဲ မြွေဟောက်ကြီးပါးဖြူရဲ့ ဦးခေါင်းကို လက်ဝါးနှင့် အုပ်၍ ယုယစွာ ပွတ်သပ်လိုက်သည်။ မြွေဟောက်ကြီးက လျှာနှစ်ခွကို ထုတ်၍ လှုပ်ပြနေသည်။

''အဘိုး. .''

''လူကလေး. .''

''ဟို. . . ဟို. . . ဖိုးစည်ရော. . . ဟင်. . .''

''ဖိုးစည်ကတော့ ဘဝသစ်တစ်ခုကို ကူးပြောင်းသွားခဲ့ပါပြီ လူကလေး. .''

''အို. . . ဖြစ်မှ ဖြစ်ရလေ ဖိုးစည်ရယ် ကျွတ်. . . ကျွတ်. . . ကျွတ်. . . ဟင်း. .'

သူ ဖိုးစည်မရှိတော့ မှန်းသိလိုက်ရ၍ စိတ်ထိခိုက်သွားပြီး အဝေးတစ်နေရာကို ငေးကြည့်ကာ မျက်ရည်များ ရစ်ဝဲလာသည်။ မျက်လုံးထဲမှာ သူနှင့်ဖိုးစည်တို့ အလမ္ပာယ်ပွဲကရင်း ဒိုးတူဘောင်ဘက် စီးပွားရှာခဲ့သည့် ဘဝနေ့များကို မြင်ယောင်နေသည်။ ဖိုးစည်ရဲ့အရိပ်၊ ကကြိုးများက မျက်စေ့နှင့် သူ့နှလုံးအိမ်ကို လွှမ်းမိုး ပုံရိပ်ထင်နေဆဲ။

''ကျောက်ခဲ. . .''

''ခင်ဗျာ. . . ဘဦးကျိုင်း. .''

''အလွမ်းတွေကို လွှင့်ပစ်လိုက်တော့ ရဲဘော်ကြီးရာ၊ မင်းတို့ငါတို့မှာ လုပ်စရာတွေ အများကြီး ကျန်သေးတယ်. . .''

''ကျန်သေးတယ်. . . ဟုတ်လား. .''

''ကျန်သေးတာပေါ့ ကိုယ့်လူရာ၊ လွတ်လပ်ရေး ရပြီးရင် ပြန်လည်ထူထောင်ရေး လုပ်ရမယ်လေ၊ တစ်မျိုးသားလုံး နားမျက်စေ့ပွင့်ဖို့ နိုင်ငံရဲ့ ဓနအင်အား ကြီးမားတောင့်တင်းဖို့ နိုင်ငံသားတိုင်းရဲ့ မျိုးချစ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



စွမ်းရည် မြှင့်တင်ဖို့၊ နိုင်ငံအဝှမ်း ငြိမ်းချမ်းဖို့၊ လုံခြုံဖို့ ပညာရေး၊ ကျန်းမာရေး လူမှုရေးစသည့်အတွက် မင်းတို့ ငါတို့ လုပ်စရာတွေ အများကြီး ကျန်သေးတယ် လာ. . . သွားကြစို့. . .''

ပြောရင်း ဦးပေါက်ကျိုင်းက ရှေ့မှ စထွက်လိုက်သည်။ အဘိုးဦးနန္ဒက လုံးဝမလှုပ်ရှား။ သို့ဖြစ်၍ သူက အဘိုးသူတော်စင်ကြီးဘက်သို့ လှည့်လိုက်ပြီး–

''အဘိုး လာလေ. . .''

''အဘိုး မလိုက်တော့ဘူး။ အဘိုး တတ်နိုင်သမျှ ဆောင်ရွက်ပေးခဲ့ပြီးပါပြီ လူကလေး. . .၊ အဘိုးမှာ အဘိုး အနာဂတ်အတွက် လုပ်စရာတွေရှိသေးတယ်၊ အဘိုးသွားရမယ့်လမ်းက တစ်လမ်းပဲ''

''အဘိုးက ဘယ်လမ်းကို သွားမှာမို့လဲ''

''အဘိုးက ဝိမုတ္တိလို့ခေါ်တဲ့ အလုံးစုံ လွတ်မြောက်ရာလမ်းပဲ၊ တစ်နေ့ လူလေးတို့လည်း အဲဒီလမ်းကို ရောက်လာကြလိမ့်မယ်၊ အဘိုး ကြိုနေမယ်၊ ကိုင်း. . . သွားကြတော့. . . သွားကြတော့. . .''

တိုတောင်းရှင်းလင်းသည့် စကားကို ဘုန်းတော်ကြီး ကျောင်းထွက် ပီပီ သူနားလည်လိုက်ပါသည်။ သို့နှင့် သူနှင့် မဆည်းဆာတို့က အဘိုးသူတော်ကောင်းကြီး၏ ခြေအစုံ ဦးခိုက်ကန်တော့လိုက်ကြသည်။

ပြီးသည်နှင့် သူ၊ မဆည်းဆာ၊ ဦးပေါက်ကျိုင်း၊ မြွေဟောက်ကြီး ပါးဖြူတို့က အနောက်အရပ်သို့ ဦးတည်လိုက်ကြသည်။ အဘိုးဦးနန္ဒက ဟိုး အရှေ့အရပ် ဥမင်လိုဏ်ရှိရာသို့ ခြေဦးလှည့်လိုက်သည်။

ကိုယ့်လမ်းကိုယ် အပြီးသွားကြရတော့မှာမို့ သံဝေဂ အလွမ်းနှင့် နောက်ပြန်လှည့်ကြည့်လိုက်တော့ အဘိုးသူတော်စင်ကြီး မရှိတော့။ မြန်လိုက်တာ။ ခုပဲ ခြေနှစ်လှမ်းသုံးလှမ်း လှမ်းရသေးသည်၊ အဘိုး ဘယ်ရောက်သွားမှန်း မသိ။

သူ ဒီလို အံ့ဩနေတုန်း အဘဦးပေါက်ကျိုင်းက သူ့ပခုံးကို ကိုင်၍ ပြုံးပြုံးကြီး ကြည့်ရင်း–

စိတ်ကူးသစ်စာပေ



''အဘ သူတော်စင်ကြီး ဦးနန္ဒက လူထူးဆန်းကြီး မောင်ရင်ရဲ့၊ သူ့အကြောင်း မင်းလုံးစေ့ပတ်စေ့ မသိသေးလို့၊ သူနဲ့ပတ်သက်ပြီး ဒီထက် အံ့ဩဆန်းကြယ်စရာ ကောင်းတဲ့ ဖြစ်ရပ်တွေ အများကြီးရှိသေးတယ်၊ တစ်နေ့ကျမှ မောင့်ကို ကျုပ် အေးအေးဆေးဆေး ပြောပြမယ်၊ လာ. . . မြန်မြန်လျှောက်. . .''

ကျောက်ခဲ မဆည်းဆာရဲ့ ညာလက်ကို တင်းတင်းဆုပ်ကိုင်၍ အဘဦးပေါက်ကျိုင်း နောက်မှ ခပ်သွက်သွက် လိုက်ခဲ့လိုက်သည်။

တစ်ချက် တစ်ချက် မဆည်းဆာရဲ့ ပခုံးနှင့် သူ့ပခုံး ထိထိသွားသည်။ ထိုအခါ ရင်ထဲမှာ နွေးခနဲ၊ ရှိန်းခနဲ။

သူက အားတုံ့အားနာ မျက်လုံးနှင့် မဆည်းဆာကို လှည့်ကြည့်လိုက်တော့ သူမက သူ့ကို ရွှန်းရွှန်းစားစားကြီး ပြုံးကြည့်နေလျှက်။

♛ ♛ ♛

မောင်ညိုမှိုင်း(သန်လျင်)

BURMESE CLASSIC .com

www.burmeseclassic.com